www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


# တက္ကသိုလ်တင်မြင့်

## ပူစေအေးစေ မိန်းကလေး

စာမူခွင့်ပြုချက်အမှတ် - ၇၁၇/၂၀၀၂ (၇)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၀၆၉/၂၀၀၄ (၁၀)

၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊

ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ-၁၆၉၂)

ရွှေနံ့သာတောင်ရွာ၊ ပုလဲမြို့(၃)၊

ဗဟိုလမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET

အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


# တက္ကသိုလ် ငွေ တင်မြင့်



## ပူစေအေးစေ မိန်းကလေး

မောင် ကျော် လှိုင်

စေတနာစာပေ

မှ

စီစဉ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



## အခန်း (၁)

ညက မြို့ငယ်သာမြို့သစ်တွင် မိုးသည်းထန်စွာရွာသည်။ မိုးသက်လေပြင်းတွေကျသည်။ လျှပ်ပန်းလျှပ်နွယ်တွေ လင်းလက်သည်။ မိုးတွေထစ်ချုန်းသည်။

အခါမဟုတ်သော မိုးရွာသွန်းခြင်းဖြစ်ပေသည်။

နိုဝင်ဘာလဆန်းတွင် ရွာသွန်းသောမိုးဖြစ်ပါသည်။ ဆောင်းဦးပေါက်တွင် ရွာချသောမိုး ဖြစ်ပါလေ၏။

ဤသို့ ထစ်ချုန်းလျှပ်ပြက်သည်းထန်သောမိုးကြောင့်…

ဒေါက်တာကျော်ဇေယျ အိပ်မပျော်။

စိတ်တွေတအားလှုပ်ရှားသည်။

ကတုန်ကယင်တွေဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးထစ်ချုန်းလေတိုင်း၊ လျှပ်ပြက်လေတိုင်း၊ မိုးသည်းထန်လေတိုင်း ဒေါက်တာကျော်ဖေယျ စိတ်လှုပ်ရှား ကတုန်ကယင်ဖြစ်သည် မျိုးတော့မဟုတ်။

ယနေ့ညမှာတော့ မိုးတွေလေတွေထစ်ချုန်း မိုးကြိုးပစ်သည်ကို အိပ်ရာဝင်နေကြသော ညီမလေးကူးကူးက သိပ်ကြောက်သည်။ အန်တီစမ်းရော၊ ကူးကူးရော အိပ်ပျော်သွားကြသည်။ အိပ်မောကျသွားကြသည်။

ဒီတော့...

ဒေါက်တာကျော်ဖေယျကို ဟန့်တားနိုင်သည့် အန်တီစမ်း ထွက်မလာပါလေတော့။

ဒေါက်တာကျော်ဖေယျသည် ထမင်းစားပွဲတွင်ထိုင်ကာ အရက်ပုလင်းဆောင်ပြီး သောက်ပါလေတော့သတည်း။

ဂ ဂ ဂ





## အခန်း (၂)

နောက်တစ်နေ့။

BURMESE CLASSIC

ဒေါက်တာကျော်ဖေယျသည် ထုံးစံအတိုင်း နံနက်ပိုင်းလမ်းလျှောက်ထွက်ရန် တုတ်ကောက်စင်တွင် ထောင်ထားသော တုတ်ကောက်များထဲမှ လွယ်လွယ်ကူကူပင် ချယ်ရီသားတုတ်ကောက်ကို ဆွဲထုတ်လိုက်သည်။

နံနက်လမ်းလျှောက်တိုင်း ဝတ်တတ်သည့် စပို့ရှပ်၊ ရှမ်းဘောင်းဘီ၊ ဂျာကင်ပါ၊ အဝတ်ဖိနပ်တို့ စီးထားပြီးသားလည်းဖြစ်ပါ၏။ ပြီးမှ လမ်းလျှောက်တုတ်ကောက်ယူခြင်းဖြစ်သည်။

"ကျော်ကျော်...မင်း လမ်းလျှောက်မလို့လား"

"ဟုတ်တယ်လေ...အန်တီစမ်း၊ မနက်တိုင်း လမ်းလျှောက်တာဟာ ကျွန်တော့်အကျင့်ပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇေယျက အရယ်အပြုံးနှင့်ပင် အန်တီစမ်းကို ပြန်ပြောလိုက်သည်။

“မင်း ညကအရက်တွေသောက်ထားတာ ထမင်းစားပွဲပေါ်မှာ သောက်ထားတဲ့အစအနတွေ အန်တီစမ်းတွေ့တယ် ကျော်ကျော်”

“ဟုတ်မယ်ထင်တယ် အန်တီစမ်း၊ အခု မနက်ငါးနာရီ ကျွန်တော် အိပ်ရာထတော့ ခေါင်းတွေအုံနေတယ်၊ ပါးစပ်ထဲမှာလည်း အရက်နံ့တွေ ပြန်နေတယ်၊ ညက ကျွန်တော် အရက်သောက်မိတာ သချာတယ်ထင်တယ်”

BURMESE CLASSIC

အန်တီစမ်း သက်ပြင်းချမိပါ၏။

“ညက လေကြီးမိုးကြီး ကျထားတယ်၊ မင်း လျှောက်နေကျ လမ်းမှာ ရွှံ့တွေဗွက်တွေဖြစ်နေမှာပေါ့…ကနေ့တစ်ရက် လမ်းလျှောက်နားပါလား”

“ဟာ…အန်တီစမ်းကလဲ… ကျွန်တော် တစ်ရက် လမ်းမလျှောက်ရင် တစ်နေ့လုံး စိတ်ထဲမှာ တစ်ခုခုလိုနေသလိုဖြစ်တတ်မှန်းအသိသားနဲ့၊ ခဏလေးလျှောက်မှာပါ အန်တီစမ်း၊ အဝေးကြီးမသွားဘူး”

“အင်းလေ…မနေနိုင်လည်းလျှောက်ပေါ့…ဒီမြို့က မြို့သစ်ဆိုတော့ ဖို့မြေတွေက အသားမကျသေးဘူး၊ မိုးရွာရင် ရွှံ့စေးမြေတွေက ချော်တယ်…သတိထားပြီး လျှောက်ပါ ကျော်ကျော်”





“အော်ဗျာ … အန်တီစမ်းကလည်း ပူတတ်ရန်ကော…၊ ကျွန်တော် ကလေးမှမဟုတ်တာ…”

အန်တီစမ်း ဘာမှမပြောတော့ဘဲ ထမင်းစားခန်းဘက်သို့ လှည့်ထွက်သွားသည်။

ညက သူသောက်ထားသော အစအန အပေအကျံတွေကို သန့်ရှင်းသိမ်းဆည်းရန် ဖြစ်တော့သည်။

“အော်…ကျော်ကျော်…မင်းအတွက် ကော်ဖီတို့ ပေါင်မုန့်မီးကင်ထောပတ်သုတ်တို့ အန်တီစမ်း လုပ်ထားမှာ…အဲဒီတွေ မအေးခင် ပျော့မသွားခင် မင်း ရောက်အောင်ပြန်လာခဲ့…”

“စိတ်ချ…အန်တီစမ်း…ဒါထက် ကူးကူးတစ်ယောက်ကော အိပ်ရာကမထသေးဘူးလား၊ ကျောင်းတက်ရမယ် မဟုတ်လား”

“ထမှာပေါ့ကွယ်…သူ့အချိန် သူသိပါတယ်”

“မိကူးကို အန်တီစမ်း အလိုလိုက်လွန်းနေတယ်နော်၊ စာ ကောင်းကောင်း ကျက်တာလဲမတွေ့ဘူး၊ ဒီပုံစံမျိုးနဲ့လား ဆယ်တန်း အောင်မှာ”

“ဟယ်…ကူးကူးက ကလေးပဲဟာ…ဆယ်တန်းစာမေးပွဲက လည်း လိုပါသေးတယ်”

“မိကူးလား ကလေး…ကောင်မလေးက ငယ်တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



အန်တီစမ်း၊ ရှေ့လ ဒီဇင်ဘာဆိုရင် ဆယ့်ခြောက်နှစ်တင်းတင်းပြည့်ပြီ၊ လူကောင်ကလည်း သေးသေးကွေးကွေးမဟုတ်ဘူး''

''ကူးကူးက စာတော်ပြီးသားပဲကွယ်၊ ဉာဏ်လဲကောင်းတာပဲဟာ၊ ကလေးဆိုတော့ အအိပ်နဲ့အစားမက်တာပေါ့၊ လူကောင်ထွားတာကတော့ မင်းတို့မောင်နှမတွေအားလုံး ထွားထွားကျိုင်းကျိုင်းတွေပဲမဟုတ်လား၊ မင်းကိုယ်တိုင်ရော ညီညီရော ကူးကူးရော အားလုံးထွားတာပဲ၊ မင်းအဖေနဲ့ အမေကိုက ထွားထွားကြီးတွေပဲဟာ…အမျိုးလိုက်ပြီး ကူးကူးလည်း ထွားတာပေါ့ကွယ်''

ပြောပြီး အန်တီစမ်း ထမင်းစားခန်းထဲ ဝင်သွားသည်။

ဒေါက်တာကျော်ဇေယျသည် ချက်ချင်းမသွားသေးဘဲ အန်တီစမ်း၏ ကျောပြင်နောက်ပိုင်းကို ငေးကြည့်နေမိသည်။

ဖေဖေဦးမောင်မောင်၏ ညီမအရင်းအငယ်ဆုံး အန်တီစမ်းပါဖေ…

ဖေဖေ ဦးမောင်မောင်နှင့် မေမေဒေါ်မိမိ ကွယ်လွန်စဉ်က အန်တီစမ်းသည် အထိုက်အလျောက် အရွယ်ရှိသေးသည်။ ရုပ်လည်း ချော…မောလှပသည်။ အန်တီစမ်းအား လက်ထပ်ချင်သူ သုံးလေးဦးရှိသည်…

အန်တီစမ်းသည် မိဘမဲ့ ကျော်ဇေယျ၊ မော်ဇေယျ၊ လူမပေါက်…လေး ကူးကူးတို့သုံးယောက် သံယောဇဉ်ကြောင့် လက်ထပ်ဖို့ လုံး…မစဉ်းစားတော့ဘဲ တူတွေ၊ တူမလေးတွေအား ရင်အုပ်မကွာ ပြုစုရင်း…စောင့်ရှောက်ထိန်းသိမ်းရင်း နေလာခဲ့သည်မှာ ကြာပဲကြာလှပြီ။





ဒါကြောင့်လည်း အန်တီစမ်းကို ကျော်ဇေယျ၊ ညီညီ မော်ဇေယျ၊ ကူးကူးတို့က မိခင်အရင်းလို ချစ်ခင်လေးစား ကြည်ညိုကြသည်။

ကျော်ဇေယျသည် အန်တီစမ်းအား မျက်စိတစ်ဆုံးကြည့်ပြီးကာမှ ချယ်ရီသားတုတ်ကောက်ဖြင့် လမ်းလျှောက်ထွက်ခဲ့သည်။

မေတ္တာပေါင်းကူးလမ်းဆီသို့ပင် လျှောက်နေကျအတိုင်း လျှောက်ခဲ့သည်။

ဤလမ်းလေးကို 'မေတ္တာပေါင်းကူးလမ်း' ဟု ဒီက အရပ်သူအရပ်သားတွေ ပေးထားသော အမည်မဟုတ်။ ဒေသခံတွေ ပေးထားသောအမည်မဟုတ်။

မြိုင်သာမြို့သစ်သို့ ဒေါက်တာကျော်ဇေယျ ပြောင်းလာပြီးနောက်တောင်လမ်းလျှောက်သည့်နေ့က ဤလမ်းကိုပင် ရွေးချယ်လျှောက်ခဲ့သည်။

ဤလမ်းလေးမှာ လူသည်းလမ်းဖြစ်ပါ၏။ ဈေးနေ့မှ လွဲပြီး ဤလမ်းလေးသည် လူပြတ်သော လမ်းဖြစ်ပေသည်။ တစ်မျှော်တစ်ခေါ်ခြောက်တန်းသောလမ်းဖြစ်ပေသည်။

မြိုင်သာမြို့သစ်နှင့် လေးငါးခြောက်မိုင်အကွာတွင် ဘုရားငွေသိုက်ရွာ ညောင်ပင်သာရွာ စသည်တို့ ပေါက်သောလမ်းဖြစ်သည်။

ဤလမ်း၏ လက်ဝဲလက်ယာဘက်တွင် တောသန်းလေးရှိလိုက်၊



www.burmeseclassic.com

www.burmeseclassic.com



စိုက်ပျိုးခင်း တောင်ယာခင်းတွေရှိလိုက်ဖြင့် ရှုမောနှစ်သက်ဖွယ်ကောင်းပေသည်။

မြိုင်သာမြို့သစ်သို့ ဘုရားငုတ်တို၊ ညောင်ပင်သာရွာများမှအစ အခြားအနီးအနား ကျေးရွာများသည် မြိုင်သာမြို့သစ်သို့ ဆက်သွယ်ရာ လမ်းလေးဖြစ်သောကြောင့် ဒေါက်တာကျော်ဇေယျက သူ့ဟာသူ စိတ်ကူးပေါက်ပြီး ဤလမ်းလေးကို 'မေတ္တာပေါင်းကူးလမ်း' ဟု သူ့ဟာသာနာမည်ပေးထားခြင်းဖြစ်ပါ၏။

လွန်ခဲ့သော သုံးနှစ်က မြိုင်သာရွာကြီးကို မြို့အဖြစ် တည်ဆောက်ခဲ့ခြင်းဖြင့် မြိုင်သာမြို့သစ်ဟု ခေါ်ဆိုသော မြို့ငယ်လေးတစ်မြို့ ဖြစ်လာသည်။

ကျောက်မဲမြို့၏ အရှေ့တောင်ဘက် မိုင်နှစ်ဆယ်အကွာတွင် မြိုင်သာမြို့သစ်ရှိလေသည်။

ကျောက်မဲမှ မြိုင်သာမြို့သစ်သို့ ကျောက်မြေလမ်းရှိသည်။ နဂိုက မြေလမ်းကို မော်တော်ကားများ သွားလာနိုင်အောင် ထပ်မံမြှင့်ဆောက်လုပ်သောလမ်းဖြစ်ပါ၏။

ယခင်ကဆိုလျှင် ကျောက်မဲမြို့နှင့် အလှမ်းကွာဝေးသော ကျေးရွာများမှ ထွက်ကုန်ပစ္စည်းတို့ကို ကျောက်မဲမြို့သို့ ဝေးလံစွာ သွားရောက်ရောင်းချရသည်။ စရိတ်နှင့် အထမ်းနှင့် သွားရသောကြောင့်





တစ်ညအိပ်ခရီး ဖြစ်နေပေသည်။ အပြန်တွင် ကျောက်မဲမှ လိုအပ်သော အသုံးအဆောင်ပစ္စည်းများဝယ်ယူပြီး ပြန်ကြသည်။

မြိုင်သာမြို့သစ် တည်ဆောက်ပြီးနောက်တွင်မူ ဝေးလံသော ကျေးရွာများမှ မြိုင်သာမြို့သစ်သို့သာ သွားရောက်ရောင်းချခြင်း၊ အပြန်တွင် လိုအပ်သောပစ္စည်းဝယ်ခြင်းများ နေ့ချင်းပြန်နိုင်သည်။

လက်ကားဒိုင်၊ လက်ကားကုန်သည်များသည် ကျောက်မဲမှ မြိုင်သာမြို့သို့ လာရောက်ပြီး ဒိုင်ဖွင့်ဝယ်ကြသည်။ မြိုင်သာမြို့သစ်တွင် ဂိုဒေါင်တွေဆောက်ပြီး သိုလှောင်သည်လည်းရှိသည်။ မြိုင်သာမြို့သစ်မှာ ပိုမိုစည်ကားစေပါ၏။

မြိုင်သာမြို့သစ်တွင် စခန်းမှူး အမှူးပြုသည့် ရဲစခန်းတစ်ခုရှိသည်။ စာသင်ကျောင်းကြီးတစ်ကျောင်းရှိသည်။ ယခင်ကမူလတန်းကျောင်းသာရှိသော်လည်း မြို့သစ်တည်ပြီးနောက် အထက်တန်းကျောင်းဖြစ်လာသည်။

သို့သော် အချိန်နှစ်ပိုင်းခွဲထားသည်။ မနက် (၇) နာရီမှ (၁၂) နာရီအထိ (၈) (၉) (၁၀) တန်း၊ အထက်တန်းဖြစ်သည်။ မွန်းလွဲ (၁) နာရီမှ ညနေ (၅) နာရီအထိ မူလတန်းနှင့် အလယ်တန်း (၇) တန်းအထိဖြစ်သည်။ ကျောင်းသားဦးရေ တိုးထက် ပိုများလာပါက အထက်တန်းကို အခြားသီးသန့် ဆောက်လုပ်ဖွင့်လှစ်ရန် အစီအစဉ်ရှိထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ရေး စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း ရှိလာသည်။

သို့သော် မြိုင်သာမြို့သစ်တွင် ဆေးရုံမရှိသေးပေ။ ကျန်းမာရေးမှူးရုံးလောက်သာလျှင် ရှိသေးသည်။

ကျောက်မဲနှင့်လည်း မိုင်နှစ်ဆယ်ခန့်သာကွာပြီး မော်တော်ကားလမ်း ပေါက်နေသောကြောင့် ဆေးရုံတက်ရမည့် လူနာဆိုလျှင် ကျောက်မဲဆေးရုံသို့ သွားကြသည်။

ဤနယ်မြေဒေသဝယ် ဓလေ့ဖြစ်နေသည်မှာ (၅) ရက်တစ်ဈေးပင်ဖြစ်ပါ၏။ အတော်အတန်မြို့တို့မှာပင် (၅) ရက်တစ်ဈေးဖြစ်သည်။

မြိုင်သာမြို့သစ်မှာလည်း (၅) ရက်တစ်ဈေးပင်ဖြစ်ပေသည်။

ယနေ့ ဈေးနေ့လည်းဖြစ်ပါ၏။

ဒေါက်တာကျော်ဇေယျသည် ထုံးစံအတိုင်း မေတ္တာ... ကူးလမ်းအတိုင်း လမ်းလျှောက်ထွက်လာရာ တစ်နေရာလမ်းဘေး... ပလိုင်းလွယ်သော ကျေးလက်သူကျေးလက်သားတွေ ဝိုင်းအုံနေသည်... နေရာသို့ ကျော်ဇေယျ ရောက်လာသည်။

"သေပြီဟ"

"နှမြောစရာပါလားဗေး...ကောင်မလေးက လှမှလှဟဲ့"

"ဟော...ဟော...ဟိုမှာ တို့ကို ဆေးကုပေးတဲ့ ဆရာလာ... ဖယ်ကြ...ဖယ်ကြ"

ဒေါက်တာကျော်ဇေယျကို ကျေးရွာသူရွာသား တော်တော်...





များကြီးက သိနေကြသည်။ ကျော်ဇေယျကသာ သူတို့အများစုကို တစ်ဦးချင်း မမှတ်မိသည်သာဖြစ်သည်။

ဒေါက်တာကျော်ဇေယျကို ဆေးကုဆရာအဖြစ် နှစ်နှစ်အတွင်း သူတို့ကျေးရွာသူရွာသားတွေ သိနေကြခြင်းဖြစ်ပါ၏။

ဈေးနေ့တွင် သူတို့ရွာသူရွာသားများသည် ဈေးကွဲအပြန်တွင် သူတို့တွင် ခံစားနေရသော ဝေဒနာတွေကို ဒေါက်တာကျော်ဇေယျ ဆေးခန်းတွင် ဝင်ရောက်ပြသကုသလေ့ရှိကြသည်။

ကြာသောအခါ ဒေါက်တာကျော်ဇေယျအား သူတို့ ကြည်ညို လေးစားစွာဖြင့် သိရှိနေခြင်းဖြစ်တော့သည်။

ဒေါက်တာကျော်ဇေယျ ရောက်လာသည်နှင့် ဝိုင်းအုံကြည့်နေ ...ာသူတို့သည် ကျော်ဇေယျအား လမ်းဖယ်ပေးကြသည်။

လယ်လယ်ဝယ်ဝယ်ရှိပြီး မြန်မာစကားကို ကျွမ်းကျင်စွာ ပြော နိုင်သော အသက် (၅၀) ခန့် ကျေးရွာသူ အမျိုးသမီးကြီးတစ်ဦးက ကျော်ဇေယျအား ဆီးပြောသည်။

"ဝေး...ဒီမှာ ဒီကောင်မလေး လဲနေတာ တွေ့တယ် ဆရာ၊ သေပြီလားမသိဘူး...လှမှလှပဲ...သေသွားရင် သိပ်နှမြောစရာကောင်း မယ်"

ဒေါက်တာကျော်ဇေယျသည် လဲနေသော အမျိုးသမီး၏ ဘေး

www.burmeseclassic.com



တွင် ဒူးထောက်ထိုင်လိုက်သည်။ လက်ကောက်ဝတ်ကို ကိုင်ကာ သွေးတိုးနှုန်းစစ်ကြည့်သည်။

မိန်းကလေးတစ်ကိုယ်လုံး အေးစက်နေသည်။

လက်ကောက်ဝတ်သွေးကြောမှာ စမ်းသပ်လို့မရအောင် သွေးတိုးနှုန်းပျောက်နေသည်။

ရွာသူရွာသားရှေ့မှောက်မှာပင် အမြင်ရိုင်းချင်ရိုင်းစေတော့။ ကျော်ဖေယျုသည် ရေစိုဝတ်နှင့် တင်းမို့နေသော အမျိုးသမီးရင်အုံသို့ နားကပ်ပြီး နှလုံးခုန်သံကို နားထောင်ပြန်သည်။

နားကျပ်ပါမလားပဲကိုး…။ ထိုသို့ နားကပ်ထောင်ပြန်တော့လည်း အမျိုးသမီး၏ နှလုံးခုန်သံ မပီပြင်လှ။

အမျိုးသမီး၏ မှိတ်ထားသော မျက်လုံးကိုဖြဲပြီး မျက်ခွံကို ကြည့်ပြန်သည်။

"အသက်ရှိသေးတယ်လို့ ထင်ရတာပဲ…ကဲဗျာ…အဲဒီ အမျိုးသမီးကို ခင်ဗျားတို့ပဲ ချိုပိုးပြီး ကျွန်တော့်ဆေးခန်းပို့ပေးဗျာ…ကျွန်တော့်ဆေးခန်းကို သိတယ်မဟုတ်လား"

"သိတယ်…သိတယ်…တို့လာနေကျပဲဟာ"

တစ်ယောက်ထဲပင်မဟုတ်…သံပြိုင်…သူ၏ဆေးခန်းကို သိကြောင်း ပြောကြသည်။





"အေး…ငါတို့သယ်ပေးမယ်၊ ဘုရားသိကြားမလို့ ကောင်မလေး မသေပါစေနဲ့"

သဘောဖြူ မနောဖြူရှင်းရှိသော ကျေးရွာသူကျေးရွာသားတို့သည် သူတို့၏ ဈေးရောင်းကုန်ပစ္စည်းတွေကို အချင်းချင်းလက်ပြောင်းသယ်စေပြီး ကျန်သောအမျိုးသားလေးဦးက အမျိုးသမီးကို ချီမင့်သယ်ယူကြပေတော့သည်။

အမျိုးသမီး သယ်ပိုးသည့်နောက်သို့ တစ်အုပ်လုံးလိုက်ပါသွားကြသည်။ သူတို့ မြိုင်သာမြို့သစ်ဈေးကိုပင် သွားကြမည့်သူများဖြစ်ပါ၏။

ဒေါက်တာ ကျော်ဖေယျုက ထိုနေရာမှ မခွာမီ အမျိုးသမီးသဲကျနေရာအေးတွင် မော်တော်ကားဘီးရာကို သတိထားမြင်မိသည်။ သဲက မိုးရွာထားသဖြင့် ရွှံ့များတွင် ကားဘီးရာ ထင်ထင်ရှားရှား တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



“အဲ…အဲဒါ ဘယ်လိုဖြစ်လာတာလဲ အစ်ကိုကြီး”

“အသက်တစ်ချောင်း လုယူရမယ့် အခြေအနေပဲ ကူးကူး… သွား…အန်တီစမ်းကို ခေါ်လိုက်စမ်း”

မိမိအိမ်ခြံထဲက ဆေးခန်းကို ဝင်သည်နှင့် ကူးကူးနှင့်တွေ့ပြီ ကူးကူးက သူမ၏ အစ်ကိုကြီးအား ဘယ်လိုဖြစ်လာတာလဲဟု အ မေဍိတ်အကြည့်လေးနှင့် မေးမြန်းလိုက်ခြင်းဖြစ်ပါ၏။

ကူးကူးအမြင်တွင် မိန်းကလေးတစ်ယောက်အား ရွာသားလေ တစ်ယောက်က သယ်လာပြီး နောက်မှလည်း လူတွေပါလာသဖြ မေးလိုက်ခြင်းဖြစ်ပေသည်။ သူ့အစ်ကိုကြီး ပြောသည်နှင့် ကူးကူ သည် အိမ်ဘက်သို့ ရှေ့မှပြေးကာ…

“အန်တီစမ်းရေ…အန်တီစမ်းရေ…ကိုကြီးခေါ်နေတယ်… မြန်မြန်လာပါ”





ကူးကူးအိမ်ထဲသို့ ပြေးဝင်သွားပြီး အန်တီစမ်းကို ဒရွတ်တိုက် ခေါ်လာခဲ့တော့သည်။

ကျော်ဇေယျက အန်တီစမ်းကို လှမ်းပြောလိုက်သည်။

“ကဲ…အန်တီစမ်း…လူနာသိပ်အရေးကြီးတယ်၊ အသက်လု ာ…၊ အန်တီစမ်းတို့အခန်းက အန်တီစမ်းခုတင်ပေါ်မှာ ထားပါ၊ နေတဲ့အဝတ်တွေကို ကူးကူး အဝတ်တွေနဲ့လဲပေးပါ၊ ကြာရင် နမိုး သား ဝင်သွားနိုင်တယ်၊ နောက်ပြီး ဓာတ်ဘူးရေနွေးအသင့်လုပ်ထား ကြွေဇလုံလူထားပေးပါ၊ လူနာအဝတ်လဲပြီးရင် ကျွန်တော့်ကို ခေါ်လိုက်ပါ၊ ကဲ…ခင်ဗျားတို့ သယ်လက်စနဲ့ လူနာကို အခန်းထဲ ထိ ပို့ပေးကြဗျာ”

လူနာအမျိုးသမီးကို ပို့ပေးပြီးနောက်…လူတွေအားလုံး နှုတ် က်ပြန်သွားကြသည်။ သူတို့ ဈေးအမီသွားကြပေတော့မည်။

“ကိုကြီးရေ…အားလုံးပြီးပြီ…လာတော့လေ”

ဒေါက်တာကျော်ဇေယျ အန်တီစမ်းတို့အခန်းသို့ ဝင်သွားသည်။ နွေးအိတ်တွင် ရေနွေးထည့်ကာ သတိလစ်နေသော အမျိုးသမီးအား အနံ့ ကပ်ပေးသည်။

လူနာကုသရေးကို ဒေါက်တာကျော်ဇေယျ စတင်တော့သည်။

“သူက ဘယ်သူလေးလဲ ကျော်ဇေယျ”



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး…အန်တီစမ်း၊ လမ်းလျှောက်ထွက်ရင်း လမ်းဘေ
ရေစိုထဲမှာ မွေနေလို့ ခေါ်ယူလာတာပဲ"

"ရှုပ်ရှုပ်ယှက်ယှက်ထဲကများ ဖြစ်နေမလား ကျော်ကျော်ရယ်"

"ဘာတတ်နိုင်မလဲ အန်တီစမ်း၊ ဆရာဝန်ဆိုတာ ဘယ်လ
လူနာကိုမဆို အသက်ရှင်အောင် ကုသပေးရတာက ပထမပဲ၊ သူ
ကောင်းသွားတဲ့အခါ သူ့လမ်းသူ သွားပလေ့စေပေါ့၊ ကဲ…အန်
စမ်းရော…ကူးကူးရော ပထမပိုင်းမှာ ကျွန်တော့်ကို ကူညီဦး"

အန်တီစမ်းက အဒေါ်အရင်း။

ကူးကူးက ညီမအရင်း။

တော်ရုံတန်ရုံ အကူအညီမျိုးကိုတော့ ဆရာဝန်၏ အဒေါ်
ညီမတို့ ဂျက်စီနားယဉ်ပြီးသားပါပေ။

လိုအပ်သည်များကို ကူညီလုပ်ကိုင်ပေးကြသည်။

"အန်တီစမ်းရော၊ ကူးကူးရော အပြင်ခဏထွက်ကြဦး
ကျွန်တော် လူနာကို အသေးစိတ်စမ်းသပ်မလို့…ကျွန်တော် ပြန်ခေ
ဝင်လာကြပေါ့"

အန်တီစမ်းက အပျိုကြီးသက်သက်။

ကူးကူးက အပျိုပေါက်မလေး။

ဒေါက်တာကျော်ဇေယျအဖို့ မမြင်ဖူးသေးဆရာဆိုသည့်အ
အမျိုးသမီးလူနာကို စမ်းသပ်သည့်အခါ အဒေါ်အပျိုကြီးနှင့်





ပေါက်လေးရှေ့တွင် မျက်စိရှက်မှာစိုးသဖြင့် ခေတ္တအပြင်သို့ ထွက်
ခြင်းဖြစ်သည်။

အန်တီစမ်းနှင့် ကူးကူးတို့ အပြင်ထွက်လာပြီး ဧည့်ခန်းတွင်
နေကြသည်။

"အရမ်းကို လှတာပဲနော်…အန်တီစမ်း"

"ဟို…လူနာမိန်းကလေးကို ပြောတာလား"

"အင်းပေါ့…သူ့ကို ကူးကူး အဝတ်လဲပေးတာပဲ၊ ကိုယ်လုံး
ပေါက်အချိုးကျပုံကတော့ ကူးကူး သူ့ကိုအရမ်းအားကျမိတယ်၊
နာလေးကလည်း သွေးဆုတ်ပြီး ဖြူဖတ်ဖြူရော်ဖြစ်နေပေမယ့်
နှာတံ၊ နှုတ်ခမ်းတွေ အရမ်းကြည့်ကောင်းတယ်၊ မျက်နှာကျ
ည်း သိပ်ပြေပြစ်တာပဲ၊ သူ့ကြည့်ရတာ အန်တီစမ်းပြောသလို
ယှက်ယှက်ထဲကလို့ ကူးကူး လုံးဝမထင်ဘူး"

အန်တီစမ်း ခေါင်းညိတ်သဘောတူပါ၏။

"ဂျတ်တရက် လမ်းဘေးက ကောက်ယူလာတာဆိုတော့ ရှုပ်
ထွေးထဲကများလားလို့ အန်တီစမ်း ကျော်ကျော့်အတွက် စိုးရိမ်
မိတာပါ၊ ဒါပေမယ့်…ကောင်မလေးကို သေချာကြည့်တော့
ထားတာကလည်း စိန်ချယ်နားကပ်လေး၊ လက်ခလယ်မှာ
အစစ်ကို စိန်လေးတွေဝိုင်းထားတဲ့ လက်စွပ်လေး၊ လည်ပင်းမှာ
တာကလည်း အမ်(မ်)စီ ရွှေကြိုးမျှင်မျှင်လေးမှာ မဟူရာစိန်ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



လော့ကက်လေးပဲ၊ သူ့ရုပ်ရည်လေးနဲ့ ဝတ်ထားတဲ့တန်ဖိုးကြီး စိန် နဲ့ဆိုတော့ ဒီမိန်းကလေးဟာ လူချမ်းသာထဲကဖြစ်ရမယ်လို့ တွ တယ်၊ မိတ်ချမ်းသာတဲ့သမီး၊ ဒါမှမဟုတ် သူ့ခင်ပွန်းဟာ ချမ်းသာ သူ့ထဲက အမျိုးကောင်းအဆွေကောင်းဖြစ်မှာပါ"

"ဟာ…သူ့ခင်ပွန်းယောကျ်ားဆိုတာ မဖြစ်နိုင်ပါဘူး၊ သူ့ ကိုယ်တစ်ခုလုံးမှာ အပျိုရည်အဖြည့်ရှိပြီး အချိုးကျပြေပြစ်ကျော နေတာ…အပျိုဖြစ်မှာသေချာတယ် အန်တီစမ်းရဲ့"

"အယ်…မိကူး…ညည်းက အဲဒီလောက်အထိတောင် ထ နေပါလား"

"အို…ကူးကူးက အမျိုးသမီး မဂ္ဂဇင်းစာစောင်တွေ အမြ နေတာ…စာတွေနဲ့ သိထားတာပေါ့"

"အင်းပေါ့လေ…အမျိုးသမီးလေး သတိပြန်ရလာရင် သူ့အကြောင်း အန်တီစမ်းတို့ သိကြရမှာပေါ့၊ ဒါ့ထက် မိကူး…ည ရဲ့အစ်ကိုကြီး မိုးလင်းထဲက ဘာမှမစားမသောက်ရသေးဘူး၊ ထ စားပွဲပေါ်မှာ အားလုံးအဆင်သင့် အန်တီစမ်း လုပ်ထားပြီးသား၊ လင်ပန်းနဲ့ ထည့်ပြီး ညည်းအစ်ကိုကြီးဆီ သွားပို့ပါလား…ဆ ရောပေါ့"

ကူးကူးက ဦးခေါင်းလေး ချာလပတ်ရမ်းပြလိုက်သည်။

"အမလေး…မလုပ်လိုက်ပါနဲ့ အန်တီစမ်း၊ ကိုကြီး





သေးဘဲ ကူးကူး မဝင်ရဲပါဘူး၊ ကိုကြီးအကြောင်းလည်း အန်တီ အသိသားနဲ့၊ ဟိုမှာ အကြိတ်အနယ် ကုသနေတာကို အနှောင့် ကလာပေးတယ်ဆိုပြီး အော်ဟစ်ထိပ်ခေါက် မောင်းထုတ်မှ ဟုတ် ဖြစ်နေမယ်…ကူးကူး မသွားရဲပါဘူး၊ အန်တီစမ်း သွားပို့ပါလား"

"အမလေး…ကျုပ်လည်း မသွားရဲဖါဘူးတော်၊ ကျော်ကျော် စိတ်မထင်ရင် အန်တီစမ်းကိုလည်း အော်ငေါက်ပြီး ပြန်ရှိခိုး ောင်းပန်တဲ့လူစားပဲဟာ"

ဟုတ်၏။

ဒေါက်တာကျော်ဇေယျသည် အလုပ်မှာ ရွှသိပ်ကြီးသည်။ ယခု အကြိတ်အနယ် အခြေအနေများဝယ် ကျော်ဇေယျထံ မည်သူမျှ မသွားနဲ့။

"ကူးကူးရေ…ခဏလာစမ်း"

"လာပါပြီ…ကိုကြီး"

ချက်ချင်း ကူးကူးသည် အသံကိုအရင်းပေးပြီးမှ ထိုင်ရာမှ ထ တာ အခန်းထဲသို့ အပြေးကလေးဝင်သွားသည်။

"လာစမ်း…ကူးကူး၊ လူနာကို အောက်ဆီဂျင် ပေးရမယ်၊ ကြီး ခိုင်းတာပဲလုပ်နော်…အပိုမတွန့်နဲ့…ကြားလား"

"ဟုတ်ကဲ့ပါ ကိုကြီး၊ ဟိုမှာ ဂလူးကို့(စ်) ဒရစ်(ပ်)လည်း ကြီး သွင်းထားတယ်နော်"

www.burmeseclassic.com



"အေး...အဲဒါဘာဖြစ်လဲ"

"အော့ယော်...ကိုကြီးရယ်၊ တစ်ချိန့်ထဲမှာ လူနာကို ဒရစ်ပ

လည်းသွင်း...အောက်ဆီဂျင်လည်းပေးမယ်ဆိုတော့ အဲဒီ လူနာ

လေးကို သနားလို့ပါ"

"ဟာ...ရှည်လိုက်တဲ့လျှာ...နင် ဆရာဝန်လား၊ ငါဆရာ

လား"

"အိုး...ကိုကြီးက ဆရာဝန်ပေါ့၊ ဒါကို လူနတ်ပြဖွာ အား

သိကြပြီးသားပဲဟာ"

"အေး...ဒါဆိုလည်း ငါခိုင်းတာသာလုပ်၊ နောက်ထပ် စ

မရှည်နဲ့၊ ရော့...ဒီပိုက်ကို အပေါ်ထောင်ပြီးကိုင်ထား၊ ငါ့အ

ငါနားလည်တယ်"

ကူးကူးလည်း ခေါင်းလေးပုသွားပြီး လျှာလေးတစ်လစ် ထု

ပါ၏။ ဒီနောက်တော့ ကိုကြီး ခိုင်းသမျှ တစ်သဝေမတိမ်း လုပ်ပေ

ပေးတော့သည်။

ဤအိပ်ခန်းသည် အန်တီစမ်းနှင့် ကူးကူးတို့ အိပ်သောအ

ဖြစ်ပါ၏။ တစ်ယောက်အိပ်ခုတင်တစ်လုံးစီကို ဟိုဘက်နံရံ၊ ဒီဘ

နံရံတွင်ကပ်ပြီး အလယ်တွင် ကူးကူး၏ စာကြည့်စားပွဲထားရှိပါ

ယခုလူနာအမျိုးသမီးကို တင်ထားသော ခုတင်မှာ အန်တီ

၏ ခုတင်ဖြစ်ပေသည်။





အိမ်နှင့်တွဲလျက် အိမ်ရှေ့ဘက်တွင် ကိုကြီး၏ လူနာကုဆေးခန်း

ကြီးရှိသော်လည်း ယခုအမျိုးသမီးလူနာကို အိမ်ကြီးပေါ် အန်တီစမ်း

အခန်းသို့ ခေါ်လာခဲ့ခြင်းဖြစ်သည်။

အကြောင်းမှ...

လူနာအမျိုးသမီးဝတ်ဆင်ထားသော ထဘီအင်္ကျီအားလုံးမှာ

ရေများစိုရွှဲနေသည်ကို လဲရမည်။ လုံလုံခြုံခြုံအခန်းဖြစ်ဖို့ လိုသည်က

တစ်ကြောင်း။

အပြင်ဘက်ဆေးခန်းတွင် လူနာများလာရောက်ပြီး တစ်စထက်

တစ်စ ဈေးကွဲချိန်တွင် ကုသရန်ရောက်ရှိလာသည့် လူနာအများ

ရှိမည်မို့တစ်ကြောင်း။

အသက်လုရသောလူနာအား အချိန်ယူပြီး ဘေးအနှောင့်အယှက်

မရှိဘဲ ကုသနိုင်ရန်တစ်ကြောင်း။

ထို့အကြောင်းများကြောင့် လူနာအမျိုးသမီးကို မိမိအိမ်အတွင်း

အန်တီစမ်း၏ အိပ်ခန်း၊ အန်တီစမ်း၏ ခုတင်တွင်ထား၍ ကုသ

ခြင်း ဖြစ်ပေသည်။

ကူးကူးသည် ကူညီလုပ်ကိုင်ပေးရင်း မိမိစာကြည့်စားပွဲပေါ်

မှာ စားပွဲတင်နာရီလေးကို လှမ်းကြည့်သည်။

နံနက် (၆) နာရီနှင့် (၃၀) မိနစ်ရှိပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိမိကျောင်းတက်ရမည်မှာ နံနက် (၇) နာရီ ကျောင်းအရောက် ဖြစ်သည်။

ယခုကိုကြီးက (၇) နာရီထိုးသည်အထိ မိမိကို နိုင်ထားလျှင် ဒီနေ့အဖို့ ကျောင်းမတက်ရတော့ပြီကို မျှော်မှန်းပြီး (၇) နာရီ မြန်မြန် ထိုးပါစေဟု ကျိတ်၍ ဆုတောင်းနေပေသည်။

လူနာအမျိုးသမီးလက်တွင် အပ်စိုက်ထားကာ ဂလူးကို့(စ်) ဒရစ်(ပ်) သွင်းထားသည်။ နာခေါင်းပေါက်ထဲ ပိုက်သွင်းကာ အောက်ဆီဂျင် ပေးထားသည်။

"ကူးကူး ပလတ်စတာပေးစမ်း"

ကူးကူးက မြင်တွေ့နေကျမို့ အသေအချာ ပလတ်စတာ ညွှန် ပေးသည်။

"ကိုကြီး"

"ဘာလဲ"

"ကိုကြီးမှာ ကူညီဖို့ အဖော်လဲမရှိဘူး၊ လူနာကလည်း အရေးကြီးနေတာ ကူးကူး ကျောင်းသွားရမှာလား"

"သွားရမှာပေါ့…အခု ခုနစ်နာရီ မထိုးသေးဘူး၊ ငါ့မှာ အန်တီ စမ်းလည်း အဖော်ရှိတယ်၊ ဦးပွားကို ကားနဲ့ လိုက်ပို့ခိုင်း၊ ကျောင်းတ လည်း ဝေးတာမှမဟုတ်တာ"

ကူးကူး လျှာနီလေးတစ်လစ် ထုတ်ပြီးပြန်သည်။





ကိစ္စမရှိ။ ထပ်၍ စောဒကတက်ကြည့်ဦးမည်။

"ကိုကြီး"

"ဘာလဲဟ…တစ်ကိုကြီးထဲ ကိုကြီးနေတယ်"

"ကူကူး ဟောဒီ မမလေး သတိရလာတာကို သိပ်မြင်ချင်တာပဲ၊ နောက်ပြီး ဒီမမလေး ဘယ်လိုက ဘာတွေဖြစ်လာတယ်ဆိုတာလဲ သိပ်သိချင်တယ်၊ သူ ပြောပြတာကို နားထောင်ချင်တယ်၊ သူ့ခမျာ ခေါင်းလဲကွဲလာတယ်…အခု ကိုကြီးက ဒဏ်ရာကို ချုပ်ပြီး ပတ်တီးစည်းထားပြီးပြီ၊ အဲဒီ မမလေး သတိရလာလျှင် သူ့အနားမှာ ပြုစုဖို့ အဖော်လိုမှာ ကိုကြီးရ၊ အန်တီစမ်းကလည်း သူ့အလုပ်နဲ့သူ မီးဖိုချောင်နဲ့ ထမင်းစားခန်းဝင်နေမှာ၊ ကိုကြီးကလဲ တော်ကြာဆိုဆေးခန်းသွားတော့မှာ၊ ဒီမမလေး သတိရလာရင် သူဘယ်ရောက်လို့ရောက်မှန်းမသိနဲ့ သူ့အနားမှာ မိန်းမအဖော် ကူးကူးရှိနေတော့ သူ့အတွက် ပိုကောင်းတာပေါ့ ကိုကြီး"

ကူးကူး ပြောသည်ကို ဒေါက်တာကျော်ဇေယျ နားဝင်သည်။ အထူးသဖြင့် လူနာအမျိုးသမီး သတိရလာလျှင် ဤအိပ်ခန်းထဲဝယ် ဤအမျိုးသမီးချောလူနာနှင့် နှစ်ယောက်တည်း သူ မနေလို။

"အင်း…ဒီနေ့အဖို့တော့ ကူးကူး ကျောင်းမသွားဘဲ လူနာ သတိရတဲ့အထိ ထိုင်စောင့်ပေးရင် ပိုကောင်းမယ်၊ ကဲ…ဒါဆို ဒီနေ့ ကျောင်းမတက်နဲ့၊ ဦးပွားကိုပဲ ခွင့်စာရေးပြီး ငါ ပို့ခိုင်းလိုက်မယ်"

www.burmeseclassic.com



ကူးကူး ရင်ထဲတွင် ဒိန်းကနဲနေအောင် ပျော်သွားပါ၏။

"ဒါဆို…ကူးကူး ဒီမှာထိုင်စောင့်၊ မကြာခင် လူနာသတိရလာမယ်လို့ ငါထင်တယ်၊ သူသတိရလာရင် လိုတာတွေလုပ်ပေး၊ သူပြောသမျှစကားတွေ သေချာခေါင်းထဲမှာ မှတ်ထား၊ မိန်းမချင်းဆိုတော့ သူပြောချင်တာတွေ ဖွင့်ပြောမှာပဲ၊ နောက်ပြီး လူနာကို စိတ်အေးလက်အေး ဖြစ်သွားအောင်ပြောပြ၊ ကဲ…ကိုကြီး အနားယူလိုက်ဦးမယ်၊ ကော်ဖီလည်း သွားသောက်ဦးမယ်"

"ဟုတ်ကဲ့ပါ…အစ်ကိုကြီး"

ဒေါက်တာကျော်ဇေယျသည် ညီမငယ် ကူးကူးကို လူနာစောင့်ထားခဲ့ပြီး အပြင်သို့ထွက်လာခဲ့သည်။

လူနာကိုင်တွယ်ထားသော လက်အိတ်ကိုချွတ်ပြီး သူ၏လက်ကို ကာဘော်လစ်ဆပ်ပြာနှင့် သေချာဆေးသည်။

ပြီးမှ ထမင်းစားပွဲတွင် ထိုင်လိုက်သည်။

အန်တီစမ်းက ခတ်ဘူးနှင့်ထည့်ထားသော ကော်ဖီပူပူ အုပ်ဆောင်းလုံလုံဖြင့် အုပ်ထားသည့် ပေါင်မုန့်၊ ကြက်ဥမကျက်တကျက်ကြော်၊ ထောပတ်ဘူး စသည်တို့ ပြုလုပ်ပေးရင်း သတင်းစုံစမ်းလိုက်သည်။

"လူနာမိန်းကလေး အခြေအနေဘယ်လိုလဲ ကျော်ကျော်"

"မျှော်လင့်ချက် အများကြီးကောင်းသွားပါပြီ အန်တီစမ်း





ဆရာဝန်ရော၊ ဆေးရော ကုသမှုအချိန်မီကလေးပဲ ဆိုပါတော့၊ နောက်ထပ်တစ်နာရီလောက်သာ လမ်းဘေးမှာပဲ ဆက်လဲမှေ့နေရင် အသက်ပါသွားနိုင်လောက်တယ်၊ အခုတော့ ငွေ့ငွေ့လေးကျန်တဲ့ အသက်ကို အရပြန်ယူရတာ…၊ ညက မိုးထဲလေထဲ ရွှံ့ထဲမှာ တစ်ညလုံး သတိလစ်နေတဲ့ပုံပဲ…အင်းပေါ့လေ၊ သူ့ရဲ့ ကျန်းမာရေး ကိုယ်ခံအားနဲ့ ခုခံအားကောင်းလို့လဲ အသက်မြန်ရှင်တာ ပါတာပေါ့"

"သူ့ခမျာ ဘယ်လိုက ဘယ်လိုတွေဖြစ်လာတယ် မသိဘူးနော်"

"သူ့ခေါင်းကွဲတာကို သုံးချက်ချုပ်ပေးရတယ်၊ သူခေါင်းအရိုက်ခံရပြီး သတိမေ့နေတုံး ကားပေါ်က ပစ်ချခဲ့တာလို့ထင်စရာပဲ"

"မော်တော်ကားနဲ့ဟုတ်လား"

"သူလဲကျတဲ့နေရာမှာ ကားဘီးရာတွေ့တယ်၊ မိုးရွာထားတော့ မြေကြီးတွေစိုနေလို့ ကားဘီးရာကို ထင်ထင်ရှားရှား တွေ့ရတာ အန်တီစမ်း"

"မိန်းကလေးက ရုပ်တော်တော်သန့်တယ်"

"ဟုတ်တယ်"

"သူဝတ်ထားတဲ့ လက်ဝတ်လက်စားဟာ နေ့တိုင်း ဝတ်စဉ်တောင် စိန်လေးတွေကို ဝတ်ထားတာ ကျော်ကျော်"

ဒါကျတော့ ကျော်ဇေယျ နားမလည်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးက အတန်းအစားမြင့်မြင့်ထဲကပဲ ဖြစ်မယ်… ကျော့ကျော့၊ အနိတီစမ်း ထင်သလို ရှုပ်ရှုပ်ပွေပွေထဲက မဖြစ်နိုင်ဘူး"

"ဒါကတော့…သူ့ဟာသူပဲ အနိတီစမ်း၊ ကျွန်တော်ကတော့ အသက်တစ်ချောင်း ကယ်လိုက်ရုံပဲ၊ သူ သတိပြန်ရလာရင် သူ့လမ်း သူ ဆက်သွားပေါ့၊ အော်…ဒါထက် အနိတီစမ်း"

"ဘာပြောချင်လို့လဲ…ပြောလေ"

"ကျွန်တော် ရဲစခန်းသွားပြီး စခန်းမှူး ကိုနေအောင်နဲ့သွားတွေ့မလို့…ဒီမိန်းကလေးလူနာနဲ့ ပတ်သက်ပြီး အကျိုးအကြောင်းသွားပြောထားဦးမှ၊ ဒါမျိုးဆိုတာ ထုံးစံအတိုင်းဆိုရင် အစိုးရဆေးရုံကို ပို့ပေးရတယ်၊ အခုအခြေအနေက ကျောက်မဲဆေးရုံအထိ ပို့နေရင်း လမ်းမှာ သေသွားနိုင်တယ်၊ ဒါကြောင့်…ကြားဖြတ်ပြီး အသက်ကို အရပြန်ယူရတာ၊ ဒီကိစ္စ ရဲနဲ့လည်း ပတ်သက်တာမို့ စခန်းမှူး ကိုနေအောင်ကို သွားပြောရဦးမယ်၊ အဲဒီတော့ ဆေးခန်းကိုဖွင့်ပြီး တိုကင်ပေးထားနှင့်ပါလို့ ဦးပွားကို အနိတီစမ်း ပြောပေးစမ်းပါ"

"အေး…အေး…ဦးပွားကို အနိတီစမ်း ခုပဲသွားပြောပေးမယ်"

ဒေါက်တာကျော်ဇေယျာသည် သူပိုင် လင့်ရိုဗာကားဖြင့် ရဲစခန်းသို့ ကိုယ်တိုင်မောင်းလာခဲ့သည်။

အသင့်ပင် စခန်းမှူး ကိုနေအောင်နှင့်တွေ့ပြီး အကျိုးအကြောင်း အားလုံး ပြောလိုက်ပေသည်။





စခန်းမှူးကိုနေအောင်က မြို့သာမြို့သစ်တွင် ဒေါက်တာ ကျော်ဇေယျာသည် သမာသမတ်နှင့် လေးစားထိုက်သူဟု မှတ်ယူထားပြီး ဖြစ်ပါ၏။

လူနာနှင့် အခြေအနေမှာ မိနစ်ပိုင်း နာရီပိုင်းအတွင်း သေသွားနိုင်သော အခြေအနေနဲ့ ဒေါက်တာကျော်ဇေယျာက အသက်တစ်ချောင်း မဆုံးစေလိုသော စေတနာနှင့် သက်သက်မဲ့ ခေါ်ယူကုသသည်ဆိုခြင်းကို စခန်းမှူးကိုနေအောင်က လက်ခံယုံကြည်ပါ၏။

"အမျိုးသမီး နာမည်၊ နေရပ်လိပ်စာတွေကတော့ ဘာတဲ့လဲ ဒေါက်တာ"

"အခု ကျွန်တော် ကိုနေအောင်ဆီ ထွက်လာတဲ့အထိ လူနာက သတိမရသေးဘူးလေ၊ ဒီတော့ ကျွန်တော် သူ့နာမည် နေရပ်လိပ်စာတွေ ဘယ်သိဦးမလဲ"

"ဟုတ်ဘူးလေ…ဒီအမျိုးသမီးမှာ ပိုက်ဆံအိတ်တို့ ဘာတို့ ပါရင် သူ့အိတ်ထဲမှာ သူဘယ်သူဘယ်ဝါဆိုတာကို အိုင်ဒင်တီဖိုင်း လုပ်နိုင်တာပေါ့ ဒေါက်တာ"

"သူ့ကို အသက်မီဖို့ ရှာသားတွေ သယ်ခိုင်းပြီး ခေါ်လာတာ၊ သူ့ဆီမှာ ဘာပိုက်ဆံအိတ်မှ မပါဘူး၊ အဲ…သူလဲကျနေတဲ့နေရာမှာတော့ အဲဒါတွေရှိမလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်လေ ဒေါက်တာ၊ သူလဲကျတဲ့နေရာကိုသာ အတိအကျ ပြောပြ…အခုပဲ ကျွန်တော် သွားကြည့်မယ်"

"အေးဗျာ…အခု ကျွန်တော် ကိုနေအောင်ဆီလာတာက ဒဏ်ရာနဲ့ လမ်းမှာသတိလစ်နေတဲ့လူဆိုရင် ရဲက အရေးပိုင်တယ်၊ ထုံးစံအရ ပြည်သူ့ဆေးရုံပို့ရမယ်၊ အဲဒီအတွက် ကိုနေအောင်ဆီကို သတင်းပို့ အကြောင်းကြား တိုင်ကြားတယ်ပေါ့ဗျာ"

"ရတယ်…ဒေါက်တာ၊ အဲဒါကို ကျွန်တော်တို့ သဘောပေါက်ပါတယ်၊ မြိုင်သာမြို့သစ်က လူတွေရော အနီးအနားကျေးလက်က လူတွေကတော့ ဒေါက်တာ့စေတနာနဲ့ စိတ်သဘောထားကို သိနေကြတာပဲ"

"ကဲ…ဒါဆို ကျွန်တော်ပြန်မယ် ကိုနေအောင်…ဒီနေ့ ဈေးနေ့ဆိုတော့ လူနာတွေများမယ်၊ ကျောင်းသားကစာသင်ဖို့ ဆရာကို စောင့်ရတာမျိုး၊ လူနာက ဆေးကုဖို့ ဆရာဝန်ကို စောင့်ရတာမျိုးကို ကျွန်တော် လုံးဝမလိုလားဘူး"

"ဟဲ…ဟဲ…ဟုတ်ပါ့ ဒေါက်တာ၊ လူနာတစ်ယောက်ကို ဒေါက်တာစမ်းသပ်ခ သုံးကျပ်ကြီးများတောင်ရတာမဟုတ်လား"

နှစ်လုံးစလုံး ရယ်ကြသည်။ ဖက်လဲတကင်း ဖြုကြသည်။ ပြီး ဒေါက်တာကျော်ဇေယျ ပြန်လာခဲ့ပါ၏။

Ω Ω Ω





## အခန်း (၄)

"ကိုကြီးရေ…ကိုကြီး…ဒီမှာလုပ်ပါဦး"

မိကူး၏အော်သံကြောင့် ဆေးခန်းထဲတွင် လူနာတွေကို ထားခဲ့ပြီး အိမ်ကြီးပေါ်သို့ ကျော်ဇေယျ ပြေးဝင်သွားခဲ့သည်။

ကူးကူး အခန်းဆီသို့ ပြေးဝင်ခဲ့သည်။

"ကြောက်ပါတယ်…နွေး ကြောက်ပါတယ်၊ နွေးကို ရန်မလုပ်ပါနဲ့…အစ်ကို"

လူနာအမျိုးသမီးသည် အတင်းလူးလဲထဖို့ ကြိုးစားနေသည်။ ကူးကူးက အတင်းထိန်းချုပ်ထားရပါ၏။

ကျော်ဇေယျ ဝင်လာပြီး ခုတင်ဘေးတွင် ရပ်လိုက်သည်နှင့် လူနာအမျိုးသမီးသည် ကျော်ဇေယျအား လက်အုပ်ကလေးချီပြီး တုန်တုန်ယင်ယင်နှင့် သူ့မအား ရန်မလုပ်ရန် တောင်းပန်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇေယျသည် ပထမဦးစွာ ဂလူးကို့စ် ဒရစ်သွင်းထားသော အပ်ကို ကျွမ်းကျင်စွာ ဆွဲနှုတ်လိုက်သည်။ အမျိုးသမီး ရှန်းကန်ရင်း အပ်ကျွတ်ကာ ဟိုစိုက်ဒီစိုက် စိုက်မိမည် စိုးရိမ်သောကြောင့် ဖြစ်ပါ၏။

ပြီး ကူးကူးတစ်ယောက်တည်း မနိုင်သော လူနာအမျိုးသမီးကို ချုပ်ကိုင်လိုက်သည်။

"အမလေး…အစ်ကိုရယ်…နွေး ကြောက်ပါတယ်၊ နွေးကို ချမ်းသာပေးပါနော်…ထပ်မရိုက်ပါနဲ့တော့"

"ခင်ဗျား ဘာတွေပြောနေတာလဲ…ကျုပ်ဟာ ဆရာဝန်၊ ခင်ဗျားအသက်ကို မရမကလုပြီး ကုသကယ်တင်ထားတဲ့ ဆရာဝန်၊ ကျုပ်ကို ခင်ဗျားက ဘာလို့ကြောက်ရမှာလဲ၊ ခင်ဗျားစိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ"

လူနာအမျိုးသမီးသည် သူ့ကို စိုက်ကြည့်ရင်း ဖွတ်တောင်းယန်နေရာမှ ငြိမ်သွားသည်။

အမျိုးသမီးသည် ကျော်ဇေယျအား ထိတ်လန့်ကြောက်ရွံ့သော အကြည့်နှင့် ကြည့်နေရာမှ မိမိအား ရန်ပြုသူမဟုတ်သဖြင့် မျက်စိလွှဲကာ သူမအား ချုပ်ကိုင်ထားဆဲ ကူးကူးကို ကြည့်ပြန်သည်။

ကူးကူး၏ မျက်နှာလေးမှာ နုနုငယ်ငယ် လှလှပပဖြစ်ပြီး သူမအား ကရုဏာအကြင်နာအကြည့်ဖြင့် ကြည့်နေသည်ကို တွေ့သော





အခါကျမှ သူမသည် ထိတ်လန့်ကြောက်ရွံ့ခြင်း၊ သူမအား နှိပ်စက်သောသူမဟုတ်ခြင်းဟု ယုံကြည်သွားပုံရပြီး ငြိမ်သွားတော့သည်။

ပြီးနောက် သူမတွင် ဂလူးကို့စ်သွင်းထားခြင်း၊ အောက်စီဂျင်ပေးထားခြင်း၊ ခေါင်းပတ်တီးစည်းပေးခြင်းတို့ကို သတိထားမိပြန်သဖြင့် စိတ်အေးသွားပုံရသည်။

တစ်ဖန် ဒေါက်တာကျော်ဇေယျကို ကြည့်ပြန်သည်။

ဘာကြောင့်မှန်းတော့မသိ။

ဒေါက်တာကျော်ဇေယျကို သူမကြည့်သောအကြည့်မှာ အလွန်ကြောက်သည့် မျက်နှာပေးနှင့်ကြည့်ပြီး ကူးကူး၏ လက်မောင်းလေးကို အမျိုးသမီးက ဆုပ်ကိုင်လိုက်သည်။

"ညီမလေးရယ်…မမကို ပစ်မထားပါနဲ့နော်၊ ညီမလေး မမအနားမှာပဲနေပေးပါကွယ်"

ပုံသဏ္ဌာန်မှာ ကျော်ဇေယျကိုပင် သူမကြောက်ရွံ့နေပုံရသည်။ ကျော်ဇေယျကလည်း မိုးလင်းလမ်းလျှောက်ပြန်လာကတည်းက ဒီအမျိုးသမီးကို အကြိတ်အနယ်ကုသရခြင်း၊ ရဲစခန်းသို့ ဆက်တိုက်သွားခြင်း၊ ပြန်လာသည်နှင့် ဆေးခန်းလူနာများရှိရာသို့ တန်းဆင်းရခြင်းတို့ကြောင့် မနက်က ဝတ်ထားသော အဝတ်အစားကို မလဲနိုင်ဘဲ သားရေဂျာကင်၊ ရှမ်းဘောင်းဘီအနက်၊ ခေါင်းမွေးစုတ်ဖွား၊ မျက်နှာအဆီပြန်တို့ကို ဘာမှလဲလှယ်ခြင်း၊ သန့်စင်ခြင်း မပြုရသေးသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လူဆိုးရုပ်ပေါက်နေသည်မို့ အမျိုးသမီးက သူ့အားကြည့်ပြီး ကြောက်လန့်နေခြင်းဖြစ်ပုံရသည်။

"ခင်ဗျား…မသေနိုင်တော့ဘူး၊ နှလုံးခုန်နှုန်းကော၊ သွေးလည် ပတ်နှုန်းကော နော်မယ်ဖြစ်သွားပြီ၊ ကောင်းသွားပြီ…ဒါပေမယ့် အား ရှိဖို့ရယ်…ထူထူထောင်ထောင် ဖြစ်ဖို့ရယ်တော့ လိုသေးတယ်၊ နှစ်ရက် သုံးရက် အနားယူ အားမွေးပြီးရင် ခင်ဗျား အိမ်ကို ခင်ဗျားပြန်နိုင်ပြီ"

ညှိုးစိမ့်သော အသား၊ ထောင်မောင်းသောအရုပ်နှင့် လူဆိုး ရုပ်ပေါက်နေသည့် ကျော်ဖေယျအား လည်ပင်းတွင် နားကျပ်တွဲလော် ထားရှိခြင်းနှင့် ပြောဆိုသောစကားများက ဆရာဝန်စကားများဖြစ် ခြင်းကြောင့် အမျိုးသမီးသည် ကျော်ဖေယျအား ကြောက်လန့်ခြင်း မှ ပြေသွားပုံရသည်။

"နွေးကို လုံးလုံးသက်သာသွားအောင် ကုသပေးပါ ဒေါက်တာ နွေး ကျေးဇူးသိတတ်ပါတယ်၊ ဒါထက် ဒေါက်တာဟာ ဆရာ အစစ်ပါနော်"

"ဗျာ…ဆရာဝန်အစစ်…ဟုတ်လား၊ ဘာလဲ…ကျုပ် ဆရာဝန်လိုင်စင် ဆ–မ ကတ်ပြား ခင်ဗျားကို ထုတ်ပြရဦးမှာလား"

"အဲဒီလိုတော့ မဟုတ်ပါဘူး အစ်ကို…နွေး ကြောက်တာ သူတို့ထဲက တစ်ယောက်ယောက်ဟာ ဆရာဝန်ယောင်ဆောင်ပြီး ကို ဖမ်းထားတာဖြစ်မှာစိုးလို့ပါ…သူတို့ကို နွေး အရမ်းကြောက်လို့





"သူတို့…ဟုတ်လား၊ အဲဒီ သူတို့ဆိုတာတွေက ဘယ်သူ တွေလဲ"

လူနာအမျိုးသမီးသည် အဖြေမပေးဘဲ အင့်ကနဲ ရှိုက်ငိုလိုက် ပေတော့သည်။

ကျော်ဖေယျက ဆက်မမေးတော့ပေ။

ယခုမှ သတိပြန်ရလာကာစ လူနာအား စိတ်ဆင်းရဲစေမည့် စကားတွေ မမေးသင့်၊ မပြောသင့်ဟု သူဟာသူ နားလည်လိုက်ပါ၏။

"ကဲ…ခင်ဗျား စိတ်ချမ်းသာသလိုနေပါ၊ ကျုပ်ဟာ ဒေါက်တာ ကျော်ဖေယျပဲ၊ ဒါဟာ ကျုပ်ညီမ အငယ်ဆုံး ကူးကူးတဲ့၊ ဒီအိမ်မှာ အန်တီစမ်းဆိုတဲ့ ကျုပ်တို့ရဲ့ အဒေါ်တစ်ယောက်ရှိသေးတယ်၊ အန်တီ စမ်းလို့ခေါ်တယ်၊ တော်ကြာ…အန်တီစမ်း ဝင်လာလိမ့်မယ်၊ နောက်ပြီး ဒီအိမ်မှာ ဦးပွားဆိုတဲ့ အမျိုးသားကြီးတစ်ဦးလည်း ရှိသေးတယ်၊ ဦးပွားဟာ ကျုပ်ပင့် မိသားစုထဲမှာ အပါအဝင်တစ်ယောက်ပဲ၊ ဒါတွေ အားလုံး ကျုပ်ပြောပြနေတာက ခင်ဗျားဟာ လူတွေကို ကြောက်နေ တယ်၊ ဒါကြောင့် ဒီအိမ်သားအသစ်ကို မြင်ရင် ခင်ဗျား ထပ်ကြောက် မှာစိုးလို့ ကျုပ်ပြောပြနေတာ"

"ကျေးဇူးတင်ပါတယ် အစ်ကို၊ အခု နွေး ဘယ်လိုရောက် နေတာလဲ…ဟင်"

"မြို့သာမြို့သစ်ကို ရောက်နေတယ်၊ ကျောက်ပန်းမြို့ရဲ့ အရှေ့



www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက် မိုင်နှစ်ဆယ်လောက်မှာ တည်ရှိတဲ့ မြို့သစ်တစ်မြို့
မြို့ဖြစ်လာတာတောင် သုံးနှစ်မပြည့်သေးဘူး၊ ဒါကြောင့် ပူတွေ
မြို့သစ်လို့ပဲ ခေါ်ကြတယ်၊ နဂိုရွာကြီးရဲ့ နာမည်ကို အခြေခံပြီး မြိုင်သ
မြို့သစ်လို့ ခေါ်ကြတာပဲ၊ ကဲ…ဘာသိချင်သေးလဲ''

''ရပါပြီ အစ်ကို၊ နွေး ရောက်နေတဲ့နေရာကို သိရရင် တော
ပါပြီ''

''ခင်ဗျားအမည်က နွေး…ဟုတ်လား''

''အရှည်ကောက် နာမည်ကတော့ နွေးနွေးပါ၊ နွေးလို့ ပြေ
တာက နွေးဘာသာ နှုတ်ကျိုးနေလို့ပါ''

''အေးပေါ့ဗျာ…ခင်ဗျားနာမည် ကျုပ် မနွေးနွေးလို့ပဲ မှ
ထားမယ်''

''ဟုတ်ကဲ့…ဒါထက် နွေးဟာ မြိုင်သာမြို့သစ်က အခု အ
တို့အိမ်ကို ဘယ်လိုဘယ်ပုံရောက်လာတာလဲ အစ်ကို''

''ကျုပ် မနက်တိုင်း လမ်းလျှောက်လေ့ရှိတယ်၊ ကျုပ်လ
လျှောက်နေကျ လမ်းဘေးမှာ ခင်ဗျားလဲကျ သတိမေ့နေတာကို
သားတွေနဲ့ အတူတွေ့တယ်၊ ခင်ဗျားခေါင်းမှာလဲ ဒဏ်ရာနဲ့ သွေး
နေတယ်၊ ညကတည်းက ခင်ဗျား မိုးထဲလေထဲမှာ သတိမေ့လဲနေ
အအေးလွန်ကာပြီး သွေးဆုတ်နေပြီ၊ ကျုပ်နဲ့ တွေ့ချိန်မှာ အသက်ငွေ





ကျန်တော့တယ်၊ ဒါပေမယ့် ခင်ဗျား ကံကောင်းပါတယ်၊ မသေနိုင်
တော့ပါဘူး…စိတ်ချ''

''အို…ကိုကြီးပြောပုံကြီးက ပြတ်ပြတ်တောက်တောက်ကြီးနဲ့
ဘာ မမလေးကို အားနာစရာ''

ကူးကူးက သူမ အစ်ကိုကြီး မျက်နှာထားတည်တည်နှင့် စကား
ပြတ်ပြတ်ပြောခြင်းအတွက် လူနာအမျိုးသမီးကို ကြားထဲက အားနာ
း ဝင်ပြောလိုက်ခြင်းဖြစ်ပါ၏။

ကျော်ဇေယျသည် လူနာအမျိုးသမီးကို စူးစမ်းအကဲခတ်အကြည့်
ဖြင့် တစ်ချက်စူးစူးဝါးဝါး ငေးကြည့်သည်။

ပြီးမှ ဆေးပုလင်း နှစ်ပုလင်းဆွဲယူကာ ပုလင်းထဲမှ ဆေးတစ်မျိုး
ကို ထုတ်ယူသည်။ စားပွဲပေါ် ဆေးလုံးများ ခွဲတင်ထားပြီး ကူးကူး
ကို ပြောလိုက်သည်။

''ဒီမယ် ကူးကူး…အနီတီစမ်းကို ဟောလစ်ဖျော်နိုင်း၊ အဲဒီ
ဆေးနှစ်လုံးနဲ့ ဟောလစ်နဲ့ အဲဒီ မနွေးနွေးကိုတိုက်၊ လေးနာရီခြား
တစ်ကြိမ်တိုက်၊ ဒီဆေးပုလင်းတစ်ခုစီထဲက ဆေးနှစ်မျိုးပဲ ဆက်တိုက်၊
နာတွေရှင်းမှ ကိုကြီးနောက်တစ်ခေါက် ပြန်လာကြည့်မယ်''

ပြောပြီး ဒေါက်တာကျော်ဇေယျ တံခါးပေါက်ဆီသို့ ပြန်လှည့်
သွားသည်။ တံခါးပေါက်မှ မထွက်မီ သမင်လည်ပြန်လှည့်ကာ ညီမ
ဖြစ်သူ ကူးကူးကို လှမ်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ဆေးသောက်ပြီး မကြာခင် အိပ်ချင်လာလိမ့်မယ်၊ လူနာ အားရှိအောင် အိပ်ပါစေ၊ မိကျူးက လူနာနားမှာ သာလီကာလုပ်မနေ နဲ့…ကြားလား"

"ဟုတ်ကဲ့ပါ…ကိုကြီး"

ကျော်ဇေယျ ထွက်လာခဲ့သည်။ ဆေးခန်းဘက်သို့ ပြန်ဆင်းလာကာ လူနာတွေကို ဆက်ပြီး ကုသသည်။

(၅) ရက်ဈေး ထုံးစံမှာ နံနက် (၉) နာရီလောက်ဆို ဈေးကွဲသည်။ ကျေးရွာမှ လာသူများ မွန်းမတည့်မီ မိမိတို့ ရွာများသို့ ပြန်ကြသည်။

(၁၀) နာရီခွဲလောက် လူနာရှင်းသွားပါ၏။ ကျော်ဇေယျ အိမ်ကြီးဆီသို့ ပြန်လာသည်။

ညှော်ခန်းတွင် တစ်ယောက်တည်း ငူငူငေါင်ငေါင်နှင့်ပင် ထိုင်နေသည်။

ကျော်ဇေယျသည် လူနာအမျိုးသမီးအကြောင်းတွေးနေမိခြင်းဖြစ်သည်။

လှသလား…သိပ်လှ။

ချောသလား…သိပ်ချော။

ကိုယ်အနေအထား ပြေပြစ်ကျော့ရှင်းသလား။

သိပ်ပြေပြစ်…သိပ်ကျော့ရှင်း။



လူနာအမျိုးသမီး မနွေးနွေးနှင့် မိတ္တီလာတုန်းက ချိုမိကို နှိုင်းယှဉ်မိသည်။ ချိုမိသည် ယခု မနွေးနွေးကဲ့သို့ပင် သိပ်လှ။ သိပ်ချော။ သိပ်ပြေပြစ်။ သိပ်ကျော့ရှင်းပါ၏။

မနွေးနွေးနှင့် မှိုမိကို သူ့ခေါင်းထဲတွင် အလိုလို နှိုင်းယှဉ်မိသည်နှင့်…

ဝုန်းခနဲ စားပွဲကိုလက်ဝါးဖြင့် ပြင်းထန်စွာ ပုတ်လိုက်သည်။ သူ့မျက်နှာနှင့် သူ့ခန္ဓာကိုယ်တွင် ချွေးစီးတွင် အလိုလို ထွက်လာသည်။

ကတုန်ကယင်ဖြစ်လာသည်။

ကျော်ဇေယျသည် ထမင်းစားခန်းသို့ ထသွားမိကာ ရေခဲသေတ္တာကိုဖွင့်ပြီး အထဲမှ အရက်ပုလင်းကို လှမ်းကိုင်လိုက်သည်။

"ကျော်…ကျော်"

ချက်ချင်း အန်တီစမ်းသည် ကျော်ဇေယျနောက်သို့ ရောက်လာသည်။

"ဘာလဲ…မင်းအရက်သောက်ဦးမလို့လား"

"ဟုတ်တယ် အန်တီစမ်း၊ ကျွန်တော် အရမ်းပင်ပန်းနေလို့"

"ခန္ဓာကိုယ် သိပ်အားစိုက်ပင်ပန်းသွားလို့ သွေးမှုအောင် အရက်သောက်တာမျိုးပဲ ကျော်ကျော်၊ အဲဒါကျတော့ သောက်သင့်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်…စိတ်ထိခိုက်လို့ အရက်သောက်တယ်ဆိုတာမျိုးကျတော့ ယောက်ျားတစ်ယောက်အနေနဲ့ ပျော့ညံ့လွန်းရာ ရောက်မနေဘူးလား"

"ကျွန်တော် စိတ်ထိခိုက်လို့ သောက်မှန်း ဦး အန်တီစမ်း ဘာကြောင့် စွတ်စွဲနိုင်မှာလဲ"

"အန်တီစမ်းက ကိုယ့်တူအကြောင်း သိပ်သိတာပေါ့၊ ကျော်ကျော်ရဲ့ မျက်နှာအပြောင်းအလဲ၊ အပြုအမူ အပြောင်းအလဲနဲ့ အန်တီစမ်း မျက်ခြေမပြတ်ကြည့်နေတော့ သိပ်သိတာပေါ့ ကျော်ကျော် ညကတောင် ကူးကူး မလန့်အောင် သိပ်ရင်း အန်တီစမ်း အိပ်ပျော်သွားလို့ မင်း အရက်သောက်ခွင့်ရသွားတာ"

"အန်တီစမ်းက သိပ်သိလွန်းနေပါလား"

ဟု အောက်ကလိအာအသံနှင့် ကျော်ဇေယျ ပြန်ပြောလိုက်သည်။

"အေး…သိပ်သိတယ်၊ လူနာမိန်းကလေးက သိပ်ချောသိပ်လှနေတယ်၊ ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံအောင် ချောတယ်လှတယ်လို့တောင် ပြောနိုင်တယ်၊ ဒါတောင် အန်တီစမ်းက ပြင်ပ အမြင်ဘန်းနှင့်ပြောတာ၊ ကျော်ကျော်ကတော့ လူနာမိန်းကလေး ဘယ်လောက်ချော ဘယ်လောက်လှတယ်ဆိုတာကို ပိုမြင်မယ်…ပိုသိမယ်…"

"ဟာဗျာ…အန်တီစမ်း…ပါးစပ်ထဲတွေ့ရာ လျှောက်ပြောနေတယ်"



"အမြင်ကို အမြင်အတိုင်း ပြောနေတာ ကျော်ကျော်…အန်တီစမ်း ဘယ်တုန်းက ပါးစပ်ထဲတွေ့ကရာပြောဖူးလို့လဲ၊ အခု ကျော်ကျော် စိတ်ထဲမှာ အခု လူနာကောင်မလေးရဲ့ အချောအလှကို ဟိုတုန်းက ချိုမိနဲ့ ကျော်ကျော် နှိုင်းယှဉ်ကြည့်မိတယ်မဟုတ်လား၊ အဲဒီလို ချိုမိကို သတိရစဉ်းစားလိုက်တာနဲ့ မင်းစိတ်တွေက ထောင်းခနဲ ဖြစ်လာတယ် မဟုတ်လား…မင်းစိတ် ကသောင်းကနင်းဖြစ်လာရင် အရက်ပုလင်းကိုင်တော့တာပဲ မဟုတ်လား ကျော်ကျော်"

"ဒီ ချိုမိဆိုတဲ့ မိန်းမဆိုးကို ကျွန်တော် သတိရတာမဟုတ်ဘူး၊ နာကြည်းတာ အန်တီစမ်းရေ…နာကြည်းတာ သိလား၊ ရင်ထဲမှာ လှိုက်လှိုက်တက် နာကြည်းလာတာ…"

"ထားပါတော့ ကျော်ကျော်…မိန်းမချော မိန်းမလှတစ်ဦးကို တွေ့တိုင်း ချိုမိအပေါ် နာကြည်းစိတ်ဝင်လာပြီး အရက်သောက်မယ်ဆိုရင်တော့ အရက်ကို ပီပါနဲ့စည်ပိုင်းနဲ့သာ ဝယ်ထားတော့ ကျော်ကျော်၊ ဘာလို့လဲဆိုတော့ လောကမှာ မိန်းမချော မိန်းမလှတွေက ပေါများသကိုးကွယ့်"

"အိုဗျာ"

ကျော်ဇေယျသည် ကိုင်ထားသော အရက်ပုလင်းကို ရေခဲသေတ္တာထဲပြန်ဆောင့်ထည့်ကာ ရေခဲသေတ္တာတံခါးကိုလည်း ဒေါမာန်လေးနှင့် ဆောင့်ပိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်၏။

အန့်တီစမ်း ပြောသလို မိန်းမချောတစ်ဦးကို တွေ့လေတိုင်း နာကြည်းစိတ်ဖြင့် အရက်ကိုသာ သောက်မည်ဆိုပါက အရက်ကို စည်ပိုင်းနှင့် ဆောင်ထားရပေမည်။

အကောင်းဆုံးကတော့...

အမျိုးသမီးလူနာ မနွေးနွေး အားအင်ပြန်ပြည့်ဖြိုးကာ ကျန်းမာ အောင်ကုသပြီးနောက် မြန်မြန် ဤအိမ်မှ ထွက်သွားခြင်းသာလျှင် အကောင်းဆုံးဖြစ်ပေတော့မည်ထင်ပါ၏။

ဝ ဝ ဝ



## အခန်း (၅)

မနွေးနွေး ရောက်လာသည်မှာ (၃) ရက်ရှိသွားပြီ။

စန်းမျှူး ကိုနေအောင် စက်ဘီးဖြင့် ကျော်ဇေယျအိမ်သို့ ပေါက်ချလာသည်။

လူနာအမျိုးသမီးကို ငဲ့ညှာသောအားဖြင့် ရဲစခန်းသို့ မခေါ်ယူဘဲ အိမ်တိုင်ရာရောက် လာရောက်ပြီး မနွေးနွေး၏ ထွက်ဆိုချက်ကို ယူခြင်းဖြစ်သည်။ ဒေါက်တာ ကျော်ဇေယျ၏ မျက်နှာကြောင့်လည်း အိမ်တိုင်ရာရောက်လာခြင်းဖြစ်ပါ၏။

"နာမည်က မနွေးနွေးနော်"

"ဟုတ်ပါတယ်"

"မိဘတွေရဲ့ နာမည်ကကော"

www.burmeseclassic.com

www.burmeseclassic.com



"မိဘတွေမရှိတော့ဘူးထင်တယ်"

"ဗျာ"

ညှော်ခန်းထဲတွင် သုံးပွင့်ဆိုင် ထိုင်နေခြင်းဖြစ်ပါ၏။ စခန်းမှူးကိုနေအောင်က မနွေးနွေးကို မေးမြန်းနေစဉ် မနွေးနွေး အားငယ်မည်စိုး၍ ကျော်ဇေယျက ဘေးမှထိုင်ပေးခြင်းဖြစ်ပေသည်။

မနွေးနွေးက လူစိမ်းဆိုလျှင် ကြောက်နေသည်မို့ ဝင်ထိုင်ပေးခြင်းဖြစ်ပါ၏။

"မိဘတွေ မရှိတော့ဘူးထင်တာပဲဆိုတဲ့ မနွေးနွေးရဲ့စကားကို ကျွန်တော် ဘယ်လိုနားလည်ရမလဲ မနွေးနွေး"

မနွေးနွေးသည် ရဲအရာရှိ ကိုနေအောင်အား ပြူးကြောင်ကြောင်လေးကြည့်ပြီးနောက် ငိုချလိုက်တော့သည်။ ငိုရင်းမှလည်း စိတ်ကူတောင်းသည့်အကြည့်မျိုးဖြင့် ကျော်ဇေယျအား လှမ်းကြည့်ရှာသည်။

ပြီး သူမ၏ ဦးခေါင်းရမ်းပြသည်။ သူမ၏ ဦးခေါင်းတွင် စည်းထားသော ပတ်တီးကလေး ရမ်းခါလှုပ်ရှားနေပါ၏။

"နွေး မသိဘူး၊ ဘာမှကို မသိဘူး...နွေးကို သနားသောအားဖြင့် ဘာမှမမေးပါနဲ့ရှင်"

ကိုနေအောင် ခေါင်းကုတ်သည်။

လူမှုရေးအရ ကျန်းမာရေးမပြည့်စုံသေးသော လူနာအား ထပ်မမေးသင့်ကြောင်းလည်း သတိထားမိသည်။





"ကောင်းပြီလေ...မနွေးနွေးရဲ့မိဘတွေ အကြောင်းမမေးတော့ပါဘူး၊ ဒါပေမယ့်...မနွေးနွေးရဲ့ ဦးခေါင်းကို ရက်ရက်စက်စက်ကွဲသွားအောင်ရိုက်တဲ့ သတိမေ့သွားပြီး မိုးရေထဲ လမ်းဘေးမှာ ပစ်ထားခဲ့တဲ့လူကိုတော့ မနွေးနွေး မှတ်မိမှာပေါ့၊ အဲဒီလူတွေ ဘယ်သူလဲ မနွေးနွေး"

နွေးနွေးသည် ကျော်ဇေယျအား အမိပွာယ်တစ်ခုဆောင်သော အကြည့်ဖြင့် ထပ်မံကြည့်ပြန်သည်။ ကျော်ဇေယျလည်း သူမအား ကြင်နာသောအကြည့်ဖြင့် ပြန်ကြည့်နေသည်ကို တွေ့ရပါ၏။

ပြီး ထပ်မံကာ ခေါင်းရမ်းပြပြန်သည်။

"အဲဒါလည်း မသိဘူး...မမှတ်မိဘူး၊ နွေးကို ဘယ်သူမှ ရိုက်တာမဟုတ်ဘဲ နွေးဘာသာ ချော်လဲကျလို့ ခေါင်းကွဲတာလားမှ မသိတာ"

"မနွေးနွေးလို အမျိုးသမီးက ညကြီးမင်းကြီး မြို့သာမြို့သစ်က လှည်းလမ်းမှာ လူမနီး သူမနီး တစ်ယောက်တည်း ချော်လဲခေါင်းကွဲ သတိမေ့နေတာဖြစ်နိုင်မလားဗျာ"

"မသိဘူး...အဲဒါတွေ နွေး ဘာမှမသိတာ...မမှတ်မိတာ ဘယ်လိုဖြေရမလဲ"

ပြောရင်းပင် ငိုရှိုက်ခြင်း ပိုမိုသည်းထန်လာသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်များမှ ဆက်မေးပါလား ကိုနေအောင်၊ ကျွန်တော် ရှမှာ သိပ်ဗင်ပန်းနေပြီဗျာ…အနားပေးသင့်ပြီ"

ကိုနေအောင် ပခုံးတွန့်ပြပါ၏။

"ကဲ…မနွေးနွေး အနားယူပါတော့၊ ကျွန်တော်က မနွေးနွေး ကို ကူညီတဲ့စိတ်နဲ့ မေးမြန်းနေတာပါ၊ အနှောင့်အယှက်ပေးတယ် တော့ မထင်နဲ့ပေါ့ဗျာ"

နွေးသည် မျက်နှာလက်ဖဝါးအုပ်ခါ ထိုင်ရာမှထပြီး သူမအား ပေးထားသော အန်တီစမ်း၏ အခန်းသို့ အပြေးလေးဝင်သွားတော့သည်။

ဒေါက်တာကျော်ဇေယျသည် ပြေးဝင်သွားသော နွေးနွေး နောက်ပိုင်းကို ငေးကြည့်နေမိသည်။

ကူးကူး၏အင်္ကျီကို ဝတ်ထားသည့်အပြင် အင်္ကျီမှာ ပွပွဖားဖား လေးဖြစ်နေသည်။ ကူးကူးက ယခုအချိန်ထိ ကိုယ်ရေမစစ်သေးသည် တုတ်တုတ်ခဲခဲလေး ရှိနေသေးသည်။

မနွေးနွေး၏ အချိုးကျကြော့ရှင်းသော ခန္ဓာကိုယ်နှင့် ကူး ၏အင်္ကျီမှာ ပွပွဖားဖားဖြစ်နေခြင်းပါပေ။

"တကယ်လို့သာ ဗရမ်းဗတာ လူဆိုးနဲ့တွေ့ပြီး လမ်းဘေး ပစ်ထားတာ ခံရတာဆိုရင်တော့ မနွေးနွေးရဲ့ဘဝဟာ အင်မတန် နှမြော စရာကောင်းနေတာပဲ ဒေါက်တာ"

"အဲဒီလို နှမြောစရာကောင်းတဲ့ အခြေအနေမျိုးတော့ သူ့ခ





ကိုယ်မှာ ဘာမှမတွေ့ဘူး ကိုနေအောင်၊ ကျွန်တော် သူ့ကို သေချာ စစ်ဆေးခဲ့တာပဲ၊ တစ်ဦးတစ်ယောက်ရဲ့ ဘလက္ကာယ လုပ်ထားတဲ့ လက္ခဏာမျိုး လုံးဝမတွေ့ရဘူး၊ နောက်ပြီး အန်တီစမ်းက ပြောတယ်၊ မနွေးနွေး ဝတ်ထားတဲ့ လက်ဝတ်လက်စားလေးတွေဟာ တန်ဖိုး ကြီးမားတဲ့ စိန်လေးတွေတဲ့၊ အဲဒီ အဖိုးတန်ပစ္စည်းတွေကိုလည်း လူဆိုး လူညစ်သာဆိုရင် ယူသွားမှာပေါ့ ကိုနေအောင်"

ကိုနေအောင် ခေါင်းကုတ်မြန်သည်။

"စဉ်းစားရတော့ ခက်သားပဲ ဒေါက်တာ၊ လူဆိုးဆိုတာ ကောင်းမှု ဒုစရိုက်အလုပ်တွေကို လုပ်တဲ့လူကို ခေါ်တာပဲ၊ ဒီလောက် ချော ဒီလောက်လှတဲ့ မနွေးနွေးကို ဘလက္ကာယလည်း မလုပ်ဘူး၊ အဖိုးတန်ပစ္စည်းတွေကိုလည်း ယူမသွားဘူးဆိုရင် ဒီလူဆိုးဟာ ဘာ လူဆိုးလဲ၊ ဘာအကြောင်းကြောင့် သူ့ခေါင်းကို ရိုက်ခွဲပစ်ထားခဲ့တာ ကို မနွေးနွေးကလည်း ဘာမေးမေးမသိဘူး၊ မမှတ်မိဘူးချည်းဖြစ် နေတော့ အခက်သား၊ အော်…ဒါထက်…ဒေါက်တာ"

"ပြောပါ ကိုနေအောင်"

"ကျွန်တော်တို့ ရုပ်ရှင်တို့ ဝတ္ထုတို့ထဲမှာ ကြည့်ဘူး ဖတ်ဘူးတာ မျိုးများ မနွေးနွေးဖြစ်နေသလား မသိဘူးဗျနော်"

"ဘယ်လိုပါလိမ့်…ကိုနေအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းမှာ ဒဏ်ရာရတဲ့အတွက် ဘဝကို မေ့သွားတာတ အတိတ်ကို မေ့သွားတာတို့ဆိုတာမျိုး မနွေးနွေးမှာဖြစ်သွားသလားပဲ"

ဒေါက်တာကျော်ဇေယျက အလေးအနက် တစ်ခဏစဉ်းစ ပြီးမှ ပြန်ဖြေပေသည်။

"အဲဒါကိုတော့ ကျွန်တော် ကံသေကံမ မပြောနိုင်ဘူး… ကိုနေအောင်၊ အဲဒီရောဂါမျိုးတွေကျတော့ စိတ်ရောဂါဆရာဝန်ဘေ အာရုံကြောဆိုင်ရာက ဆရာဝန်တွေသာ နားလည်မယ်၊ ဒါက ဆ ဝန်လိုင်းမှာ သီးခြားသပ်သပ် သင်ယူရတာမျိုးပဲ၊ ကျွန်တော်က အ တွေ ရောဂါကု အတတ်ပညာသာတတ်တာကိုး၊ ကျောင်းမှာတုန်း တော့ အဲဒီ စိတ်အာရုံနဲ့ ပတ်သက်တာမျိုးဟာ ဘာသာရပ်တွေထဲ တစ်ခုအပါအဝင်နဲ့လောက်သာ သင်ခဲ့ဖူးတာ"

ကိုနေအောင် ပြန်ရန်ဟန်ပြင်သည်။ စားပွဲပေါ်တွင် တင်ထ သော သူ့ရဲ့အရာရှိဦးထုပ်ကိုယူကာ သူ့ပေါင်ပေါ်တင်ရင်း ဆက်မေ ပြန်သည်။

"အင်း…ကျွန်တော်တို့ ရဲဆိုတာက ယေဘုယျသဘော တော့ တရားလိုက တိုင်ကြားမှ တရားခံကို စုံးစမ်းရှာဖွေရတယ် ဗျာ၊ အခု မနွေးနွေးက မတိုင်ကြားတဲ့အပြင် ဘာမေးမေး မသိ ဖြစ်နေတယ်ဗျာ၊ ဒီတော့ တရားခံရှာဖို့က ကောက်ရိုးပုံထဲက အပ် သလိုဖြစ်နေပြီ"





"ကိုနေအောင်တို့အနေနဲ့ မနွေးနွေး လဲကျနေတဲ့နေရာကိုကော သွားစစ်ဆေးခဲ့သေးလား၊ အဲဒီမှာ မနွေးနွေးရဲ့ ပိုက်ဆံအိတ်တို့ ဘာတို့ တွေ့ခဲ့ဘူးလား၊ ဒါမှမဟုတ် မနွေးနွေးကို အိုင်ဒင်ဒီဖိုင်း လုပ်နိုင်တဲ့ သဲလွန်စမျိုးကော မတွေ့ခဲ့ဘူးလား"

"ဒေါက်တာ လာပြောတဲ့နေ့က ချက်ချင်း ဒေါက်တာလည်း ပြန်သွားရော ကျွန်တော်ကိုယ်တိုင် သွားစစ်ဆေးတယ်၊ လဲကျတဲ့နေရာ မှာတော့ သွေးစသွေးနနဲ့ အနီးတစ်ဝိုက်မှာ မြက်ပင်တွေပြားနေတာ တွေ့ရတယ်၊ ပုံပန်းကတော့ မနွေးနွေးကို ခေါင်းရိုက်ခွဲပြီး သတိမေ့ မျှတဲ့အတိုင်း မော်တော်ကားနဲ့တင်လာပြီး အဲဒီနေရာမှ ကားပေါ်က ချခဲ့တယ်လို့ ယူဆစရာပဲ၊ ဒီ့ပြင်တော့ ဘာသဲလွန်စမှ မတွေ့ဘူး၊ ယုတ်စွအဆုံး မနွေးနွေး စီးလာတဲ့ ဖိနပ်ကိုတောင် မတွေ့ဘူး ဒေါက်တာ"

"ဈေးနေ့ဆိုတော့ ဈေးသွားဈေးပြန်တွေများ ပိုက်ဆံအိတ်တို့ ဖိနပ်တို့တွေ့ပြီး ယူသွားကြသလားပဲ ကိုနေအောင်"

"ဖြစ်နိုင်ပါတယ်၊ အဲဒါကိုလည်း ကျွန်တော်ဆက်ပြီး စုံစမ်း နေတယ်"

"တခြားထူးခြားချက်မျိုးကော မတွေ့ဘူးလား ကိုနေအောင်"

ကိုနေအောင်က ပေါင်ပေါ်တင်ထားသော ဦးထုပ်ကို ပွတ်သပ်ရင်း လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထူးခြားချက်လေးတွေ တွေ့ပါတယ်"

"ဘယ်လိုထူးခြားချက်တွေလဲဗျာ"

ကိုနေအောင်က မဖြေသေးဘဲ သူ့မေးစေ့ကို လက်ချောင်းများဖြင့် ပွတ်နေသေးသည်။

"အင်း…ပုံမှန်ဆိုရင်တော့ အမှုကိစ္စတစ်ခုနဲ့ ပတ်သက်တာကလေးတွေကို အမှုလိုက်ရဲအရာရှိအနေနဲ့ တခြားသူကို ပြောပြလေ့တော့ မရှိဘူးပေါ့ဗျာ၊ ဒါပေမယ့် ဒေါက်တာ့ကို ပုဂ္ဂိုလ်ရေးအရ လေးစားယုံကြည်တာရော၊ မနွေးနွေးရဲ့အသက်ကို မရအရ ကယ်တင်ပေးတာကို ကြည်ညိုတာရော၊ မနွေးနွေးဟာ အခုဆရာနဲ့ ပတ်သက်နေတာတွေရောကြောင့် ကျွန်တော် ပြောသင့်သလောက် ဒေါက်တာကို ပြောပြပါမယ်"

"ကိုနေအောင်ရဲ့ တာဝန်ပိုင်းမှာ ထိခိုက်စရာရှိနေရင်တော့ မပြောလည်းရပါတယ်ဗျာ"

"ရပါတယ်လေ… မနွေးနွေးကိစ္စက ဒေါက်တာနဲ့လည်း ပူးပေါင်းစုံစမ်းရမှာပါ"

ကိုနေအောင်က ဆက်၍ ပြောပြပါလေသည်။

"ကျွန်တော်သွားပြီး စစ်ဆေးတဲ့ မနွေးနွေး လဲကျခဲ့တဲ့ နေရာမှာပဲ ကျွန်တော့်ဆီက ရဲကြပ်ကြီးကို အနီးမှာရှိတဲ့ သစ်ပင်ကွယ်မှာ လျှို့ဝှက်စောင့်ကြည့်ဖို့ တာဝန်ပေးထားခဲ့တယ်၊ ကျွန်တော်တို့ရဲ့ အတွေ့





ကြုံအရ လူသတ်မှုကျူးလွန်သူဖြစ်ဖြစ်၊ ဒါမှမဟုတ် ရာဇဝတ်မှုတစ်ခုခု ကျူးလွန်တဲ့သူဖြစ်ဖြစ် အဲဒီလူဟာ သူကျူးလွန်တဲ့နေရာကို ဟာသူ နောက်ပိုင်းမလုံတဲ့ စိတ်ချိုးနဲ့ တစ်ပတ်ကျော့ ပြန်လာ ကြည့်တတ်တဲ့သဘောရှိတယ်၊ ဒါကြောင့် မနွေးနွေး လဲကျတဲ့နေရာ လျှို့ဝှက်ကင်းပုန်း ချကြည့်ခိုင်းတယ်ဆိုပါတော့"

"လာကော…လာလို့လား"

"လာတော့လာတယ်၊ ဒါပေမယ့် လာတဲ့ပုဂ္ဂိုလ်ဟာ သိပ်ကို ဦးစားရခက်စေတဲ့ပုဂ္ဂိုလ်ဖြစ်နေတာကို တွေ့ရတယ်"

"ဟုတ်လား…ဘယ်လိုပုဂ္ဂိုလ်မျိုးမို့လဲ"

"ကျောက်မဲဆေးရုံကြီးက အမျိုးသမီးလက်ထောက်ဆရာဝန် ခင်မျိုးအောင် ဆိုတဲ့ အမျိုးသမီးဖြစ်နေတယ်"

"ဗျာ"

"သူ့ရဲ့ ယာဉ်မောင်းလိုင်စင်မှာ ဖော်ပြထားတာ အဲဒီအတိုင်း ဒေါက်တာ၊ မနွေးနွေး ဖြစ်ခဲ့တဲ့ကိစ္စနဲ့ ဘယ်လိုမှ ဆက်စပ်ပြီး ဦးစားထိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်နေတယ်၊ ဒီလိုပုဂ္ဂိုလ်မျိုးကျတော့ ကျွန်တော့်ဘက်က ဘာအခိုင်အမာမှ မရှိတော့ မစစ်ဆေးရဲဘူး၊ ရဲ ...ကို ခေါ်လာပြီး မစစ်ဆေးရဲဘူးပေါ့ဗျာ၊ အဲ…မနွေးနွေးကလည်း ...ထွင်ထားတာမှ မဟုတ်တာကိုး၊ ဒါကြောင့် မစစ်ဆေးဘဲ လွှတ် ...ရတယ်"



www.burmeseclassic.com

"အဲဒီ အမျိုးသမီးလက်ထောက်ဆရာဝန်က ဘာနဲ့လာသလဲ ဘယ်ကိုသွားမယ်ဆိုတာကော ကိုနေအောင်တို့က မမေးဘူးလားဗျာ"

"သူကိုယ်တိုင် တစ်ယောက်တည်းမောင်းလာတာ ဂျစ်ကား
အဲဒီ ဒေါက်တာ ဒေါ်ခင်မျိုးအောင်က ဘုရားငှတ်တိုရွာကို သွား
ကျောက်မဲကလာတာတဲ့"

"ကျောက်မဲဆေးရုံကြီးက လက်ထောက်ဆရာဝန်အဆင့် ရှိ
အမျိုးသမီး ဘုရားငှတ်တိုရွာကို ဘာကြောင့်သွားတာတဲ့လဲ ကို
အောင်"

ကိုနေအောင် ပခုံးတွန့်ပြသည်။

တချို့ယောကျ်ား၊ တချို့မိန်းမတို့သည် အံ့သြဖွယ်တစ်ခုကြော
ဖြစ်စေ၊ အဖြေရခက်သောမေးခွန်းကြောင့်ဖြစ်စေ ယင်းကဲ့သို့ ပခုံးတွ
တတ်သောအကျင့်ရှိပါ၏။

"အဲဒီအချက်ကို ကျွန်တော်လည်း တွေးမိတာပေါ့ ဒေါက်တ
ဒါပေမယ့် ကင်းပုန်းချခဲ့တဲ့ ရဲကြပ်တစ်ယောက်အနေနဲ့ကျတော့ ယ
မောင်းလိုင်စင်ကိုလည်း ယူကြည့်စစ်ဆေးပြီးပြီ၊ ဒေါ်ခင်မျိုးအေ
ကိုယ်တိုင်ကလည်း ဘုရားငှတ်တိုရွာကို သွားမလို့ ကျောက်မဲ
ထွက်လာတာလို့ ပြောပြပြီးပြီ၊ ဒါမှ နောက်တစ်ဆင့် ဘုရားငှတ
ရွာကို ဘာကိစ္စသွားမှာလဲဆိုတာမျိုးကျတော့ မေးရမယ့် ပုဂ္ဂိုလ်
အဆင်မြင်နေတယ်၊ နောက်ပြီး ဘာကြောင့်သွားတယ်ဆိုတာမျိုး



တော့ ကိုယ်ရေးကိုယ်တာဖြစ်နေတယ်၊ ဒါကြောင့် ရဲကြပ်ကြီးက ဆက်မမေးတော့ဘူးတဲ့"

ထိုစကားကို ဒေါက်တာကျော်ဇေယျသည် လက်ခံမိပါ၏။

"ဒါနဲ့ပဲ ဒေါက်တာ ဒေါ်ခင်မျိုးအောင်က ဘုရားငှတ်တိုရွာကို ဆက်မောင်းသွားရောလား"

"ဆက်မသွားတော့ဘူး ဒေါက်တာ၊ ရဲကြပ်ကြီး အမေးအမြန်း ထူတာကိုပဲ စိတ်ပျက်သွားလား၊ ဒါမှမဟုတ် မိုးတွေ ညက တအား ရွာထားတော့ ဘုရားငှတ်တိုကိုသွားတဲ့လမ်းကိုပဲ ရွှံ့တွေ ဗွက်တွေနဲ့ မို့လားတော့ မသိဘူး...ကျောက်မဲဘက်ကိုပဲ ပြန်သွားတယ်တဲ့"

"အဲ..တစ်ခုထပ်ပြောဦးမယ်... ကျွန်တော်နဲ့ ရဲကြပ်ကြီး မနေ့နေ့ လဲကျခဲ့တဲ့နေရာသွားတော့ မြက်ပင်တွေပြားနေတာရယ်၊ ကားဘီးရာရယ်ကို ကျွန်တော် ဓာတ်ပုံရိုက်ယူခဲ့တယ်၊ ရဲကြပ်ကြီးကို လည်း ကားဘီးရာကို သေချာကြည့်ပြီး မှတ်ထားလို့လဲ မှာခဲ့တယ်၊ ဒါကြောင့် ရဲကြပ်ကြီးက ဒေါက်တာ ဒေါ်ခင်မျိုးအောင် မောင်းလာ တဲ့ ဂျစ်ကားဘီးတွေရဲ့ ပန်းခတွေကို စစ်ဆေးကြည့်သေးတယ်တဲ့"

"ဒါဆို ဒဲ့ဒီဂျစ်ကားပန်းနဲ့ အရာထင်ကျန်ခဲ့တဲ့ ကားဘီးရာ ပန်းချင်း တူနေသလားဟင်"

"မတူဘူးတဲ့ ဒေါက်တာ၊ ဒေါ်ခင်မျိုးအောင်ရဲ့ ဂျစ်ကားဘီးက တာယာတွေဟာ ၄ ပုံးပတ်ကို ကနုတ်ပန်းဖော်ထားတဲ့ အမျိုးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အဲဒီဂျစ်ကားဟာ မနွေးနွေးကို လာပစ်ချသွားတဲ့က
မဖြစ်နိုင်ဘူးပေါ့"

"အဲဒီလိုပဲ ယူဆရတယ် ဒေါက်တာ"

"ဂျစ်ကားရဲ့ လိုင်စင်ကိုကော ရဲကြပ်ကြီးက ဒေါ်ခင်မျိုးအော
ဆီက တောင်းယူမကြည့်ဘူးလား"

"ယာဉ်လိုင်စင်ဆိုတာကတော့ များသောအားဖြင့် ကို
အိမ်မှာကိုယ် သိမ်းထားတတ်တာပဲ၊ ယာဉ်ထိန်းရဲက စစ်ရင်လည်
ကားရဲ့ ဝှီး(လ်)တက် ကတ်ပြားကို စစ်တာကိုး၊ ဒီတော့ ယာ
လိုင်စင် မပါလာဘူးပေါ့၊ ယာဉ်မောင်းလိုင်စင်ကို စစ်ဆေးလိုက်ရ
ပါတဲ့လေ၊ ဒါပေမယ့် ရဲကြပ်ကြီးက အဲဒီဂျစ်ကားနံပါတ်ကို မှတ်
လာခဲ့ပြီး ကျွန်တော့်ကိုပြတယ်၊ အဲဒီ ဂျစ်ကားနံပါတ်ကို ကျောက်မြေ
ယာဉ်မှတ်ပုံတင်ဌာနကို ကျွန်တော် ဖုန်းလှမ်းဆက်ပြီး မေးကြည့်တယ်
အဲဒီက ကျွန်တော့်ကို အကြောင်းပြန်တာကတော့ အဲဒီဂျစ်ကားဟာ
သီပေါမြို့က ဦးစိုင်းမောင်ဆိုတဲ့လူ ပိုင်ရှင်နာမည်နဲ့ မှတ်ပုံတင်ထား
တဲ့ကားလို့ သိရတယ်"

"အဲဒီ သီပေါက ဦးစိုင်းမောင် ဆိုတဲ့ လူနာကိုကော ကို
အောင် သိသလား"

"ဘယ်သိမလဲ…ဒါပေမယ့် အဲဒီ သီပေါက ဦးစိုင်းမော
နဲ့ ပတ်သက်ပြီး သတင်းစာထဲမှာတွေ့လို့ ကျွန်တော် ဆက်စပ်ကြည်





တာတစ်ခုတော့ရှိတယ်၊ ဆက်စပ်ကြည့်တော့လည်း ကျွန်တော့်ရင်ထဲ
မှာ ဘဝင်မကျတာတစ်ခုပါ ထပ်တွေ့နေရတယ်"

"ဘယ်လိုဆက်စပ်ပြီး ဘယ်လို ဘဝင်မကျတာလဲ ကိုနေ
အောင်"

ကိုနေအောင်က သူ့ဘောင်းဘီအိတ်ထဲတွင် ခေါက်လျှက်သား
ယူဆောင်လာသည့် သတင်းစာတစ်စောင်ကို ထုတ်ယူဖြန့်ပြပြီး
သတင်းစာထဲမှ နာရေးကြော်ငြာတစ်ခုကို လက်ညှိုးထောက်ပြီး ကျော်
စေယျအား ဖတ်စေသည်။

ဒေါ်နီလာ (၄၆) နှစ်
သီပေါမြို့
သီပေါမြို့၊ အမှတ် (---)၊ ဈေးလမ်းနေ၊
ဦးစိုင်းမောင်၏ ဇနီး ဒေါ်နီလာသည်၊ အထက်ပါနေအိမ်တွင်
ယမန်နေ့က နှလုံးရောဂါဖြင့် ကွယ်လွန်
အနိစ္စရောက်သွားပါကြောင်း
ရပ်ဝေးရပ်နီး၊ မိတ်ဆွေသားချင်းများကို သိစေအပ်ပါကြောင်း။
(စိုင်းမောင်)

နာရေးကြော်ငြာကို ဖတ်ပြီး ဒေါက်တာ ကျော်စေယျသည်
နဖူးရေများ တွန့်အောင် စဉ်းစားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုသဘောရသလဲ ဒေါက်တာ၊ အဲဒီ နာရေးကြော်ငြ
ကိုလေ"

"အေးဗျာ...ဖတ်ရတာ တစ်မျိုးကြီးပဲ၊ ဒီပြင် နာရေးကြော်ငြ
တွေနဲ့ မတူဘူး၊ တစ်ခုခုလိုနေသလိုလို၊ ပေါ့ရွှတ်ရွှတ်နဲ့ လေးနက်
မရှိသလိုကြီးဖြစ်နေတယ်"

"ဟုတ်တယ်... ကျွန်တော်လည်း အဲဒီလိုပဲ ထင်မိတယ်
ဒေါက်တာ၊ ယမန်နေ့က ကွယ်လွန်တယ်ဆိုတာလည်း ဘယ်
ဘယ်ရက်က ကွယ်လွန်မှန်း အတိအကျမရှိဘူး၊ နောက်ပြီး သေ
သူ ဒေါနီလာရဲ့ မိဘညီအစ်ကို မောင်နှမ သားသမီးနာမည်တွေလည်
တစ်ယောက်မှမပါဘူး၊ သူ့ယောကျ်ား ဦးစိုင်းမောင်တစ်ယောက်
ပါတယ်၊ ကြော်ငြာသူ အမည်ကျတော့လည်း 'စိုင်းမောင်' လို့
ပါတယ်၊ အဲဒါ စိတ်ထဲမှာ ဒီကြော်ငြာဖတ်မိကတည်းက ဆန်းနေတ
ဒေါက်တာ"

"ဟုတ်တယ်...ဆန်းနေတာ အမှန်ပဲ"

"အခု ဒေါက်တာ ဒေါ်ခင်မျိုးအောင် မောင်းလာတဲ့ ဂျစ်ကား
ကလည်း သီပေါ ဦးစိုင်းမောင်ရဲ့ကားဖြစ်နေတယ်၊ အဲဒါတွေ ကျွန်တေ
စိတ်ထဲ မတင်မကျ ဖြစ်နေတာပဲ"

"အေးဗျာ...ဦးစိုင်းမောင်နဲ့ ဒေါက်တာ ခင်မျိုးအောင်
ဘယ်လိုဆက်နွယ်ပတ်သက်နေသလဲ၊ ဒေါ်ခင်မျိုးအောင်ဟာ ဦးစိ





မောင်ရဲ့ ဂျစ်ကားနဲ့ ဘာလို့ ဘုရားငုတ်တိုရွာကို လာသလဲ၊ လာပြန်
တော့လည်း ဘုရားငုတ်တိုရွာကို ရောက်အောင်မသွားတော့ဘဲ မနွေးနွေး
လဲကျသတိမေ့နေခဲ့တဲ့ နေရာကနေပြီး ဘာလို့လှည့်ပြီး ကျောက်မဲကို
ပြန်သွားသလဲဆိုတာတွေက စဉ်းစားရမလိုဖြစ်နေတယ်"

ကိုနေအောင် ထိုင်ရာမှထသည်။ သတင်းစာမှာ ရက်လွန်
သတင်းစာဖြစ်နေသဖြင့် ပြန်မယူတော့ဘဲ ဒီအတိုင်း ပွင့်လျက်သားပင်
ထားခဲ့ကာ တံခါးပေါက်ဆီသို့ ခြေလှမ်းသွားတော့သည်။

ကျော်ဇေယျကလည်း အိမ်ရှင်ဝတ္တရားအတိုင်း ကိုနေအောင်၏
စက်ဘီးရပ်ထားရာနေရာသို့ လိုက်ပို့ရင်း အတူလျှောက်လာသည်။

အိမ်ရှေ့ဆင်ဝင်အောက်တွင် ဒေါက်တာ ကျော်ဇေယျ၏ လင့်ရို
ဗာကား ရပ်ထားသည်ကို ကိုနေအောင်က ကြည့်ရင်း...

"ဒေါက်တာရေ...ဒေါက်တာ လင့်ရိုဗာကားဘီးရာတွေက
မနွေးနွေး လဲကျတဲ့နေရာမှာ ကျန်ခဲ့တဲ့ ကျွန်တော့်ဓာတ်ပုံရိုက်ယူထား
တဲ့ ကားဘီးရာတွေနဲ့ ပန်းချင်းတူနေသဗျို့၊ ဟဲ...ဟဲ...ဟဲ...ကြံကြံ
ဖန်ဖန် တိုက်ဆိုင်မှ တိုက်ဆိုင်တတ်ပလေပါလား ဒေါက်တာ"

"ပြောတတ်ပါဘူး ကိုနေအောင်၊ ဒီလင့်ရိုဗာကားနဲ့ ပတ်သက်
လာရင် အစစ အရာရာ အိမ်က ဦးပွားပဲ လုပ်နေတာပဲ၊ ဟိုတစ်ခါက
ခြောက်ရာဆယ့်ခြောက် (၆၀၀×၁၆) တာယာတွေ လဲရောင်းနေ
တယ်၊ အိမ်က လင့်ရိုဗာကားကလည်း တာယာတွေ ပန်းပြောင်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရတုန်းရခိုက် လဲထားရင်ကောင်းမယ်ဆိုလို့ ကောင်းသလောက် ပိုက်ဆံပေးပြီး လဲထားလိုက်တာဖြစ်မှာပေါ့''

''ဟုတ်ပါတယ် ဒေါက်တာ၊ ဗိုတလေဂ က ဦးကျင်ကွီးက လှောင်ထားတဲ့ တာယာတွေ ထုတ်ရောင်းတယ်လို့ ကျွန်တော် ကြား မိတယ်၊ ဒီမြို့က ခြောက်ဆယ့်ခြောက် ဘီးတတ်တဲ့ ဂျစ်ကားတွေနဲ့ အချို့ကားတွေက တော်တော်များများ ဝယ်လိုက်လို့ ဦးကျင်ကွီး တော် တော် အလုပ်ဖြစ်သွားတယ်လို့တော့ ကြားလိုက်မိတယ်…ကဲ သွား မယ်.ဒေါက်တာ''

စက်ဘီးနင်းပြီး ကိုနေအောင် ပြန်သွားသည်။

ကျော်ဇေယျ အိမ်ထဲသို့ ပြန်ဝင်လာသည်။

ညှော်ခန်းထဲတွင် မနွေးနွေး ပြန်ရောက်နေသည်ကို တွေ့ရသည်။

ကိုနေအောင် ထားခဲ့သော သတင်းစာကိုကိုင်ကာ မနွေးနွေး တအားငိုနေသည်ကို တွေ့ရပြန်သည်။

ကျော်ဇေယျသည် သတင်းစာကိုင်ပြီး တအားငိုနေသည့် မနွေးနွေးကိုကြည့်ကာ အံ့သြနေသည်။ စောစောက အိမ်ထဲသို့ ဝင် သွားပြီးမှ ကိုနေအောင်အား လိုက်ပို့စဉ် မနွေးနွေး ပြန်ထွက်လာပြီး ဘာလို့ သတင်းစာကိုင်ပြီး ငိုနေသနည်း။

မနွေးနွေးကို ကျော်ဇေယျ သနားမိပါ၏။

ဤမျှ ငိုကြွေးနေခြင်းကို နှစ်သိမ့်ပေးချင်မိသည်။ ဘယ်လို





နှစ်သိမ့်ရမည်မှန်း ကျော်ဇေယျ မသိ။ ထို့ကြောင့် မနွေးနွေးကို ငေး ကြည့်ရုံသာ ကြည့်နေမိ၏။

အန်တီစမ်း မီးဖိုထဲမှ ထွက်လာပါ၏။ ငိုကြွေးနေသော နွေးနွေး ထံ အန်တီစမ်း အပြေးကလေး ရောက်လာသည်။

''ဘာလို့ ငိုနေတာလဲ နွေး…တိတ်ပါကွယ်၊ ကိုယ့်မှာက ဝေဒနာရှိနေတုန်း ဒီလောက်ပြင်းပြင်းထန်ထန် ငိုနေရင် ဝေဒနာ ဘယ် သက်သာတော့မလဲ၊ ကဲ…ကဲ…လာ…ဆန်ပြုတ်လေးတောင် ချက် သွားပြီ၊ ပူပူလေးအားရှိအောင် သောက်လိုက်…နွေး''

အန်တီစမ်းက ချိုသာနှစ်သိမ့်စွာ တွဲပြီးခေါ်သွား၍ မနွေးနွေး လိုက်ပါသွားပါလေတော့သည်။

☊ ☊ ☊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ကျောင်းပိတ်ရက်ကို ကူးကူး မျှော်သည်။

ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေ မြန်မြန်ရောက်ပါစေ

ဆုတောင်းရသည်မှာ အမော။

နွေးနွေး ဒီအိမ်သို့ ရောက်လာပြီး အိမ်တွင် နေသားတကျ

လာလေ၊ ကူးကူး ပို၍မျှော်လေဖြစ်သည်။

မမနွေး၊ မမနွေးနှင့် နွေးနွေးနားသို့ ပူးပူးကပ်ကပ်လေး နေ

သည်။

မိခင်မရှိ၊ ညီမမရှိ၊ အစ်မ မရှိဘဲ အဒေါ်အပျိုကြီးနှင့်သာ

ရသည့် ကူးကူးသည် မိန်းကလေးချင်း အစ်မဖြစ်စေ၊ ညီမဖြ

အတူနေ တောင့်တခဲ့သည်မှာ ကြာပြီ။





နွေးနွေးကလည်း တစ်နေ့ထက်တစ်နေ့ ကူးကူးအဖို့ ပိုမိုချစ်စရာကောင်းသည်ထက် ကောင်းလာသည်များလည်း ရှိနေပါ၏။

နွေးနွေး၏ နဂိုရုပ်ရည်ကိုက မြင်လျှင် ချစ်စဖွယ်ရှိနေသည့်ကြားက နီးနီးကပ်ကပ်နေလေ နွေးနွေး၏ စိတ်နေသဘောထားလေးတွေက ချစ်စရာကောင်းလေဖြစ်ရပါ၏။

သဘောထားပြည့်ဝသည်။ သည်းခံစိတ်အမြဲထားသည်။ စကားပြောလေတိုင်း သူမ၏မျက်လုံးတို့က ပြုံးယောင်သမ်းနေသည်။ ပြောသည့်စကားလုံးများကလည်း တစ်ဘက်သားနားဝင်ချိုစေသော စကားမျိုးဖြစ်သည်။

ပြီး…ကူးကူးက အပျိုပေါက်မလေးပီပီ လှချင်သည်။ ဒါပေမယ့် သူမကိုယ်ကို လှအောင်မပြင်တတ်။ အန်တီစမ်းကလည်း ရှေးရိုးအပျိုကြီးဆန်သည်။ ခုခေတ်ကောင်မလေးတွေ၏ အထာကို နားလည် သဘောမပေါက်။

နွေးနွေး ရောက်လာပြီး နေသားတကျလေးရှိလာသောအခါ ကူးကူးအား အလှပြင်ပေးသည်။ ရိုးရိုးလေးဖြင့် လှအောင်လည်း ပြင်ပေးတတ်သည်။ ဆန်းဆန်းလေးနှင့် အရုပ်လေးတစ်ရုပ်လှသလို လှအောင်လည်း ပြင်ဆင်ပေးတတ်သည်။

သို့သော် လွန်ကဲသော ကလက်သော အပြင်အဆင်မျိုးမဟုတ်။

ကူးကူးကိုယ်တိုင်ကလည်း ကိုယ်ရေမဖွေးသော်ကြောင့်

www.burmeseclassic.com



ရှုံ့ကာစ်ကစ်လေး ဖြစ်နေစေကာမူ မျက်နှာလေးက နဂိုချော နဂိုလှလေးဖြစ်သည်။

နွေးနွေး၏ အပြင်အဆင် ဖြည့်စွက်သည်နှင့် ကူးကူးလေးသိပ်လှသွားသည်။ သိပ်ချောသွားသည်။

အစ်မ၊ ညီမ ငတ်နေသော ကူးကူးအတွက် နွေးနွေးသည် ကူးကူး၏ မမနွေး၊ မမနွေး တစာစာ ဖြစ်လာတော့သည်။

ကျောင်းမှ အိမ်ပြန်ရောက်သည်နှင့် ကျောင်းလွယ်အိတ်ကို စားပွဲပေါ်ပစ်တင်ပြီး မမနွေး မမနွေးနှင့် တစာစာအော်ရင်း လိုက်ရှာတော့သည်။

ကျော်ဇေယျသည် ညီမလေးကူးကူးက မနွေးနွေးအပေါ် သံယောဇဉ်တွယ်နေမှန်းလည်း ကျော်ဇေယျ အကဲခတ်မိသည်။

နွေးနွေး၏ ခေါင်းမှ ဒဏ်ရာသည်လည်း အနာကျက် ချုပ်ရိုး ဖြည့်ပြီးလေပြီ။ နွေးနွေး ဒီအိမ်ရောက်လာသည်မှာ သီတင်းနှစ်ပတ် ရှိသွားပေပြီ။

သို့တိုင်အောင် နွေးနွေးသည် သူမ ဘယ်ကလာသည်၊ သူ ဘယ်မှာနေခဲ့သည်၊ သူ့မိဘတွေ ဘယ်သူဘယ်ဝါဖြစ်သည်၊ သူ ဘာတွေဖြစ်လာခဲ့သည်ဆိုသည်ကို မပြောပေ။

တစ်ခါနှစ်ခါလောက် အန်တီစမ်းက နွေးနွေးအား တီးခေါက် မေးကြည့်သည်။





ခက်သည်က သူမအကြောင်းကိုမေးသည်နှင့် နွေးနွေး ငိုလေ
ည်။ နောက်ဆုံး ကျော်ဇေယျကပင် နွေးနွေးကို ထပ်မမေးပါနှင့်တော့
 အန်တီစမ်းကို ပြောရပေတော့သည်။

စခန်းမှူး ကိုနေအောင်ကတော့ နွေးနွေး ဖြစ်နေသည့်ရောဂါမှာ
ရှင် ဝတ္ထုထဲကကဲ့သို့ အတိတ်မေ့ အမ်နီးဆီးယား ရောဂါမျိုး
ခေါင်းမှဒဏ်ရာကြောင့် နွေးနွေး ရသည်ဟု ထင်သည်။

ဒေါက်တာကျော်ဇေယျကတော့ နွေးနွေးတွင် ကိုနေအောင်
ထင်သော ရောဂါမျိုးဖြစ်နေသည်ဟု မယူဆ။ သူမ၏ အတိတ်တွင်
မေ့ထားပြီး ဖွတ်ဖုံးကွယ်ထားသည်ဟုသာ ထင်မိသည်။

ကျော်ဇေယျ ထင်သည့်အတိုင်းပင် တဖြေးဖြေး တစစ...
နွေး၏ ဘဝအရိပ်လေးများကို မြင်တွေ့ရသည်များလည်း ရှိလာ
ည်။

မည်သို့ပင်ဖြစ်စေ...

ကျော်ဇေယျရော၊ အန်တီစမ်းရော၊ ကူးကူးရော ဦးလေးမွား
ရော နွေးနွေး ၎င်းတို့အိမ်သို့ ရောက်ရှိနေထိုင်ခြင်းကိုပင် လိုလား
ဆက်လာကြပေတော့သည်။

အန်တီစမ်းနှင့် နွေးနွေးကလည်း အိမ်တွင် တက်ညီလက်ညီ
သည်။

အိမ်မှုကိစ္စတွင် ကူးကူးက ဘာအကူအညီမှ ရသည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



မိကူးတို့ ခေါက်ဘူးထဲရေနွေးထည့်ပြီဆိုလျှင် ခေါက်ဘူးပေါက်ထဲရေနွေး မဝင်သေးခင် ထောင်ထားသော ခေါက်ဘူးလဲကျသည်။ ကွဲသည်။ ရေနွေးပူလောင်သည်။ ပန်းကန်ဆေးနိုင်းလျှင် ပန်းကန်ကွဲသည်။ တံမြက်စည်းလှည်းနိုင်းလျှင် လှေလှော်သလိုလှဲရင်း တစ်အိမ်လုံး မသန့်ရှင်းသည့်အပြင် ရှုတ်ပွစေသည်။

ဒီလိုဖြစ်ပေါင်းများသည်မို့ ကူးကူးက လုပ်ပေးချင်သည်ဆို တော့။ အန်တီစမ်းက နဖူးကို လက်ဝါးကပ်ကာ ဒိုးဆလ်၊ တင်းဆ ပေးပြီး မယ်မင်းကြီးမ မလုပ်ပါနဲ့ဟု တားယူရသည်။

နွေး ထူထူထောင်ထောင် ဖြစ်လာမှ အိမ်တွင် နွေးနွေး အကူအညီ အများကြီးရသည်။

ကျော်ဇေယျလည်း မနက်ပိုင်းလမ်းမလျှောက်တော့ပြီ။ မေ ပေါင်းကူးလမ်းသည် နံနက်စောစောပိုင်း လူပြတ်လွန်းသည်။ မှာပင် ကျော်ဇေယျ လှေကျင့်ခန်းယူတော့သည်။

နွေးနွေး ထူထူထောင်ထောင်နှင့်၊အိမ်တွင် အနေကြာလာ တိုင်အောင် ကျော်ဇေယျသည် နွေးနွေးကို အရောတဝင်ကြီး မ ပေ။

ကျော်ဇေယျ ခဲမှန်ဘူးသော စာသူငယ်ဖြစ်ပါ၏။ ချိုမိ သိပ်ချော သိပ်လှသော အမျိုးသမီးဆိုလျှင် ကျော်ဇေယျ ဝေး ရှောင်တော့သည်။





ချိုမိကြောင့် မိမိ အရှက်တကွဲ အကျိုးနည်းတွေဖြစ်ခဲ့ရသည်။ ချိုမာကို နာကြည်းလွန်းသောစိတ်ကြောင့် စိတ်ဝေဒနာတစ်မျိုး ခံစား ရသည်။

သိပ်ချော၊ သိပ်လှသော မိန်းမဆိုလျှင် ကျော်ဇေယျ ကြောက် ပါ၏။ ရှောင်ကျဉ်ပါ၏။

ထို့ကြောင့်လည်း နွေးနွေးနှင့် တစ်အိမ်တည်းအတူနေစေကာမူ ကျော်ဇေယျ ခပ်ရှောင်ရှောင်လေး နေလိုက်သည်။ အရောတဝင်ရှိ မသွားအောင် အရာရာ သတိထားထိန်းသိမ်းသည်။

မြိုင်သာမြို့သစ်တွင် (၅) ရက် တစ်ဈေးဆိုစေကာမူ နေ့စဉ် နေ့တိုင်း နံနက်စောစောပိုင်းတွင် ဈေးနေရာ၌ သား၊ ငါး ရောင်းသူ တွေ ရှိနေပါ၏။ သစ်သီးသစ်ရွက်ရောင်းသူတွေ ရှိပါ၏။

နေ့စဉ် ဈေးပေါက်စလေး ဆိုနိုင်ပါသည်။

ငှင်းဈေးပေါက်စလေးဆို ကိုယ်က အစောကြီးထပြီး သွားနိုင်မှ သား၊ ငါးကောင်းကောင်းရသည်။ နည်းနည်းနောက်ကျပါက သူများ ရွေးထားပြီး ချန်ထားသော အကျန်တွေရတတ်သည်။

ဟိုတုန်းကဆိုလျှင် အန်တီစမ်းသည် ဈေးပေါက်စလေးသို့ သွား ရ၏။ စောစောစီးစီး ထခဲ့ပါ၏။ သို့သော် အန်တီစမ်း ဘယ်လောက် စောစောထစေကာမူ ဈေးနောက်ကျသည်ချည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီစမ်းမှာ ဈေးမသွားမီ တူတော်မောင် ကျော်ဇေယျ မနက်စားဖို့ကိစ္စ။

ထိုကိစ္စ ဝေယျာဝစ္စတို့ကြောင့် အန်တီစမ်း ဈေးသို့ အမြဲနောက်ကျသည်။

ဟော…အခုတော့ အန်တီစမ်း စောစောထသည်နှင့် ဈေးပေါက်စလေးသို့ တန်းသွားနိုင်ပေသည်။

အိမ်တွင် နွေးနွေးက ကျော်ဇေယျ၏ ဝေယျာဝစ္စ၊ ကူးကူး၏ ဝေယျာဝစ္စအားလုံးကို လုပ်ကိုင်ပေးသောကြောင့် ဖြစ်ပါ၏။

အဲ…တစ်ခုတော့ရှိပါ၏။

နွေးနွေးကို အန်တီစမ်းက အဖော်အဖြစ် ဈေးသို့ ဘယ်လိုခေါ်ခေါ် နွေးနွေးက မလိုက်ဘဲ ငြင်းဆန်ခဲ့သည်ချည်း ဖြစ်ပေသည်။

ကူးကူး ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေဆိုလျှင် ကူးကူး၏ ဝေယျာဝစ္စများ အခေါကြီးလုပ်ပေးရန် မလိုသောကြောင့် နွေးနွေးကို ဈေးသို့ အဖော်ခေါ်ခြင်းဖြစ်သည်။

ဘယ်တော့မှ နွေးနွေးက မလိုက်ပေ။

ဈေးကို လိုက်ဖို့မဆိုထားလင့်။ ခြံထဲသို့ပင် နွေးနွေး မဆင်းဘဲ အိမ်တွင်းပုန်းလုပ်နေသည်ကို သတိထားမိပြီး အန်တီစမ်းက နွေးနွေး ဈေးလိုက်ရန် ထပ်မခေါ်ပါလေတော့။

ယနေ့ စနေနေ့။





ကူးကူး ကျောင်းပိတ်သည်။ အိပ်ရာမှထ၊ ကိုယ်လက်သန့်စင်ဖွင့်ပြီးကတည်းက ကူးကူးသည် မီးဖိုထဲ ဝင်လိုက်ထွက်လိုက်နေသည်။

နွေးနွေးက မီးဖိုထဲရောက်နေပြီး အလုပ်ရှုပ်နေပေသကိုး။

အန်တီစမ်း ဈေးအစောကြီးထသွားသည်။

ကျော်ဇေယျသည် ခြံထဲမှာပင် လေ့ကျင့်ခန်းယူပြီးနောက် ရေချိုး…ခင် အဝတ်လဲထွက်လာသည်။ ထမင်းစားပွဲသို့သွားရန် ဖြစ်သည်။

“လာ…လာ…ကိုကြီး၊ ဒီနေ့တော့ စပယ်ရှယ်ပဲ ကိုကြီးရေ၊ …နွေး လုပ်တာလေ”

“ဘာစပယ်ရှယ်လဲ…မိကူး”

“နန်းကြီးသုပ်လေ…နန်းကြီးသုပ်၊ မမနွေးလုပ်တာ…နန်းကြီး…ကို အန်တီစမ်းက ဈေးကမှာခိုင်းလိုက်တာ၊ ကျန်တာတွေက …နွေးလုပ်တာ၊ မြိုင်သာမြို့သစ်မှာ ရှမ်းခေါက်ဆွဲဆိုင်တို့၊ ရှမ်းမုန့်တီ…သာ ရောင်းတာ၊ နန်းကြီးသုပ်မှမရှိတာ၊ ဒီနေ့ ကူးကူး ကျောင်း…တ်လို့ မမနွေးက စပယ်ရှယ်လုပ်ပေးတာ၊ အစားပုပ်တဲ့ ကိုကြီး …သတုတ်ပေတော့၊ ကူးကူးက တုတ်ချင်နေပြီ…မမနွေးက ကိုကြီးကို …ာင့်ပါဦးဆိုတာနဲ့ စောင့်နေတာ”

ကျော်ဇေယျ စားပွဲတွင် ထိုင်နေကျ ထိပ်ဦးပိုင်းမှ ထိုင်လိုက်…သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေတ်ကောင်း၊ ငှက်ပျော်အူဖတ် ဟင်းခါးနဲ့လေး မွှေးကြိ
နေသည်ကို ခံစားရပါ၏။

နန်းကြီးသုပ်ထဲ ထည့်မည့် ကြက်သားဟင်းကလည်း မွှေးကြ
နေသည်ကို ခံစားရပါ၏။

စားပွဲပေါ်တွင် ငံပြာရည်၊ ရေတ်သီးလှော်ထောင်းမှုန့်၊ ကြ
ဿန်ဖြူဆီချက်၊ နံနံပင်ကို ကတ်ကြေးဖြင့် ညှပ်ထည့်ထားသော ပ
ကန်၊ မုန့်ကျွတ်ကြော်ပန်းကန် စသည်တို့ အားလုံးချထားပေသည

"ကူးကူးကို မမနွေး သုပ်ပေးရမလား၊ နန်းကြီးသုပ်ဆိုတ
အစပ်အဟပ်တည့်အောင် သုပ်နိုင်မှ ပိုစားကောင်းတာ"

"ဟင့်အင်း…ကူးကူးဖာသာသုပ်မယ်၊ မိန်းမဆိုတာ အသ
သုပ်တဲ့နေရာမှာ ကိုယ့်ဟာကိုယ်သုပ်ရမှ အားရတာ…အဲ…ကိုကြ
ကိုတော့ မမနွေးပဲ သုပ်ပေးလိုက်၊ ကိုကြီးက စားရုံစားတတ်တာ
ကိုယ့်ဖာသာသုပ်တတ်မှာမှမဟုတ်တာ"

"အား…ဒီကောင်မလေး"

ကျော်ဇေယျက ပြုံးပြီး ညီမကို ငေါက်သလိုပြောရင်း မနွေး
ကို လှမ်းကြည့်လိုက်သည်။

"နွေး…သုပ်ပေးရမလား အစ်ကို"

"ကောင်းသားပဲ"





မနွေးနွေးက တစ်ပန်းကန်မောက်မောက်ကြီး သုပ်ပေးလိုက်
သည်။

ကျော်ဇေယျ စတင်စားသည်။

ကူးကူးကတော့ ခေါင်းပင်မဖော်ဘဲ ဘယ်သူမှ မော့မကြည့်ဘဲ
အားရပါးရ ကုန်းတုတ်နေသည်။

ကောင်းလှပါ၏။ အရသာရှိလှပါ၏။ မြို့သာသို့ရောက်ပြီး
နှစ်အတွင်း ဤသို့ အရသာရှိရှိ မစားရသည်မှာ ကြာပေပြီ။

အန်တီစမ်းက တစ်ခါတလေ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ
သည်တို့ လုပ်ကျွေးပါ၏။ သို့သော် ယခုလို ထူးထူးခြားခြား အရသာ
မဟုတ်။ သာမန်မျှသာ စားကောင်းပေသည်။

"တကယ်ကောင်းပါတယ် မနွေး၊ အရသာတကယ်ရှိတယ်၊
ရောက်မှ တစ်ခါမှ ဒီလောက်အရသာရှိရှိ မစားရသေးဘူး"

ကူးကူးသည် ဝါးမဝါးရဲ့လားမသိ။ ဒီအတိုင်းပဲ မျိုချလေ
သား။ မြိုက်ခနဲ ပထမပန်းကန် ကုန်သွားပြီး ဒုတိယပန်းကန်
သုပ်ထည့်နေပေသည်။

နွေးနွေးကို ကျော်ဇေယျက စားကောင်းရုံမက ချီးကျူးသလို
အကြည့်ဖြင့် ကျေနပ်စွာ ပြုံးပြနေပါ၏။

ကျော်ဇေယျလည်း ညီမငယ် ကူးကူးကဲ့သို့ပင် အစားကြီးလေ
သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမပန်းကန် ကုန်လုကုန်ခင် ရှိသွားလေပြီ။

"အစ်ကိုဖို့ နောက်ထပ်တစ်ပန်းကန် ထပ်သုပ်ပေးထား

နော်"

"အဲ…ကောင်းပါတယ် မနွေးနွေး"

နွေးနွေးက နောက်ထပ် ပန်းကန်မောက်မောက်ပင် သုပ်

နေစဉ် ကူးကူးက ကိုကြီးကျော်ဇေယျကို လှမ်းပြောသည်။

"ကိုကြီး"

"ဘာလဲ…ပြော"

"ကိုကြီးကို ကူးကူးက စကားနှစ်ခွန်းပြောချင်တယ်"

"အံမာ…ကြီးကျယ်လိုက်တာ၊ ပြောမှာကိုပဲ ပဏာမ

နိဒါန်းတွေနဲ့…"

"ပထမတစ်ခွန်းက ကိုကြီး မမနွေးကို ဆက်ဆံပုံဟာ မိသ

မဆန်ဘူး…တစိမ်းဆန်နေတယ်၊ တကယ်ဆို မမနွေး ဒီမှာ အနေ

ပြီပဲဟာ…နောက်ပြီး မမနွေးရဲ့အသက်ဟာ ကိုကြီး ကယ်တင်

တဲ့အသက်မို့ ကိုကြီးက မမနွေးကို အသက်တစ်ခါ ပြန်မွေးပေးလို

တာနဲ့ အတူတူပဲ၊ ဒါကြောင့် ကိုကြီးက မမနွေးကို ခေါ်တာ 'မနွေး

တဲ့၊ ပြောတော့လည်း ကျွန်တော်တွေ ဘာတွေနဲ့ တစိမ်းဆန်

နေတယ်"

"ကူးကူးကော နောက်ထပ်ယူဦးမလား"





နွေးနွေးက စကားလမ်းကြောင်းပြောင်းသွားစေရန် ကြားဖြတ်

ပြီး ဝင်ပြောလိုက်သည်။

ကူးကူးက သူ့မမနွေးကို လက်ဝါးလေးကာပြပြီး သူပြောမြဲ

စကားကို ဆက်ပြောသည်။

နောက်ပြီး မမနွေးရဲ့အသက်က ကိုယ်နဲ့မှ ရွယ်တူလောက်

ရှိမှာ၊ ရှိလှပါမှ အစိတ်ပေါ့၊ ကိုကြီးအသက်က သုံးဆယ်၊ ကျွန်တော်

တွေ ခင်ဗျားတွေနဲ့ မမနွေးကို မပြောသင့်ဘူး၊ မမနွေးကိုယ်တိုင်

ကလည်း အန်တီစမ်းကိုဖြစ်ဖြစ်၊ ကိုကြီးကိုဖြစ်ဖြစ် သူ့ကိုယ်သူ 'နွေး'

လို့ပြောနေတာ၊ ကိုကြီးကလည်း မမနွေးကို 'နွေး' လို့ပဲ ခေါ်သင့်

တယ်"

"အေး…ဒီတစ်ခါတော့ နင်ပြောတာ ငါလက်ခံတယ်…ခုချိန်

ကစပြီး မိသားစုလို 'နွေး' လို့ပဲ ခေါ်မယ်"

"ဟေး…ဒါမှ ကိုကြီးကွ၊ တကယ်တော့ ကိုကြီးက လိမ္မာ

ပြီးသားပါ၊ ပြောရင်နားထောင်တာပဲဟာ"

"အာ…ဒီကောင်မလေး"

ကျော်ဇေယျက ထိပ်ခေါက်ရန်ရွယ်လိုက်သဖြင့် ကူးကူး ဇက်ပု

သွားသည်။

နွေးနွေးက သုပ်ပြီးသွားသော ပန်းကန်ကိုပေးသည်။ ကျော်

ဇေယျ ထပ်ယူ ထပ်စားပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို…အချဉ်၊ အငံ၊ အစပ် လိုတာပြောနော်"

"ကျေးဇူးပါပဲ…နွေး"

ကူးကူးသည် တတိယအကြိမ်မြောက် ပန်းကန်ထပ်ထုတ်ပြန်သည်။

"ကူးကူး…နင်လွန်ပြီထင်တယ်၊ စောစောကြာ ဗိုက်နာတယ် ဝမ်းသွားတယ်နဲ့ ဆေးသောက်ရမှာ ဆေးထိုးရမှာတော့ ဝက်တုတ်တုတ်ပြီး တိုက်ရ…ထိုးရတာ"

"ရပါတယ် ကိုကြီးရ…မမနွေး လုပ်တာတွေက သိပ်သန့်တာ၊ နောက်ပြီး ဝမ်းသွားဗိုက်နာမဖြစ်အောင် အားလုံးသေချာလုပ်ပေးတာပါ…အဲ…ကိုကြီးကို ကူးကူး ဒုတိယတစ်ခွန်းပြောဖို့ ကျန်သေးတယ်လေ"

"ပြော…ဘာလဲ"

"ကူးကူးကို ငွေတစ်သောင်းလောက်ပေးပါ"

"ဟဲ့…ငွေတစ်သောင်းတောင် ဘာလုပ်မလို့လဲ…နင့်ကို ဒီလအတွက် ငါ ငွေငါးထောင်ပေးသွားပဲ၊ မုန့်ဖိုးပေးထားတာ နင် ဘာတွေ သုံးစစ်လို့လဲ"

"ကူးကူးအတွက်မဟုတ်ပါဘူး ကိုကြီးရဲ့၊ ဒီနေ့ ကျောင်းပိတ်ရက်မှာ ကျောက်မဲကို ဦးလေးပွားမောင်းပြီး လိုက်ပို့ခိုင်းမလို့၊ မမနွေးအတွက် အင်္ကျီထမီ အဝတ်အစားတွေ သွားဝယ်ပေးမလို့ပါ"





"အို…ကူးကူးကလဲကွယ်…မဟုတ်တာ"

နွေးနွေးက တအံ့တဩနှင့်ပင် အံ့အားသင့်စွာဖြင့် ကူးကူးကို ကြည့်ပြီး ပြောလိုက်သည်။

ကူးကူးက ကျော်ဇေယျကို ဆက်ပြောသည်။

"ဟုတ်တယ် ကိုကြီးရ၊ မမနွေးက သိပ်ပြီး ကိုယ်လုံး အချိုးကျလှတာ၊ အခု ကူးကူးအင်္ကျီတွေ မမနွေး ဝတ်ထားတာ၊ ပွလည်းပွ၊ တိုလည်းတိုနေတယ်၊ အဲဒါ မမနွေးရဲ့ ကိုယ်အတိုင်းယူပြီး ကျောက်မဲမှာ နေ့ချင်းပြီး ချုပ်ခိုင်းမလို့"

"မလိုဘူး…ကူးကူး၊ မမနွေး ဘာမှမလိုဘူး…မမနွေးက ညှိသည်ပဲကွယ်၊ ဒီမှာ ခဏတဖြုတ်နေတုန်း ကူးကူး အဝတ်တွေ ယူဝတ်လည်း ရနေသားပဲဟာ၊ ဘာလဲ…ကူးကူး အဝတ်တွေ မမနွေး ယူဝတ်တာ မကြိုက်လို့လားကွယ်"

"ဟုတ်မယ်…အားကြီးကြီး…ကူးကူး ဗီရိုထဲက ရှိသမျှ အဝတ်တွေ မမနွေး ကြိုက်သလောက် ယူဝတ်စမ်းပါ၊ ကူးကူးက သိပ်ကျေနပ်တာပေါ့၊ အခုပြောနေတာက ကူးကူး အင်္ကျီတွေက မမနွေးရဲ့ တကယ့်ပင်ကိုယ်အလှကို ဖုံးကွယ်နေလို့"

"အိုး…မလိုပါဘူး ကူးကူးရယ်…မမနွေးက ဒီမှာ ခဏတဖြုတ်ပဲဟာ"

ကူးကူးက နှန်းကြီးစွန်း ပါးစပ်တော့ပြီးမှ ပြန်ချလိုက်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"မမနွေးပြောတာ နှစ်ခါရှိပြီ၊ ခုနက မမနွေးက ညွှေသည် ပါလို့ပြောတယ်၊ အခုတစ်ခါ ဒီမှာ ခဏတဖြုတ်နေမှာပါလို့ ပြောပြ တယ်၊ မမနွေးက ကူးကူးတို့ကို ထားခဲ့ပြီး တခြားသွားဖို့ စိတ်ကူး ရှိနေပြီလားဟင်"

ကျော်ဇေယျကလည်း ဝင်ပြောသည်။

"ဟုတ်တယ်…ကူးကူး မေးတဲ့ မေးခွန်းဟာ မေးသင့်မေး ထိုက်တဲ့မေးခွန်းပဲ၊ နွေးရဲ့ ဝေဒနာပိုင်းကတော့ ပျောက်ကင်းသွားပြီလို့ ဆိုနိုင်နေပါပြီ၊ အခု နွေးက ဘယ်ကိုသွားမယ် စိတ်ကူးလို့လဲ"

နွေးနွေးက ချက်ချင်းမဖြေ။ ကျော်ဇေယျကို သူမ၏ မျက်ဝန်း စုံဖြင့် ငေးကြည့်နေလိုက်သေးသည်။

"နွေး…ဘယ်ကိုသွားမယ်ဆိုတာ စိတ်ကူးလို့တောင် မရသေး ပါဘူး အစ်ကို၊ ဒါပေမယ့်…နွေးအတွက် အစ်ကိုတို့မှာ တာဝန်တွေ ဆက်တက်နေပြီ၊ အသက်ကို မရအရလည်း ပြန်ရှင်အောင် ကုသပေး သေးတယ်၊ နေကောင်းတော့လည်း လိုလေသေးမရှိအောင် ကျွေးမွေး ပြုစုထားတာကြောင့် နွေး ဆက်နေဖို့ ကိုယ့်လိပ်ပြာကိုယ် မသန့်တော့ ဘူး အစ်ကို…နွေး ဒီကသွားသင့်ပြီလို့ စိတ်ကူးမိလို့ပါ"

"အို…မဟုတ်တာ မမနွေးကလဲ၊ မမနွေးမှာ ဘယ်သွားမယ် လို့ ယတိပြတ်မဆုံးဖြတ်သေးရင် ဒီမှာပဲ ဆက်နေပါ မမနွေး၊ ကူးကူး တော့ မမနွေး မရှိရင် နေတောင်နေတတ်မှာ မဟုတ်တော့ဘူး"





ကျော်ဇေယျက ကူးကူးပြောသည်ကို ခေါင်းညိတ်လိုက်သည်။

"ဘယ်ကိုသွားမယ်လို့ ယတိပြတ် မဆုံးဖြတ်ရင် ဒီမှာပဲ ဆက် နေပါလား နွေး၊ အန်တီစမ်းကရော၊ မိကူးကရော နွေးကို သိပ်လို လားသားပဲဟာ…နွေး တစ်ယောက်အတွက် ဒီအိမ်မှာ ဘာမှအပန်း မကြီးပါဘူး…ဆက်နေမြဲနေပါ"

ကျော်ဇေယျ ထိုင်ရာမှထသည်။ စားလို့လည်း ပြီးစီးသွားပြီ ဖြစ်ပါ၏။

"နန်းကြီးသုပ် တကယ်ကောင်း တကယ်အရသာရှိပါတယ်၊ နွေး လုပ်ကျွေးတဲ့အတွက် ကျေးဇူးတင်ပါတယ်…ကဲ…မိကူး… စားပြီးရင် ငါ့ဆီမှာ ငွေတစ်သောင်းလာယူ…"

"ရက်ဆား…ကိုကြီး"

ဣ ဣ ဣ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

လူနှာ တကယ်ကျလာတော့ ဒေါက်တာကျော်ဇေယျ မနိုင်မနင်း ဖြစ်ရသည်။ မှာများရသည်။

ခါတိုင်းနေ့များဆိုလျှင် ဦးပွားက ဝိုင်းကူညီသဖြင့် ဘာဟီရနှင့် တိုကင်ပေးအလုပ်များအားလုံး ဦးပွားလုပ်သွားသည်။

ယနေ့တော့ ဦးပွားရော ကူးကူးရော နွေးရော ကျောက်မဲသို့ မော်တော်ကားဖြင့် သွားကြသည်။ ဦးပွား လိုက်မောင်းပို့ရသည်။

အန်တီစမ်းကလည်း ဆေးခန်းကိစ္စများတွင် သန့်ရှင်းရေးလုပ်ပေးရုံကလွဲပြီး တခြားဘာမှမလုပ်တတ်။ ဒါ့အပြင် အိမ်ကိစ္စများကလည်း အန်တီစမ်း လုပ်နေရသေးသည်။





ယနေ့ ဈေးနေ့နှင့် စနေနေ့သွားတိုက်ဆိုင်သောကြောင့် လူနာတွေ ပြုံကျခြင်းဖြစ်ပါ၏။ ဈေးကွဲစပြုလေ လူနာတွေ ထပ်ကျလာလေ ဖြစ်နေသည်။

ကျေးလက်သူ ကျေးလက်သားတွေမို့ အထမ်းအပိုး အပင်အပန်းတွေကြောင့် သူတို့စုပြုံတိုးသည့် အနံ့အသက်လည်း ငြီးစီစေသည်။

ပြီး တော်ရုံဝမ်းနာ ခေါင်းကိုက် လူနာတွေက ထူထူထောင်ထောင်နှင့် တိုးဝှေ့ဝင်နိုင်သော်လည်း တကယ်ဝေဒနာကြီးကြီး ခံစားရသည့် သက်ကြီးရွယ်အိုတို့မှာ တိုးဝှေ့မဝင်နိုင်ရှာဘဲ အပြင်တွင် ငုတ်တုတ်လေးတွေ ဖြစ်နေကြသည်။ ကျော်ဇေယျ ငြီးမိသည်။

"ဒုက္ခပါပဲ"

"မဒုက္ခပါနဲ့ အစ်ကို…နွေး ဝင်ပြီး ကူညီခွင့်ပေးမလား"

"ဟော…နွေး၊ နွေးက မိကူးနဲ့ ကျောက်မဲလိုက်မသွားဘူးလား၊ နွေးအတွက် သွားဝယ်မှာဆို"

"ကူးကူးက ဖွတ်ခေါ်ပါတယ် အစ်ကို…နွေးကလည်း ဖွတ်အတင်းတောင်းပန်ပြီး နေခဲ့တာပါ"

"အင်္ကျီချုပ်မှာဆိုတော့ နွေးရဲ့ ကိုယ်နဲ့တိုင်းချုပ်ရမှာ မဟုတ်လား"

"ဟုတ်တယ် အစ်ကို…နွေး ဝတ်လာတဲ့အင်္ကျီပေးပြီ အတိုင်းပေးလိုက်တယ်…အတိုင်းအင်္ကျီနဲ့ ချုပ်လဲရတာပါပဲ အစ်ကို…အဲ



www.burmeseclassic.com

www.burmeseclassic.com



အခု နွေး ကူညီပေးရမလား အစ်ကို၊ လူနာတွေ သိပ်များလို့ အစ်ကို စိတ်ညစ်နေပြီ မဟုတ်လား''

''ဒါဆို ကျေးဇူးပါပဲ နွေး၊ အကူလိုနေတာတော့ မြင်တဲ့အတိုင်းပဲ''

ကျော်ဇေယျက နွေး ဘာတွေကူညီလုပ်ပေးရမည်ကို ပြောဖို့ပါးစပ်ဟတုန်းရှိသေး၊ နွေးက တိုကင်တွေကိုကောက်ယူကာ လူနာတွေကို တိုကင် စ၍ပေးလေတော့သည်။

ပြီး အဖျားတိုင်း သာမိုမီတာကိုကောက်ယူပြီး လူနာတွေကို တိုင်းပြီးမှ တိုကင်ပေးခြင်း ပြုပေသည်။

စမ်းသပ်ရာတွင် အနီးရှိကြုံရာလူကို စမ်းသပ်သည်မဟုတ်၊ လတ်တလော ရောဂါဝေဒနာပြင်းထန်နေသူအား ခန့်မှန်းပြီးတိုင်းသည်။ အရေးကြီးသော လူနာကိုသာ ရှေ့ပိုင်းနံပါတ်တိုကင့်ကိုပေးသည်။

ဒါကိုကြည့်ပြီး ကျော်ဇေယျသည် နွေးကို အံ့သြရသည်။

ဒီနောက်မှာတော့ နွေး ပေးလွှတ်သည့် တိုကင်အစဉ်အလိုက် အတိုင်း ကုသတော့သည်။ အရေးကြီးလူနာက ရှေ့ရောက်လာပြီး ထူထူထောင်ထောင် လူနာတွေ နောက်သို့ရောက်သွားသည်။

''နွေး...ဆေးပုလင်းတွေ အမျိုးစုံ စားပွဲမှာ ချထားတယ်နော်၊ လူနာအတွက် လိုအပ်မယ့်ဆေးကို ဒီက ရေးပေးလိုက်မယ်...အဲဒီဆေး အတိုင်း ဆေးပုလင်းတွေမှာကြည့်ပြီး နွေးက ပေးပေးပါ''





''ရတယ် အစ်ကို...စိတ်ချ''

နွေးသည် ဆေးအမည်နှင့် ကျသင့်ငွေကို ဒေါက်တာ ကျော်ဇေယျ ရေးလိုက်သည့်အတိုင်း ဆေးပေးပိုက်ဆံယူရာတွင် အလွန်အမင်း အံ့သြရပါ၏။

ဘယ့်နှယ် လူနာတစ်ယောက်ကို ကုသသည့်ရောဂါ ဆေးပေးသည့်ရောဂါမှ တစ်ဆယ်ကျော်ကျော်မျှသာယူသည်။ တချို့ဆိုလျှင် တစ်ဆယ်ပင်မပြည့်ဘဲ ခုနစ်ကျပ်၊ ရှစ်ကျပ်၊ ကိုးကျပ်ပဲ ယူသည်။ အများဆုံး ဆယ့်ငါးဆယ့်ခြောက်သာ။

ယနေ့ခေတ် လူနာတစ်ဦး ဆေးခန်းသို့သွားလျှင် အနည်းဆုံး နှစ်ရာသုံးရာ ထည့်သွားရသည်။

တကယ့်အစ်ကိုပါပေ။ ဒါဆို ကိုယ့်အတွက် ကျန်ဖို့နေနေသာ ကိုယ့်အိတ်ထဲကပင် ဆေးဖိုးတွေ စိုက်ရဦးမည်။ သုံးထားသည့် ဆေးတွေကလည်း အကောင်းစားတွေဖြစ်သည်။

တကယ့်အစ်ကိုပါပေ။

နံနက် ဆယ်နာရီခွဲလောက်တွင် လူနာများရှင်းသွားသည်။

နွေးနွေးက ကျော်ဇေယျ ရေးပေးသောဆေးစာနှင့် ကျသင့်ငွေ စာရွက်လေးများကို ယူကာ ရရှိငွေနှင့် အတူအကျ အပ်ပေးသည်။ နေ့စဉ်မှတ်တမ်းစာအုပ်ရေးသွင်းထားသည်ကိုလည်း ပြပေးသည်။

ကျော်ဇေယျက သူမ စားပွဲတွင် မျက်နှာချင်းဆိုင်ဝင်ထိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နွေးနွေး ပေးအပ်သည်များကို လက်ခံရင် လူနာမှတ်တမ်းစာအုပ်ကြီး ကို ကြည့်နေသည်။

"အစ်ကို ဒီနေ့မနက် လူနာအားလုံး ခြောက်ဆယ့်ငါးယောက် ရရှိငွေအားလုံး ရှစ်ရာလေးဆယ့်သုံးကျပ် အစ်ကို"

ကျော်ဇေယျက ခေါင်းညိတ်ပြသည်။

"အစ်ကို့ကို နွေး တအားအံ့သြတယ်"

"ဟုတ်လား၊ တို့ကလည်း နွေးကို တအားအံ့သြနေတာပါပဲ"

"နွေးကို အစ်ကိုက အံ့သြတယ်...ဟုတ်လား၊ ဘာလို့ အံ့သြ တာလဲ အစ်ကို"

"နွေးဟာ ဆရာဝန်လုပ်ငန်းနဲ့ ပတ်သက်ပြီး နီးနီးစပ်စပ် တ မြောက်ထားတဲ့ သဘောတွေရှိနေတာကို တွေ့ရလို့ပဲ၊ စောစော နွေးနွေး လုပ်ကိုင်သွားတဲ့ လူနာကို ပြဒါးတိုင်း၊ လူနာ့အခြေအနေ ကြည့်၊ ပြီးမှ တိုကင်ပေးသွားတာတွေရော...တို့ ရေးပေးတဲ့ ဆေး ထဲက ဆေးတွေကို အချိန်မကြာစေဘဲ ဒက်ခနဲ ဒက်ခနဲ ဆေး သွားတာတွေရောကိုကြည့်ပြီး အံ့သြတာပါ"

"အော်...ဒါလား၊ အဖျားတိုင်းတာတို့၊ သွေးခုန်နှုန်းစမ်း တာတို့၊ သွေးပေါင်ချိန်တိုင်းတာတို့ဆိုတာက သူ့ကိရိယာနဲ့ သူ သွားရတာပဲ အစ်ကို၊ သင်ပေးရင် တစ်ခဏအတွင်း တတ်သွား ပေါ့၊ ဆေးပေးတာကလဲ ဘာဆေးပေးလို့ အစ်ကိုက စလစ်ပေါ်





ရေးပေးလိုက်တာပဲ၊ အဲဒီဆေးတွေကလည်း စားပွဲပေါ်မှာ အဆင်သင့် ရှိနေတာပဲ၊ ဒီတော့ စာရွက်ထဲကအတိုင်း ပေးလိုက်ရတာ၊ ဘာခက် တာမှတ်လို့ အစ်ကို၊ နွေးကသာ အစ်ကို့ကို အံ့သြနေတာ"

"ဆိုပါဦး...တို့ကို အံ့သြတာကို..."

"နွေးဟာ ဆရာဝန်လုပ်ငန်းနဲ့ ပတ်သက်ပြီး တော်တော်နီးနီး စပ်စပ်လေး သိရှိထားပါတယ် အစ်ကို၊ အခု အစ်ကို လူနာတစ်ဦး ဆေးကု၊ ဆေးဖိုးနှုန်းထားနဲ့ ပတ်သက်ပြီး အစ်ကို့ကို နွေး အံ့သြ တာပါ၊ ရိုးရိုးနာစေး၊ ချောင်းဆိုး၊ ဝေဒနာလောက်တောင် ဆရာဝန် တွေဟာ စမ်းသပ်ခအနေနဲ့ လေးငါးဆယ် တစ်ရာ...တချို့ အဲဒီထက် ကေ ယူတတ်တာတွေကို တွေ့ဖူးခဲ့ပါတယ်၊ အခုတော့ အစ်ကိုက လူနာတစ်ဦးကိုမှ စမ်းသပ်ခအပါအဝင် ဆယ့်လေးငါးကျပ် နှစ်ဆယ် ထောင် ပြည့်အောင် မယူတာကို နွေး အံ့သြတာပါ"

"အော်...ဒါလား"

ကျော်ဇေယျက အေးအေးဆေးဆေး တည်ငြိမ်သောလေသံဖြင့် ပင် ပြန်ပြောသည်။

"တို့ဆေးတက္ကသိုလ် တက်ခွင့်ရလို့ တက်ရောက်ခဲ့ကြတဲ့ အချိန်ကစပြီး တို့ဆရာဝန်ဖြစ်ရင် ငွေကြေးရလိုမှုထက် [illegible] ဆိုင်းကို ပိုပြီးဦးစားပေးဆောင်ရွက်မယ်ဆိုတဲ့ ရည်မှန်းချက်ရှိခဲ့တယ်၊ ဆရာဝန်ဖြစ်လာပြီးမှ ဆေးကုလို့ ချမ်းသာကြွယ်ဝလာတာမျိုးကို

www.burmeseclassic.com



မလိုလားဘူး၊ တို့ ဆရာဝန်ဘွဲ့ရပြီးတာနဲ့ ကိုယ်ပိုင်ဆေးခန်းဖွင့်ဖို့ လုံးဝ စိတ်မကူးဘဲ ပြည်သူ့ဆေးရုံကြီးတွေမှာ ကုသပေးရတဲ့ ဆရာဝ အစိုးရလခစား ဆရာဝန်အဖြစ်ကိုပဲ ရအောင် လျှောက်ထားပြီး ပြည်သ ဆေးရုံမှာပဲ လခစားအဖြစ်နဲ့ တာဝန်ထမ်းဆောင်ခဲ့တယ်၊ တို့ ကြွ တယ်တော့ မထင်နဲ့ပေါ့နော်…နွေး၊ တို့ လခစားမလုပ်ဘဲ မြို့ကြ စ်ခုမှာ ခမ်းနားပြည့်စုံတဲ့ ဆေးခန်းမျိုး ဖွင့်နိုင်တဲ့ ငွေအင်အားက အမြဲရှိပြီးသားပါ"

"အစ်ကိုမှာ ဘာအကြွားအဝါမှ မရှိဘူးဆိုတာ နွေး အ အတူနေလာတော့ ကောင်းကောင်းကြီး သိပါတယ် အစ်ကို"

"ဘာလို့ ပြည်သူ့ဆေးရုံမှာလုပ်ချင်သလဲဆိုတော့ လူနာပေါ ခြောက်မြားစွာဟာ အထူးသဖြင့် ငွေကြေး အခက်အခဲ ရှိသူတွေဟ အဓိက ပြည်သူ့ဆေးရုံကိုပဲ အားကိုးပြီး တက်ရောက်တယ်၊ တကယ အခက်အခဲမျိုးကျတော့လဲ ပြည်သူ့ဆေးရုံကြီးတွေမှာ ကိရိယာတန်ဆ ပလာစုံလင်တယ်၊ တကယ်တမ်းလည်း ကယ်နိုင်ခွင့်ရှိတယ်၊ ဒါကြော တို့ ဘွဲ့ရပြီး အလုပ်လျှောက်ကတည်းက ဘယ်နေရာ ဘယ်ဒေသ အစိုးရပြည်သူ့ဆေးရုံကိုပို့ပို့၊ တာဝန်ထမ်းဆောင်ပါမယ်လို့ လျှော ခဲ့တယ်"

"ဒါဆို အထက်က အစ်ကို့ကို အပွိုင့်မင် ပြန်ချမပေး





သို့ မြို့သာမြို့သစ်က ကျေးလက်လူတန်းစားတွေအတွက် ဆေးခန်း ဖွင့်ပေးတာလား အစ်ကို"

ကျော်ဇေယျသည် ဦးခေါင်းကို ဖြေးလေးစွာ ခါယမ်းပြလိုက် သည်။

"တို့လက်ထောက်ဆရာဝန်အဖြစ် ပြင်ဦးလွင်ဆေးရုံမှာ (၃)နှစ် ာဝန်ထမ်းဆောင်ခဲ့ပါတယ် နွေး"

"ဒါဖြင့် ဘာလို့အလုပ်ထွက်ပြီး ဒီမြို့သာမြို့သစ်မှာ ဆေးခန်း ဖွင့်တာလဲဟင်"

"နိုင်ငံတော်က ခန့်အပ်တဲ့ ပြည်သူ့ဆေးရုံဆရာဝန်တစ်ယောက် စောင့်စည်းအပ်တဲ့ သိက္ခာ၊ သမာဓိတွေ တို့မှာ ချို့ယွင်းသွားပြီး အများကဲ့ရဲ့စရာတွေဖြစ်လာလို့ ကိုယ့်ဟာကိုယ်ပဲ ဆေးရုံဆရာဝန် နှုတ်ထွက်ခဲ့တာပဲ နွေး"

"အစ်ကို့လိုလူမှာ စောင့်စည်းအပ်တဲ့သိက္ခာသမာဓိတွေ ချို့ င်းတယ်ဆိုတာ ယုံကြည်ဖို့ မလွယ်ပါဘူး၊ နွေး စိတ်ထဲ မယုံကြည် း အစ်ကို၊ ဘယ်လိုတွေဖြစ်ကုန်လို့လဲ အစ်ကို"

ကျော်ဇေယျ ဦးခေါင်းရမ်းပြသည်။

"လူတိုင်းတော့ မဟုတ်ဘူးပေါ့လေ၊ တချို့လူတွေမှာ အတ ကြီးတစ်ခုခု ရှိနေတတ်တယ်၊ အဲ…နွေးမှာလည်း အတိတ်ဆိုး တစ်ခုရှိနေတယ်လို့ တို့ ရိပ်စားမိတယ်၊ ဒါပေမယ့်…နွေး စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်မှာ စိတ်ဆင်းရဲမှာစိုးလို့…တို့ နွေးကို မမေးခဲ့
အန်တီစမ်းနဲ့ ကူးကူးကိုလည်း နွေးရဲ့အတိတ်အကြောင်း ဘာမှမ
နဲ့လို့ တားမြစ်ထားပေးတယ်”

“ဆောရီး အစ်ကို၊ နွေး သဘောပေါက်ပါပြီ၊ အစ်ကို
အတိတ်ဆိုးကို နွေး မေးမိတဲ့အတွက် နွေး တောင်းပန်ပါတ
အစ်ကို လူနာတွေဆီက လျှော့လျှော့ပေါ့ပေါ့ ယူတဲ့အကြောင်းကို
ဆက်ပြောပါတော့ အစ်ကို”

“လူနာတစ်ယောက်မှာ ရောဂါကြီးကြီးဖြစ်ဖြစ် ရောဂါ
သေးပဲဖြစ်ဖြစ် တို့ စမ်းသပ်ခ သုံးကျပ်ပဲယူတယ်၊ ဒီနေ့ လူနာခြေ
ဆယ့်ငါးယောက်ဆိုတော့ စမ်းသပ်ခ တစ်ရာကိုးဆယ့်ငါးကျပ် ရတ
ထားပါတော့လေ…စမ်းသပ်ခ ဒီနေ့ နှစ်ရာရတယ်လို့ပဲ၊ ခါတိုင်း
တွေမှာ လူနာ ပျမ်းမျှခြင်း ငါးဆယ်လောက်ဆိုပါတော့၊ နေ့စဉ်
လူနာစမ်းသပ်ခ တစ်ရာ့ငါးဆယ်ရတယ်၊ တစ်လဆိုရင် လေးထေ
ငါးရာရတယ်ဆိုပါတော့၊ ဒီတော့ ဆေးဖိုးတွေမပါ စမ်းသပ်ခ
လေးထောင့်ငါးရာရတယ်ဆိုတော့ ဒီအိမ်ရဲ့ လစဉ်သုံးစရိတ်မှာ
သင့်သလောက် ကာမိသားပဲ နွေး”

“အစ်ကို့မှာ မန္တလေးတက္ကသိုလ်မှာတက်နေတဲ့ ညီ ရှိ
တယ်ဆို၊ နောက်ပြီး ကူးကူးအတွက်ကလည်း ကျောင်းစရိတ်ရှိ
တယ်”





“ဟုတ်တယ်…မန္တလေးတက္ကသိုလ်မှာ တက်နေတဲ့ တို့ရဲ့
ညီတစ်ယောက်ရှိတယ်၊ သူ့နာမည်အရှည်ကတော့ မော်ဇေယျတဲ့၊
ကျောင်းမှာရော ပြင်ပမှာရော သူ့ကို မော်ဇေယျလို့ပဲ သိကြတယ်၊
ခေါ်ကြတယ်၊ အိမ်မှာကျတော့ သူက ညီဖြစ်နေလို့ ညီညီလို့ပဲ ခေါ်
တယ်၊ အန်တီစမ်းကတော့ မော်မော်လို့ခေါ်တဲ့အခါ ခေါ်တယ်၊ ညီညီ
လို့လဲ ခေါ်တဲ့အခါခေါ်တယ်၊ ကူးကူးကတော့ သူ့ကို ဒုတိယအစ်ကို
သိမ့် ကိုငယ်လို့ခေါ်တယ်၊ ဒီလောက်ကြီး ပြောပြနေတာဟာ နွေး
တို့က မိသားစုတစ်ယောက်လို့ သတ်မှတ်ပြီး ဒီအိမ်က အခေါ်
ခေါ်လေးနဲ့ အထာလေးတွေ သိရှိယဉ်ပါးအောင် ပြောပြတာပါ
…ညီညီရဲ့ ကျောင်းစရိတ်တွေအားလုံးအတွက်တော့ တို့ ဆေးကု
ရတဲ့ ငွေနဲ့ ဘယ်လောက်မလဲ၊ အိတ်ထဲက စိုက်ရတာပေါ့၊ ဒါပေ
ည့် တို့မှာ ဖေဖေနဲ့ မေမေ ထားခဲ့တဲ့အမွေတွေက များသားပဲ၊
ဒီထဲက ညီညီနဲ့ ကူးကူးအတွက် ထုတ်သုံးတာပေါ့”

“အင်း…ရှားတယ်၊ အစ်ကို့လိုလူကတော့ တကယ့်ကို ရှား
ယ်၊ နွေးမှာလဲ အစ်ကို့လို စေတနာမျိုးရှိတယ် အစ်ကို၊ အဲဒီတော့
အစ်ကို့အိမ်မှာ နေတုန်းနေခိုက် အစ်ကို့ရဲ့ ဆေးခန်းမှာ နွေး ကူညီ
ပ်ကိုင်ပေးမယ်၊ နွေး သူနာပြုလုပ်ပေးမယ် အစ်ကို”

“ဘာ”



www.burmeseclassic.com

www.burmeseclassic.com



နွေး၏ စကားအဆုံးတွင် ကျော်ဖေယျက 'ဘာ' ဟု အော ဟစ်သံကြီးမှာ ဟိန်းထွက်သွားပါ၏။

နွေး ထိတ်လန့်သွားသည်။ ဒေါက်တာကျော်ဖေယျအား မျက် ငယ်ငယ်လေးနှင့် မော့ကြည့်ရင်း မိမိစကား ဘာများအမှားပါသွ သလဲဟူသောအကြည့်ဖြင့် ငေးကြည့်နေမိသည်။

"သူနာပြု ဟုတ်လား၊ သူနာပြုဆိုတာ အဆိုးဆုံးမိန်းမ…မေ ကုဝဏ်လိုမိန်းမ၊ လူယောက်ျားတွေကို အလှတွေဖန်ဆင်းပြီး စားပ လိုက်၊ လင်ကောင်ဖမ်းလိုက် လုပ်နေတဲ့ ဘီလူးမ၊ ချိုမီဟာ သူနာ လေး မယ်ကုဝဏ်လေး၊ ဘီလူးမလေး"

ထိုင်ရာမှထပြီး ပြင်းထန်သောခြေသံဖြင့် ဒေါက်တာကျော်ဖေ ထွက်သွားတော့သည်။

နွေးအဖို့ ခုတ်ရာတခြား ရှရာတလွဲဖြစ်သွားပါ၏။ အကြော အားလျော်စွာ ဤအိမ်ကြီးတွင် အလကားနေရင်း ဒေါက်တာကျေ ဖေယျအား ကူညီချင်သောစေတနာဖြင့်လည်းကောင်း၊ မိမိကိုယ်တို က လူနာများအပေါ် စေတနာသက်ရောက်မှုကြောင့်လည်းကောင် သူနာပြုလုပ်ပေးမယ်ဟု ပြောလိုက်မိခြင်းသာ ဖြစ်ပါ၏။

အော်…အဲစ်ကို ဒေါက်တာကျော်ဖေယျသည် ဘာကြော သူနာပြုဆရာမကို မယ်ကုဝဏ်ဖြင့် ပုံခိုင်းချင်ပေသနည်း။

ချိုမီ ဆိုသော သူနာပြုဆရာမတစ်ယောက်သည် အစ်





ဒေါက်တာကျော်ဖေယျအား အဘယ်မျှလောက်ထိ နာကြည်းစိတ် ပြင်းထန်အောင် နှိပ်စက်ခဲ့ဘိလေသနည်း။

♎ ♎ ♎

ယနေ့ မော်ဖေယျထံမှ စာလာသည်။

တနင်္ဂနွေနေ့ဖြစ်စေကာမူ စာပို့လုလင်က ဒေါက်တာကျော်ဖေယျ အား ကြည်ညိုလေးစားသူမို့ ၄င်းအိမ်လိပ်စာနှင့် စာ (၂) စောင်ကို လာပို့ပေးသည်။

စာပို့လုလင် စာလာပို့ချိန်တွင် ဧည့်ခန်းထဲ၌ ကျော်ဖေယျ၊ ကူးကူးနှင့် နွေးနွေးတို့ ထိုင်နေကြစဉ် ဖြစ်ပါ၏။

တစ်စောင်ကတော့ အိတ်တွင်းပါစာများ များသဖြင့် ထူထူ ထဲထဲရှိသည်။ မော်ဖေယျထံမှ ပို့သောစာဖြစ်သည်။

ကျန်တစ်စောင်ကတော့ အိတ်တွင်းပါစာရွက် အလွန်နည်းပါး သောကြောင့် ပါးပါးလျားလျားလေး ရှိနေသည်။ ဘယ်ကပို့သောစာ မှန်း မသိနိုင်။

"ရော့…ကိုကြီး ဖတ်လေ"

"ငါ့စာကြည့်မျက်မှန် ငါ့အိပ်ခန်းထဲမှာ…ကူးရှားငဲ့ညီမသိစာ ကို ဖောက်ပြီးဖတ်ပြပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကျော်ဇေယျသည် ဆေးကျောင်းသားဘဝထဲက စာကြည့်လွန်း ကျက်လွန်းသဖြင့် အနီးစာကြည့်မျက်မှန်တပ်ရသည်။

ကိုကြီး

*ညီညီ အစီအစဉ်ပြောင်းလိုက်လို့ ဒီစာ ကိုကြီးဆီ ထပ်ရေးဖို့ လိုက်တာ၊ ပထမတော့ ဒီဇင်ဘာကျောင်းပိတ်ရက်မှာ မော်လမြိုင် သွားဖို့ အစီအစဉ်ဆွဲထားပြီးသားဆိုတာ ကိုကြီးဆီ အကြောင်းကြား ထားသားပဲ…*

*အခု ညီညီ မော်လမြိုင် မသွားဖြစ်တော့ဘူး၊ မြိုင်သာမြို့သစ် ကိုကြီးတို့ဆီပဲ ပြန်လာတယ်၊ ကိုကြီး၊ အန်တီစမ်း၊ မိကူး၊ ဦးလေးပွား မိသားစုနဲ့ ပြန်နေချင်တဲ့စိတ်ပေါက်လာလို့ပဲ…*

*နောက်ပြီး မိကူးစာထဲမှာ မြိုင်သာမြို့သစ်က ကိုကြီးရဲ့ ခြံနဲ့ တိုက်အိမ်မှာ ပန်းတွေစိုက်ထားတာ၊ အရမ်းလှ အရမ်းကြည်နူးစရာ ကောင်းတယ်လို့ပါတယ်၊ နှင်းဆီ၊ ကျိုင်းတုံ၊ မေမြို့ပန်းပင်တွေကလည်း ပွင့်တာတွေပွင့် ဖူးတာတွေဖူး၊ ငုံတာတွေနဲ့ တအားဝေဆာနေတယ် ဆိုပါလား…*

*ညီညီက…ကိုကြီး ပြင်ဦးလွင်ကနေပြီး မြိုင်သာမြို့သစ်ကို ပြောင်းသွားကတည်းက ကျောင်းပိတ်တိုင်း ကိုကြီးတို့ မြို့သစ်ကို မလာဘဲ ဒေသပေါင်းစုံ လျှောက်လည်နေတာမို့ ကိုကြီးရဲ့ မြို့သစ်အိမ်*





*တစ်ခါမှ မရောက်ခဲ့သေးဘူးလေ၊ အခု…ကိုကြီးလည်း စိတ် သာယာယာဖြစ်နေပြီဆိုတော့ မိသားစုဆီ ပျော်ပျော်ပါးပါးကြီး ချင်စိတ်ဖြစ်လာလို့ မော်လမြိုင်ကိုမသွားတော့ဘဲ ကိုကြီးတို့ဆီ ပြန် မလို့…*

*ဪ…ကိုကြီး*

*ကိုကြီးက သိပ်လှတဲ့ သက်မဲ့ပန်းလေးတွေကို ပြုစုထားရုံမက သိပ်လှတဲ့ သက်ရှိပန်းလေးတစ်ပွင့်ကိုလည်း ပြုစုထားတယ်ဆို…*

*အဲဒီပန်းလေးက နာမည်နဲ့လိုက်အောင် ထွေးထွေးနွေးနွေး ရှိပြီး မ်းလှတယ်ဆို…ပန်းလေးရဲ့နာမည်က နွေးနွေးဆို…"*

ဤစာပိုဒ်ကို ကူးကူး အော်ဖတ်သည်ကို ကြားသည်နှင့် ကျော် မျက်မှောင်ကြုတ်သွားသည်။

ပြီး…မိမိရှေ့တည့်တည့်တွင် မျက်နှာချင်းဆိုင် ထိုင်နေသော နွေးကိုလည်း လှမ်းကြည့်မိသည်။

နွေးနွေးသည် မိကူး ကျောက်မဲသို့ သွားပြီး ချုပ်လာသော ယ်တိုင်းအမှန်နှင့် အင်္ကျီကိုဝတ်ထားရာ နွေးနွေး၏ ကိုယ်လုံးအလှ ည် ပိုမိုပေါ်လွင်နေသည်ကို တွေ့ရသည်။

ပြီး ကူးကူးကို လှမ်းမေးလိုက်သည်။

"မိကူး…နင် ကိုယ်ဆီ စာရေးတဲ့အထဲမှာ နွေးအကြောင်း ထည့်ရေးသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုကြီး၊ မမနွေး ကူးကူးတို့အိမ်ရောက်လာ
တွေရော ကိုကြီးက အသက်ကို မရမက ရအောင်ကုသယူရတာရော
မမနွေး အရမ်းလှတဲ့အကြောင်းတွေရော ကူးကူး ရေးလိုက်တာ"

"အင်း…ဒီကောင်…ညီညီ မလွယ်ဘူး၊ ကဲ…ဆက်ဖတ်
ကူးကူး"

*ကိုကြီးရေ…သတိထားနော်…ကိုကြီးပဲ ခဏခဏပြောဖူး
တယ်၊ အဝါတစ်ရစ်၊ အနက်တစ်ရစ်နဲ့ ငန်းတော်ကျားမြွေဟာ မကိုက်
ရင်သာနေမယ်၊ ကိုက်ပြီဆိုရင် သိပ်အဆိပ်ပြင်းတယ်၊*

*အစိမ်းရောင် တောက်ပပြီးလှပတဲ့ ပိတုန်းကောင်ဟာလည်း
မတုတ်ရင်သာ နေရမယ်၊ တုတ်ပြီဟောဆိုရင် အဆိပ်သိပ်ပြင်းတာပဲ*

*လက်ဘဒီပကျွန်းဟာ ဘီလူးမ မယ်ကုဝဏ်ဟာ လှရောင်
ဆင်းတဲ့အခါ သိပ်ချောသိပ်လှတဲ့ မိန်းမလှအသွင်ရှိတယ်ဆို၊ ကိုကြီး
သတိထားနော်၊ ကိုကြီးက တကယ်ရိုးရိုးအအကြီး၊ တော်ကြာ နှ
ရွာ၊ နှစ်ခါရှိကိန်းဆိုက်သွားမယ်။*

ဒေါက်တာကျော်ဇေယျသည် နားထောင်နေရာမှ ကူးကူးအ
ချက်ချင်းလက်ဝါးကာပြပြီး ဆက်အော်မဖတ်ရန် တားမြစ်လိုက်
သည်။

"ဟဲ့…မိကူး…တော်တော့၊ ဆက်ပြီး အော်ဖတ်မနေနဲ့တော့





ဒီကောင် ညီညီက ဗလွတ်ရွတ်တတ် ရေးချင်ရာ လျှောက်ရေးတဲ့
အကောင်"

မော်ဇေယျ ညီညီ၏စာမှာ နွေးနွေးနှင့် သူ့အစ်ကိုကြီး လူရိုး
ကြီးကို ငြိတိတိ ရေးထားသည့်သဘော သက်ဝင်နေသည်မို့ လှမ်း၍
ဟန့်တားလိုက်ခြင်းဖြစ်ပေသည်။

ပြီး နွေးနွေးကိုလည်း အားနာသောအကြည့်ဖြင့် လှမ်းကြည့်မိ
သည်။ နွေးနွေး ခေါင်းငုံ့နေပါ၏။

"ဒီကောင်စာထဲမှာ အရေးကြီးတာပါရင် ကိုကြီးကိုပြော"

ကူးကူးသည် အသံမထွက်သော်လည်း နှုတ်ခမ်းလေး ပွစိပွစိ
ဖြင့် ဆက်ဖတ်သည်။

"ဟော…ဒီမှာ ကိုကြီး…ကိုယ်က ရေးထားတယ်၊ သူ့ကို
သာမကြိုနဲ့တဲ့၊ သူ့ဖာသာလာခဲ့မယ်တဲ့၊ သူ ဘယ်နေ့ဘယ်ရက်လာမယ်
ဆိုတာ မကန့်သတ်သေးလို့တဲ့"

"ဒီကောင် ညီညီ…ဒီမြို့သာမြို့သစ်ကို တစ်ခါမှ မရောက်
ဘူးသေးတော့ လာမှလာတတ်ပါ့မလားပဲ"

"အမလေး…ကိုကြီးက ပူတတ်လိုက်တာ၊ ကိုယ်က ခြေ
ထောက်ဗွေပေါက်ပြီး ကျောင်းပိတ်တိုင်း သွားချင်ရာသွားနေတဲ့သူပဲ
ဟာ…ဒီမြို့သာမြို့သစ်လောက်တော့ ကိုယ်က မျက်စိမှိတ်ပြီး
တောင်လာမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလဲပြီးရောပေါ့လေ"

ကူးကူးက စာအိတ်ထဲမှ နောက်ထပ်စာခေါက်ကို ထုတ်ယူပြန်သည်။

"ဒါက ကူးကူးသီကို ကိုယ်ရေးတဲ့စာ…အော်ပြီးဖတ်ပြရမလား ကိုကြီး"

"မဖတ်နဲ့တော့၊ ညီမဆီကိုရေးတဲ့စာဆိုရင် ဒီကောင်က သာပြီး ဗလွတ်ရွတ်တတွေ ရေးမှာသေချာတယ်၊ နင့်ဖာသာနင် အခန်းထဲမှာ သွားဖတ်"

"ဒါဆို ဟောဒီလက်နှိပ်စက်နဲ့ ရိုက်ထားတဲ့စာကော"

"အေး…အဲဒီစာဖွင့်ဖောက်ဖတ်စမ်း၊ တို့ ဒီမြို့သာမြို့သစ်ကို ပြောင်းလာတာ ဘယ်သူ့ကိုမှ မပြောခဲ့လို့ ဒီမှာနေမှန်းသိတဲ့လူ နည်းပါတယ်၊ နောက်ပြီး လက်နှိပ်စက်နဲ့ ရိုက်ပြီး စာပေးတဲ့လူမျိုး ငါ့မှာ မရှိပါဘူး"

ကူးကူးက ဒုတိယစာအိတ်ကိုဖောက်ပြီး အထဲမှ စာခေါက်ကို ဆွဲယူဖြန့်လိုက်သည်။

စာရွက်က ဖူးစကက်ဆိုက်ဖြစ်ပြီး စာမှာ တိုတိုနည်းနည်းလေးဖြစ်ပါ၏။ ကူးကူး အော်ဖတ်ပြသည်။





ဒေါက်တာကျော်ဇေယျ

သင့်အိမ်တွင် ခြေနှစ်ချောင်း ဝင်နေသည်။ သင့်အတွက် ဖျက်စီးကိန်းမြင်သည်။ သင် ဒုက္ခမရောက်လိုလျှင် ဝင်လာသော ခြေနှစ်ချောင်းကို မောင်းထုတ်ပစ်လိုက်ပါ။

စေတနာရှင်

"အိုး…ဘာစာကြီးမှန်းလည်းမသိဘူး၊ ဗေဒင်ဟောဆရာလိုလို ရွှေပေလွှာလိုလိုနဲ့…"

ကူးကူးက စာကိုအော်ဖတ်ပြီး မဲ့ကာရွဲ့ကာ ပြောလိုက်သည်။

"ကူးကူး…အဲဒီစာ မမနွေးကိုပေးနော်၊ မမနွေး ဖတ်ကြည့်ချင်လို့"

ကူးကူးပေးသည်ကိုယူပြီး နွေးနွေး ဖတ်ကြည့်သည်။ ထိုစာနှင့် ပတ်သက်ပြီး နွေးနွေးနှင့် ကျော်ဇေယျ အပြန်အလှန် ကြည့်မိကြသည်။

"ရော့…အစ်ကို ဖတ်ကြည့်ဦးလေ"

"မလိုပါဘူး၊ ကူးကူး ဖတ်ပြပြီးပြီပဲ"

ကူးကူးက သူမ၏ အစ်ကိုငယ်ပေးသောစာကို ဖတ်ရန် သူမ အိပ်ခန်းသို့ ထွက်သွားပေသည်။

"အဲဒါ…အစ်ကို ဘယ်လိုသဘောရလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို ဘယ်လိုသဘောရရမှာလဲ နွေး"

"ဒီစာရဲ့သဘောက နွေးကို အစ်ကို ဆက်ပြီး အိမ်မှာလက်ခံထားရင် ဒုက္ခတွေ့မယ်၊ အန္တရာယ်တွေ့မယ်ဆိုတဲ့ သဘောပါနေတယ်လေ အစ်ကို"

"မှုစရာမလိုပါဘူး နွေး၊ တို့အနေနဲ့ ဒီစာအပေါ်မှာ အကြောက်အလန့်မဖြစ်ဘူး၊ နောက်ပြီး မကြာခင် ညီညီလည်း ရောက်လာမယ်ပြီးတော့ စခန်းမှူး ကိုနေအောင်လည်း ရှိနေတာပဲ၊ ဒီလို ခြိမ်းခြောက်တိုင်းသာ ကြောက်ရရင် လောကကြီးမှာ နေစရာတောင် ရှိတော့မှာမဟုတ်ဘူး၊ နွေး ဘာမှမကြောက်နဲ့...ဒီမှာပဲ ဆက်နေမြဲနေပါ"

"ဘာပဲဖြစ်ဖြစ် ဒီစာကိုကြည့်ရင်း နွေး မြိုင်သာမြို့သစ်ကအစ်ကို့အိမ်မှာရောက်နေမှန်း သူတို့ သိသွားတာတော့ သေချာပြီအစ်ကို"

"အဲဒီ 'သူတို့'ဆိုတာ ဘယ်သူတွေလဲ၊ နွေးကို အဲဒီ 'သူတို့' ဆိုတဲ့လူတွေကပဲ ဒုက္ခပေးနေတာမဟုတ်လား၊ ဆိုးကျိုးတွေ ဖန်တီးနေတာမဟုတ်လား"

နွေးနွေး မျက်ရည်ဝိုင်းပြီး ခေါင်းညိတ်ပြပေသည်။

"သူတို့ ဘယ်သူဆိုတာ မပြောပါရစေနဲ့ အစ်ကို"

"ရတယ်လေ...မပြောချင်လဲ ရပါတယ်၊ အဲ...တစ်ခုတော့ မေးချင်တယ်"





"မေးပါ အစ်ကို"

"နွေးမှာ တရားဥပဒေအရဖြစ်ဖြစ်၊ လူမှုရေးအရဖြစ်ဖြစ် ပိုင်ဆိုင်သူရှိသလား၊ ရှင်းရှင်းမေးရရင် နွေးမှာ မိဘရှိသလား၊ ဒါမှမဟုတ် ခင်ပွန်းရှိသလား၊ ဒါမှမဟုတ် တစ်နေ့ကျရင် လက်ထပ်မယ်ဆိုတဲ့ ကတိခံဝန်ချက်သက်သေနဲ့ ချစ်သူမျိုးရှိသလား"

"မရှိဘူး အစ်ကို၊ ဖေဖေ ဆုံးတာကြာပြီ၊ မေမေလည်း ဆုံးပြီးပါတော့၊ နွေးမှာ ချစ်သူတို့ ဘာတို့လည်း ဘာဆို ဘာမှမရှိပါဘူး အစ်ကို"

"ဒါဆိုပြီးရော...နွေး ဒီမှာပဲဆက်နေပါ၊ နွေး ဒီအိမ်မှာရှိနေသရွေ့ နွေးရဲ့ လုံခြုံရေးကို တို့ အစွမ်းကုန် အကာအကွယ်ပေးသွားမယ်၊ တို့ကြောက်တာက ‌ေ ‌ာ ချစ်သူတို့ ခင်ပွန်းတို့ရှိနေရင် တို့က ခေါ်ထားတဲ့အတွက် တို့ကို လူခားပြ အချစ်ခားပြလို့ အထင်ခံရမှာ စိုးတယ်"

"ရှင်...လူခားပြ အချစ်ခားပြ...ဟုတ်လား"

ကျော်ဇေယျ စကား အစွန်းထွက်သွားသည်။ နွေးကို သူက ပိုင်ဆိုင်ရယူလိုသည့်သဘောမျိုး သက်ဝင်သွားသည်။

"တို့ပြောချင်တဲ့အဓိပ္ပာယ်ကတစ်မျိုးပါ၊ ဥပဒေအရဖြစ်ဖြစ် လူမှုရေးအရဖြစ်ဖြစ် တစ်ဦးတစ်ယောက်ရဲ့ ပိုင်ဆိုင်မှု လောင်းရိပ်



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ နွေးရောက်နေတာဆိုရင် နွေးကို တို့ လက်ခံထားတာပ

အပြောမလွှတ် အဆိုမလွှတ် ဖြစ်နေမှာကို ဆိုလိုတာပါ''

ကျော်ဖေယျ ထိုင်ရာမှထသည်။ စားပွဲပေါ်မှ လက်နှိပ်စ

ရိုက်စာကိုလည်း ကောက်ယူလိုက်သည်။

''နွေး…ဒီမှာပဲ ဆက်နေပါ''

ပြောပြီး ကျော်ဖေယျသည် သူ့အိပ်ခန်းရှိရာသို့ ထွက်သွာ

သည်။

ကျော်ဖေယျ၏ နောက်ပိုင်းကျောပြင်ကျယ်ကြီးကို နွေး ေ

ကြည့်နေမိသည်။

အစ်ကိုလို ခင်မင်ရသော ဒေါက်တာကျော်ဖေယျသည် အတိ

က ချိုမိ ဆိုသည့် အမျိုးသမီးနှင့် ပတ်သက်သော ဆိုးဝါးသည့်ဖြစ်

တစ်ခု ရှိခဲ့လေမှန်းတော့ နွေး ရိပ်မိသည်။

သို့သော် ချိုမိနှင့် ဖြစ်ခဲ့သော အတိတ်ဆိုးသည် ဘယ်လိုဘယ်

အတိတ်ဆိုးပေလဲဆိုသည်ကိုတော့ နွေး ကယနေ့ထ မသိသေးေ

နွေးလည်း ထိုင်ရာမှထကာ အိပ်ခန်းသို့ ဝင်လာခဲ့သည်။

''ဟော…လာ…မမနွေး၊ ဒီမှာ ကိုငယ့်ဆီကလာတဲ့စာ

မမနွေး ဖတ်ကြည့်ပါဦး''

''မဖတ်တော့ဘူး ကူးကူး၊ မမနွေး သိလည်းမသိ၊ မြင်လည်

မြင်ဘူးတဲ့သူမှလည်း မဟုတ်တာ''





''ဘယ်ဟုတ်မလဲ မမနွေး။ ကိုငယ့်ကို မမနွေးကသာ မသိ

တာ၊ ကိုငယ်ကတော့ မမနွေးအကြောင်းတွေ အားလုံးသိနေတယ်၊

ကူးကူးက မမနွေးအကြောင်းတွေ ကိုငယ့်ဆီကို ရေးထားလို့လေ…

ရော့ပါ…ကိုငယ့်စာကို ဖတ်ကြည့်စမ်းပါ မမနွေး''

တွန်းတွန်းထိုးထိုး ဖွတ်ဖတ်ခိုင်းနေသည်မို့ ကူးကူး ကျေနပ်

စေရန် ဖွင့်ဖတ်လိုက်သည်။

**မိကူး**

*ပထမတော့ ထုံးစံအတိုင်း ဒီဇင်ဘာကျောင်းပိတ်ရက်မှာ ကိုငယ်*

*မော်လမြိုင်ဘက်ကို လိမ့်မလို့၊ ဒါပေမယ့် မိကူးဆီက စာတွေရပြီး*

*မြို့သစ်ကိုပဲ ပြန်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်၊ အဲဒါ ဘာလို့*

*လဲ သိလား…*

*ကိုကြီးနဲ့ မိကူးကိုလွမ်းလို့ ပြန်လာမှာလို့တော့ မထင်လိုက်နဲ့*

*နားသွားမယ်…မိကူးရဲ့စာထဲမှာ မြို့သစ်က မိကူးတို့အိမ်မှာ ပပဝတီ၊*

*ဥမ္မာဒန္တီလောက် ချောလှပြီး အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဗုလလောက်*

*လိမ္မာရေးခြားရှိတဲ့ အလိမ္မာလေး နွေးနွေး ရောက်နေတယ်ဆိုလို့…*

*မိကူးရဲ့ မမနွေး…မိကူးတို့ဆီ ရောက်လာပုံကလည်း သည်း*

*ထိတ်ရင်ဖိုခန်းဆန်းလေးနဲ့ စိတ်ဝင်စားဖို့ကောင်းနေတယ်မဟုတ်လား…*

*အလကားစတာနော် မိကူး…*

*တော်ကြာ ကိုငယ်ကတော့ မိန်းမချော မိန်းမလှဆိုရင် အသဲ*



www.burmeseclassic.com

www.burmeseclassic.com



ကြားတာနဲ့ မေးလိုက်တာလွန်ရော့လို့ ပြောခံထိနေဦးမယ်…

တကယ်တော့ ကိုယ်လေ…အန်တီစမ်း၊ ကိုကြီး၊ မိကူး

ဦးလေးပွားကြီးတို့နဲ့အတူ မိသားစု အတူပြန်နေချင်တဲ့စိတ်တွေ ပေ

လာတယ်၊ မိသားစုနဲ့ အကြာကြီးခွဲနေလာတော့ မိသားစုတွေနဲ့ ပျေ

ပျော်ပါးပါးနေချင်တဲ့စိတ် ဖြစ်လာတာအမှန်ပဲ မိကူး…

ကိုကြီး မြို့သာမြို့သစ်ကို ပြောင်းသွားတာ ကိုယ် သဘော

မကျခဲ့ဘူးလေ၊ မြို့သာမြို့သစ်ဆိုတာ မြန်မာပြည်မြေပုံထဲမှာတော

မပါသေးတဲ့ ကြောခင်ကမှ ဖြစ်လာတဲ့ မြို့ငယ်လေးမဟုတ်လား

ကိုယ်က ရန်ကုန်၊ မန္တလေးလို မြို့ကြီးပြကြီးမှသာ ပျော်

တဲ့လူကိုး၊ ကိုကြီး ပြင်ဦးလွင်မှာနေတုန်းကတော့ ကိုယ် အိမ်ပြ

န်သွားပဲ၊ အဲ…ချောင်ကြိုချောင်ကြားက မြို့သာမြို့သစ်ကိုတော

လာချင်စိတ်ကို မရှိလို့ မလာပဲနေခဲ့တာပဲ။

ဒါပေမယ့်…အခု ဒီနှစ်မှာတော့ ကိုယ်ဟာ အကြောင်းမ

ချက်ပေါ်မှာ မူတည်ပြီး မိသားစုနဲ့ ပြန်နေဖို့ဆုံးဖြတ်တယ်။

ပထမအကြောင်းကတော့ ကိုကြီး စိတ်ဝေဒနာခံစားနေရတာ

ဆိုတဲ့အချက်ပဲ၊ ဟုတ်တယ်…ကိုကြီးရဲ့ စိတ်ဝေဒနာကို နိုင်နိုင်နင်းန

ကိုင်တွယ်ကုသပေးဖို့ တာဝန်အရှိဆုံးဟာ ကိုယ်ပဲ၊ ဒီမိသားစု

ကိုကြီးပြီးရင် ကိုယ့်က ဒုတိယအိမ်ထောင်ဦးစီးတာဝန်ရှိနေတာ

မဟုတ်လား…





ဒုတိယအကြောင်းကတော့ ဒီနှစ်မြေတဲ့ စာမေးပွဲက ကိုယ်

တွက် ဖိုင်နယ်စာမေးပွဲမဟုတ်လား…ကျောင်းကိစ္စပြီးပြီလေ…

ယ် အောင်မှာသေချာတယ်၊ ဒီနှစ်တော့ ကျောင်းနေရတာ ပျင်းလာ

ကိုယ် တကယ်စာကြိုးစား စာကျက်တာမို့ အောင်မှာသေချာ

ယ် မိကူး၊ အောင်ရုံမကဘဲ…ဂုဏ်ထူးနဲ့ဖြစ်ပြီး မဟာတွဲဆက်

ဖို့တော့ ကိုယ် စိတ်မကူးတော့ဘူး။

အဓိကကတော့ စိတ်ဝေဒနာသည် ကိုကြီးကို ဆက်ပြီးလွှတ်

ထားဘဲ ကိုယ်ဖိရင်ဖိ ပြုစုချင်လို့ပဲ။

အဲဒါတွေတွေးပြီး မိသားစုနဲ့ ပြန်နေချင်လာတာပဲ၊ ကိုယ်

ဘာလကျောင်းပိတ်ရက်ကစပြီး မြို့သစ်အိမ်မှာ နေသားကျနေ

သွားအောင် ပြန်လာမှာ…

ကိုယ်…အခုပဲ မိသားစုအားလုံးအတွက် ပေးဖို့လက်ဆောင်

ပစ္စည်းတွေ ဝယ်ထားတယ်။

ကဲ…ဒါပဲ…မိကူး၊ ကိုယ် ဒီဇင်ဘာလထဲမှာ ဆက်ဆက်

လာမယ်…ဒါပဲနော်…

ကိုယ်

မော်ဓေပျော၏ စာကိုဖတ်ပြီးနောက် နွေးနွေးသည် သူ့ခေါင်းကိုရမ်း

ခါ၍ ပြန်ခေါက်ပြီး ကူးကူးကို ပြန်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်စာဖတ်ရတာ မမနွေး ဘယ်လိုနေလဲဟင်"

"ဘာကို ဘယ်လိုနေလဲလို့ ကူးကူး မေးတာလဲ"

"အယ်…မမနွေးကလဲ ကိုယ်က ရွှတ်ရွှတ်နောက်နေ
လေးတွေရေးတယ်၊ ပြီးတော့ ကိုယ်ရဲ့စာဟာ သွက်သွက်လေ
ဖတ်ရတဲ့သူ မြူးမသွားဘူးလားလို့မေးတာ"

"အင်း…ကြည့်ရတာတော့ ပျော်တတ်ပုံပဲ"

"အားကြီးကို ပျော်တတ်တယ် မမနွေးရေ…၊ ကူးကူးကို
အလကားနေရင်း စနေတာပဲ၊ ကူကူး စိတ်ဆိုးလေ…သူ ပျော်
ပဲ၊ ကိုကြီးနဲ့တော့ တခြားစီမှ တကယ့်တခြားစီ…ကိုကြီးက လူ
ဆန်သလောက် ကိုယ်က လူငယ်ဆန်တယ်"

"အော်…လူငယ်ဆန်တယ်ဆိုလို့ တစ်ခါက ကူးကူးပြော
စကားထဲမှာ ကိုညီညီဟာ မမနွေးနဲ့ အသက်တူလောက်ရှိပြီ
အသက်အစိတ်လောက်ရှိပြီဆို"

"ဟုတ်တယ်လေ မမနွေး"

"အော်…အသက်အစိတ်လောက်အထိ ဝိဇ္ဇာသိပ္ပံတက္ကသို
မှာ ဖိုင်နယ်တက်နေတုန်းဆိုတော့…"

"အဲဒီအကြောင်းတော့ မပြောနဲ့တော့ မမနွေးရေ…ကိုယ
ကိုးတန်း ဆယ်တန်းမှာထဲက နှစ်ချင်းပေါက်အောင်တယ်မ
ဒုတိယအကြိမ် ဖြေရတာချည်းပဲ၊ ကံကောင်းလို့ အပြင်မဖြေ





တက္ကသိုလ်မှာလည်း ဘယ်နှစ်တွေတုန်းကလည်းမသိဘူး…ကျလို့
ခါဖြေမှအောင်တာမျိုးတွေရှိတာပဲ၊ ဒါကြောင့် အခု အသက်အစိတ်
ိုင်နယ်ဖြေရတာ၊ ကိုယ်ကတော့ စာမေးပွဲကျလည်း ပျော်ပျော်ပဲ"

"အစ်ကို့ကိုကျော်ဖေယျ ကျတော့ ပညာမှာတော်တယ်နော်
ူး"

"ဟာ…အရမ်းတော်တယ်၊ ကိုကြီးရဲ့ အဘိဓာန်မှာ စာမေးပွဲ
တယ်ဆိုတာ မရှိခဲ့ဘူး အသက် ဆယ့်ခြောက်နှစ် ဆယ်တန်းအောင်
နဲ့ အောင်တယ်၊ ဖိုးဒီရပြီးအောင်တယ်၊ ဆေးတက္ကသိုလ်အမှတ်
ယ်၊ ဆေးတက္ကသိုလ်တက်တယ်၊ အသက် နှစ်ဆယ့်သုံးလေးနှစ်
အမ်ဘီဘီအက်(စ်) ဆရာဝန်ဘွဲ့ရတယ်၊ ဟောက်(စ်)ဆာဂျင်နဲ့
နှစ်လုပ်ပြီး ပြည်သူ့ဆေးရုံဆရာဝန်လျှောက်တယ်၊ ပြင်ဦးလွင်မှာ
ည်သူ့ဆေးရုံမှာ တာဝန်ကျတယ်၊ အဲဒီမှာ သုံးနှစ်လုပ်ပြီးမှ အခု
သာမြို့သစ်ကို ရောက်လာတာပဲ မမနွေး"

"အစ်ကိုက သိပ်ကိုတော်တာပဲနော်…ဒါထက် ကိုမော်ဖေယျ
ဲမှာ အစ်ကို့ကို စိတ်ဝေဒနာရှိတယ်လို့ ရေးထားတယ်၊ ဘယ်လို
ဝေဒနာမျိုးလဲ ကူးကူး"

"အဲဒါလား"

ကူးကူးက အဲဒါလားဟုပြောပြီး စကားရပ်ထားကာ ခေါင်း
ကုတ်စဉ်းစားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ...ကူးကူးတို့ မိသားစုထဲမှာ မိသားစုတစ်ယော
လို ရှိနေပြီပဲ၊ ကိုကြီးရဲ့ စိတ်ဝေဒနာနဲ့ ပတ်သက်တာကို ပြော
မယ်၊ တစ်အိမ်တည်း အတူတူနေတဲ့ မမနွေးကို ပြောလဲပြောထား
ပါတယ်"

ကူးကူးက အသံကိုတိုးကာ လေသံသာသာလေးနှင့် ပြေ
သည်။

"ဒီလို မမနွေးရဲ့၊ ကိုကြီး ပြင်ဦးလွင်ဆေးရုံမှာ လုပ်
သုံးနှစ်ကြာတော့ ကိုကြီးမှာ အရမ်းစိတ်ထိခိုက်စရာတစ်ခု ဖြစ်
တယ်။ သိပ်အသေးစိတ်တွေ ကူးကူး မပြောချင်ဘူး၊ တိုတိုပြော
သိပ်ချောသိပ်လှတဲ့ မိန်းမလေးတစ်ယောက်နဲ့ သွားငြိပြီး ကိုကြီး
အရမ်းစိတ်ထိခိုက်စရာတွေဖြစ်သွားတယ်ပဲ ဆိုပါတော့၊ အဲဒီက
က ကိုကြီး စိတ်ဝေဒနာရတော့တာပဲ၊ ကိုကြီး စိတ်ဝေဒနာ
လာပြီဆိုရင် အရက်တွေသောက်ပြီး ဘာမှအသိစိတ်မရှိတော့ဘူး၊
တရားလည်း မရှိတော့ဘူး...

အဲ...အရက်မူးပြေသွားတော့လည်း သူ မူးတုန်းက ဘာ
လုပ်တယ်ဆိုတာ လုံးဝမမှတ်မိဘူး၊ ကိုကြီး အရက်မူးပြီဆိုရင်
ကိုတောင် ညီမလေးမှန်း မသိတော့ဘဲ ရိုက်မယ် သတ်မယ် တ
ပဲ၊ အဲဒါတွေကို ထိန်းချုပ်နိုင်တာ အန်တီစမ်းပဲရှိတယ်၊ အန်တီ
ရုပ်နဲ့အသံကိုတော့ ကိုကြီးမှာ အရက်တွေမူးပြီး သိစိတ်ပျောက်





သမယ် မှတ်မိတယ်၊ အဲဒီအချိန်မှာ အန်တီစမ်းရဲ့ အထိန်းအကွပ်
အကဲကို ကိုကြီး နာခံတယ်၊ အဲဒါ...ကိုကြီးရဲ့ စိတ်ဝေဒနာပဲ၊ ဒါပေ
ယ့် အကြာကြီးနေမှ တစ်ခါတလေ ဖြစ်တာပါ"

"အဲဒါကို တကယ့်သမားတော်ကြီးတွေနဲ့ မကုသဘူးလား
ကူးကူး"

"ဟင့်အင်း...ကုသဖို့မလွယ်တဲ့အကြောင်းတွေက အများကြီး
မမနွေး၊ ကုသရင် သမားတော်ကြီးတွေရှိတဲ့ ရန်ကုန်ကို ခေါ်ရ
ယ်၊ အချိန်တွေ အများကြီးပေးရမယ်၊ ဒီအိမ်ထောင်ကြီးကို ကိုကြီးပဲ
ီးခေါင်းဆောင်လုပ်နေတာဆိုတော့ ကိုကြီး မရှိရင် မဖြစ်ဘူး၊ နောက်
အခု ဒီမြို့သစ်က သူ့လူနာတွေကိုလည်း ကိုကြီးက ပစ်မထား
ရက်ဘူး၊ နောက်တစ်ချက်က ကိုကြီးအနေနဲ့ စိတ်ဝေဒနာကုဖို့ ရှက်
တယ်၊ ဝေဒနာမဖောက်တဲ့အချိန်တွေမှာ ကိုကြီးက တကယ့်လူကောင်း
တစ်ယောက်ပဲ မမနွေး၊ ဝေဒနာဖောက်အုံးတော့...အရက်မူးမိရင်
ဘာမှမသိတော့တဲ့ လူကောင်းပကတိပဲ၊ အဲဒီလိုဖောက်တယ်ဆိုတာ
ဲ တစ်နှစ်နေလို့ တစ်ခါမဖောက်ပါဘူး၊ ကိုကြီး စိတ်ထဲမှာ တိုက်
ိုင်လာတာတွေဟာ ဝေဒနာကို သွားဆော်မှ စိတ်ဖောက်တာမျိုးပါ၊
ာက်ပြီဆိုလည်း အန်တီစမ်းရှိရင် ဘာမှမဖြစ်ဘူး၊ အန်တီစမ်းက
ကြီး အမူးပြေတဲ့အထိ ထိန်းသွားနိုင်တယ်၊ အဲဒီလိုအကြောင်းကြောင်း
တွေကြောင့် ကုသမှုပိုင်း မရောက်သေးတာပဲ မမနွေး"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုဟာ သိမ်သနားစရာကောင်းတယ်နော် ကူးကူး"

"ကိုကြီးဟာ တည်တယ်၊ ရိုးတယ်၊ သမာဓိကို ဦးစားပေးတယ်၊ နေရာတိုင်းမှာ သိက္ခာစောင့်တယ်၊ တော်ပြီး စိတ်မှတ်ကြီးတယ်လေ၊ တကယ်လို့သာ ကိုကြီးမှာ ကိုယ့်လို စိတ်မျိုးရှိရင် ဒီဝေဒနာမဖြစ်ဘူး၊ ဘာလို့လဲဆိုတော့ ကိုယ်က ပေါ့လားဝါးလား ပျော်ပျော်ပါးပါး နေတတ်တယ်၊ ဘာကိုမှ စွဲစွဲလမ်းလမ်းမထားဘူး၊ ခေါင်ကျကျပြားကျကျ ကိုယ်က ခံနိုင်ရည်ရှိတယ်၊ စိတ်ညစ်စရာဆိုလို့ သူ့ခေါင်းထဲ တစ်မိနစ်မထားဘူး၊ မောင်းထုတ်ပစ်ပြီး ပျော်သလိုနေလိုက်တာပဲ"

နွေးနွေးသည် ဖြည်းလေးစွာပင် သူမ၏ ဦးခေါင်းလေးကို ညိတ်ပြီး ကူကူး ပြောသမျှ အစ်ကိုကျော်ဇေယျကို နားလည်သဘောပေါက်လာတော့သည်။

ဌ ဌ ဌ





## အခန်း (၉)

ဒီဇင်ဘာလသို့ ရောက်ပေပြီ။

မြိုင်သာမြို့သစ်ရှိ ဒေါက်တာကျော်ဇေယျ၏ ခြံဝန်းထဲတွင် ဇန်းပေါင်းဝေဆာ ဖူးပွင့်နေကြပြီ။

ကျော်ဇေယျသည် မေတ္တာပေါင်းကူးလမ်းတွင် လမ်းမလျှောက်သည့်နေ့မှစပြီး ခြံထဲမှာပင် နေ့စဉ် လေ့ကျင့်ခန်းယူသည်။

ယနေ့လည်း လူနာပါးသွားချိန်တွင် ဒေါက်တာကျော်ဇေယျသည် ရေမချိုးမီ ခြံထဲဆင်းကာ ပေါက်တူးပေါက်ပြားကိုင်ကာ မြေလွတ်များတွင် စပျစ်နှင့် သစ်တော်သီးစိုက်ရန် မြေကြီးများကို ဆွနေပေါက်နေလေသည်။

၎င်းအလုပ်ကို ပုံမှန်လုပ်သည်ကတော့ ဦးလေးဘွားဖြစ်ပါ၏။

www.burmeseclassic.com



ယနေ့ ကျော်ဇေယျ လုပ်နေသည်ကို ဦးလေးပွားကလာပြီး ကူညီမည်ပြုသေးသည်။

"ဒီနေ့တော့ ကျွန်တော့်အာသာလုပ်မယ် ဦးပွား၊ ကျွန်တော် ကျန်းမာရေးအရ လေ့ကျင့်ခန်းလုပ်တဲ့သဘောမို့ပါ" ဟု ပြောသည်။

ဦးလေးပွား သူ့ဟာသူ ဆေးတံခဲပြီး သူ့နေရာသူ ပြန်သွားသည်။

ဦးပွားသည် ဤအိမ်တွင် ကျော်ဇေယျ၏ မိဘများရှိစဉ် ကူး
ပေါက်စနအရွယ်လေးထဲက လာနေသူဖြစ်သည်။

ဦးပွားသည် လူပျိုကြီးဖြစ်သည်။ ကျော်ဇေယျ မိဘများ ကွ
လွန်သွားပြီးနောက်လည်း သားသမီးတွေကို သံယောဇဉ်ဖြစ်ကာ တခြ
မသွားတော့ဘဲ ကျော်ဇေယျ အိမ်မှာပင် မိသားစုတစ်ယောက်
နေသွားသည်။

ညီညီနှင့် ကူးကူးကတော့ ဦးပွားနှင့် ကလေးပေါက်စအရွ
ထဲကနေသည်မို့ 'ဦးလေးပွား' ဟု ခေါ်ကြသည်။

ကျော်ဇေယျကတော့ သားကြီးဖြစ်ပြီး ဦးပွား ဤအိမ်သို့ရော
လာကတည်းက မိဘနှစ်ပါးက 'ဦးပွား' ဟု ခေါ်သလိုဝင် ကျေ
ဇေယျက လိုက်ခေါ်ရာ 'ဦးပွား' ဟု အခေါ်နှုတ်ကျိုးနေဖြစ်သည်

ယခုဆိုလျှင် ဦးပွားသည် အသက် (၅၀) ပင် ရှိပေပြီ။ သံယေ
ဇဉ်ကြောင့် အိမ်ထောင်မပြု လူပျိုကြီး ဖြစ်သွားပါသော်။





စွပ်ကျယ်လက်ပြတ် ပုဆိုးခါးတောင်ကျိုက်နှင့် ချွေးစို့အောင် ပေါက်တူးပေါက်ပြား ကိုင်လုပ်နေသော ခြံထဲမှာ ကျော်ဇေယျအား နွေးနွေးသည် အိမ်ကြီး၏ ပြတင်းပေါက်တစ်နေရာမှ ရပ်ကြည့်နေမိပေသည်။

ပေါက်တူးပေါက်ပြား ကော်လေတိုင်း ကျော်ဇေယျ၏ လက်မောင်းမာဆယ်သားကြီးတွေ ပခုံးတွင် အထစ်အမြောင်းတွေ ရှိတ်ဟပ်သောဝမ်းဗိုက်တွင် အဲစာတုံးပုံစံလေးတွေ ပေါင်တံတွင် အမြောင်းလိုက် ထလာသည်တွေကို နွေးနွေး မြင်တွေ့နေရသည်။

အစ်ကိုသည် ရုပ်ရော ခန္ဓာရော စိတ်ရော လှပသူဖြစ်သည်ဟု နွေးနွေးရင့်ထဲတွင် ကျိတ်၍ မှတ်ချက်ချမိသည်။

အကယ်၍သာ-

အစ်ကိုကျော်ဇေယျသာလျှင် စိတ်ဓာတ်ညံ့သူတစ်ယောက်ဖြစ်ပါက မိမိအခြေအနေမှာ သူ့လက်ခုပ်ထဲက ရေဖြစ်သွားနိုင်သည်။ သွန်လိုသွန် မှောက်လိုမှောက်၊ သောက်လိုသောက် ဘဝရောက်သွားနိုင်သည်။

သို့သော် အစ်ကိုကျော်ဇေယျသည် တစ်ခါတစ်ရံ မိမိအား နှစ်သက်သောအကြည့်မျိုးဖြင့် ကြည့်တတ်ရုံမှလွဲပြီး သူ့စိတ်ကိုအမြဲမပြတ် စောင့်စည်းထားသူဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတွေ အများကြီးထဲဝယ် အစ်ကိုလို ယောက်ျားမျိုးကတော့ ရှားပါးလှပါ၏။

အစ်ကိုကျော်ဇေယျအား အိမ်ပေါ်ပြတင်းပေါက်မှ ရပ်ငေးကြည့်နေစဉ်မှာပင်…

ခြံဝသို့ လူတစ်ယောက်ရောက်လာသည်ကို နွေးနွေး လှမ်းမြင်ရသည်။

နွေးနွေးက အပေါ်ပြတင်းပေါက်မှ လှမ်းမြင်သော်လည်း အစ်ကိုကျော်ဇေယျက ခြံဝသို့ ကျောပေးလုပ်ကိုင်နေသောကြောင့် ထိုလူကို မမြင်ပေ။

ခြံဝမှလူသည် အစ်ကိုကျော်ဇေယျထံသို့ တစ်ခါဖူးမျှ မလာဘူးသောလူစိမ်းဖြစ်မှန်း နွေးနွေး သေချာသိသည်။

ထိုလူသည် စပို့ရှပ်နီနီရဲရဲဝတ်ထားသည်။ ဂျင်းဘောင်းဘီကျပ်အပြာဝတ်ထားသည်။ လူရွယ်ထဲကပင် ဖြစ်ပုံရသည်။ သံပရာခွံဦးထုပ်ကို ဆောင်းထားသည်။

ဖက်ခေါင်းအုံးလို ရှည်မျောမျော ကျောပိုးအိတ်ကို လွယ်ထားသည်။

အရပ်အမောင်းမှာ အစ်ကိုကျော်ဇေယျလောက်နီးနီး ရှိအံ့သည်။ ကိုယ်လုံးကိုယ်ထည်မှာ ကျစ်လစ်သိပ်သည်းပုံရသည်။ အဝေးမှ လှမ်းမြင်ရသည်ပင် လူရည်သန့်တစ်ဦးဟု ခန့်မှန်းနိုင်သည်။





မည်သို့ဖြစ်စေ ထိုလူသည် လူစိမ်းဖြစ်သည်။ အစ်ကိုကျော်ဇေယျထံသို့လည်း ခြိမ်းခြောက်စာပို့ထားသည်က ရှိထားသည်။ သူတို့ထဲတွင် ယခုလိုပင် လူရည်သန့်နှင့် လူတွေရှိသည်သာ။

ထိုခြံဝမှလူသည် အစ်ကိုကျော်ဇေယျ မြေပေါက်မြေတူးလုပ်နေသည်ကို အတန်ကြာအောင် ကြည့်နေသည်။

နွေးနွေးသည် အစ်ကိုကျော်ဇေယျအတွက် စိုးရိမ်လာသည်။

ထိုစဉ်မှာပင် ခြံဝမှလူသည် သူ့ကျောပိုးအိတ်ကို ခြံဝမှာပင် ဖြုတ်ပစ်ထားခဲ့ကာ…

"ယား"

ဟု အာခေါင်သံကြီးနှင့်အော်ပြီး အစ်ကိုကျော်ဇေယျထံသို့ တစ်ရှိန်ထိုးပြေးသွားသည်။

ဒေါက်တာကျော်ဇေယျသည် သတိလက်လွတ် ရှိမနေပါလေ။ ချာကနဲ ကိုယ်တစ်ပတ်လှည့်လိုက်ပြီး ပြေးဝင်လာသူကို ရင်ဆိုင်တိုက်ခိုက်ရန် အသင့်အနေအထားရှိနေလိုက်သည်။

လူရွယ်လူစိမ်းသည် ကျော်ဇေယျအနီးသို့ ရောက်သည်နှင့် သူ၏ခြေတစ်ဘက်ကို မြားတစ်စင်းသဖွယ် တန်းပြီး အစ်ကိုကျော်ဇေယျရင်ဘတ်သို့ချိန်ကာ တိုးဝင်လာသည်။

ကျော်ဇေယျသည် မြားဦးစိုက်တိုးဝင်လာသောခြေကို မိမိရင်ဘတ်နှင့် တစ်မိုက်လောက်အကွာကျမှ သူ့ကိုယ်ကို ဘေးတစ်စောင်း



www.burmeseclassic.com

www.burmeseclassic.com



လှစ်ခနဲ လှည့်လိုက်သဖြင့် တိုးဝင်လာသောခြေမှာ ကျော်ဖေယျ၏ ရင်ဘတ်ကိုလည်းကောင်း၊ ဘယ်နေရာကိုမှလည်းကောင်း မထိဘဲ လေတွင်ဖဲသွားပြီး အရှိန်လွန်သောနေရာတွင် ပြန်ကျသွားသည်။ ပြန်ကျသွားပုံမှာလည်း ယိုင်တိယိုင်တိုင်မျိုးမဟုတ်။ သစ်မင်ပေါ်က ကြောင်လေးတစ်ကောင် ခုန်ချသည့်နယ် ညင်ညင်သာသာ ခြေနှစ်ဘက် ဒူးကွေးကျသွားခြင်းမျိုး ဖြစ်ပေသည်။

ဒီနောက်မှာတော့ နှစ်ယောက်သားသည် ရင်ဆိုင်ကာ လက်သီးစောင်းတွေ၊ ဒူးတိုက်တွေ၊ ခြေကန်တွေ တတောင်တွက်တွေ စုံအောင် အကျိုတ်အနယ် သူတစ်ပြန် ကိုယ်တစ်ပြန် ပြန်ဖိုက်ကြပေတော့သည်။

"အန့်တီစမ်း…အန့်တီစမ်းရေ…ကူးကူးရေ…ကူးကူး"

"ဒီမှာ လာကြပါဦး…ဦးလေးပွားရေ…လာပါဦး…အစ်ကိုကို ရန်ဝင်လုပ်နေလို့"

နွေးနွေး ပျာယာခတ်သွားသည်။

နွေးနွေး အထိတ်တလန့် အော်ခေါ်သံကြောင့် မီးဖိုထဲမှ အန့်တီစမ်းစမ်းရော အိပ်ခန်းထဲမှ ကူးကူးရော ပြေးထွက်လာပြီး လှမ်းကြည့်သည်။

နွေးနွေးက နှစ်ယောက် အကျိုတ်အနယ် ဖိုက်ရာသို့ ပြေးလာခြင်းဖြစ်ပါ၏။





အန့်တီစမ်းရော ကူးကူးရော ခြံထဲတွင် ဖိုက်နေသည်ကို လှမ်းမြင်ပါ၏။

ကူးကူးက အန့်တီစမ်းအား လှမ်းပြီး ပြုံးပြသည်။ အန့်တီစမ်းလည်း ကူးကူးကို ပြန်ပြုံးပြပါ၏။ ပြီး…အန့်တီစမ်းနှင့် ကူးကူးတို့ ခြံထဲသို့ ဖြေးဖြေးပင် လျှောက်လာကြပေသည်။

ကားဂိုဒေါင်ထဲမှ ဦးလေးပွားလည်း ဆေးတံခဲရင်း အပြင်သို့ ထွက်လာသည်။

"ဦးလေးပွား…ဦးလေးပွား…လုပ်ပါဦး၊ ဟိုမှာလေ…ကြည့်၊ ဒီလူက အစ်ကိုကို ရန်လုပ်တာ အိမ်ပေါ်က နွေး လှမ်းမြင်လို့"

ဦးလေးပွားက လှမ်းကြည့်ပြီး နွေးနွေးကို လက်ဝါးကာပြပြီး ဂိုဒေါင်ထဲသို့ ပြန်ဝင်သွားသည်။ ဦးလေးပွား ဂိုဒေါင်ထဲပြန်ဝင်ကာ ဘာတို့ဘာတို့ ဝင်ယူသည်ဟု နွေးနွေး ထင်မိသည်။ သို့သော် ဦးလေးပွား ပြန်ထွက်မလာတော့။

နွေးနွေးသည် ကျိုးကန်တောင်းမျှော်က် အနီးတစ်ဝိုက် လှည့်ပတ်ကြည့်ရာ မနီးမဝေးတွင် သစ်ကိုင်းခြောက်တစ်ချောင်းတွေ့သည်နှင့် ပြေးကောက်ပြီး နှစ်ယောက်သတ်ပုတ်ရာသို့ ချဉ်းကပ်လာသည်။

လက်ထဲမှ သစ်ကိုင်းခြောက်တုတ်ဖြင့် အနီးရောက်လာသော ပုဂ္ဂိုလ်ရှုပ်နှင့် လူကို ရိုက်ရန် တုတ်ချောင်းကို မြှောက်လိုက်သည်။

"မရိုက်နဲ့…မရိုက်နဲ့…မမနွေး…အဲဒါ…"



www.burmeseclassic.com

www.burmeseclassic.com



ကျူးကူး စကားမဆုံးပေ။ ဟန့်တားချိန် မရှိတော့ပေ။

နွေးနွေး၏ သစ်ကိုင်းခြောက်တုတ်သည် စပို့ရှပ်နီနှင့် လူ ခေါင်းကို ဒုတ်ခနဲ ရိုက်ပြီးသွားလေပြီ။

"ဟ...ဟ...တကယ်ဆော်တယ်ဟ"

စပို့ရှပ်နီနှင့်လူသည် ဖင်ထိုင်လက်နောက်ပြန် ထောက်လဲ သွားပြီး နွေးနွေးကို မော့ကြည့်ရင်း တကယ်ဆော်တယ်ဟဟု ပြောလိုက်ခြင်းဖြစ်ပါလေ၏။

"မမနွေး...မမနွေး...အဲဒါ ကိုယ်လေ၊ ကိုကြီးနဲ့ သူနဲ့ ရင် အဲဒါ ညီအစ်ကို နှုတ်ဆက်တာပဲ၊ ဟိုတုန်းက ကိုငယ် အိမ် ပြန်လာတိုင်း ဒီလိုပဲ ညီအစ်ကို အသတ်အပုတ် လေ့ကျင့်တာ မမ ရဲ့၊ ဟိ...ဟိ...ကိုငယ်ကြီး တော်တော်အီသွားလားဟင်"

"အီတော့ အီသွားတာပေါ့ ညီမလေးရ...ဒါပေမယ့် သူ မြင်တော့လည်း ပန်းနဲ့ပေါက်တာလောက်ပဲ အီတာပါ"

ကိုငယ် ခေါ် ညီညီ ခေါ် မော်ဓေယျသည် လက်ထော နောက်ပြန်ဖင်ထိုင်မှ ထရပ်လိုက်ရင်း တအံ့တဩဖြင့် မျက်ဝန်းစုံ ဝိုင်းနေသည့် နွေးနွေးကို ရယ်ရယ်မောမောကြည့်ကာ ရိုတိတိ စကား လုံးများဖြင့် ကျူးကူးကို လှမ်းပြောခြင်းဖြစ်ပါ၏။

"မိကျူးစာထဲမှာ ဟိမဝန္တာချိုးမွှန်းခန်းနဲ့ ရေးလိုက်တာ မမ





တာ သူပဲလား၊ အေး...နင် ရေးတာ အပိုမပါဘူး မိကျူး၊ တကယ်... တယ်...နင် ရေးထည့်တဲ့အတိုင်းပဲ"

"ဟဲ့...မော်မော်...အန်တီစမ်းကိုများ လှည့်ပြီး နှုတ်ဆက် ပါဦး တကတဲ..."

ဦးလေးပွားကြီးသည် ယခုမှ ကားဂိုဒေါင်ထဲက ပြန်ထွက်လာ သည်။

"ဟော့...မော်မော်၊ မင်းကို ငါမှာထားတဲ့ ဒန်းဟိုးဆေးတံ ခဲ့လားကွ၊ ငါမှာ မင်းကို မှာပြီးတဲ့နေ့ကစပြီး မျှော်လိုက်ရတာ၊ လောင့်လည်းပင်းတောင်ဖြစ်နေပြီ"

ကျော်ဓေယျက ဘယ်သူ့ကိုမှ ဘာကိုမှ မပြောသေးဘဲ ညီတော် ာင်ကို လက်ပိုက်ပြီး ပြုံးကြည့်နေသည်။

မော်ဓေယျကလည်း အန်တီစမ်းက 'တကတဲ' ဟု ပြောချင် ကောင်းအောင် သူ့မျက်လုံးများက ဘယ်သူ့ကိုမှ မကြည့်ဘဲ နွေးကိုသာ ကြည့်နေပေသည်။

ထို့နောက်မှ အန်တီစမ်းဘက်သို့ လှည့်လိုက်သည်။ အန်တီ ကို ကလေးဆိုးကြီးသဖွယ် သူ့ဗလဖြင့် အတင်းဖက်ပြီး ပြောလိုက် ၏။

"အန်တီစမ်းကို ညီညီက အထူးနှုတ်ဆက်စရာမလိုဘူးလေ၊ နေရတဲ့ တစ်ချိန်လုံးမှာ အန်တီစမ်းကို ညီညီ အမြဲသတိရနေသား



www.burmeseclassic.com

www.burmeseclassic.com



ပဲဟာ၊ ညညအိပ်မက်မက်ပြီဆိုရင် အန်တီစမ်းကို မက်ပြီး အ
အန်တီစမ်းနဲ့ အိပ်မက်ထဲတွေ့နေကျ၊ စကားပြောနေကျ အန်တီစမ်း
ကြည့်စမ်း…အန်တီစမ်း ဒီမြို့ငသာမြို့သစ်ရောက်လာမှ ပိုဝပိုဖြ
ပိုလှလာတယ်၊ ဒီပုံသာဆိုရင်တော့ အန်တီစမ်းတစ်ယောက် ဒီမြို့သ
က ဘရားဝါလားတစ်ဦးဦးက လက်ထပ်ခွင့်တောင်းတော့မယ်ထ
တယ်''

''တော်စမ်း…အရူး…တွေ့လိုက်ရင် ရူးသလိုလို ပေါသလို
နဲ့ အပြောကတော့ ရွှန်းရွှန်းကိုဝေနေတာပဲ၊ ကဲ…ဖယ်စမ်းကွ
ညီညီ့ကိုယ်က ချွေးစော်ကို နံနေတာပဲ''

မော်မော်က အန်တီစမ်း၏ပါးကို ရွှတ်ခနဲ နမ်းလိုက်ပြီးမှ လွှ
ပေးလိုက်သည်။

တူတော်မောင်က ယင်းသို့ ပလူးပလဲ ဖက်လဲတကင်းပြုသဖြ
အန်တီစမ်း ကျေနပ်သွားသည်။

ကျော်ဇေယျက ယခုမှ မော်ဇေယျ ညီတော်မောင်ကို လှမ်းမေ
သည်။

''မင်း…ကျောင်းမှာလည်း အလေ့အကျင့် မပြတ်ဘူးထင်တယ
ညီညီ၊ မင်း အခုလုပ်သွားတဲ့အကွက်တွေ တော်တော်လှတယ်''

''ဟုတ်တယ် ကိုကြီး၊ အလေ့အကျင့်လည်း မပျက်ဘူး၊ နောက
ပြီး ကျောင်းမှာက ဂျူဒို၊ ကွန်ဖူး၊ တိုက်ပွဲမိတ်အသင်းတွေ စနစ်တကျ





ရာကောင်းကောင်းတွေနဲ့ ဖွဲ့စည်းထားတယ်၊ ကျွန်တော် အဲဒီမှာ
ည်း သင်တန်းတွေ တက်ခဲ့သေးတယ်၊ ကိုကြီးလည်း အလေ့
ကျင့်မပျက်ဘူး မဟုတ်လား၊ ကိုကြီး အခု ပြန်လုပ်တာတွေက
န်တော် အကွက်တွေတိုးလာတာတောင် အနိုင်ပြန်မတိုက်နိုင်ဘူး''

''အင်း…အလေ့အကျင့်တော့ မပျက်ဘူးပေါ့ကွာ၊ ဒါပေမယ့်
က်မရှိဘဲ တစ်ယောက်ထဲပဲ လေ့ကျင့်ရတာပေါ့၊ အခု ညီညီ ပြန်
တော့ ငါ့မှာ ဘက်ရသွားပြန်ပြီပေါ့ကွာ၊ ကဲ…မင်းကို နွေးနဲ့
တ်ဆက်ပေးရဦးမယ်''

ကျော်ဇေယျက နွေးနွေးနှင့် မော်ဇေယျကို မိတ်ဆက်ပေးသည်။
သို့သော် ထုံးစံအတိုင်းမို့သာ မိတ်ဆက်ပေးရသည်။ သူတို့
ယောက်စလုံး တစ်ယောက်အကြောင်း တစ်ယောက် သိပြီးသား
နေပါ၏။

''နွေးနဲ့ သိကျွမ်းရတာ ရင်ထဲမှာ ကုဋေကုဋာ ဝမ်းသာမိပါတယ်၊
ပေမယ့် နွေးကို ကျွန်တော် တစ်ခုတော့ တောင်းပန်ထားပါရစေ''

''ဘာများလဲ ကိုမော်ဇေယျ''

''အော်…နောက်တစ်ခါ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ်
န်တော့်ခေါင်းကို သစ်ကိုင်းခြောက်နဲ့ မရိုက်ပါနဲ့လို့ တောင်းပန်ချင်
င်တာပါ''

ဝါးကနဲ အားလုံးဝိုင်းရယ်ကြသည်။ ကျော်ဇေယျ ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ပင် ညီတော်မောင်အပြောကို သဘောကျကာ အသံထွက်အောင် ရယ်မိပါ၏။

တကယ်တော့ နွေးနွေးက မိမိဘက်မှ အစိုးရိမ်ကြီးပြီး ညီညီကို ဝင်ရိုက်ပေးသည်ကို စိတ်ထဲမှ ကျေနပ်မှုခံစားရှိနေသောကြောင့် အသံထွက်အောင် ကျော်ဇေယျ ရယ်မောမိခြင်းဖြစ်ပေသည်။

"နွေးက အစ်ကို့ရဲ့ ရန်သူထင်ပြီး ဝင်ရိုက်မိတာပါ၊ နောက်ဆို ရိုက်စရာအကြောင်း မရှိတော့ဘူးလေ၊ ကိုမော်ဇေယျက အစ်ကိုညီမှန်း သိသွားပြီပဲဟာ"

"အလကားနောက်တာပါ နွေး၊ ခေါင်းကိုပဲဖြစ်ဖြစ် ကိုယ်ကို ပဲဖြစ်ဖြစ် နွေးလို မိန်းမချော မိန်းမလှလေးက ရိုက်ရင် ကျွန်တော် နာကျင်လေ့မရှိတတ်ပါဘူး…ဟဲ…ဟဲ"

"ကြည့်…ကိုယ်ကတော့ ဒီအကျင့်တစ်သက်လုံးပျောက်မှာ ကို မဟုတ်တော့ဘူး၊ မိန်းမချော မိန်းမလှလေးတွေ့လိုက်ရင် ဖူးလိုက် တာကအရင်ပဲ"

"အာ…မိကူး…တွေ့တွေ့ချင်း အရှက်ခွဲပြီ…ဒီကောင် လေး"

မောင်နှမနှစ်ဦး ပြောသည်ကို ထပ်မံရယ်မောမိပြန်သည်။

"ကဲ…လာကြ၊ အိမ်ပေါ်တက်မယ်"





စောစောက မော်ဇေယျ ပစ်ချထားသောခြံဝမှ ကျောပိုးအိတ် ကြီးကို ကူးကူးကပင် သယ်ယူလာခဲ့သည်။

"ကဲ…ဒီအိတ်ကြီးဖွင့်တော့၊ ကူးကူးဖို့ ဘာလက်ဆောင်ပါလဲ"

မော်ဇေယျက သူ့အိတ်ရှည်စေ်ကြီးကို ဆွဲဖွင့်လိုက်သည်။

"ရော့…ပထမဆုံး အနံ့တီစမ်းအတွက် ပဒုမ္မာစ ဆယ်ကိုက်၊ ဒါဝယ်ရတာ သိပ်ခက် သိပ်ရှားတယ် အနံ့တီစမ်း၊ ဒီခေတ်မှာ ဒုမ္မာစဟာ သူ့ခေတ်မဟုတ်တော့ဘူးလေ"

"အဲဒါ…အနံ့တီစမ်း သိပ်ကိုဝမ်းသာတယ် ညီညီ၊ အနံ့တီစမ်း ဒုမ္မာ ဝယ်မရလို့ ရှန်သားအင်္ကျီတို့ ချည်ချောအင်္ကျီတို့ ဝတ်နေရတာ၊ ကြိုက်ဆုံးက ပဒုမ္မာပဲ၊ တကယ်ပဲ မော်မော်…ပဒုမ္မာစရတာ ထီ ပေါက်တာထက်တောင် ဝမ်းသာသေးတယ်…တကယ်"

"ရော့…ဟောဒါက ဦးလေးပွားကြီး သိပ်လိုချင်နေတဲ့ ဒန်း ဟီး(လ်)ဆေးတံ"

"သိုင်းကယူ ညီညီ၊ အများကြီး ကျေးဇူးတင်တယ်၊ ဒန်းဟီး(လ်) ဆေးတံကလည်း ဒီခေတ်ထဲမှာ ရှားပါးကုန်ပစ္စည်းပဲကွ"

"ရော့…ဟောဒါကတော့ မိကူးနဲ့ နွေးအတွက် ချိတ်ထဘီ၊ ကျူးချိုထဲက ဆိုင်တင်ရောင်းတာကို ဝယ်လာတာမဟုတ်ဘူး၊ ကိုယ် ကိုယ်တိုင် အမရပူရဘက်ကူးပြီး ယက်ကန်းမှာ စိတ်ကြိုက်အော်ဒါ ပေးပြီး ယက်ခိုင်းတာ၊ ဆင်တူနှစ်ထည် တစ်အုပ်ယက်ခိုင်းတာ"



www.burmeseclassic.com

www.burmeseclassic.com



“လှမှလှပဲ ကိုယ်ရာ…မမနွေးနဲ့ဆို ပိုပြီးတောင်လိုက်သေး
နွေးက အဝါတို့၊ အနီတို့ လိမ္မော်တို့ တောက်တဲ့အရောင်တွေ
မကြိုက်ဘူး၊ အခု ကိုယ် ယူလာတာက မီးခိုးရောင်ခံပြီး အနက်နှ
နဲ့ ဆိုတော့ သိပ်ကျနေ့လည်းရ၊ လှလည်းအရမ်းလှပဲနော်…မမနွေး

နွေးနွေးက ခေါင်းညိတ်ပြသည်။

“နေပါဦးကွ ညီညီရ၊ ငါ့ကိုတော့ ဘာမှမပါဘူးလားကွ

“မှာ…ဘယ်နေမလဲ ကိုကြီးရ၊ ကိုကြီးအတွက် စပယ်ရှ
မှ တကယ့်စပယ်ရှယ်ပဲ၊ ဒါကြောင့် တမင် ကိုကြီးကို နောက်ဆုံး
ပေးတာ၊ ဒါမျိုးက ဆိုင်မှာဝယ်လို့ရတာမျိုးမဟုတ်ဘူး ကိုကြီး၊ ညီ
သူငယ်ချင်း သင်္ဘောသားဆီက အတင်းအနိုင်ကျင့်ယူလာတာ၊ အ
ကောင် အော်ပြီးကျန်ခဲ့တယ်၊ သူ့အဖိုးကို လက်ဆောင်ပေးဖို့ တ
ဝယ်လာတာတဲ့၊ ညီညီ ဖွတ်ဆွဲလာတာ…”

မျက်လှည့်ဆရာက အားဂျလောင်းဟု အော်ပြီး အိတ်ထဲမှ နှ
ယူသလို ညီညီသည် သူ့အိတ်ထဲမှ သူ့ကိုကြီးအတွက် လက်ဆော
ပစ္စည်းကို ထုတ်ယူလိုက်သည်။

အရှည်တစ်ပေသာသာရှိသည့် သံမဏိဗိုက်ချောင်းလေးဖြ
သည်။ ထိပ်ဖွင်းလက်ကိုင်လှလှလေး တပ်ဆင်ထားသည်။

“ဘာလဲကွ…မင်းဟာက”





ညီညီက လက်ကိုင်တွင် တပ်ဆင်ထားသော ခလုတ်လေး
တစ်ခုကို နှိပ်လိုက်သည်။

ရှီး…ဖျောက် ဆိုသည့်အသံနှင့်အတူ သံမဏိဗိုက်လုံးလေးထဲ
နောက်ထပ်တစ်ဆစ် ရှည်ထွက်လာသည်။ ထပ်ပြီးနှိပ်ရာ ထပ်ပြီး
ထွက်လာပြန်သည်။

သေးသေးသွယ်သွယ်ဖြင့် သံမဏိလမ်းလျှောက်ဒုတ်လေး ဖြစ်
သွားပါ၏။

“မဆိုးဘူးကွ၊ ကိုကြီး သဘောကျသွား”

“နောက်တစ်ခု ထပ်ကြည့်ဦး ကိုကြီး”

ညီညီက လက်ကိုင်ဘေးတွင်ရှိသည့် ခလုတ်အနီလေးကို နှိပ်
လိုက်ရာ ရှီခနဲအသံနှင့်အတူ တုတ်ကောက်ထိပ်မှာ အရှည်လေးလက်မ
နှ ဗျက်လက္ခဏ်ခန့်ရှိသော နှစ်ဘက်သွားနှင့် ချွန်မြနေသော ဓား
တစ်ချောင်းထွက်လာသည်။

“လမ်းလျှောက်ရင်း ဖြန်းကနဲ ရန်သူကိုဖြစ်စေ၊ အဆိပ်ရှိ
တွေဝါကိုဖြစ်စေ တွေ့ရင် ခုခံတိုက်ခိုက်ဖို့ ဓားပါတယ်လေ၊ ကုဏ်
လည်း သံမဏိအခေါင်းပွမို့ ကိုင်ရတာ ပေါ့ပေါ့ပါးပါးရှိတယ်၊
ရှည်အတိုကို ကိုကြီး လိုသလောက် ခလုတ်နှိပ်ပြီး အကျ(စ)လုပ်
ဖို့ရတယ်”



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဖေယျက သံမဏိဒုတ်ကောက်ကိုယူပြီး သူ့ဟား
ခလုတ်နှိပ် အချပ်(စ်)လုပ်ပြီး ကျေနပ်စွာပြုံးလိုက်သည်။

"ငါ့ညီတော်တယ်၊ လက်ဆောင်ပေးတယ်ဆိုတာ လက်
ယူတဲ့လူက နှစ်သက်လိုလားတဲ့ပစ္စည်းဖြစ်ရင် တန်ဖိုးကို မဖြတ်
ဘူး"

မော်ဖေယျက နွေးဘက်သို့ ချာကနဲလှည့်ပြုံးကာ မေးလို
သည်။

"ဒါဆို...နွေးကော ကျွန်တော်ပေးတဲ့ လက်ဆောင်ကို
သက်ရဲ့လားဗျာ"

နွေးက နှုတ်ဖြင့်မဖြေဘဲ ဦးခေါင်းလေးညိတ်ပြလိုက်ပါ

မော်ဖေယျကို အားလုံးမှာပင် ကျေးဇူးတင်ကြသည်။ သူ
ကူးဖြင့် လူပုဂ္ဂိုလ်နှင့် လိုက်ဖက်ညီသော လက်ဆောင်ပစ္စည်းတို့သ
အားလုံးကိုယ်စီ နှစ်သက်သောပစ္စည်းများဖြစ်သောကြောင့် မော်ဖေ
စိတ်ကူးကောင်းခြင်းကို ချီးကျူးကြသည်။

နွေးသည် မော်ဖေယျ ရောက်လာသည့် နာရီပိုင်းအတွင်းမှာ
အစ်ကိုကျော်ဖေယျနှင့် နှိုင်းယှဉ်အကဲခတ်မိသည်။

အစ်ကိုကျော်ဖေယျအား အန်တီစမ်းနှင့် ဦးလေးပွားကအ
တည်တည်တန့်တန့်နှင့် လေးစားချစ်ခင်ကြသည်။





မော်ဖေယျကိုမူ အားလုံးသည် ရောရောဝင်ဝင် ရင်းရင်းနှီးနှီး
ဖြင့် ကလေးဆိုးတစ်ဦးအား ချစ်ခင်သလိုမျိုး ချစ်ခင်ကြသည်။

မော်ဖေယျကလည်း သွက်သလားမမေးနှင့်။

အသက်ကလည်း ပိုငယ်၊ ရုပ်လေးကလည်း နုမျိုပြီး အပြော
ကလေးကလည်း တွတ်တီးတွတ်တာ ဗလွတ်ရွတ်တတ် ဆန်လေသော
ကြောင့် မော်ဖေယျအား ချစ်ခင်ကြသည်ကျတော့ တစ်မျိုးပင်။

နွေးသည် တင်ကြိုတွေးထင်တာပါ။

မော်ဖေယျသည် တစ်နေ့နေ့တွင် သူ့အတတ်ပညာ အသွက်
အလက် အရည်အသွေးလေးတွေဖြင့် သူမကို ဖမ်းစားဖို့ ကြိုးစားလိမ့်
မည်ဟူ၍...။

ဥ ဥ ဥ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ကြာကြာမခံလိုက်။

တစ်ပတ်အတွင်းမှာပင် ဒုံရင်းသို့ ပြန်ရောက်သည်။

ညီညီနှင့် ကူးကူးလေ။

ရောက်စကတော့ ကူးကူးက ကိုယ်...ကိုယ်နှင့်အစ်ကိုယ်နှင့် ပလဲနံပသင့်လိုက်သည့်ဖြစ်ခြင်း။

ညီညီကလည်း မိကူး...ညီမလေး ဘာလေးနှင့် ခင်မင်သင့်မြတ်ကြလိုက်သည့်ဖြစ်ခြင်း။

အဲ...ခုတော့ ဒုံရင်းပြန်ဆိုက်ကြပြီ။

မောင်နှမချင်း အထက်အောက်ထုံးစံအတိုင်း စကားနိုင်လုပြောရင်းလည်း ရန်ဖြစ်သည်။





ပန္နည်းတစ်ခုခုကို လုရှုကိုင်တွယ်ရာ၌လည်း ရန်ဖြစ်သည်။

ညီညီကလည်း ညီညီပါပေ။

တကယ်တော့ ညီမအတွေးဆုံး အငယ်ဆုံးလေးမို့ အချစ်ပိုပြီး အစသန်ခြင်းဖြစ်သည်။

ဒီဇင်ဘာလမို့ ညီညီတို့ တက္ကသိုလ်ကျောင်းပိတ်သလို ကူးကူးတို့ ဟိုက်စကူးကျောင်းလည်းပိတ်သည်။

ကျောင်းအတူပိတ်ပြီး အတူနေဖြစ်လာတော့ ကြာသောအခါ မောင်နှမ ခွေးနှင့်ကြောင် ဖြစ်လာသည်။

နွေးနွေး ဒီအိမ်ကိုရောက်လာပြီးနောက် နွေးနွေးက တက္ကသိုလ်တက်ရသည်မှာ အဘယ်သို့လျှင် ပျော်စရာကောင်းကြောင်းတွေ ဂုဏ်ရှိကြောင်းတွေပြောပြခြင်းဖြင့် ကူးကူးသည် တက္ကသိုလ်သို့ သိပ်သွားချင်ကာ ဆယ်တန်း သိပ်အောင်ချင်သည်။

နွေးနွေးကလည်း ကူးကူးအား လိုအပ်သောကျူရှင်တွေ သင်ပြပေးသည်။

ကူးကူးမို့ စိတ်ပါလက်ပါ ကျောင်းစာတွေလုပ် စာတွေကျက်နေပြီဆိုလျှင် ကူးကူးနားသို့ ပေါက်ချလာသူမှာ ညီညီ။

"ဟော့...မိကူး၊ ကျောင်းစာတွေ ကိုကြီး မြင်အောင် ဟန်ဆောင်ပြီး ရည်းစားစာရေးနေတယ်၊ ပြစမ်း...အဲဒီ ရည်းစားစာ...ငါ့ကို"

www.burmeseclassic.com



"ဘာပြောတယ်…မှတ်ထား…ကူးကူးတို့က ဘယ်တုန်းက မှ ဘာရည်းစားမှလည်းမရှိဘူး၊ ကိုယ်သာ မိန်းကလေးတွေတွေ့ရင် ငမ်းငမ်းတက်နဲ့…နမချင်းမစာ လျှောက်လုပ်နေတာ"

"နင်…ငါ့ကိုမလိမ်နဲ့ မိကူး၊ ငါ မြို့ထဲလျှောက်ပတ်ရင်း နင့်သတင်းတွေ ကြားလာခဲ့ပြီးသား"

"ဘာကြားလဲ…ဘာကြားလဲ"

"နင် ကျောင်းမှာ ကောင်လေးတစ်ယောက်နဲ့ တွဲနေတာ ငါကြားခဲ့တာပေါ့"

"ကိုယ်နော်…ကူးကူးကို မဟုတ်တာ လာမပြောနဲ့"

"ဟ…ငါကြားတဲ့အတိုင်းပြောတာ"

"ကဲ…ဒါဆိုပြောဦး…ပြောဦး"

ကူးကူးသည် စားပွဲဘေးတွင် အသင့်ရှိနေသော ကွန်ပါဘူးနှင့် လှမ်းပေါက်သည်။

ညီညီက ရယ်ဖြဲရယ်ဖြဲနှင့် လွတ်အောင်ရှောင်သည်။ ကူးကူး က စိတ်ကြီးသည်။ သူမစားပွဲပေါ်တွင် ပေါက်စရာမရှိတော့သဖြင့် ညှော်ခန်းစားပွဲတွင် အလှတင်ထားသော ပန်းအိုးကို ပြေးယူကာ ပေါက် ပြန်သည်။

ဂလုံဂလွမ် ကျကွဲသံတွေ ဆူညံသွားတော့သည်။

အန်တီစမ်း ပြေးထွက်လာသည်။





"ဟဲ့…ဟဲ့…ဒါက ဘယ်လိုဖြစ်ကြတာလဲ၊ ခွေးနဲ့မျောက်ရဲ့"

"ကျွန်တော်ကတော့ မျောက်ပဲနော် အန်တီစမ်း"

"ကြည့်…ဒါ…ကူးကူးကို ခွေးလို့ပြောတာ"

ကူးကူးသည် ဖလ်သားဆေးလိပ်ပြာခံခွက်ကို ကောက်ကိုင် ပြန်သည်။

"ကုန်ပါပြီတော်…ကုန်ပါပြီ…ငါ အနှစ်နှစ် အလလက မြတ်တနိုး ထားတာလေးတွေတော့ ကုန်ပါပြီ"

ညီညီသည် ကူးကူးအား မျက်စိမှိတ် လျှာထုတ်ပြပြီး လှစ်ခနဲ ထဲသို့ ပြေးဆင်းသွားတော့သည်။

အဲဒါကတစ်မျိုး။

နောက်တစ်မျိုးရှိသေးသည်။

ကူးကူး ထိုင်ပြီး စာဖတ်စာကျက်လုပ်နေချိန်တွင်လည်းကောင်း၊ မှမဟုတ် ကက်ဆက်ဖွင့်နားထောင်နေလျှင်လည်းကောင်း ညီညီ သည် မှန်းလျှိုးကွယ်လျှိုးနှင့် ကုလားထိုင်ကွယ်၊ တံခါးကွယ်၊ စားပွဲ ကွယ်ဖြင့် ကူးကူးအနီးရောက်သွားပြီး အလစ်တွင် ကူးကူး၏ နားရွက် တစ်ဘက်ကို သူ့လက်ချောင်းတို့ဖြင့် ဆွဲလိမ်ပြီး ထွက်ပြေးသည်။

"အား…အား…နာလိုက်တာ"

ကူးကူး တကယ်နာရှာသည်။ ညီညီက ကျီဆယ်သည်ဖြစ်သော် လည်း ကူးကူး၏ အသားလေးတွေက နုဖတ်သလောက် အားကစား



www.burmeseclassic.com

www.burmeseclassic.com



မျိုးစုံ နေ့စဉ်လေ့ကျင့်ခန်းလုပ်ထားသော ညီညီ၏ လက်ချောင်းများက အသာမာတက်အောင် ကြမ်းထော်သည်။

စီကာနဲ့ ကူးကူး၏ အော်ငိုသံ ထွက်လာသည်နှင့် ညီညီသည် လွှတ်ရာသို့ ထွက်ပြေးသွားသည်။ ကူးကူးသည် ငိုရင်းတန်းလန်းနှင့် ညီညီနောက်မှ ပြေးလိုက်သည်။ တွေ့ကရာယူ၍ ညီညီကို ပေါက် သည်။

ညီညီက ကူးကူး လိုက်မမီရာ နေရာတွင် ရပ်ပြီး စိန်…စိ ဟု အော်ပြလိုက်သေးသည်။ ကူးကူး ထပ်၍ လိုက်သောအခါ ထပ် ပြေးပြန်သည်။

အထက်အောက် မောင်နှမရှိသောအိမ်တိုင်းတွင် ထိုအဖြစ်မျိ လေးတွေ ဖြစ်တတ်စမြဲ။ အထူးသဖြင့် အကြီးအစ်ကိုက ယောက် လေး၊ အငယ်ညီမလေးက မိန်းကလေး မောင်နှမဆိုပါက ပို၍ ဤသို့ဖြစ်တတ်စမြဲပါပေ။

သို့သော် အဲဒီမောင်နှမမျိုးသည် ရန်ဖြစ်လေ ချစ်လေမျိုးဖြ ပါ၏။

နွေးနွေးသည် သူတို့မောင်နှမကြားသို့ မည်သည့်အခါမှ မဝ ပါလေ။ ကိုယ်ကဝင်၍ပြောမိလျှင် တော်ကြာ နာရီဝက်မကြာမီ မော နှမ ပြန်ကြည်သွားကာ ကိုယ်ဝင်ပြောခြင်းသာ အဖတ်တင်မည်စိုးသော ကြောင့်ဖြစ်ပါ၏။





ညီ မော်ဓေယျသည် အစ်ကိုကျော်ဓေယျနှင့်တော့ တခြားစီမှ ကယ့်တခြားစီပါပေ။ ဘယ်တော့မဆို ငြိမ်ငြိမ်သက်သက်မနေ။ မြဲတန်း လှုပ်လှုပ်ရှားရှားနှင့် ပျော်ပျော်ရွှင်ရွှင်နေတတ်သည်။

ပေါ့တီးပေါ့ဆနှင့် စည်းကမ်းမရှိသည်မှာလည်း ညီ မော်ဓေယျ သည် သရုပ်ဆောင်းပါ၏။

ရေခဲသေတ္တာထဲမှ ရေအေးပုလင်းကို ထုတ်ယူပြီး ရေခဲသေတ္တာ ပုံးကို ပိတ်ချင်မှ ပြန်ပိတ်သည်။ အအေးပုလင်းကိုလည်း ဒီအတိုင်း းစပ်တွင် တော့သောက်ကာ သောက်ပြီးပြီဆိုလျှင် တွေ့ကရာနေရာ ွင် တင်ထားလိုက်သည်။ ကျန်သောရေပုလင်းထဲမှ ရေအေးတို့သည် ိုးရေပြန်ဖြစ်သွားတော့သည်။

အန်တီစမ်းနှင့် နွေးနွေးက သူလုပ်သမျှ အမြင်မတော်သည် းကို နောက်မှလိုက်ကောက်သိမ်းဆည်းရသည်။

ညီ မော်ဓေယျ အိပ်ချင်ပြီဆိုလျှင် ထိုးအိပ်ပစ်လိုက်သည်။ င်ထောင်တွေ ဘာတွေ မချ။ စောင်တွေဘာတွေ မခြုံ။ အိပ်နေစဉ် ်ကိုက်လျှင်လည်းကောင်း အအေးဓာတ်ရှိလာလျှင်လည်းကောင်း ိုးခြုံအိပ်သည်။

ယနေ့လည်း သူနှင့်ကူးကူး ရန်ဖြစ်ထားကြသည်။ တစ်ယော တစ်ယောက် စကားမပြော မခေါ်ကြ။

ပြီး…နွေးနွေး ဒီအိမ်သို့ မရောက်မီကဆိုလျှင် ညဘက် ညဥ်



www.burmeseclassic.com

www.burmeseclassic.com



နက်သည်အထိ ကူးကူး စာကျက်သည်ကို အန်တီစမ်းက ထိုင်စောင့်
ပေးသည်။

နွေးနွေး ရောက်လာပြီးမှ အန်တီစမ်းသည် နွေးနွေးကို ကူးကူး
နှင့်အတူ သူမ၏ ခုတင်မှာပင် အိပ်စေကာ အန်တီစမ်းက ခေါင်းရင်း
ဘက် ဘုရားခန်းနှင့်ကပ်လျက် အခန်းတွင် သွားအိပ်သည်။

ပြီး…ညစဉ် နွေးနွေးကလည်း စာပြပေးခြင်း၊ ကျူရှင်ပေးခြင်းတို့
ကြောင့် အန်တီစမ်းသည် ညကိုးနာရီလောက်ဆိုလျှင် ဘုရားရှိခိုး
မုတီးစိပ်ပြီး အိပ်ရာဝင်သည်။

ခါတိုင်းညများဆိုလျှင် ကူးကူးက စာသင်စာကျက်ပြီးနောက်
အိပ်ရာမဝင်မီ သူမ၏ ကိုယ်အခန်းသို့သွားကာ ခြင်ထောင်ချပေး
ခြင်း စောင်ခြုံပေးခြင်းများပြုသည်။

ယနေ့တော့ ကိုယ်နှင့် ရန်ဖြစ်ထားပြီး မခေါ်သောကြောင့်
သွားပြီး မလုပ်ဟု ငြင်းဆန်သည်။

နွေးနွေးသည် မိသားစုစိတ်ဖြင့် မနေနိုင်သောကြောင့် မော်ဓေယျ
အား ခြင်ထောင်ချစောင်ခြုံပေးရန် ဝင်ခဲ့သည်။

ထုံးစံအတိုင်းပင်။ ခြင်ထောင်မချ။ စောင်မခြုံသည်ကို နွေးနွေး
က ခြင်ထောင်ချ စောင်ခြုံပေးလုပ်ပေးသည်။

မော်ဓေယျသည် တကယ်ပင် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်
ကျနေသည်ကို တွေ့ရသည်။





မော်ဓေယျ၏ ခုတင်ဘေးစားပွဲတွင် မီးခလုတ်မပိတ်
ထားသောကြောင့် နွေးနွေးက ပိတ်ပေးရန် စားပွဲဆီသို့ သွားသည်။

ဗရုတ်မှ တကယ့်ဗရုတ်။

သူ၏ စားပွဲသည် လမ်းဘေးအမှိုက်ပုံနှင့် နင်လားငါလား
ပွဲပါ၏။ မဂ္ဂဇင်းတွေ၊ ဝတ္ထုစာအုပ်တွေ အင်္ဂလိပ်၊ မြန်မာ အားလုံး
ပွနေသည်။

သူ့ထံသို့ စာတိုက်မှ လာထားသော စာတွေမှာလည်း စားပွဲ
တွင် ဟိုတခြား ဒီတခြားတွေ ဖြစ်နေသည်။

စာအိတ်များပေါ်တွင် မြိုင်သာမြို့သစ် ဌာအိမ်လိပ်စာနှင့် လာ
သည့်စာအိတ်တွေဖြစ်ပြီး စာအိတ်ပေါ်မှ လိပ်စာတပ်လက်ရေး
ဖြင့်ရုံမှုနှင့် အမျိုးသမီးများ၏ လက်ရေးဖြစ်မှန်းလည်း သိသာ
သည်။

မော်ဓေယျသည် အချိုးကျရုပ်ချော၊ တက္ကသိုလ်ကျောင်းသား၊
ပေါ အပြောကောင်း၊ အညာကောင်း လူစားလေးမို့ မိန်းကလေး
ပေါင်းအသင်းတော်တော်များမှာရသည်။ ဒီစင်ဘာကျောင်းပိတ်ရက်
နေ့စဉ် စာပို့သမားလေး မော်ဓေယျ၏စာများ လာပို့သည်ကို
သတိထားမိသည်။

စားပွဲပေါ်တွင် ယနေ့မှ လာပို့သော စာတစ်စောင် ဖွင့်လျက်
ရှိနေသည်ကိုလည်း နွေး တွေ့ရသည်။ မော်ဓေယျက ထိုစာကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ဖတ်ပြီးနောက် စာအိတ်ထဲ ပြန်မထည့်ဘဲ ဒီအတိုင်း စားပွဲပေါ် ပစ်တင်ထားမှာန်တူပါ၏။

ထို့ပြင်

စာရေးစက္ကူကတ်တွင် ရေးလက်စကဗျာကိုလည်း နွေး တွေ့ ရပြန်သည်။

အော်··ကိုမော်ဇေယျက ကဗျာတွေ ဘာတွေလည်း ဝါသနာ ပါတယ်ထင်ပါရဲ့ဟူသော အတွေးဖြင့် ရေးလက်စကဗျာကို နွေး ဖတ်ကြည့်မိသည်။ ကဗျာခေါင်းစည်းနာမည်မှာ သူ့အစ်ကိုကြီး ရည်ညွှန်းထားသောကြောင့် နွေးနွေး စိတ်ဝင်စားသွားကာ ကဗျာ ဆက်ဖတ်ကြည့်သည်။

**ကိုကြီးကို မေးပါရစေ**

> ယော··ကြည့်၊ ပန်းကလေးလှနေ၊
> ကိုကြီးရေ ချူမှာလား
> ကိုကြီးရေ ယူမှာလား
> ကိုကြီးရေ မချူလျှင်တော့
> ကိုကြီးရေ မယူလျှင်တော့
> နွေးနွေးလွှာ အဲဒီပန်းကို
> လှမ်းလင့်လို့ ညီညီချူမယ်
> လှမ်းလင့်လို့ ညီညီယူမယ်
> ကိုကြီးရေ ကြည်ဖြူမှာလား။





သူ့ကဗျာကိုဖတ်ပြီး နွေးနွေး ကြက်သီးထမိပါ၏။ ဤကဗျာ မော်ဇေယျသည် မိမိအပေါ်တွင် မရိုးသားတော့ကြောင်း ထင် စေသည်။

မော်ဇေယျ ဒီအိမ်သို့ ရောက်လာသည့်နေ့မှစပြီး မိမိအား ကြည့် ပြောပုံများတွင်လည်း မရိုးသားကြောင်း နွေးနွေး ရိပ်မိသည်။

သို့တစေ နွေးနွေး စိတ်ထဲတွင် သူရှောင်းဖွင့်လျှင် ပြန်သွားမှာ သူ့မှာ ဖိုင်နယ်ဖြေစရာတန်းလန်းကြီးနဲ့ပဲဟု တွေးမိပြီး နွေးနွေး ကျိုးကျွန်နေခဲ့သည်။ နောက်ဆို ယခုထက် ပိုမိုသတိထားနေမှ ည်ဟုလည်း နွေးနွေး မှတ်ချက်ချမိပါ၏။

နွေးနွေးက ကဗျာကို ဖတ်ပြီးနောက် မျက်စိက အလိုလို လာသောစာဖွင့်လျက်သားကို လှမ်းကြည့်မိပြန်သည်။

"ဟိုက်···ဒေါ်ခင်ရိုးအောင်တဲ့"

နွေးနွေးက စာကို ဖတ်သည်မဟုတ်ဘဲ ရေးပြီးသားအောက် လက်မှတ်ရေးထိုးထားသည်ကိုသာ လှမ်းမြင်လိုက်ရာ စာ၏ မှတ်ရေးထိုးပြီးနေရာအောက်တွင် ကွင်းဖွင့်ကွင်းပိတ်ဖြင့် ဒေါ်ခင် အောင်ဟု တွေ့လိုက်ရသဖြင့် ဟိုက်ခနဲ ဖြစ်သွားခြင်းပါပေ။ မယည် ဘူး၊ မစောင့်စည်းဘူးဆိုချင် ဆိုပါတော့··· နွေးနွေးသည် ဒေါ်ခင် ခင်ရိုးအောင်၏စာကို ကောက်ယူကာ အစအဆုံး ဖတ်မိတော့ ည်။



www.burmeseclassic.com

www.burmeseclassic.com



**မော်မော်**

မော်မော်ကတော့ "မမ" ကို သိမယ်မဟုတ်ပေဘူး၊
ကတော့ "စိမ်း" ထုတ်ပြလို့ မော်မော့်ရဲ့ ခတ်ပုံလည်းမြင်ဖူးပြီးပြ
မမက ကျောက်မဲပြည်သူ့ဆေးရုံကြီးက လက်ထောက်ဆရာ
ဒေါ်ခင်မျိုးအောင်။ အဲ…မမနဲ့ မန္တလေးတက္ကသိုလ် ဝိဇ္ဇာသိပ္ပံဌာန
နည်းပြဆရာမလေး "စိမ်း" နဲ့ သိပ်ခင်မင်ကြပါတယ်။

မော်မော်နဲ့ စိမ်းကလည်း အရမ်းခင်ကြတယ်လို့ စိမ်းက ပြော
တယ်။

မမက လက်ရှိဆရာဝန်တာဝန်ကို ထမ်းဆောင်နေပေမယ့်
ဝါသနာသိပ်ပါတာက သမိုင်းသုတေသီအလုပ်လေ၊ သမိုင်းကြော
တွေကို လေ့လာပြီး မဂ္ဂဇင်းတွေမှာ မမ ဆောင်းပါးရေးပါတယ်

စိမ်းကပြောတယ်…

တမင်တကာ ပြောတာမျိုးတော့ မဟုတ်ဘူးနော်၊ ဟိုတလော
စိမ်းတို့အုပ်စုနဲ့ မမ အမှတ်မထင် တွေ့ကြပြီး စားရင်းသောက်ရင်
စကားကြုံပြီး ပြောတဲ့သဘောပါ၊ အဲဒီပြောတဲ့အထဲမှာ စိမ်းက မော်
အကြောင်း ထည့်ပြောတယ်။

ဒီဇင်ဘာကျောင်းပိတ်လို့ မော်မော်ဟာ သူ့အိမ်ရှိရာ မြိုင်သ
မြို့သစ်ကို ပြန်သွားတယ်တဲ့။





အဲဒီမှာတင် မမ စိတ်ဝင်စားတော့တာပဲ မော်မော်၊ မမက
မြို့သစ်တွေတည်တဲ့အခါမှာ အရင်ရာစုနှစ်က မြေကြီးထဲမှာ မြုပ်နေတဲ့
အဝင်ကြောင်းဆိုင်ရာ သဲလွန်စတွေ ဘယ်လိုအထောက်အထားတွေ
တွေ့တယ်ဆိုတာကို သိပ်စူးစမ်းချင်တယ်။

ရန်ကုန်က မြောက်ဒဂုံ၊ တောင်ဒဂုံမြို့သစ်တွေ တည်တုန်းက
လည်း မမ သွားခဲ့သေးတယ်၊ လေ့လာခဲ့သေးတယ်…

မြို့သစ်တည်တယ်ဆိုတာ သမိုင်းမျက်စိနဲ့ကြည့်ရင် တိုင်းပြည်
က စည်ပင်သာယာတိုးတက်လို့ မြို့သစ်ချဲ့ပြီး တည်ဆောက်ထားတဲ့
သဘောပဲ။

ကဲ…တိုတိုနဲ့ လိုရင်းပဲ မမ ပြောတော့မယ်၊ ရန်ကုန်က
မြို့သစ်တွေကို မမ တကူးတက သွားလေ့လာပါလျက်နဲ့ ကျောက်မဲ
ကပ်နေတဲ့ မြိုင်သာမြို့သစ်ကို မမ လေ့လာဖို့ ကျန်နေတယ်လေ၊
ယ်စရာပဲ…အနီးကပ်ရှိနေတာကို မေ့နေတယ်လို့…

ဒါကြောင့် မြိုင်သာမြို့သစ်ကို မမလာပြီး လေ့လာချင်တယ်။

ဘယ်ဒေသကိုပဲသွားသွား မိန်းမသားအနေနဲ့ သွားရောက်တဲ့
ဒေသမှာ လူခံကောင်းကောင်းရှိသင့်တယ်မဟုတ်လား…

စိမ်းနဲ့ ပတ်သက်တဲ့ မော်မော်က မြို့သစ်မှာရှိနေတယ်၊ စိမ်း
လည်း သွားသာသွားပါ၊ မော်မော် ရှိတာပဲလို့ တိုက်တွန်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



*ဒီတော့ အခုလာမယ့် တနင်္ဂနွေမှာ မမ မြိုင်သာမြို့သ[illegible] လာခဲ့မယ်၊ လေ့လာတာများရင်တော့ တစ်ညှ၊ နှစ်ည မော်မော်[illegible] အိမ်မှာပဲ တည်းခိုခွင့်ပေးပါလို့ . . .*

*ခင်မင်စွာဖြင့် မမ*

ဒေါက်တာခင်မျိုးအေ[illegible]

နွေးနွေးမှာ ဒေါက်တာခင်မျိုးအောင်၏စာကို ဖတ်ရင်း ရ[illegible] ရပါ၏။ စာရွက်ကိုင်ထားသောလက်များ တုန်လာသည်။

စာဖတ်ပြီးသည်နှင့် ပြက္ခဒိန်ကို လှမ်းကြည့်သည်။

"ဟင် . . . ဒီနေ့ စနေနေ့၊ ဒါဆို . . . ဒေါက်တာခင်မျိုးအေ[illegible] နက်ဖြန် တနင်္ဂနွေမှာ ဒီအိမ်ကို လာမှာပါလား . . . ဒုက္ခပါပဲ"

ထိုစဉ်မှာပင် . . .

အိပ်မောကျနေသော မော်မော်၏ လူးလွန့်သံထွက်လာသ[illegible] ဒေါ်ခင်မျိုးအောင်၏ စာကို စာပွဲပေါ်ပြန်ထားကာ မီးခလုတ်ပိတ်[illegible] နွေးနွေး သုတ်သီးသုတ်ပျာဖြင့် အခန်းထဲမှ ထွက်ခဲ့တော့သည်။

ဂ ဂ ဂ





# အခန်း (၁၁)

"ကိုကြီးရေ . . . ကိုငယ်ရေ . . . အန်တီစမ်းရေ . . . လာကြပါဦး၊ ဒီမှာ မမနွေး မရှိတော့ဘူး"

ကူးကူး၏ အထိတ်တလန့် အော်ဟစ်ခါ အိမ်ရှိလူအားလုံး အား ခေါ်သံကြောင့် မီးဖိုထဲတွင် ရေနွေးအိုးတည်နေသော အန်တီစမ်း သည် ကူးကူး အခန်းသို့ ပြေးဝင်လာခဲ့သည်။

နံနက်စောစော လေ့ကျင့်ခန်းယူရန် ထစပြုနေသော ကျော်ဇေယျ လည်း ပြေးဝင်လာသည်။

မော်မော်လည်း အလားတူပြေးဝင်လာသည်။

ကူးကူး အိပ်ခန်းထဲသို့ ပထမဆုံး ပြေးဝင်လာနိုင်သူက ဒေါက်တာကျော်ဇေယျပင် ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ…ဘာဖြစ်တာလဲ ကူးကူး၊ အော်လိုက်တာ အထိ
တလန့် ငယ်သံပါလို့"

ကူးကူးလက်ထဲတွင် စာရွက်လေးတစ်ရွက် ကိုင်ထားသည်။ ကူးကူး ငိုမဲ့မဲ့လေးဖြစ်နေသည်။ ငိုသံပါလေးနှင့် ပြန်ပြောသည်။

"မမနွေး…မရှိတော့ဘူး ကိုကြီး"

"ဟေ…ဟုတ်ရဲ့လားဟယ်"

အန်တီစမ်း ရောက်လာသည်။

"ဟုတ်ရဲ့လား ကူးကူးရယ်…နွေး အပြင်ဘက် တပိုတ
သွားနေတာများလား၊ ခြံထဲများဆင်းနေသလား"

"အို…အန်တီစမ်းကလည်း ကူးကူးတို့ အိပ်ခန်းက အိမ်
နဲ့ တွဲထားတာပဲဟာ…ဟိုမှာကြည့်ပါလား…ရေချိုးခန်းတံခါး
နေတာပဲဟာ…နောက်ပြီး မမနွေးက နေ့ခင်းကြောင်တောင်မှာတော
ခြံထဲမဆင်းတာ…ခုလို အစောကြီး ခြံထဲဆင်းဝံ့မလား၊ နောက်
ဒီမှာကြည့်ပါလား…မမနွေး ရေးခဲ့တဲ့စာ"

ကူးကူးက သူမလက်ထဲမှ စာကို ကိုကြီးကျော်ဇေယျကို
လိုက်သည်။

"ညီညီ ယူဖတ်စမ်းကွာ…ကိုကြီး မျက်မှန်မပါရင် ဖတ်
မရဘူး"





ကူးကူးက ငိုနေသဖြင့် ညီညီ့ကို ဖတ်ခိုင်းခြင်းဖြစ်ပါ၏။ ညီညီ ယူပြီး အသံထွက် ဖတ်ပြသည်။

*ကူးကူး*

*မမနွေးတော့ ကြောင်လာလို့ ကြွက်ပြေးပြီ–ညီမလေး။*

*နက်ဖြန် တနင်္ဂနွေနေ့မှာ ကူးကူးတို့ အိမ်ကို ကျောက်မဲက ဒေါက်တာဒေါ်ခင်မျိုးအောင် လာလိမ့်မယ်။*

*မမနွေး…ဒေါက်တာ ဒေါ်ခင်မျိုးအောင်ကို မတွေ့ချင်ဘူး၊ အတွေ့မခံနိုင်ဘူးဆိုပါတော့…။*

*မမနွေး သူ့ကိုကြောက်တယ်။*

*မမနွေးလေ…ကူးကူးတို့ အိမ်မှာနေရတာ သိပ်ကိုပျော်ပါတယ်၊ ကူးကူးက စပြီး အားလုံးကိုလည်း မမနွေးရင်ထဲမှာ သံယောဇဉ် တွယ်သွားပြီလေ။*

*ဒါပေမယ့် ပျော်ရာမှာမနေရ၊ တော်ရာမှာနေရမယ်ပေါ့ ကူးကူး။*

*အခွင့်သင့်ရင် ကူးကူးတို့နဲ့ မမနွေး ပြန်လည်ဆုံစည်းရမှာပေါ့ လေ။*

*အန်တီစမ်း၊ အစ်ကို၊ ကိုမော်မော်နဲ့ ဦးလေးပွားကို မမနွေး၊ နှုတ်ဆက်ပါတယ်လို့ ပြောပေးပါ ကူးကူး။*

*ကူးကူးတို့အားလုံးကိုချစ်တဲ့*

**မမနွေး**



www.burmeseclassic.com

www.burmeseclassic.com



စပြီးဆုံးသွားသည်နှင့် ကျော်ဇေယျသည် မေးစေ့လက်
ထောက် စဉ်းစားတော့သည်။

"အဲဒီ…ဒေါက်တာခင်မျိုးအောင်ဆိုတာကို ငါ မသိပါဘူ

"ဟာ…ကိုကြီး ခဏနေဦး"

ညီညီက ပြောပြောဆိုဆို သူ့အိပ်ခန်းထဲ ပြေးဝင်သွားသ
ချက်ချင်းပြန်ထွက်လာပြီး သူ ယူလာသော ဒေါက်တာဒေါ်ခင်မျိုးအေ
၏ စာကို အားလုံးကြားအောင်ဖတ်ပြလိုက်သည်။

"အဲဒီစာမနေ့က စာတိုက်ကရောက်လာတယ်၊ ကျွန်တော်
ဖတ်ပြီး ကျွန်တော့်အိမ်ခန်း စာကြည့်ခန်းစားပွဲပေါ်မှာ ပစ်တင်
လိုက်တယ်၊ အဲဒီအကြောင်း ကိုကြီးကို ပြောပြဖို့လဲ မေ့သွားတ

"ဒေါက်တာခင်မျိုးအောင်"

ကျော်ဇေယျ နှုတ်မှ တိုးတိုးရေရွတ်ရင်း သတိရလာမိသ
စခန်းမှူး ကိုနေအောင် ပြောပြသည့်အထဲတွင် ပါဝင်
ဒေါက်တာဒေါ်ခင်မျိုးအောင် ဆိုသည့် နာမည်ကို ချက်ချင်းမှ
လိုက်သည်။

ထိုဇာတ်လမ်းရုံမှ လက်ထောက်ဆရာဝန် ဒေါ်ခင်မျိုးအေ
ဒီအိမ်သို့ လာမည်ဆိုသည့် စာကို နွေးနွေး တွေ့ရှိဖတ်မိပေ
ထို့ကြောင့် ဒေါ်ခင်မျိုးအောင်နှင့် မျက်နှာချင်းမဆိုင်လိုသဖြင့်
ဒီအိမ်မှ ထွက်ပြေးသွားခြင်းဖြစ်သည်။





မသက်ာစရာပင်။

"ညီညီနဲ့ အဲဒီ ဒေါက်တာဒေါ်ခင်မျိုးအောင်ဟာ နဂိုက လုံးဝ
အသိအကျွမ်းမဟုတ်တာ သေချာတယ်နော်"

"မြင်တောင် မမြင်ဖူးဘူး ကိုကြီး"

"မနွေလေးက နည်းပြဆရာမ "စိမ်း" ဆိုတာလေ"

"အဲဒါတော့ ကျွန်တော်နဲ့ အရမ်းခင်တယ်၊ ကျွန်တော် မနွေလေး
မှာ စိမ်းနဲ့ အတွဲဆုံးပဲ"

ကျော်ဇေယျက ဦးခေါင်းကို ဖြည်းလေးစွာ ညိတ်လိုက်ပါ၏။

"အင်း…ဒီစာကို နွေး တွေ့သွားပြီး ဒေါက်တာခင်မျိုးအောင်
ဒီကိုလာမယ်ဆိုတာနဲ့ နွေး ထွက်ပြေးတာဆိုတော့ ဒေါက်တာခင်မျိုး
အောင်နဲ့နွေးဟာ အတိတ်က မကောင်းတဲ့ အတိတ်ဆိုးတစ်ခု ပတ်
သက်နေတာ သေချာပြီ၊ အဲဒါ ဒေါက်တာခင်မျိုးအောင်ရဲ့စာကို နွေးကို
ညီညီ ပြလိုက်မိသလား"

"ဟင့်အင်း…မပြမိပါဘူး၊ ဘာဆိုင်လို့ပြမိမှာလဲ…အဲဒီ
ဒေါက်တာခင်မျိုးအောင်ကို ကျွန်တော်ကိုယ်တိုင်တောင် မသိမမြင်ဘူး
တာ…နွေးကို ဘယ်လို့ပြမိမှာလဲ ကိုကြီး"

"ဒါပေမယ့်…ဒီစာကို နွေး အစအဆုံး ဖတ်ရလို့ ဒီက ထွက်
ပြေးတာ"

"အဲဒါတော့ ကျူးကျူး ပြောနိုင်တယ် ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



ကူးကူးက ငိုသံပါအသံတုန်လေးဖြင့် ပြောပြသည်။

"မနေ့ညက မမနွေး...ကူးကူးကို စာပြပေးရင်း တော်တော် ညဥ့်နက်သွားတယ်၊ အန်တီစမ်းက မမနွေး ရောက်လာပြီးမှ ညဆိုရင် ဘုရားခန်းဝင်ပြီးတာနဲ့ အိပ်ခန်းကို တန်းဝင်အိပ်တာ၊ ပြန်ထွက်မလာ တော့ဘူး၊ မနေ့က ကိုယ်နဲ့ ကူးကူး ရန်ဖြစ်တယ် မခေါ်ကြဘူး"

ကျော်ဇေယျသည် ကူးကူးစကားကို နားထောင်ရသည်မှာ စိတ် မရှည် ဖြစ်လာသည်။ သိချင်တာက နွေးအကြောင်းအဓိက။ အခုတော့ ကူးကူးက စကားကြောရှည်လွန်းသည်ဟု ထင်မိသည်။

"ဟာ...နင့်ဟာက ရှည်လျားတော်မူလိုက်တာ...အဓိက သိချင်တာက နွေး ဒီစာကို ဘယ်လိုတွေ့သွားသလဲဆိုတာ"

"အိုး...အဲဒါကိုပဲ ကူးကူးက ပြောနေတာပဲဟာ...ခါတိုင်း ညတွေမှာ ကူးကူး စာသင်ပြီး စာကျက်ပြီးရင် ကိုယ့်အခန်းထဲ ကူးကူး ဝင်ပြီး ခြင်ထောင်ချပေးတယ်၊ စောင်ခြုံပေးတယ်၊ မနေ့ညက တော့ ကိုယ့်ကို ရန်ဖြစ်ပြီး အမြင်ကတ်တာနဲ့ ဝင်လုပ်မပေးဘူး အဲဒါ...မမနွေးက မနေနိုင်ရှာဘဲ ကိုယ့်အခန်းဝင်ပြီး ခြင်ထောင်ချ ပေးရင်း ကိုယ့် အိပ်ရာဘေးစားပွဲပေါ်က အဲဒီစာကို တွေ့သွားတာ ဖြစ်မှာလို့ ကူးကူး ပြောတာ..."

ရှုံးခနဲ ကျော်ဇေယျ သက်ပြင်းချမိသည်။

"ဟင်...ခုတော့ ကိုယ် အပေါင်းအသင်းတွေ ရှုပ်တာ





နွေး ထွက်ပြေးသွားပြီ၊ အဲဒါ ဒေါ်ခင်မျိုးအောင် ဆိုတဲ့ သရဲမကြီး အဘစမ်းပလေ့စေ...ကူးကူး ပက်ပက်စက်စက်ကြီးကို ပြောလွှတ် ယ်"

ပြောရင်း ကူးကူးသည် တအီးအီး ငိုတော့သည်။

အန်တီစမ်းသည် နွေးနွေး အိပ်သည့် ခုတင်ခေါင်းအုံးကို မ,ပြီး ကြည့်လိုက်သည်။ ပြီး...ကူးကူး၏ အဝတ်ဗီရိုကို ဖွင့်ကြည့်ပြန် သည်။

"ဟဲ့...မော်မော်"

အန်တီစမ်း၏ အာမေဋိတ်သံပါသောအခေါ်ကြောင့် မော်ဇေယျ အန်တီစမ်း အနီးသို့ကပ်သွားသည်။

"ဘာလို့လဲ အန်တီစမ်း"

"ဒီမှာကြည့်စမ်း"

အန်တီစမ်း၏ လက်ဝါးပေါ်တွင် စိန်တော့ကက်နှင့် ဆွဲကြိုး၊ နားကပ်၊ စိန်လက်စွပ်လေးတွေကို တွေ့ရသည်။

"နွေးနွေးလေ...သူ့ပစ္စည်း စိန်ထည်လေးတွေအားလုံး ထားခဲ့ ယ်၊ ယူမသွားဘူး...သူ ခဏခဏပြောဖူးတယ်၊ အန်တီစမ်း ကြီးတို့ရဲ့ကျေးဇူးဟာ သိပ်ကိုကြီးမားနေပြီတဲ့၊ သူ ဒီကျေးဇူးတွေကို ဘယ်လိုပြန်ဆပ်ရမယ်မှန်းတောင်မသိတော့ဘူးတဲ့၊ အခုတော့ သူ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မှာပါလာသမျှ ပန်းချည်လေးတွေ ထားခဲ့တာ ကျေးဇူးဆပ်တဲ့အနေနဲ့လား မပြောတတ်ဘူးကွယ်''

ကျော်ဇေယျက လေသံမာမာဖြင့် အန့်တီစမ်းကို လှမ်းပြောလိုက်သည်။

''အိုဗျာ…မဟုတ်တာ…အဲဒါတွေ အန့်တီစမ်းပဲ ခဏသိမ်းထားပါ၊ တွေ့ရင် ပြန်ပေးရမယ်''

''နောက်ပြီး ရှိသေးတယ်ကွဲ့…ကူးကူး ကျောက်မဲသွားပြီး နွေးနွေးကိုယ်တိုင်နဲ့ ချုပ်ပေးခဲ့တဲ့အင်္ကျီတွေ ထဘီတွေ တစ်ထည်မှ ယူမသွားဘူး၊ ကူးကူး ဗီရိုထဲမှာပဲထားခဲ့တယ်''

မော်မော်က ဝင်ပြောသည်။

''နွေး သဘောက ကင်းကင်းရှင်းရှင်း ဖြစ်စေချင်တယ်ထင်တယ်၊ ကိုကြီးတို့အပေါ် ကျေးဇူးတင်မခံချင်တဲ့သဘောမျိုးလားမှ မသိတာ''

''ဟုတ်မယ်…အားကြီးကြီး''

ကူးကူးက စွာသောအသံဖြင့် သူမ၏ ကိုယ်ကို မျက်စောင်းထိုး၍ ပြောပြန်သည်။

''မမနွေးက ကူးကူးကို သိပ်ချစ်တာ၊ အန့်တီစမ်းတို့၊ ကိုကြီးတို့ကိုလည်း သူ့ရင်ထဲမှာ ခင်နေတာပဲ၊ ဒီလို တစ်မိုးဆန်တဲ့ စိတ်မျိုးလုံးဝမရှိဘူး၊ အခုဟာက အဝတ်အစားတောင် ယူချိန်မရဘဲ သူ့ကိုယ်





ဝတ်ထားတာနဲ့ပဲ ထွက်ပြေးရလို့နေမှာ၊ အဲဒါတွေဟာ ကိုယ်ရဲ့ ညှိသည်ဂြိုဟ်ဆိုးမကြီးကြောင့်…သိလား''

''ဟာ…ဒီကောင်မလေးကလည်း ငါ့အပေါ်မှာ အမှုကြီးအောင် ချတ်တွေ ထပ်တင်နေပြန်ပြီ''

အန့်တီစမ်း ဝင်ပြောပြန်သည်။

''နောက်တစ်ခု ရှိသေးတယ် ကျော်ကျော်၊ ကူးကူးရဲ့ လက်ဆွဲလက်စားတွေဆို နည်းတာတွေမဟုတ်ဘူး၊ သူ့အမေ လက်ထက်က စိန်တွေ၊ မြတွေ၊ ပတ္တမြားတွေရော ကူးကူးအတွက် လုပ်ပေးထားတာတွေရော ကူးကူး ဗီရိုထဲမှာ ဒီအတိုင်းပဲရှိနေတယ်၊ တစ်ခုမှ မပျောက်ဘူး''

''အိုး…နွေးက သူခိုးမှမဟုတ်တာ''

ဟု ကျော်ဇေယျက အန့်တီစမ်းအား ပြန်အော်သောလေသံမျိုးဖြင့် ပြောလိုက်သည်။

နွေးအတွက် စိတ်ပူရသည့်အထဲ တစ်မျောက်ဟု ရုတ်တရက် အော်လိုက်မိခြင်းဖြစ်ပါ၏။

အန့်တီစမ်းအား ယင်းသို့ မအော်စဖူး အော်ပြောလိုက်သည်ကို အားလုံးပင် အံ့အားသင့်သွားရပါ၏။

''ကျွန်တော် အော်ပြောမိတာ တောင်းပန်ပါတယ် အန့်တီစမ်း၊ နွေးကို ကျွန်တော် စိတ်ပူနေလွန်းလို့ပါ၊ ရင်ထဲက သောကလည်း သိပ်



www.burmeseclassic.com

www.burmeseclassic.com



သနားနေမိလို့ပါ၊ သူ့မှာ ရန်သူတွေရှိတယ်၊ ဘယ်လိုရန်သူက ဘယ်လို ရန်ပြုလည်းဆိုတာပဲ ကျွန်တော် မသိတာ၊ သူ ဒီအိမ်ကနေ လမ်းပေါ် ရောက်သွားတာနဲ့ သူ့အတွက် အန္တရာယ်ပဲ၊ အဲဒါတွေ တွေးပြီး ကျွန်တော် စိတ်ရှုပ်နေလို့ အန်တီစမ်းကို ပြန်အော်မိတာ ခွင့်လွှတ်ပါ"

အန်တီစမ်းအား တောင်းပန်ပြီးနောက် မော်ဓေယျအား ဆက်ပြောသည်။

"ဒေါ်ခင်မျိုးအောင်ကို အိမ်မှာလက်ခံဖို့ကိစ္စ ညီညီ ဘယ်လို သဘောရသလဲ"

"ကိုကြီးသဘောပါ၊ ဒီအိမ်မှာ ကိုကြီးက မိဘပဲ၊ ဖခင်တစ် ယောက်လို ကိုကြီး...ကျွန်တော်တို့ကို အုပ်ထိန်းထားတာပဲ၊ ကိုကြီး သဘောမတူရင် ဒေါ်ခင်မျိုးအောင်ကို ညီညီ ဘာလို့လက်ခံရမှာလဲ၊ သူ့ကို မြင်တောင်မမြင်ဘူးတာပဲဟာ...အားနာစရာ၊ ငဲ့စရာ ဘာမှမရှိ ပါဘူး ကိုကြီး"

"ညီညီနဲ့ သိပ်ခင်တဲ့ "စိမ်း" ဆိုတဲ့ မိန်းကလေးကိုတော့ မင်း ငဲ့ကွက်ရမယ်မဟုတ်လား ညီညီ"

ညီညီက ပခုံးတွန့်ပြသည်။ အဓိပ္ပာယ်မှာ ဘာတတ်နိုင်မှာလဲ၊ နောက်ဆုံး "စိမ်း" နဲ့ အခင်အမင် ပျက်ချင်လည်း ပျက်ပေါ့ဟု အဓိပ္ပာယ်သက်ရောက်ပါ၏။





"အိုး...ဒီမိန်းမကြီးကို လက်မခံနဲ့ ကိုကြီး၊ သူ့ကြောင့် မမေ့ွး ...ပြေးတာ၊ ကူးကူး ဒီမိန်းမကြီးကိုမုန်းတယ်"

ဒေါက်တာကျော်ဓေယျ ကုလားထိုင်တွင် ပစ်ထိုင်ချပြီး အဘက် ...က အလေးအနက် စဉ်းစားတော့သည်။ စဉ်းစားပြီးမှ ညီညီ့ကို ...ပြောပြန်ပါ၏။

"လက်ခံလိုက်ပါ ညီညီ၊ ဒေါက်တာခင်မျိုးအောင်ကို ညီညီ ...ခံလိုက်ပါ၊ ကူးကူး အခန်းထဲက အန်တီစမ်းရဲ့ ခုတင်မှာပဲ ပေး ...လိုက်ပါ"

"အိုး...ကိုကြီးကလဲ ကူးကူး လက်မခံဘူး"

ကူးကူးက မကျေမနပ် ပြောသည်။

"ကိုကြီးပြောရင် နားထောင်ပါ ကူးကူး၊ အခု စဉ်းစားစရာ ...အများကြီးဖြစ်လာတယ်၊ နံပါတ်တစ်အချက်က ဒေါ်ခင်မျိုးအောင် ...မောင်းထုတ်လိုက်ရင် ညီညီဟာ...'စိမ်း' ဆိုတဲ့ အမျိုးသမီးနဲ့ ...နာပျက်ရမယ်"

"ပျက်ပျက်ပေါ့...ကိုငယ်အဖို့ အမျိုးသမီးတစ်ယောက်နဲ့ ...င်အမင်ပျက်တာဟာ ကင်းခြေများ ခြေတစ်ချောင်းပြုတ်တာလောက် ...ရှိတာ"

"အာ...မိကူး"



www.burmeseclassic.com

www.burmeseclassic.com



ညီညီက သူ့ညီမအား လှမ်းပြီး ချစ်စနိုးနှင့် ထိပ်ခေါက်

လုပ်ပြီးမှ မခေါက်ဘဲ နေလိုက်ပါ၏။

"ဒုတိယအချက်က ခေါ်ခင်မျိုးအောင် ဒီအိမ်မှာ လာတည်

တာကြောင့် နွေးနဲ့ ဒီခေါ်ခင်မျိုးအောင်ကြားမှာ ဘယ်လိုပြဿနာရှိ

ဆိုတာ စူးစမ်းနိုင်တယ်၊ အကဲခတ်နိုင်တယ်၊ ဒီကိစ္စနဲ့ ပတ်သက်

နွေးက ဘယ်လိုမေးမေး မပြောခဲ့ဘူး၊ ခေါ်ခင်မျိုးအောင်ကို စူး

အကဲခတ်ပြီး နွေးနဲ့ ပတ်သက်မှုကို သိလာရင် နွေးမှာကျရောက်

မယ့် အန္တရာယ်ကို ကိုကြီးတို့ ဝိုင်းပြီးခုခံကာကွယ်ပေးနိုင်မယ်"

ကျော်ဇေယျက ဆက်လက်ပြီး နွေး မေတ္တာပေါင်းကူးလမ်း

လဲကျခဲ့သည့်နေရာကို ခေါ်ခင်မျိုးအောင် ဂျစ်ကားဖြင့် ရောက်ရှိ

သည်ကို စခန်းမှူး ကိုနေအောင် ပြောပြသည့်အတိုင်း အားလုံး

ခုမှပြောပြလိုက်သည်။

"တတိယအချက်က နွေးဟာ သူ့အဝတ်အစားတွေရော

လက်ဝတ်လက်စားတွေရော ယူမသွားဘဲ ထားခဲ့တာဟာ မိကူး

သလို ကမန်းကတန်းကြောင့် မေ့ပြီးထားခဲ့တာမဖြစ်နိုင်ဘူး၊ နွေး

ကူးကူးဆီကို စာရေးထားခဲ့ဖို့ အချိန်တွေရတယ်၊ နောက်ပြီး ညီ

မိုးချုပ်လည်း ခြံပြင်ကို ထွက်ပြေးရဲမှာမဟုတ်ဘူး၊ ဒီတော့...မိုး

ကာနီးမှ ဈေးသမားတွေသွားလာတဲ့ အချိန်လောက်မှ နွေး ခြံပြင်

ထွက်ရဲမှာ...ဒါကြောင့် သူ့ပစ္စည်းတွေကို ကမန်းကတန်းကြော





ခဲ့ထားခဲ့တာမဟုတ်မှန်း သေချာတယ်၊ အခွင့်သာတဲ့နေ့မှာ ဒီကိုပြန်

လာမယ်ဆိုတဲ့သဘောရှိတယ်"

"အဲဒီလိုဟုတ်မှာပါနော်...ကူးကူးကတော့ မမနွေး ပြန်လာ

ရင် ဘာဖြစ်ဖြစ် ကျေနပ်တယ်"

"နွေး ပြန်မလာရဲတောင် ကိုကြီးတို့က သူ့ကိုပြန်ရှာပြီး ခေါ်

မယ် ကူးကူး၊ အဲဒီအချက်တွေကြောင့် ခေါ်ခင်မျိုးအောင်ကို ကိုကြီးက

ဒီအိမ်မှာ တည်းဖို့ လက်ခံမယ်လို့ပြောတာ၊ နွေးဟာ အန္တရာယ်တွေ

ရှိတော့ဘူးဆိုရင် ဒီအိမ်ကို ကျိန်းသေပြန်လာမှာပါ"

"တကယ်နော်...ကိုကြီး"

"အေးပေါ့...ကူးကူး"

ဒီနောက်တော့ ဟန်မပျက်။ ကိုယ်လက်သန့်စင်ကြပြီး ကော်ဖီ

သောက်ကြတော့သည်။

Ω Ω Ω



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

ကော်ဖီဝိုင်းမှာ ခါတိုင်းကဲ့သို့ စီစီညံညံမရှိ။ တိတ်ဆိတ်လွန်းပါ၏။

အချိန်စောသေး၍လားမသိ။ ဦးလေးပွားကလည်း ကော်ဖီဝိုင်းသို့ ပေါ်မလာသေး။

ဦးလေးပွားသည် သူ့ဟာသူ လွတ်လွတ်လပ်လပ် ကားဂိုဒေါင်၏ အပေါ်ထပ် အခန်းကျယ်ကြီးတွင် တစ်ယောက်တည်းနေထိုင်သည်။

အိမ်ကြီးထဲတွင် အခန်းပိုတွေရှိသဖြင့် အိမ်ထဲမှာပင်နေပါဟု ခေါ်သော်လည်း လာမနေ။

သူ့ဟာသူ လွတ်လပ်စွာ နေလိုသောကြောင့်တစ်ကြောင်း။





ညရေးညတာဆိုလျှင် ခြံကျယ်ကြီး၏ လုံခြုံမှုကို စောင့်ရှောက်ပေးချင်သောကြောင့်တစ်ကြောင်း။

အိမ်ကြီးပေါ်တွင် အပျိုကြီးအန်တီစမ်း၊ အနေကျဉ်းကျပ်မည်စိုးရိမ်၍တစ်ကြောင်း၊ ဂိုဒေါင်အပေါ်ထပ်အခန်းမှာပင် လူပျိုကြီး သူ့စိတ်ကြိုက် နေထိုင်ပေသည်။

ကော်ဖီဝိုင်းတွင် ဦးလေးပွား ရှိနေပါက ပျော်တတ်သော ဦးလေးပွား၏ အကျင့်အတိုင်း ပေါက်ကရလေးတွေပြောသဖြင့် ရယ်ရမောရ စီစီညံညံလေး အမြဲရှိခဲ့သည်။

ယနေ့တော့ အန်တီစမ်း၊ ကျော်ဇေယျ၊ မော်ဇေယျနှင့် ကူးကူးတို့သည် နှုတ်ဆိတ်ငြိမ်သက်စွာ ကော်ဖီသောက်ကြသည်။

ဗလွတ်ရွတ်တနှင့် အချိန်ရှိသရွေ့ ညီမငယ်ကို စတတ်သော မော်မော်ပင်လျှင် ပကတိငြိမ်နေသည်။

သူတို့အားလုံးအိမ်မှ ထွက်သွားသော နွေးနွေးအကြောင်း တွေးနေကြခြင်းဖြစ်သည်။

ယခု ဒီဇင်ဘာလ ကျောင်းပိတ်မှ ပြန်လာသော မော်ဇေယျပင်လျှင် နွေးနွေးအကြောင်းကို တွေးနေပြီး ငြိမ်နေပါ၏။

မော်ဇေယျသည် အရွယ်ရောက်စ လူပျိုပေါက်ဘဝအချိန်မှစပြီး ယနေ့ အသက်အစိတ်ထဲရောက်သည်အထိ သူ့ငယ်ချင်း အပေါင်း



www.burmeseclassic.com

www.burmeseclassic.com



အသင်းတွေအားလုံးက 'ဖိုးစွံ' ဟုပင် ဂုဏ်ပွန်းတပ်ယူရအော မိန်းကလေးဖွဲ့သူဖြစ်ပါ၏။

ယခု မန္တလေးတက္ကသိုလ်၌လည်း မော်ဧယျသည် ပျိုတို ကြိုက်ဖြစ်ခဲ့သည်သာ။

နည်းပြဆရာမလေး 'စိမ်း' ဆိုလျှင် ချဉ်းကပ်သူတိုင်းအ ကန်တော့ပါသေးရဲ့ဟု ဖြေပြီး ဆန်ပြုတ်ဖြစ်သွားသူတွေချည်းပင်

မော်ဧယျ ကျတော့ 'စိမ်း' က လက်ခံရုံမက ဖွဲ့ဖွဲ့လမ်းလ လေးပင် ဖြစ်သွားရသည်။

သို့တစေ…

အပွဲပွဲ အနွှဲနွှဲလာသမျှ သရုပ်ဆောင်ခဲ့သော မော်ဧယျသည် နွေးနွေးနှင့်ကျတော့ မှန်းချက်နှင့် နှမ်းလွှက်မကိုက်ဖြစ်ရတော့သည်

မော်ဧယျ ပစ်သမျှမြားကို နွေးနွေးသည် သိမ်သိမ်မွေ့မွေ့ လေးနှင့်ပင် ဖယ်ရှားနိုင်သည်။ ပုတ်ထုတ်နိုင်သည်၊ ရှောင်တိမ်းနိုင် သည်။

ပွဲတွေ့များခဲ့သော မော်ဧယျသည် အမျိုးသမီးတစ်ဦးကို ချဉ်း ကပ်ပြီဆိုလျှင် ဟန်လုပ်ပြီး ငြင်းတာလား၊ မူယာမာယာလုပ်တာလား တမင်ကြီးရည်ရွယ်ဆွဲကာ အချိန်ဆွဲတာလားဆိုသည်ကို သိပ်အ ခတ်တတ်ပါ၏။

နွေးသည် ဟန်မလုပ်။ မူယာမာယာမရှိ။ အချိန်ဆွဲတာ



။ မိမိ၏ မြားချက်ကို တကယ်ဝင် မလိုလားစွာဖြင့် ရှောင်တိမ်း ဖြစ်မှန်း မော်ဧယျ အကဲခတ်မိပါ၏။

မိမိအား ပကတိ သွေးရိုးသားရိုးဖြင့် တည်ငြိမ်စွာ ဆက်ဆံ ည်ကိုသာ တွေ့ရသည်။

ကော်ဖီဝိုင်းမှ ပထမဆုံး ထသွားသူမှာ ကူးကူးပင် ဖြစ်ပါ၏။ းပုပ်မလေး…အန်တီစမ်းလက်ရာကို ဒီနေ့မစားနိုင်၊ ကော်ဖီ ခွက်တည်းသာ သောက်သွားသည်။

ကျော်ဧယျသည် ကူးကူးထွက်သွားသည်ကို ငေးကြည့်ရင်း တီစမ်းကို ပြောလိုက်သည်။

"ဒီကောင်မလေး မလွယ်ဘူး အန်တီစမ်း…နွေးကို သူ ယ်ရင်ထဲက ခင်နေပြီ"

"အင်း…နွေးနွေးကလည်း ကူးကူးကို တကယ့်ညီမအရင်း လို ချစ်ရှာတာကိုး၊ အစ်ကိုတွေကို ဘယ်လောက်ချစ်တယ်ပြော မိန်းကလေးဆိုတော့ အမေတို့၊ ညီမတို့ ဝေတာပေါ့ကွယ်"

ထိုအချိန်မှာပင် ဦးလေးပွားကြီး ဝင်လာသည်။

သူ့လက်ထဲတွင် ဓာတ်ဘူးတစ်လုံးလည်း ကိုင်ဆောင်လာပါ၏။ တီစမ်းက ဆီးမေးသည်။

"ဘယ်လိုလဲ ဦးပွား…ကော်ဖီဝိုင်းလာတာ နောက်ကျတယ်၊ ထဲက ဓာတ်ဘူးကကော ဘာလုပ်ဖို့တုန်း"

www.burmeseclassic.com



"ဘာမှမလုပ်ပါဘူး၊ ညက ဘာစားမိလို့လဲမသိဘူး၊ ရင်
ရင်ကယ်ဖြစ်နေတာနဲ့ ကော်ဖီဝိုင်းအလာ နောက်ကျတာပါ၊ အခု
လုံးဝစားသောက်ချင်စိတ် မရှိသေးဘူး၊ ဒါကြောင့် ဗိုက်ဆာလာ
အချိန်ကျမှ သောက်မယ်ဆိုပြီး ကော်ဖီနဲ့မုန့်တွေ ကျုပ်ကိုဒေါင်
မှာပဲ ယူထားမလို့ ဓာတ်ဘူးယူလာတာ"

"ဒါဆိုရတယ်လေ…ကြိုက်သလောက်ယူသွားပေါ့၊ ထ
ချိန်က အဝေးကြီးလိုသေးတယ်၊ မုန့်တွေပါ ယူသွား"

ဦးမွားက ဓာတ်ဘူးထဲ ကော်ဖီများထည့်နေစဉ်မှာပင် အိ
မှ တီ…တီ…ဆိုသည့် ကားဟွန်းသံကြားရပေသည်။

မော်မော်က သူ့အစ်ကိုကြီး ကျော်ဇေယျကို လှမ်းကြည့်သ

"မင်း…ဒေါက်တာ ဒေါ်ခင်မျိုးအောင် လာပြီထင်တ
ညီညီ သွားတွေ့လိုက်လေ"

"ဟုတ်ကဲ့…ကိုကြီး"

မော်မော့်ညီသည်မို့ မော်မော့်ကိုပင် ကြိုနိုင်းလိုက်သည

"ယော…မော်မော်…မမက မော်မော်တစ်ယောက် ရှိ
လား၊-မမ ပေးပို့လိုက်တဲ့စာရမှရရဲ့လားလို့ စိတ်ပူနေတာ…အ
မော်မော်ကိုယ်တိုင် ဆင်းကြိုတော့…"

"ကျွန်တော် အိမ်မှာပဲ မမကို စောင့်နေတာပဲ၊ မမရဲ့စာ
ကပဲ ရပါတယ်…လာပါ မမ၊ ကျွန်တော် မမကို ကြိုဆိုပါတ





ဒေါက်တာ ခင်မျိုးအောင် ကားပေါ်မှ ဆင်းလိုက်သည်။

ကျော်ဇေယျက အိမ်ထဲဖြတ်ဝင်းကွယ်မှ လှမ်းကြည့်နေသည်။

ဂျစ်ကားမဟုတ်ပေ။ ပါဗ္ဗလစ်ကာကားဘီ(ချ်)ကာလာအရောင်
ဖြစ်သည်။

ယခင်တစ်ခေါက် ဒေါ်ခင်မျိုးအောင် မေတ္တာပေါင်းကူးလမ်း
တွင် တွေ့စဉ်က ဂျစ်ကားနှင့်ဟု စခန်းမှူး ကိုနေအောင်က ပြောသည်။
ယခုကားမှာတစ်မျိုးဖြစ်နေပါ၏။

ဒေါက်တာခင်မျိုးအောင်သည် အသက် (၃၅)နှစ်လောက်ဟု
ခန့်မှန်းရသည်။ ဝတ်စားဆင်ယင်ပုံမှာ ခေတ်နှင့် တပြေးညီရှိနေပါ
၏။ ဆံပင်ပုံစံမှာ နောက်လှန်နောက်ထုံးပုံစံဖြစ်၍ ဣန္ဒြေရပါ၏။
ရုပ်သန့်ပြီး ကြည့်ရှုကောင်းသည့်ပုံသဏ္ဌာန်ရှိပေသည်။ မျက်နှာ
တွင် မိတ်ကပ်ပါးပါး လိမ်းထားသည်။ မျက်ခုံးမှာ ပြုပြင်ထားသော
မျက်ခုံးဖြစ်သည်။ နှုတ်ခမ်းကို ပန်းနုရောင်ရင့်ရင့်လေးဆိုးထားသည်။

လက်ျာဘက်ပါးပေါ်တွင် စပယ်တင်မှဲ့လား၊ မျက်ရည်ခံမှဲ့လား
တော့မသိ။ မှဲ့အနက်တစ်လုံးရှိနေသည်ကို ထင်ရှားစွာ တွေ့မြင်ရသည်။

ကိုယ်လုံးကိုယ်ထည်မှာ မဝလွန်း မပိန်လွန်းသော ကိုယ်ထည်
မျိုးရှိသည်။ လေ့ကျင့်ခန်းယူ အဆီပိုအသားပို လျှော့ထားသည့်ကိုယ်
လုံးဖြစ်ပေမည်။ အရပ်မှာ ငါးပေနှစ်လက်မခန့် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြုံ၍ပြောရလျှင် ဒေါက်တာခင်မျိုးအောင်သည် ကြည့်ကောင်းသော အမျိုးသမီးတစ်ဦး ဖြစ်ပါ၏။

မော်မော်က ကားပေါ်မှာ ဆင်းလာသူ သူမအား အနီးကပ်ပြီး ကြိုဆိုသည်။

"ဘာတွေလဲ မမ၊ ကျွန်တော် သယ်ပေးမယ်"

"ဘာမှ ထွေထွေထူးထူး မပါဘူး မော်မော်"

ဒေါ်ခင်မျိုးအောင်သည် ကားထဲမှ ဆွဲအိတ်ကိုယူ၍ လွယ်လိုက်သည်။ အဝတ်ထည့်အိတ်ဖြစ်ပေမည်။ ထပ်မံပြီး ယိုးဒယားဆွဲခြင်းတစ်ခုကို ဆွဲယူပြန်သည်။ စလင်းဘက်ကို ပခုံးတွင် လွယ်ထားပါ၏။

"အဲဒီဆွဲအိတ် ကျွန်တော့်ကိုပေးလေ…မမတစ်ယောက်ထဲ ဆွဲအိတ်တစ်ဘက် ခြင်းတစ်ဘက်နဲ့ ဖြစ်နေပြီ"

"အို…နေပလေ့စေ မော်မော်…ဆွဲအိတ်ထဲမှာ ထဘီတွေပါလို့"

"ပါပလေ့စေပေါ့…ထဘီပါတာ ဘာဖြစ်လဲ၊ ကျွန်တော်က ထဘီကိုချစ်တတ်တဲ့လူပဲဟာ"

"အယ်…ကြည့်စမ်း…မော်မော်က ပြောတတ်လိုက်တာ၊ ဒါကြောင့် 'စိမ်း' က ပြောလိုက်တာ၊ ကိုမော်ကိုတွေ့ရင် မမ တစ်ခါတည်း ခင်သွားစေရမယ်လို့လေ"





ပြောပြီး လွင်သောအသံလေးဖြင့် ဒေါ်ခင်မျိုးအောင် ရယ်လိုက်သည်။

ပြီး…မော်မော့်ကို မျက်စောင်းလေးထွေပြီး ကြည့်လိုက်သည်။

ကြာကြည့်ဟု ခေါ်မလား၊

ညို့ကြည့်ဟု ခေါ်မလား။

ထိုစဉ်မှာပင် ကိုကြီးကျော်ဇေယျ၏ နိုင်းစေချက်အရ ကူးကူး အိမ်ထဲမှ ပြေးထွက်လာသည်။

"ပေးပေး…အဲဒီ ထဘီပါတဲ့အိတ်ကို ကူးကူး သယ်ပေးမယ်"

"ဟယ်…အဲဒါလေးက ဘယ်သူလဲကွယ်"

"ဒါ…ကျွန်တော့်ညီမလေးလေ"

"အော်အော်…ဟုတ်သားပဲ၊ စိမ်းက ပြောထားသားပဲ၊ ကိုမော့်မှာ သိပ်ချစ်စရာကောင်းတဲ့ ညီမလေးတစ်ယောက်ရှိတယ်လို့လေ၊ ကိုမော်က သူ့ညီမလေးကို သိပ်ချစ်တာတဲ့"

"စိမ်းကို ညီမလေးခေတ်ပုံ ကျွန်တော် ပေးထားသားပဲ၊ မမကို စိမ်းက ညီမလေးပုံကို မပြဘူးလား"

"ဟုတ်လား…စိမ်းက သူ့အိတ်ထဲမှာ မော်မော့်ခေတ်ပုံကိုတော့ အမြဲထည့်ထားတာမို့ အလွယ်တကူ မမကို ထုတ်ပြပါတယ်၊ ညီမလေး ကူးကူးပုံကိုတော့ အိမ်မှာသိမ်းထားတယ်ထင်ရဲ့…မမကို မပြဖူးဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကူးကူးက ဟိုဘက်လှည့်ပြီး မဲ့လိုက်ပါ၏။ ပြီး...ဆိုး
ဆတ်ဆတ်ပင် ဒေါ်ခင်မျိုးအောင် ဝန်းလွယ်ထားသည့်ဆွဲအိတ်
ဖြုတ်ယူကာ ရှေ့မှသွားနှင့်တော့သည်။

ဒေါ်ခင်မျိုးအောင်က ပြုံးလိုက်ပါ၏။

"သူလေးက စိတ်မြန်ကိုယ်မြန်လေးနော်"

"ဟုတ်တယ် မမ၊ အဖေနဲ့ အမေ မရှိတော့ အစ်ကိုတွေ
လည်း နေရပြန်၊ အစ်ကိုတွေကလည်း အရမ်းအလိုလိုက်ထားတေ
ယောကျ်ားကလေးဆန်ဆန် ဆိုးဆိုးဆတ်ဆတ် ရှိနေတယ်"

ဧည့်ခန်းထဲသို့ မော်မော်နှင့် ဒေါ်ခင်မျိုးအောင် တွဲဝင်လာ
သည်။

"ဟောဒါ...ကျွန်တော့်ရဲ့ အစ်ကိုကြီး ဒေါက်တာကျော်ဇေ
ပဲ မမ"

"ကြားဖူးတယ်...သိပ်ကိုကြားဖူးတယ်၊ ဒေါက်တာကျော်
ဇေယျ သတင်းကတော့ ကျောက်မဲဆေးရုံမှာတော့ သင်းပျံ့နေတာ
မြိုင်သာမြို့သစ်က အတွင်းလူနာအဖြစ် တက်ရမယ့်လူနာတွေ
ကျောက်မဲဆေးရုံကြီးမှာ လာတက်တာမဟုတ်လား၊ အဲဒီ လူနာ
ရော လူနာရဲ့ အစောင့်အရှောက်တွေကရော မြိုင်သာမြို့သစ်မှာ ဒေါက်
ကျော်ဇေယျ ဘယ်လိုတော်တယ်၊ လူနာတွေကို စေတနာထားတ
ဆိုတဲ့ ချီးမွမ်းပြောသံတွေ အမြဲကြားနေတော့ လူမမြင်ဘူးပေမ





ါက်တာနာမည်ကို သိနေပြီးသားပါ၊ အဲဒီအတွက် ဆရာဝန်အချင်း
း ဒေါက်တာကိုကျော်ဇေယျအတွက် ဂုဏ်ယူပါတယ် ဒေါက်တာ"

ကျော်ဇေယျက ပြုံးရုံသာပြုံးပြပြီး ခေါင်းညိတ်ပြလိုက်ပါ၏။

"ဟောဒါက ကျွန်တော်တို့ရဲ့ အန်တီစမ်း၊ ကျွန်တော်တို့မောင်
သုံးယောက် မိဘ မရှိတဲ့နောက်ပိုင်းမှာ ခုချိန်ထိ အန်တီစမ်းကပဲ
င်လို့ စောင့်ရှောက်ထိန်းသိမ်းပေးလာတာ"

အန်တီစမ်းနှင့် ဒေါ်ခင်မျိုးအောင် အပြန်အလှန် နှုတ်ဆက်ကြ
၏။

ဦးလေးပွားနှင့်လည်း ဆက်၍ မိတ်ဆက်ပေးသည်။ ဤတွင်
သားစုအားလုံးနှင့် ဒေါ်ခင်မျိုးအောင်အား မိတ်ဆက်ခြင်း ပြီးမြောက်
ားသည်။

"ဒါ...မိသားစုအားလုံးပဲလား မော်မော်၊ ကျန်သေးရင်ခေါ်ပြီး
နဲ့ မိတ်ဆက်ပေးဦးလေ၊ မမက မိသားစုအားလုံးနဲ့ သိကျွမ်းချင်
တာ"

ဒေါ်ခင်မျိုးအောင်၏စကားကြောင့် ကျော်ဇေယျ မျက်မှောင်
ကြုတ်မိသည်။

မိသားစု ကျန်သေးရင် ခေါ်ပါဟု ဒေါ်ခင်မျိုးအောင် ပြောလိုက်
င်းမှာ နွေးနွေး ကျန်နေသေးသည်ဟု ရည်ရွယ်ပြောလေသလား။
ခုမဟုတ် သဘောရိုးနှင့်ပြောခြင်းပေလား။

www.burmeseclassic.com



ကူးကူးက ဝင်၍ တွယ်ပေတော့သည်။

"အခုလောလောဆယ်မှာတော့ ဒီအိမ်မှာ ဒီမိသားစုဝေ
ယောက်ပဲရှိတယ် မမ...တာကယ်လို့ မမသာ ကိုကြီးကိုဖြစ်ဖြစ်၊ ကိုယ
ကိုဖြစ်ဖြစ် ရအောင်ယူလိုက်နိုင်ရင်တော့ ဒီအိမ်မှာ မိသားစုငါးယော
ဖြစ်သွားမှာပေါ့"

"ဟဲ့...မိကူး" ဟု အန်တီစမ်းက အားနာစွာ ကူးကူး
ဝင်ဟန့်တားပေးလိုက်သည်။

ဒေါက်တာခင်မျိုးအောင်က ကူးကူး စကားကို မနာရှဲ
လွှင်လွှင်လေးပင် ရယ်သံပြုပြီး ကူးကူးကို ပြန်ပြောလိုက်ပါ၏။

"မမကို...ကူးကူးရဲ့ ကိုကြီးနဲ့ ကိုငယ်က ဘယ်ယူပါ့
ကူးကူးရယ်၊ မမက အရွယ်တော်တစ်ဆိတ် ဟိုင်းသွားပြီပဲဟာ"

မိကူးကဲ့ ထပ်ကွန့်ရန် နှုတ်ခမ်းပြင်လိုက်သည်နှင့် မော်မေ
က ကြားဖြတ်ပြီး ဖွတ်ဝင်ပြောလိုက်သည်။

"အော်...ဒီမှာ မိကူး...မမကို မိကူးအိပ်ခန်းထဲပဲ ခေါ်သွာ
ပါကွယ်၊ ကိုယ် အပြင်က စောင့်နေမယ်၊ မမ ခဏလောက် နားန
နေနေ ခရီးပန်းဖြေပြီးမှ မမကို ကိုယ် မြိုင်သာမြို့သစ်မှာ လိုက်
ပေးမယ်"

"လာ...မမ"

မော်မော် ပြောသည့်အတိုင်း လာ...မမ ဟု ပြောကာ ကူးကူ





သည် ဒေါ်ခင်မျိုးအောင်အား ဒရွတ်တိုက်နီးပါး သူမ အခန်းထဲသို့
ဆွဲခေါ်သွားပေတော့သည်။

ညှေ့ခန်းထဲဝယ် အန်တီစမ်း ကျော်ဇေယျနှင့် မော်မော်တို့
ကျန်ခဲ့ကြသည်။

"ဒီမှာ...အန်တီစမ်းရော ညီညီရော...အခု ဒေါ်ခင်မျိုးအောင်
ဒီအိမ်ရောက်လာပြီး သူပြောသမျှစကားတွေ နားထောင်ကြည့်၊ သူ့
အပြုအမူတွေကို အကဲခတ်ကြည့်၊ ပြီးရင် သူပြောသမျှနဲ့ လုပ်ဆောင်
သမျှ ကျွန်တော့်ကို ပြန်ပြောပြပါ၊ အခု...ကျွန်တော် စခန်းမှူး ကိုနေ
အောင်ဆီ သွားမလို့၊ နွေးဟာ ဒီအိမ်က ထွက်သွားတာ ညပိုင်းမှာတော့
မဖြစ်နိုင်ဘူး၊ မနက်ပိုင်း ဆလီဝေလင်းမှာ ထွက်သွားတာဖြစ်နိုင်တယ်၊
လမ်းပေါ်မှာ လူသံတွေကြားမှ ထွက်သွားတာမျိုးဖြစ်မယ်၊ နွေးဟာ
အဝေးကြီးနေရာကို မရောက်နိုင်သေးဘူး၊ ဒီတော့ ကိုနေအောင်ရဲ့
လူတွေနဲ့ ဖြန့်ရှာလိုက်ရင် နွေးကို ပြန်တွေ့နိုင်စရာရှိတယ်"

အန်တီစမ်းရော မော်မော်ရော ကျော်ဇေယျ၏စကားကို လက်ခံ
ခေါင်းညိတ်ကြသည်။

ကျော်ဇေယျ သူ့အိပ်ခန်းသို့ ဝင်သွားသည်။ အန်တီစမ်းလည်း
ထမင်းစားခန်းနှင့် မီးဖိုထဲဝင်သွားသဖြင့် မော်မော်တစ်ယောက်တည်း
ကျန်ခဲ့ရာ ကူးကူအခန်းမှာ ဘာသံများကြားရမလဲဟု နားစွင့်အေးမိ
သည်။



www.burmeseclassic.com

www.burmeseclassic.com



ကူးကူးက အိပ်ခန်းထဲရောက်သည်နှင့် ဆွဲကိုင်လာသော ဆွဲအိတ်ကို ဖွေးဖွေး၏ ခုတင်ပေါ်သို့ ပစ်တင်လိုက်သည်။

"အဲဒီခုတင်မှာ မမအိပ်၊ ဒီဘက်က ခုတင်က ကူးကူးရဲ့ ခုတင်လေ"

ဒေါ်ခင်မျိုးအောင်က သူမအတွက် ပေးသောခုတင်ကို လှမ်းကြည့်သည်။

အိပ်ရာခင်း၊ ခေါင်းအုံးစွပ် စသည်တို့မှာ ဖြူဖွေးသန့်စင်နေသော်လည်း အိပ်ရာ၏ပုံသဏ္ဌာန်မှာ ပြန့်ပြန့်ပြူးပြူး မရှိ။ တစ်စုံတစ်ယောက်သည် ဤအိပ်ရာပေါ်တွင် လူးလိမ့်လဲလျောင်းသွားသည့် သဏ္ဌာန်ရှိနေသည်။ ခေါင်းအုံးမှာ ချိုင့်ဝင်နေသည်။ အိပ်ရာခင်းတွန့်နေသည်။

"အိပ်ရာက အန်တီစမ်း အိပ်သွားတဲ့ အိပ်ရာလားဟင်၊ အခု မနက်မှ အန်တီစမ်း ဒီအိပ်ရာက ထသွားတာလားပဲ၊ မမ လာမှာမို့ နေရာပြောင်းသွားတာလားမသိ"

"ဟင့်အင်း...အန်တီစမ်းက ဘုရားခန်းမှာ အိပ်တာကြာပြီ"

"ဒါပေမယ့်...အဲဒီအိပ်ရာဟာ ညက တစ်ယောက်ယောက် အိပ်သွားတဲ့ပုံစံပဲ ကူးကူး"

ကူးကူးက ၄င်းအိပ်ရာကို လှမ်းကြည့်သည်။ နောက်ပြီး





ဒေါ်ခင်မျိုးအောင်ကို ပြန်ကြည့်ကာ တဟင်းဟင်းနှင့် ရယ်သံလေးပြုလိုက်သည်။

"ကူးကူး ဘာလို့ရယ်တာလဲ..ကူးကူး ရယ်ပုံကတစ်မျိုးပဲ"

"အော်...မမက ညက တစ်ယောက်ယောက်ဟာ ဒီအိပ်ရာမှာ အိပ်သွားတယ်ထင်တယ်ဆိုလို့ ရယ်မိတာပါ မမ၊ ဟုတ်တယ်မ...ညက အဲဒီအိပ်ရာပေါ်မှာ ကူးကူးများ အိပ်လိုက်မိသလားမသိဘူး"

"အိပ်လိုက်မိသလားမသိဘူး...ဟုတ်လား၊ ဘယ်သူမဆို အိပ်ပျော်သွားပြီးမှသာ အိပ်နေစဉ် ဘာတွေဖြစ်မှန်းမသိပေမယ့် မအိပ်သေးခင်ကတော့ ကိုယ်လုပ်တာ သတိရစမြဲပါ၊ ကိုယ် ဘယ်အိပ်ရာမှာ ဝင်အိပ်တယ်ဆိုတာ မှတ်မှတ်ရရ ရှိရမှာပေါ့၊ အခု...ကူးကူး စကားက ဒီအိပ်ရာမှာ အိပ်မိလိုက်သလားမသိဘူးဆိုတော့ ဆန်းနေသလားလို့"

ကူးကူးက မျက်နှာသေလေးလုပ်ပြလိုက်သည်။

"အဲဒါကျတော့ ခက်တယ် မမရယ်၊ အဲဒါကို ကူးကူး အပြောခက်တယ်"

"ဘယ်လိုအပြောရခက်တာလဲ ကူးကူး"

"ကိုကြီးကပြောတယ်၊ ကူးကူးမှာ ရောဂါတစ်မျိုးရှိတယ်တဲ့...ဘာရောဂါဆိုတာ ကိုကြီးက အင်္ဂလိပ်လိုတော့ ရောဂါနာမည်



www.burmeseclassic.com

www.burmeseclassic.com



ကိုပြောတယ်၊ ဒါပေမယ့်…ကူးကူး မမှတ်မိဘူး၊ အဲဒီရောဂါက ကူး
အိပ်မပျော်သွားတဲ့အခါမှာ အိပ်လျက်သားကြီးနဲ့ အိပ်မက် မက်တဲ့အတိုင်း
လူက ထလုပ်တတ်တယ်တဲ့၊ အိပ်မက်ထဲမှာ ရန်ဖြစ်တယ်ဆိုရင် ကူး
တကယ်ထပြီး ရန်ဖြစ်နေရောတဲ့၊ အိပ်မက်ထဲမှာ လမ်းလျှောက်ရတာ
မက်ရင် တကယ်ထလျှောက်နေရောတဲ့၊ အဲ…မိုးလင်းသွားပြီး အိပ်
က တကယ်နိုးလာတဲ့အခါ ညကလုပ်ခဲ့တာတွေ ဘာတစ်ခုမှ သ
မရှိတော့ဘူးတဲ့၊ အဲဒါ…ညကတော့ ကူးကူး ဘာတွေအိပ်မက်
ပြီး ဘာတွေလုပ်မိမှန်း မမှတ်မိဘူး၊ မိုးလင်းလို့ အိပ်ရာကထ
အဲဒီ အမေ့အိပ်ရာပေါ်မှာ ကူးကူး အိပ်နေတာကို တွေ့ရတယ်
ဒါကြောင့်…မနေ့တည်းက မမလာမယ်ဆိုလို့ အန့်တီစမ်းနဲ့ ကူး
ကိုယ်တိုင် အဲဒီအိပ်ရာကို အသစ်တွေလဲပြီး ပြန့်ပြန့်ပြူးပြူးလုပ်
ပါလျက်နဲ့ အခု တွန့်ကြေနေတာ''

''အော်…အော်''

ဒေါ်ခင်မျိုးအောင်သည် ဆရာဝန်တစ်ယောက်အနေနှင့် ကူး
ပြောသည်ကို လက်ခံသည့်သဘောရှိသည်။ တချို့လူများတွင် ဤ
ရောဂါမျိုးရှိတတ်ကြောင်းလည်း ကိုယ်တိုင်မတွေ့မကြုံဘူးသော်လည်း
သိနေသည်။ အိပ်ပျော်နေစဉ် မသိစိတ်က လွှမ်းမိုးသွားသည်
ယေဘုယျသဘောမှန်းသိသည်။ မိမိကိုယ်တိုင် ဤသို့သော အာရုံ
ပတ်သက်သည်များကို မကျွမ်းကျင်။





ကူးကူးက ဆက်ပြောသည်။

''အဲဒါပေါ့ မမ၊ အန့်တီစမ်းလေ…ကူးကူးက တစ်ခါတလေ
အဲဒီလို အိပ်မက်ထဲကအတိုင်း ထလုပ်ရင်း အန့်တီစမ်းကို ကိုက်ဟယ်
ဟယ် ထုဟယ်ရိုက်ဟယ်လုပ်လို့ ကြောက်တယ်…တစ်ခန်းထဲ အတူ
အိပ်ရဲတော့ဘူးဆိုပြီး ဘုရားခန်းနဲ့ကပ်လျက် အိပ်ခန်းကို ပြောင်းသွား
ယ်လေ၊ တကယ်ဆို ကိုယ့်တူမလေးပဲ…အိပ်ပျော်တုန်း အိပ်မက်
ကြောင့်လုပ်တာ…ဒီလောက်တော့ သည်းခံသင့်တာပေါ့နော် မမ''

''ကူးကူး အဲဒီရောဂါဖြစ်တာကြာပြီလား''

''ဘယ်…မကြာသေးပါဘူး မမ၊ လွန်ခဲ့တဲ့ခြောက်လလောက်
မှ စဖြစ်တာပါ၊ နောက်ပြီး ညတိုင်းလည်း အဲဒီလို မဖြစ်ပါဘူး၊
တစ်လတစ်ခါလောက် နှစ်လတစ်ခါလောက်မှ သူ့ဟာသူ ထဖြစ်တာ
ပါ မမ၊ အလကား…အန့်တီစမ်း သရဲဘောကြောင်တာ၊ ဖြစ်လာလို့
ကြီးသိတဲ့အချိန်ဆိုလည်း ချက်ချင်းစိတ်ငြိမ်ဆေးထိုးတာ၊ ဆေးတိုက်
တာနဲ့ လုပ်လိုက်ရင် မဖြစ်တော့ပါဘူး၊ မမ…ဘာမှမကြောက်နဲ့နော်၊
အခု အဲဒီလိုမဖြစ်တာ တစ်လတောင်ကျော်သွားပါပြီ''

''အင်း…အင်းပေါ့လေ…မမ မကြောက်ပါဘူး''

ဟု ပြောရင်း ဒေါ်ခင်မျိုးအောင်သည် ခွန်အားဗလနှင့် ငယ်ရွယ်
အားမောင်းကောင်းပြီး လုံးကျစ်နေသော ကူးကူး၏ ခန္ဓာကိုယ်ကို
ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ…အိပ်ပျော်နေတုန်း ဒီဟာမလေး ငါ့လည်ပင်း ထည
ရင် ငါ မလွယ်ဘူး" ဟုလည်း စိတ်ထဲတွင် တွေးလိုက်မိပါ၏

"ကူးကူးထက် ပိုဆိုးတာက ကိုကြီးပေါ့ မမ"

"ဟေ…ဒေါက်တာကျော်ဇေယျက ဘယ်လိုပိုဆိုးပြန်တာ
လဲ ကူးကူး"

"အဲဒါကလည်း တစ်ခါတလေ ကိုကြီး အရက်သော
ဖြစ်တတ်တာမျိုးပါ၊ အရက်သောက်တာတောင် ကိုကြီးက သူ
လိမ်စ်အထိ သောက်ရင် ဘာဆိုဘာမှမဖြစ်ဘူး၊ အဲ…လိမ်စ်ကျော်သ
ပြီး ရေချိန်လွန်သွားပြီဆိုရင်တော့ ကူးကူးတို့အားလုံး ဘုရားတ
အောက်မေ့ရတော့တာပဲ မမရေ…ကိုကြီး ဘာမှမသိတော့ဘူး၊ ကု
ဆွဲ၊ စားခွဲနဲ့ သွေးဆိုးပါလေရော…အထူးသဖြင့် ကိုကြီး လိမ်စ်ကျေ
ရေချိန်လွန်တဲ့အချိန်မျိုးမှာ အမျိုးသမီး ချောချောလှလှ မတွေ့လိုက်
အမျိုးသမီး ချောချောလှလှတွေ့ရင် ကိုကြီး ရိုက်မောင်းပုတ်မောင်
သူ့အနား ဘယ်သူမှမကပ်ရဲဘူး၊ ကူးကူးကိုတောင် ငါ့ညီမလေးပါလ
လို့ သတိမရတော့ဘူး၊ ဒါကြောင့် ကိုကြီး အရက်သောက်ပြီဆိုရ
ကူးကူး သွားပုန်းနေလိုက်တယ်၊ ဒါပေမယ့်…မမ မကြောက်ပါ
ကိုကြီးက အရက်ကို တစ်ခါတလေမှ သောက်တာပါ၊ အဲဒီ တစ
တလေတောင် လိမ်စ်မကျော်ရင် ဘာမှမဖြစ်ဘူး၊ အဲ…လိမ်စ်ကျေ
သွားလို့ ဘာမှန်းမသိတော့ဘူးဆိုလည်း အန်တီစမ်း ရှိနေရင် ဘာ





ဆီးရှိမ်နဲ့၊ ကိုကြီး ဘယ်လောက်ရေချိန်လွန်လွန် အန်တီစမ်းရဲ့ ရုပ်နဲ့
အန်တီစမ်းအသံကိုတော့ အမြဲ သူသိတယ်၊ မှတ်မိတယ်၊ အန်တီစမ်း
က…'ဟေ့…ကျော်ကျော် မင်းသတိထားစမ်း' လို့ တစ်ခွန်းထဲပြော
တာနဲ့ ကိုကြီးပြန်ပြီး သတိရတယ်၊ အဲ…အခု မမ ရောက်နေတဲ့ရက်
တွေ့မှာတော့ ဒေါ်သည်ရှိနေလို့ ကိုကြီး အရက်သောက်မယ်မထင်
ဘူး၊ ပိုပြီး စိတ်ချရအောင် ညအိပ်တော့ ဒီအခန်းတံခါး အတွင်းမင်း
ထိုးအိပ်တာပေါ့ မမ"

"ဗုဒ္ဓေါ…မြတ်စွာဘုရား"

အတွင်းမင်းတုံးထိုးထားတုန်း ဒီသူငယ်မလေး ကူးကူး အိပ်
ပျော်မက်ပြီး မိမိကို လည်ပင်းညှစ်လျှင် ဘုရားမကယ်နိုင်ဖြစ်ပေတော့
မည်။

"အိမ်ထဲ မင်းတုန်းထိုးထားတုန်း ကူးကူးက အိပ်မက်မက်ပြီး
သောင်းကျန်းရင်ကောကွယ်"

ကူးကူး ရယ်ပါ၏။

"ဒါတော့ ကံတရားပဲပေါ့ မမ၊ ကျားကိုက်ခံရတာထက်
ကြောင်ကုတ်ခံရတာက သက်သာတယ်လို့ပဲ မှတ်လိုက်ပေါ့ မမ"

ဒေါ်ခင်မျိုးအောင် မျက်နှာမကောင်းတော့ပေ။ ဒီအိမ်မှာ ညအိပ်
ရမှ ဖြစ်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



"လာ…မမ…အပြင်ဘက်မှာ ကိုယ် မမကို စောင့်နေတယ် မမ လေ့လာချင်တာတွေ လိုက်ပြမလို့တဲ့"

နှစ်ယောက်သား အပြင်ညှော်ခန်း ထွက်လာကြသည်။

ဂ ဂ ဂ





အခန်း (၁၃)

"ဦးပွား…လာဗျာ…ကျွန်တော့်ကို ရဲစခန်း ကိုနေအောင်ဆီ လိုက်ပို့ပေးပါ၊ ကျွန်တော့်စိတ်တွေ သိပ်လှုပ်ရှားနေတုန်း ကားမမောင်း နိုင်လို့"

"ရဲစခန်းကို ကျော်ကျော်က ဘာလို့သွားမှာလဲ"

"ကိစ္စရှိလို့ပါ"

ဦးပွားသည် မော်မော်၊ ကူးကူးတို့ အန်တီစမ်းတို့နှင့် ဆက်ဆံ ရာတွင် တရင်းတနှီး ပြောဆိုဆက်ဆံစေကာမူ ကျော်ဇေယျကိုတော့ လေးစားမှုကြောင့် အတည်အတန့်ပင် ဆက်ဆံတတ်ပေသည်။

ကျော်ဇေယျကိုယ်တိုင်ကလည်း အိမ်ထောင်ဦးစီးဖြစ်နေသည့် ကြောင့်ရော နဂိုတည်းက ပေါ့လားဝါးလား မနေတတ်သောကြောင့် လည်း ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းဆိုလျှင် ကျော်ဇေယျအား စာဒကတက်လေ့မရှိ ပြောသည့်အတိုင်း လုပ်ပေးလေ့ရှိပါလျက် ယခု စာဒကတက်နေခြင်းကို ကျော်ဇေယျ အံ့ဩမိသည်။

"ကဲ…ဦးပွားရာ…ကားသွားထုတ်စမ်းပါ၊ ဦးပွား မအားလို့ မမောင်းနိုင်လည်း ကျွန်တော့်ဘာသာ မောင်းသွားမယ်"

"အေး…ထုတ်ဆိုထုတ်ရမှာပေါ့ကွာ"

ဦးပွားက ဂိုဒေါင်ထဲ သွင်းထားသော လင်ရိုဗာကားကို ထုတ်မောင်းလာခဲ့သည်။

ကျော်ဇေယျက ကားတံခါး ဖွင့်ထိုင်လိုက်သည်။

"ဘာလဲ ကျော်ကျော်…နွေးနွေး အိမ်က ပျောက်သွားတာကို ရဲစခန်းမှာ တိုင်ချက်သွားဖွင့်မလို့လား"

"ဩ"

ကျော်ဇေယျ အံ့ဩသွားသည်။

နွေး အိမ်မှ ထွက်ပြေးသွားသည်ကို ဦးပွားအား မည်သူကမျှ မပြောမိသေးဘဲ ဦးပွားက သိနေသောကြောင့် အံ့ဩရခြင်းဖြစ်ပါ၏။

"ဦးပွားကို ဘယ်သူပြောသလဲ"

"ဘယ်သူမှ မပြောဘဲ ငါသိနေတာပဲ ကျော်ကျော်"

"ဟုတ်တယ်…နွေး အိမ်ကထွက်သွားလို့ ဘယ်သူမှ စိတ်





ကောင်းဖြစ်နေတာမို့ ဦးပွားကို မပြောမိသေးတာပဲ၊ ကျွန်တော်က ဦးရင်တော့ ပြောပြမလို့ပါ"

"အေး…ဒါဆို နွေးနွေး ပျောက်သွားတဲ့ကိစ္စ ရဲစခန်းမှာ တိုင်ချက်သွားမဖွင့်နဲ့တော့၊ ဘာလို့လဲဆိုတော့ နွေးနွေး ပျောက်မသွားဘူး၊ ငါ့ဂိုဒေါင်အပေါ်ခန်းမှာ ရှိနေတယ်၊ ပုန်းနေတယ်ဆိုပါတော့ကွာ"

"ဗျာ…တကယ်"

"တကယ်ပေါ့ကွာ…ငါက မနက်တိုင်း အိပ်ရာစောစောထတဲ့ အကျင့်ရှိမှန်း မင်းသိသားပဲ၊ ဒီနေ့မနက် အစောကြီး ဝေလီဝေလင်းမှာ နွေး အိမ်ပေါ်က တိတ်တိတ်လေးဆင်းလာပြီး ခြံတံခါးဆီသွားတာနဲ့ ငါက လိုက်သွားပြီး နွေးနွေး ဘာဖြစ်တာလဲလို့ မေးတာယ်၊ နွေးနွေး ပြီး ငါ့ကိုပြောတယ်၊ ဒီနေ့ တနင်္ဂနွေနေ့မှာ ဒီအိမ်ကို ညီညီရဲ့ ညှိသည်အမျိုးသမီး ခေါ်ခင်မျိုးအောင်ဆိုတာ လာလည်မှာတဲ့၊ အဲဒီ အမျိုးသမီးကို နွေးနွေးက တွေ့ဖို့ကြောက်နေတယ်၊ ဒါကြောင့် တခြား ကို ရှောင်ပြေးတော့မလို့တဲ့၊ ငါက ဒါဆို ဘယ်မှမသွားနဲ့၊ ငါ့ဂိုဒေါင် အပေါ်ထပ်က အကျယ်ကြီး အခန်းပိုလည်းရှိတယ်၊ အဲဒီမှာပဲနေ… ညှိသည်ပြန်သွားမှ အိမ်ကြီးကို ပြန်သွားလို့ ပြောတာကို သူ ဝမ်းသာ အားရလက်ခံတယ်၊ ဒါကြောင့် ငါ ခေါ်ထားလိုက်တာပဲ၊ ကျော်ကျော် သတိထားမိမလားပဲ၊ ဒီနေ့မနက် ကော်ဖီကို ခါတ်ဘူးနဲ့ ထည့်ယူပြီး တွေ့ပါ ငါ့ဂိုဒေါင်ကို ယူသွားတယ်လေ၊ အဲဒါ…နွေးနွေး စားဖို့



www.burmeseclassic.com

www.burmeseclassic.com



သောက်ဖို့ ငါယူသွားတာ၊ တကယ်တော့ နွေးနွေးက မင်းတို့အားလုံး အပေါ်မှာ သံယောဇဉ်အကြီးသားကွ၊ သူ ဘယ်မှသွားချင်တာမဟုတ် ဘူး၊ မလွှဲသာလို့ ထွက်ပြေးမယ့်သဘောပဲရှိတာ ကျော်ကျော်"

"အောင်မလေး…ဝမ်းသာလိုက်တာ ဦးပွား သိပ်တော်တယ် ဒါဆိုလဲ…ဦးပွားရာ…စောစောကပဲ ကျွန်တော့်ကို ပြောပါတော့ အလကား စိတ်ပူလိုက်ရတာ"

"အေး…ပြောသင့်မှန်း ငါသိတယ်၊ ဒါပေမယ့် နွေးနွေးက ညွှန့်သည်မပြန်မချင်း သူ ဒီဂိုဒေါင်မှာ ရှိနေတာကို ဘယ်သူမှမပြော နဲ့လို့ ပိတ်ထားလို့ ငါ မြုံနေရတာ၊ မပြောပါဘူးလို့လဲ နွေးနွေးကို ကတိပေးထားတယ်၊ အခု ကျော်ကျော့်ကို ဖွင့်ပြောတာက ရဲစခန်း သွားပြီး နွေးနွေးအိမ်က ပျောက်သွားတာကို တိုင်လိုက်ရင် အမှုတွေ ရှုပ်ကုန်မယ်၊ နွေးနွေးက ညွှန့်သည်ပြန်သွားတာနဲ့ အိမ်ပေါ်ပြန်လာ မှာဆိုတော့…"

မှန်၏။

ဦးပွား၏စိတ်ကူး သိပ်မှန်ပါ၏။

"တော်တယ်ဗျာ ဦးပွား၊ ကျွန်တော် ဦးပွားနဲ့သာမတွေ့ရင် ရဲစခန်းသွားပြီး အရှုပ်အညီတွေတောင်းတော့မှာ၊ နွေးက ကျွန်တော်တို့ အားလုံးကို နှုတ်ဆက်စာတောင် ရေးထားခဲ့တော့ တအားကြီး စိတ်ပူသွားမိလို့လေ"





"ဒါက ပထမ နွေးနွေးရဲ့ အစီအစဉ်ကိုး၊ ငါနဲ့တွေ့မှ တစ်မျိုး ဖြစ်သွားတာပဲကွ"

"ဒါထက် ဦးပွားကိုကော နွေးက ပြောမပြဘူးလား၊ ဘာလို့ ခုလာတဲ့ ညွှန့်သည်ကို နွေး ရင်မဆိုင်ချင်တာလဲလို့"

"လုံးဝမပြောဘူး၊ ငါကလဲ လုံးဝမမေးဘူး၊ ဒါဟာ နွေးနွေး ရဲ့ လျှို့ဝှက်အတွင်းရေးကိုယ်ရေးကိုယ်တာကိစ္စဖြစ်နေလို့ ငါတွက်ပြီး မေးတာပဲ ကျော်ကျော်"

ကျော်ဓေယျသည် ဦးပွား၏ ပြောကြားချက်ကို ခေါင်းညိတ်ရ ပြန်သည်။

"ကျော်ကျော့်ကို ငါ အကြံတစ်ခုပေးချင်တယ်"

"ပေးပါ…ဦးပွားက အတွေးအခေါ်ကောင်းတဲ့လူပဲ"

"အေး…နွေးနွေးကို မင်း လက်ထပ်ပါလို့ ငါ အကြံပေးချင် တာ"

"ဟာဗျာ"

"အသင့်တော်ဆုံးလို့ ငါမြင်ပြီး အကြံပေးတာ ကျော်ကျော်"

ကျော်ဓေယျ ကားပေါ်တွင်ထိုင်ရင်း မှန်မှ ထွင်းဖောက်မြင်ရ သာအဝေးဆီသို့ ငေးကြည့်နေမိသည်။

ပြီးမှ ဦးခေါင်းကို ဖြည်းညင်းစွာရမ်းပြသည်။

"ကျွန်တော် ကြောက်သွားပြီ ဦးပွား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ…ပြင်ဦးလွင်တုန်းက ချိုမီလို မိန်းကလေးနဲ့ တွေ့ပြီး တစ်ချိုတည်း ကျော်ကျော် ကြောက်သွားတာကို ပြောတာလား"

"ဒါပဲပေါ့ ဦးပွား၊ ကျွန်တော့်သက်တမ်းဘဝတစ်ခုလုံးမှာ ချိုမီနဲ့ ပထမဆုံး တွေ့ဖူးတယ်၊ အဲဒီပထမဆုံးမိန်းမဟာပဲ သိပ်နာကြည်းစရာဖြစ်သွားတယ်"

"အေး…ချိုမီလို မိန်းမမျိုးကတော့ တကယ့်ကြောက်စရာ နာကြည်းစရာပဲ၊ အဲဒီတုန်းက ငါဟာ ကျော်ကျော့်ကို သတိပေးစကား ပြောချင်တာမှ အူအလိပ်လိပ်တက်တယ်၊ ဒါပေမယ့်…မပြောရဲခဲ့ဘူး လေးကွာ၊ မင်းက ချိုမီ့အပေါ် အရူးအမူးဖြစ်နေတော့ ငါပြောရင် ငါ့ကိုပဲ မကောင်းထင်မှာ…ငါက ဘာပြောပြော သူစိမ်းဖြစ်နေတာ မဟုတ်လား"

"အဲဒီလိုတော့ မပြောနဲ့ ဦးပွား၊ ကျွန်တော်တို့အားလုံးက ဦးပွားကို သွေးသားအရင်းလိုသဘောထားတာ၊ အငယ်နှစ်ကောင်ကဆို ဦးလေးပွား…ဦးလေးပွားနဲ့ ပါးစပ်ကမချဘူး၊ အန်တီစမ်းကို ခင်သလို ခင်နေတာပဲဟာ"

"မှန်ပါတယ်…ငါကိုယ်တိုင်ကလည်း မင်းတို့အပေါ်မှာ စော ရောက်ချင်လို့ လူပျိုကြီးဘဝနဲ့နေတာပဲကြည့်တော့…ဒါပေမယ့် ပြင်ဦး လွင်တုန်းက ငါ ချိုမီ့အကြောင်း သိသလောက် မင်းကိုမပြောရဲခဲ့ဘူး ငါက ဒရိုင်ဘာပဲကွာ…နေရာအနှံ့ မောင်းနေတယ်၊ ငါ့လို ဒရိုင်ဘာ





တုန်းက လူတွေနဲ့ အမြဲဆက်ဆံမှုရှိနေတယ်၊ အပေါင်းအသင်းသိပ်စုံ တယ်၊ ဒီတော့လည်း ချိုမီ့ရဲ့သတင်းတွေကို ငါက သိပ်ကြားခဲ့တာ ပေါ့"

"တော်ပါတော့ဗျာ…ဒီမိန်းမအကြောင်း မပြောတာပဲကောင်း ပါတယ်၊ ဒီမိန်းမအကြောင်း ကျွန်တော့ခေါင်းထဲဝင်လာရင် လူသတ် ချင်လာတယ်"

"အေးပါ…ငါက အခုကပြောချင်တာကလည်း ချိုမီ့အကြောင်း မဟုတ်ပါဘူး၊ နွေးနွေးအကြောင်း ပြောချင်တာပါ၊ ဒီမှာ ကျော်ကျော်… ချိုမီနဲ့ နွေးနွေးဟာ ရုပ်ချောတာခြင်းတူပေမယ့် ကျန်တာတွေက တစ်ခု မှ မတူဘူး"

ကျော်ဇေယျသည် နွေးနွေးအကြောင်းပြောသည်မို့ ငြိမ်နား ထောင်နေသည်။

"စိတ်နေသဘောထားခြင်း၊ ကိုယ်ကျင့်တရားခြင်း၊ ဝတ်စား ဆင်ယင်မှုခြင်း၊ ဖြီးလိမ်းချယ်သမှုခြင်း ဘာဆိုဘာမှ မဆိုင်ဘူး၊ ချိုမီ က ကလက်သလောက် နွေးနွေးက ကြေနြေရှိတယ်၊ အိုကွာ…အစစ အရာရာ ဘာဆိုဘာမှ မနှိုင်းယှဉ်အပ်ဘူး၊ မင်း…နွေးနွေးကို လက် ထပ်ပါ ကျော်ကျော်၊ အေး…သီဝိမင်းကြီးဟာ ဥမ္မာဒန္တီကို ငြင်းလိုက် ပြီး အဘိပါရက စစ်သူကြီးနဲ့ လက်ထပ်လိုက်ပြီးမှ နောင်တရပြီး ရူးသွားဖူးတယ်၊ ဒီမယ်…ကျော်ကျော်၊ ငါတို့အနေနဲ့ကတော့ နွေးနွေး

www.burmeseclassic.com



လို မိန်းကလေးကို ဒီမိသားစုထဲက တခြားကို လက်လွှတ်မခံချင်ဘူး နွေးနွေးကို မင်း ပြင်းလိုက်ရင် ညီညီနဲ့ ဖြစ်မြောက်သွားအောင် ငါ ကျိုးစားရမှာပဲ၊ ဒါဟာ မင်းတို့အပေါ်မှာ ငါထားရှိတဲ့မိသားစုစိတ် ကျော်ကျော်”

“ကဲ…ဦးပွား၊ ရဲစခန်းကိုမောင်းတော့ဗျာ၊ အခုရောက်လာ ဒေါက်တာဒေါ်ခင်မျိုးအောင်နဲ့ ပတ်သက်ပြီး စခန်းမှူး ကိုနေအော နဲ့ ကျွန်တော် ဆက်ပြီး ပြောစရာတိုင်ပင်စရာတွေရှိသေးတယ်”

ဦးပွားက ကားကို ရဲစခန်းသို့ မောင်းပို့ပေးသည်။ ရဲစခန်း စခန်းမှူး ကိုနေအောင်နှင့် အဆင်သင့်တွေ့ရပါ၏။

ကျော်ဇေယျက သူ့အိမ်သို့ ဒေါက်တာဒေါ်ခင်မျိုးအောင်သ ညီညီကို အကြောင်းပြုပြီးရောက်လာကြောင်းနှင့် နွေးနွေးက ဒေါ် မျိုးအောင်ကို အတွေ့မခံလိုသဖြင့် ရှောင်ပုန်းနေကြောင်း အားလုံး ပြောပြလိုက်သည်။

“အေးဗျ၊ ဒါဆို…ဒေါက်တာဒေါ်ခင်မျိုးအောင်နဲ့ နွေးနွေး တစ်ခုခုမှာ ပတ်သက်နေပြီဆိုတာ ပိုပြီးထင်ရှားစေတာပေါ့၊ နွေး လဲကျတုန်းက ဂျစ်ကားနဲ့ တစ်ခါရောက်ခဲ့ပြီး အခုလဲ နွေး ဒေါက်တာရဲ့အိမ်မှာ ရှိမှန်းသိလို့ နောက်တစ်ခေါက်ထပ်လာတာ ယူဆနိုင်ပြီ”

“အခုတစ်ခါတော့ ဒေါ်ခင်မျိုးအောင် လာတာက ဂျစ်က





ဟုတ်တော့ဘူး၊ ပါဗလစ်ကာကားနဲ့လာတာ ကိုနေအောင်၊ အရင် တစ်ခေါက် သူစီးလာတဲ့ဂျစ်ကားဟာ သီပေါက ဦးစိုးမောင်ရဲ့ ကား ဆိုရင် အခုထပ်ပြီးစီးလာတဲ့ ပါဗလစ်ကာကားဟာလည်း ဘယ်သူ့ ကားလည်းဆိုတာ ထပ်ပြီး ခြေရာကောက်သင့်သလားလို့”

“ခြေရာကောက်မယ်၊ စုံစမ်းမယ်…စိတ်ချ၊ အခုလက်ရှိမှာ လည်း ကျောက်မဲဆေးရုံက ဒေါက်တာ ဒေါ်ခင်မျိုးအောင်အကြောင်း ကို ကျောက်မဲရဲစခန်းမှာ စုံစမ်းထားတယ်၊ သီပေါက ဦးစိုင်းမောင် အကြောင်းကိုလည်း သီပေါရဲစခန်းက စုံစမ်းပေးပြီး ပြန်ကြားဖို့ ပြော ထားပြီးပြီ၊ မကြာခင် သိရမှာပါ”

“အခု…ဒေါ်ခင်မျိုးအောင် မြို့သာမြို့သစ်ကို ရောက်လာပြီး သူ့ရဲ့ လှုပ်ရှားမှုတွေရော ကိုနေအောင် ခြေရာမကောက်တော့ဘူးလား”

“ကောက်မယ်လေ…ကျွန်တော့်ရဲ့ ရဲကြပ်ကြီးကို တာဝန်ပေး လိုက်မယ်၊ အဲဒီ ရဲကြပ်ကြီးဟာ နွေးနွေး လဲကျတဲ့နေရာမှာ ပုန်းပြီး ကြည့်နေတုန်း ဂျစ်ကားနဲ့ ဒေါ်ခင်မျိုးအောင်ကို သူတွေ့ဖူးထားတာပဲ၊ ခု သူ့ကို တာဝန်ပေးတာဟာ ပိုသင့်တော်တယ်”

ကိုနေအောင်နှင့် ထိုမျှဆွေးနွေးပြီး ကျော်ဇေယျသည် အိမ်သို့ ပြန်လာခဲ့သည်။

အပြန်လမ်းတွင် ဦးပွားပြောသည့်ကို တစ်လမ်းလုံး ကျော်ဇေယျ တွေးသားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



“မင်း…နွေးနွေးကို လက်ထပ်ပါ ကျော်ကျော်”

ဟု တိုက်တွန်းသောစကားကို ထပ်ပြန်တလဲလဲ စဉ်းစားခြင်း ဖြစ်ပါ၏။

ကူးကူးကလည်း နွေးကိုချစ်သည်။

အန်တီစမ်းကလည်း နွေးကိုချစ်သည်။

နို့…မိမိကကော နွေးကို မချစ်ဘဲနေမိလို့လား…ချစ်နေမိ လား။

ꩤ ꩤ ꩤ





## အခန်း (၁၄)

ရဲစခန်းမှ အိမ်ခြံဝန်းထဲသို့ ပြန်ရောက်လာချိန်ဝယ် အိမ်ရှေ့ …လစ်ကာကားဘေးတွင် ဒေါ်ခင်မျိုးအောင်၊ ညီညီနှင့် ကူးကူးတို့ …နေသည်ကို တွေ့ရသည်။

သုံးယောက်စလုံး အဝတ်သစ်များလဲထားသည်ကို တွေ့ရခြင်း …တွက် သူတို့သုံးယောက် အပြင်သို့ သွားကြမည်မှန်းသိသာသည်။

“ဟော…ကိုကြီး ပြန်လာပြီ၊ ကျွန်တော် မမကို မြို့သစ်တစ်ဝိုက် လိုက်ပြပေးမလို့ ကိုကြီး၊ တကယ်တော့ ကျွန်တော် …ယ်တိုင်ကလည်း အခု ဒီဇင်ဘာကျောင်းပိတ်မှ ဒီကိုရောက်လာတာ …တော့ မြို့သစ်အကြောင်း ဘာမှသိပ်မသိဘူးလေ၊ ဒါကြောင့် …ကူးကို ခေါ်သွားမလို့”

ဒေါ်ခင်မျိုးအောင်က ညီညီနောက်တွင် ရပ်နေပါ၏။ ကူးကူး



www.burmeseclassic.com

www.burmeseclassic.com



က ဒေါ်ခင်မျိုးအောင်၏နောက်တွင် ရပ်နေသည်ကို ကျော်ဇေယျ လှမ်းကြည့်ရာ ကူးကူးသည် သူမ၏ ကိုကြီးကျော်ဇေယျအား မျက် တစ်ဘက် မှိတ်ပြသည်။

ဒီကောင်မလေး အကြောင်းတစ်ခုကြောင့် မိမိကို မျက်စိမှိ ပြမှန်း ကျော်ဇေယျ သဘောပေါက်သည်။ သို့သော် ဘာကြောင့်မှိ ပြမှန်းတော့ ကျော်ဇေယျ မသိ။

"အေး...ညီညီတို့ ထွက်တာ နည်းနည်းတောင် နောက်ကျ ပြီ...နေပူမိတော့မယ်၊ မြိုင်သာမြို့သစ်မှာက မြို့သစ်မို့ သစ်ပင်ေ ခုတ်လှဲပြီး အဆောက်အဦတွေ ဆောက်ထားလို့ နေရိပ်သိပ်မရှိ မူစရာရှိရင် သိပ်ပူတာယ်၊ တကယ်ဆို ညနေစောင်းလောက်မှ အ ထွက်လည်ဖို့ကောင်းတယ်၊ ဒေါ်ခင်မျိုးအောင်က ဒီမှာ ညအိပ်မှာ ဟာ"

"ကျွန်မ...ဒီမှာ ညမအိပ်တော့ပါဘူး ကိုကျော်ဇေယျ၊ ည လေးနာရီလောက် ကျောက်မဲကို ပြန်တော့မှာပါ"

"ချက်ချင်းကြီးပါလား၊ ဒီမှာ ညအိပ်ဖို့ အစီအစဉ်ကို ဘာ ချက်ချင်းပြောင်းသွားတာလဲ"

ကျော်ဇေယျသည် ဒေါ်ခင်မျိုးအောင် ချက်ချင်း နေချင်းပြ ဖြစ်သွားသည်မှာ မိကူးလက်ချက်ပင်ဖြစ်ရမည်ဟု တွက်မိသည်။ စောက မိမိကို မျက်စိတစ်ဘက်မှိတ်ပြထားသည်မဟုတ်ပါလား။





ကူးကူးကို ကျော်ဇေယျ လှမ်းကြည့်သည်။

မိကူးသည် သူနှင့် ဘာမှမဆိုင်သည့်ပုံစံမျိုးဖြင့် ကိုကြီးကျော် ယျကိုပင် ပြန်မကြည့်ဘဲ ဟိုကြည့်သလိုလို ဒီကြည့်သလိုလို လုပ် သည်ကို တွေ့ရသည်။

"ဟုတ်တယ် ကိုကျော်ဇေယျ၊ စောစောကပဲ ကျွန်မအိမ်ကို းဆက်လှမ်းမေးသေးတယ်၊ အဲဒီမှာ ကျွန်မ ညီမ တင်စိုးအောင်ကို အိပ်၊ ညစောင့်ပေးပါလို့ ပြောထားတာ၊ အခု...ညီမ တင်စိုးအောင် ညအိပ်စောင့်မပေးနိုင်တော့ဘူးတဲ့၊ ညနေကျရင် သီပေါကို ပြန်ရ ယ်ကိစ္စပေါ်လာလို့တဲ့၊ ဒါကြောင့် ကျွန်မ ညနေ ချက်ချင်းပြန်ရမှာ "

"အော်...အော်...ဒေါ်ခင်မျိုးအောင်မှာ ညီမ ဒေါ်တင်စိုးအောင် ိတာ ရှိနေသေးလား၊ တစ်အိမ်တည်း အတူတူနေကြတာမဟုတ်ဘူး သး"

"ဟင့်အင်း...ညီမ တင်စိုးအောင်က သီပေါက သူ့အရောင်း ယ်နဲ့ သူ့စီးပွားနဲ့ သူ နေတာပါ၊ အော်...ကူးကူးကို လမ်းပြအဖြစ် ါသွားမယ်နော်"

ကျော်ဇေယျ ခေါင်းညိတ်ပြသည်။

"အ်...နောက်တစ်ခုက ညနေ လေးနာရီ ကျွန်မကျောက်မဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရင် မော်မော့်ကို လိုက်ပို့ခွင့်ပြုဝါ ဒေါက်တာ၊ ညနေပိုင်းဆိုတော
ဒီလမ်းကို ညနေပိုင်း မပြန်ရဲလို့"

ညီညီ့ကို ကျော်ဇေယျ လှမ်းကြည့်ရာ ညီညီက ခေါင်းညိတ်
ပြသည်။

ထို့ကြောင့် သဘောတူလိုက်ပါ၏။

ပါဗလစ်ကာကို ညီညီက မောင်းသည်။ ကူးကူးက အလ
တွင်ထိုင်ပြီး ခေါ်ခင်မျိုးအောင်က ဘေးခုံးမှထိုင်ကာ ခြံထဲမှ ထော
ထွက်သွားကြပေတော့သည်။

ကျော်ဇေယျ နေရာမှာပင် ရပ်နေမိသည်။

စိတ်ထဲတွင် ဦးပွားပြောသည့် မင်း…နွေးနွေးကို လက်ထ
ပါဟု ပြောသည့်အသံကိုသာ ကြားနေမိသည်။

ကျော်ဇေယျ အားလုံးကို ဝေ့ဝိုက်ကြည့်လိုက်သည်။

ဦးပွားသည် ခြံကြီး၏ အဝေးတစ်နေရာတွင် ပန်းပင်သစ်
တွေကို ရေလောင်းနေသည်။

အန်တီစိမ်းကိုလည်း အရိပ်အရောင်ပင် မမြင်ရ။ ဘုရားခန်း
ဝင်နေဟန်တူသည်။

ညီညီနှင့် ကူးကူးလည်းမရှိ။

ယခု အခြေအနေတွင် ဂိုဒေါင်အပေါ်တွင် ရှိနေသော နွေး





သို့ ကျော်ဇေယျ သွားလိုစိတ်ကို မထိန်းတော့ဘဲ ဂိုဒေါင်လှေကား
အပေါ်သို့ ဖြည်းဖြည်းညင်းညင်း တက်ရောက်လာခဲ့သည်။

နွေးနွေးကို သူ တွေ့ပါ၏။

အခန်းထဲတွင် နွေးနွေးက တံခါးပေါက်ကို ကျောပေးထား
သောကြောင့် ကျော်ဇေယျ ရောက်လာသည်ကို နွေးနွေး သတိထား
မိဟန်မတူ။

"နွေး"

နွေးနွေး အထိတ်တလန့် ချာကနဲ လှည့်လိုက်သည်။ တံခါးဝ
တွင် ကျော်ဇေယျ ရပ်နေသည်ကို နွေးနွေး တွေ့သွားပြီး အံ့သြသော
အကြည့်လေးဖြင့် ကြည့်နေသည်။

သူမ ဒီဂိုဒေါင်အပေါ်ထပ်တွင် ပုန်းနေကြောင်း မည်သူကိုမျှ
မပြောရန် ဦးလေးပွားကို နှုတ်ပိတ်ထားပါလျက် အစ်ကိုကျော်ဇေယျ
ပြီး ရောက်လာသည်ကို အံ့သြသွားဟန်တူပေသည်။

"ဦးပွားက ကတိမတည်ဘဲ ဖွင့်ပြောတာမဟုတ်ပါဘူး နွေး၊
ကိုက နွေး ဒီအိမ်က ပျောက်သွားတာကို ရဲစခန်း သွားတိုင်မှာကို
တိုင်စေချင်လို့ ဦးပွားက နွေးကို တခြားထွက်မသွားဖို့ သူ့ဂိုဒေါင်
က ခေါ်ထားကြောင်း မပြောမဖြစ် ပြောလိုက်တာပါ"

ကျော်ဇေယျ အခန်းထဲသို့ ဝင်လာခဲ့သည်။ နွေးနွေးနှင့် မျက်နှာ
ချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးက စကားတစ်ခွန်းမှ ပြန်မပြောသေးပေ။

"ဒေါ်ခင်မျိုးအောင်ကို ညီညီနဲ့ ကူးကူးက ကားနဲ့ အပြင်လိုက် ပို့ကြတယ်၊ ဒီကနေ့ ညနေ လေးနာရီမှာ ဒေါ်ခင်မျိုးအောင် ကျောင်း ကို ပြန်ရောက်တော့မှာပါ နွေး"

နွေး မျက်နှာလေး ဝင်းလက်သွားပါ၏။

"တို့...အခု သူတို့အားလုံး မျက်ကွယ်ဖြစ်နေတုန်း နွေးဆီ တို့ ဘာလို့လာတယ်လို့ နွေး ထင်သလဲဟင်"

နွေးက မသိကြောင်း ဦးခေါင်းလေးရမ်းပြသည်။

"နွေး"

"အစ်ကို"

"တို့ နွေးကို လက်ထပ်ချင်တယ်၊ အဲဒါ နွေးက ခွင့်ပြုမလား ဟင်"

"ဟာ...အစ်ကို"

"အံ့သြသွားလား နွေး...လက်ထပ်ချင်တယ်...လက်ထပ်ခွင့် ပေးပါလို့ ပြောတာကတော့ လူကြီးဆန်ဆန် သိက္ခာပိုင်းအရ ပြော တာပါ နွေး...အမှန်အတိုင်း ရင်ထဲမှာ ရှိသလိုပြောရရင် ဒီနေ့မနက် အစောကြီး နွေး ထွက်သွားတယ်ဆိုတာ သိတာနဲ့ တို့ရင်ထဲမှာ နာ ကနဲ ခံစားရတယ်...ဒါဟာ တို့ရင်ထဲ နှလုံးထဲက နွေးကို ချစ်နေပြီ ဆိုတာ ထင်ရှားစေတာပဲ"





နွေးနွေး ဘာမှ ပြန်မပြောသေးဘဲ ကျော်ဇေယျအား ငေးကြည့် ကြည့်နေသည်။

"တို့က နွေးကို ချစ်မိပြီဆိုတာရော လက်ထပ်ခွင့်တောင်းတာ ရော ဖွင့်ဟပြီးပြီဆိုတော့ တို့ရဲ့ အတိတ်ဆိုးအကြောင်းကြီးကိုလည်း နွေးကို ဖွင့်ပြောသင့်ပြီလို့ တို့ယူဆတယ်...ဒါမှသာ တို့ဟာ နွေးလက် ခံနိုင်တဲ့လူလား...လက်မခံနိုင်တဲ့လူလား ဆိုတာ ထည့်စဉ်းစားနိုင် အောင်လို့လေ"

ကျော်ဇေယျ သူ့အတိတ်ဆိုးကို ဖြည်းဖြည်းချင်း ဖွင့်ပြောပြတော့ သည်။

"တို့...လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကျော်က မြင်ဦးလွင် ပြည်သူ့ ဆေးရုံမှာ လက်ထောက်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့တယ်... တာဝန်ထမ်းဆောင်လို့ တတိယနှစ်အရောက်မှာပဲ ချိုမီဆိုတဲ့ အမျိုး သမီးတစ်ယောက်နဲ့ တွေ့ဆုံရတယ်...ချိုမီရဲ့မိတ်ဆွေတစ်ဦးဟာ ကိုယ့် မိတ်ဆွေလည်းဖြစ်တာမို့ တို့နဲ့ ချိုမီကို မိတ်ဆက်ပေးရာက သိကျွမ်း သွားတာပဲ...အဲဒီနောက် ချိုမီနဲ့ တို့ဟာ ချစ်သွားကြတယ်လို့ပဲ တိုတို ပြောပါတော့...ချိုမီက သူ့ကို တရားဝင်လက်ထပ်ဖို့ ပြောလာတယ်... တို့ကလည်း ချစ်မိပြီမို့ တရားရုံးမှာ လက်ထပ်လိုက်ပါတယ်"

"အဲဒီလို လက်ထပ်လိုက်တာဟာ ချိုမီရဲ့ထောင်ချောက်ထဲ ကို မိသွားတာပဲ...လက်ထပ်ပြီးတာနဲ့ သွားကနဲ ချိုမီရဲ့ ပဏာမလင်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားဆိုသူ ရောက်လာတယ်…တို့ကို မယားခိုးမှုနဲ့ တရားစွဲ
လို့ ပြောလာတယ်…ချို့မီက တရားမစွဲစေချင်ရင် သူ့ယောက်ျား
ငွေဆယ်သိန်း လျော်ကြေးပေးရမယ်လို့ ဆိုလာတယ်”

ကျော်ဇေယျ သက်ပြင်းကြီး မှုတ်ထုတ်လိုက်သည်။

“တို့…ငွေဆယ်သိန်း ပေးလိုက်ရပါတယ်…မယားခိုးမှုနဲ့
တရားစွဲမခံရတော့ပေမယ့် ကျောက်မဲ၊ ပြင်ဦးလွင်တစ်မြို့လုံး သ
မျိုနဲ့သွားပြီး တို့ အကြီးအကျယ် အရှက်ကွဲခဲ့တယ်…ကိုယ့်အသိ
မိတ်ဆွေ
ပတ်ဝန်းကျင်ကို ရင်ဆိုင်မျက်နှာ မပြရဲတော့အောင် အရှက်ကွဲခဲ့
လေ”

“ငွေဆယ်သိန်းပေးလိုက်တယ်ဆိုတာ မချို့မီရဲ့ ပထမယော
ကို ပေးလိုက်ပြီး…အစ်ကိုနဲ့ မချို့မီက ဆက်ပေါင်းသင်းခွင့် ပြ
လား အစ်ကို”

“ဘယ်ဟုတ်မလဲ နွေး…အစကတည်းက တို့ကို ထောင်
တဲ့ကိစ္စပဲ…ငွေဆယ်သိန်းပေးတယ်ဆိုပေမယ့် ချို့မီကို သူက ကွာ
ပေးတာမှ မဟုတ်တာ…တို့အနေနဲ့ကလည်း သူ့ပထမ ယောက်ျ
ကွာရှင်းခွင့်ပေးတောင် ဆက်ပြီး တို့က ပေါင်းချင်တော့တာမှ မဟု
ဘဲ…တို့ကို လိမ်ညာပြီး လက်ထပ်တာကိုလည်း တို့ သိပ်နာကြ
တယ်…လင်ရှိမယားတစ်ယောက်ဖြစ်နေလို့လည်း တို့ လုံးဝ လက်
နိုင်တော့ဘူး…ချို့မီကို တို့ကပဲ တရားဝင် ပြန်ပြီးကွာရှင်းလိုက်တယ်





နောက်တစ်ခုရှိသေးတယ် နွေး”

ကျော်ဇေယျက ဆက်မပြောသေးဘဲ ပြောသင့် မပြောသင့်
ချိန်ဆနေသေးသည်။ ချိန်ဆပြီးမှ ပြောသင့်သည်ဟု ဆုံးဖြတ်ပြီး ဆက်
ပြောသည်။

“နွေး ယုံချင်မှ ယုံပါ…တို့ဟာ နဂိုကတည်းက ကိုယ်နဲ့
လက်ထပ်မယ့် မိန်းကလေးဟာ တရားဝင်လက်ထပ်ပြီးမှ အနေအထိုင်
လွန်ကဲမယ်လို့ ဆုံးဖြတ်ထားခဲ့ပါတယ်…တို့နဲ့ချို့မီဟာ ချစ်ကြပြီဆို
ပေမယ့် တို့ အနေအထိုင် မလွန်ကဲခဲ့ဘူး… မမှားယွင်းခဲ့ဘူး…စောင့်
ထိန်းနိုင်ခဲ့ပါတယ်…အဲ တရားရုံးမှာ လက်ထပ်တဲ့နေ့ကျတော့လည်း
လက်ထပ်ပြီးတရားရုံးပေါ်က ဆင်းတာနဲ့ လူပုံအလယ်မှာ ချို့မီရဲ့
ယောက်ျား ဘွားကနဲ ပေါ်လာပြီး “အဲဒီလိုအချိန်ကစလို့ ချို့မီနဲ့တို့
ကွဲကွာသွားတာပါ…ချို့မီဟာ တို့ရဲ့တရားဝင်ဇနီး အမည်ခံထားရှိတယ်၊
တို့ အနေနဲ့ ချို့မီကို လုံးဝ မပေါင်းသင်းခဲ့ပါဘူး…အဲဒါ နွေးယုံချင်မှ
ယုံ…မယုံလည်း ပုံပြင်လို့မှတ်ပေါ့…

အဲ…ဘယ်လိုပဲဖြစ်ဖြစ် တို့ အခုလက်ရှိဘဝကတော့ တစ်ခု
လပ်ဘဝလို့ ခေါ်ရမှာပဲ နွေး”

နွေးက ပြန်လည် ပြောကြားလာပါ၏။

“ဒီအိမ်ကို နွေးရောက်ပြီး ရက်ပိုင်းအတွင်းမှာပဲ အစ်ကိုရဲ့
အတိတ်မှာ မချို့မီဆိုတဲ့ မိန်းကလေးတစ်ယောက်ရှိခဲ့ကြောင်း သိထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါတယ်…အဲဒီ မချိုမီကြောင့်တော့ အစ်ကို့အပေါ်မှာ နွေး ဘယ်လိုမှ ကို စိတ်ထဲမှာ မှတ်ထားတာ လုံးဝ မရှိပါဘူး အစ်ကို"

"ဒါဆို…အခု တို့ဖွင့်ပြောတဲ့ လက်ထပ်ဖို့ကိစ္စရော နှလုံးသား ခံမတ္တာကိစ္စရော နွေး ဘယ်လိုဆုံးဖြတ်မလဲ"

"အခုလောလောဆယ်မှာတော့ နွေး မဖြေပါရစေနဲ့ဦး အစ်ကို အခုအချိန်အတွင်း နွေးမှာ ကိုယ့်ဒုက္ခနဲ့ကိုယ်ဖြစ်နေလို့ပါ…နှလုံးသား မေတ္တာနဲ့ ပတ်သက်တာတွေ လက်ထပ်တာတွေ နွေး မလုပ်သင့်သေး တဲ့ အချိန်မို့ပါ အစ်ကို…ဒီကိစ္စကို နွေးရဲ့ကိစ္စတွေပြီးမှ ပြန်ဆက်ပြ ပါစို့လားဟင်"

"ရတယ်လေ နွေး…အခုဟာက တို့ရင်ထဲမှာ ဖြစ်နေတာ တို့မှာ ရှိနေတဲ့ဆန္ဒကိုသာ ဖွင့်ပြောတာပါ…အေးအေးဆေးဆေးပဲ… တို့လိုလူကို လက်ခံသင့် မခံသင့် နွေး စဉ်းစားပါ"

နွေးနွေးက တစ်ခုခု ပြန်ပြောမည်ဟု ပါးစပ်ပြင်လိုက်စဉ်မှာ ပင် အပြင်ဘက်မှ အသံတစ်ခု ထွက်လာပေသည်။

"အော်…ဒီမယ် ကျော်ကျော်"

ဦးပွားက အပြင်ဘက်တွင် ရပ်ပြီးပြောခြင်းဖြစ်ပါ၏.

"မင်းဆီကို စခန်းမှူး ကိုနေအောင်ဆီက ဖုန်းလာနေတယ်— အဲဒါ ငါ ဘာပြန်ပြောလိုက်ရမလဲ…အခု ဖုန်းကိုင်ထားပါလို့ ငါပြော ထားခဲ့တယ်"





"ကိုနေအောင်ဆိုရင် ကျွန်တော်ပြောမယ် ဦးပွား…အခုပဲ ကျွန် တော် အိမ်ကြီးဆီကို သွားလိုက်မယ်"

"တို့သွားမယ် နွေး…ဒေါ်ခင်မျိုးအောင် ပြန်သွားတာနဲ့ နွေး အိမ်ကြီးပေါ်ပြန်လာနော်"

နွေးနွေး ခေါင်းညိတ်ပြသည်။

အစ်ကို ကျော်ဇေယျ ထွက်သွားသည်ကို ငေးကြည့်ကျန်ခဲ့ သည်။

ကျော်ဇေယျသည် အိမ်ကြီးဆီသို့ သွက်သွက် ရောက်သွားကာ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"ပြော…ကိုနေအောင်…ကျွန်တော် ကျော်ဇေယျပါ"

"ဩ…ဒီလိုဗျ ဒေါက်တာ…ဒေါ်ခင်မျိုးအောင်ကိစ္စက ပြဿနာလိုလို ပဟေဠိလိုလို ဖြစ်လာလို့ ဒေါက်တာ့ဆီ ဖုန်းဆက်ပြော တာ"

"ဆိုပါဦး"

"ဒေါက်တာရဲ့ ညီနဲ့ ညီမလေးရယ်၊ ဒေါ်ခင်မျိုးအောင်ရယ် ဒါဗလစ်ကာ ကားနဲ့သွားတာကို ကျွန်တော် တာဝန်ပေးထားတဲ့ ရဲကြပ် ကြီးက ရှဲနိုးလိုက်ပြီးပြီဗျ…ရဲကြပ်ကြီးက ကျွန်တော့်ဆီ ချက်ချင်း ဖုန်းဆက်ပြီး သတင်းပို့တာ…သတင်းက ရယ်စရာတော့ ဖြစ်နေပြီ ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ရယ်စရာကောင်းတာလဲဗျာ"

"အခု ညီညီနဲ့ တွဲပြီး ပါဗလစ်ကာနဲ့ သွားတဲ့ ဒေါ်ခင်မျိုးအောင်ဟာ အရင်တစ်ခါ ဂျစ်ကားနဲ့တွေ့တဲ့ ဒေါ်ခင်မျိုးအောင် မဟုတ်ဘူးတဲ့ဗျ"

"ဗျာ…ဗျာ…အဲဒါ ကျွန်တော် နားမရှင်းဘူး…ကိုနေအောင်ရှင်းအောင်ထပ်ပြောပါဦး"

"ဒီလိုဗျာ…အခု ဒေါက်တာတို့ အိမ်လာတဲ့ ဒေါက်တာခင်မျိုးအောင်ဟာ မနေ့နေ့ လမ်းဘေးလဲကျတဲ့နေ့က ဂျစ်ကားနဲ့ရောက်လာတဲ့ ဒေါက်တာခင်မျိုးအောင် မဟုတ်ဘူး…အခုဟာက တစ်ခြားတစ်ယောက်ဖြစ်နေတယ်တဲ့"

"အရင်တစ်ခေါက် ဂျစ်ကားနဲ့လာတုန်းက ရဲကြပ်ကြီးကိုယ်တိုင် ယာဉ်မောင်းလိုင်စင်ကို စစ်ခဲ့တာ…ဒေါက်တာခင်မျိုးအောင်ပါတွေ့ထားတာ မဟုတ်လား ကိုနေအောင်…ယာဉ်မောင်းလိုင်စင်မှာပိုင်ရှင်ဓာတ်ပုံပါတာပဲ…ရဲကြပ်ကြီးက အဲဒီတုန်းက ယာဉ်မောင်းလိုင်စင်မှာ ဒေါက်တာ ဒေါ်ခင်မျိုးအောင်ရဲ့ ဓါတ်ပုံကို မြင်ဘူးပြီးသားပဲ…အခု ကျွန်တော်တို့ အိမ်လာတာလည်း ဒေါက်တာ ခင်မျိုးအောင်ပဲ"

"အင်း…ဒေါက်တာပြောတာ နည်းလမ်းတော့ ကျပါတယ်ဒါပေမယ့် တစ်ခါတစ်လေ ဒီနေရာမှာ ကွဲလွဲချက်တွေ ရှိတတ်တယ်ဒေါက်တာ"





"ဘယ်လို ကွဲလွဲချက်လဲ ကိုနေအောင်"

"ယာဉ်မောင်းလိုင်စင်ထဲက ဓါတ်ပုံရုပ်ဟာ တစ်ချို့တစ်လေမှာတော့ အပြင်ရုပ်နဲ့ ကွဲလွဲနေတာမျိုးတွေ ရှိတတ်တယ်…တစ်ချက်ကတော့ ယာဉ်မောင်းလိုင်စင်ထဲက ဓါတ်ပုံဟာ အဖြူအမည်း ဓါတ်ပုံမျိုးပဲ…တစ်ချို့ဆိုရင် ရုပ်ပုံပေါ်ပြီးရောဆိုပြီး ဆယ်မိနစ်အမြန်၊ ဆယ့်ငါးမိနစ်အမြန် ဓါတ်ပုံနဲ့တောင် ယာဉ်မောင်းလိုင်စင်မှာ ကပ်ကြတယ်…အဲဒီလို ဓါတ်ပုံမျိုးတွေကျတော့ မျက်နှာကြီးအစ်နေတာတို့ ဖောင်းနေတာတို့ စတဲ့ အပြင်ရုပ်နဲ့ မတူတာမျိုးလည်း ရှိတယ်…နိုင်ငံသားမှတ်ပုံတင်ကတ်ပြားတွေမှာလည်း အဲဒီလို ဖြစ်တတ်တယ်"

"အင်း…အဲဒါမျိုး ရှိတတ်ပါတယ်"

"နှစ်အချက်က ကျွန်တော်တို့ မြို့နယ်တစ်ချို့မှာ ယာဉ်မောင်းလိုင်စင်ဟာ ဟိုတုန်းက ထုတ်ပေးထားတဲ့ ယာဉ်မောင်းလိုင်စင်စာအုပ်ပုံစံပဲရှိသေးတယ်…လိုင်စင်ယူစဉ်က ကပ်ထားတဲ့ဓါတ်ပုံဟာ တစ်နှစ်တစ်ကြိမ် သက်တမ်းတိုးရေးပြီး လက်မှတ်ထိုးပေးတယ်…အဲဒီလိုလိုင်စင်စာအုပ်ကျတော့ ငါးနှစ်ကြာလည်း ပထမဆုံးကပ်ထားတဲ့ဓါတ်ပုံ…အပြင်ရုပ်က ငါးနှစ်ကြာရင် တစ်မျိုးပြောင်းလဲသွားနိုင်တာပဲဒေါက်တာ"

ကျော်ဇေယျက စခန်းမှူး ကိုနေအောင် ရှင်းပြသည်ကို လက်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ အခုရောက်လာတဲ့ ဒေါ်ခင်မျိုးအောင်ဟာ တကယ် ပဲ ဒေါက်တာ ခင်မျိုးအောင် အစစ်ဖြစ်တယ်ဆိုရင် ပထမအခေါက် ဂျစ်ကားနဲ့ လာခဲ့တဲ့ အမျိုးသမီးဟာ အတုဖြစ်တယ်လို့ ကျွန်တော် တွေးကြည့်ဘယ်…အဲဒီ ဒေါ်ခင်မျိုးအောင်အတုဟာ ဒေါက်တာခင်မျိုး အောင်အစစ်ရဲ့ ယာဉ်မောင်းလိုင်စင်ကို ယူလာမောင်းလာပြီး ရဲကြ ကြီး စစ်ဆေးတဲ့အခါမှာ အဲဒီလိုင်စင်ကို ထုတ်ပြတာဖြစ်နေမလား တွေးစရာပဲ…ဒီတော့ ရဲကြပ်ကြီးအနေနဲ့ လိုင်စင်ထဲက ဓါတ်ပုံရှိ ဂျစ်ကားမောင်းလာတဲ့ အမျိုးသမီးရုပ် တူတယ်လို့ပဲ ထင်လိုက်မှာ နဲ့ဒေါက်တာ…အရွယ်ချင်းတူမယ်…ဖြီးလိမ်း ဆင်ယင်ပုံချင်းတူမယ် ဆိုရင် လူချင်းလည်း လိုင်စင်ဓါတ်ပုံထဲမှာ တူသယောင်ယောင် ရှိ တာကိုး"

"အား…အား…ဟုတ်ပြီ…ကိုနေအောင် အဲဒီလိုပြောမှ ကျွန် တော် အခု တိုက်ဆိုင်ပြီး သတိရတာ ပြောပြမယ်"

"ပြောပါဒေါက်တာ"

"အခု ကျွန်တော်တို့ အိမ်လာတဲ့ ဒေါက်တာခင်မျိုးအောင်မှာ ညီမရင်း ဒေါ်တင်စိုးအောင်ဆိုတာ ရှိတယ်တဲ့…အဲဒီ သူ့ညီမ ဒေါ်တ စိုးအောင်က သီပေါမှာ နေတာတဲ့…ဒီတော့ အစ်မဆိုတော့ ရုပ်ချင်း တူတာ ရှိနိုင်တာပေါ့"

"အိုကေ ဒေါက်တာ…ဒါဆို သဲလွန်စ တစ်ခု ထပ်ရတာပဲ





အဲဒီ သီပေါက ဒေါ်ခင်မျိုးအောင်ရဲ့ညီမ ဒေါ်တင်စိုးအောင်ဆိုတာကို ကျွန်တော် ထပ်စုံစမ်းမယ်"

နှစ်ဦးစလုံး ဖုန်းပြန်ချလိုက်ကြသည်။

မွန်းလွဲ သုံးနာရီလောက်တွင် ဒေါက်တာဒေါ်ခင်မျိုးအောင်နှင့် ညီညီ ကူးကူး တို့ပြန်ရောက်လာကြသည်။

ညနေ(၄)နာရီတွင် ဒေါက်တာဒေါ်ခင်မျိုးအောင် ကျောက်မဲ သို့ သူမ၏ ပါဇလစ်ကာ ကားနှင့် ပြန်မည်။

မြင်သာမြို့သစ်မှ ကျောက်မဲသို့ ညနေပိုင်းဆိုလျှင် လူသွား လူလာသိပ်ပြတ်သောကြောင့် မော်ဇေယျအား အဖော်လိုက်ပေးရန် ဒေါ်ခင်မျိုးအောင်က ကျော်ဇေယျထံ ခွင့်တောင်းသည်။

ညီညီကပင် ဝင်ပြောပါ၏။

"ကျွန်တော် အိမ်က လင်းရိုဗာကားမောင်းပြီး မမရဲ့ကားနောက် က လိုက်သွားမယ် ကိုကြီး…ကျောက်မဲမှာ ည မအိပ်ချင်ဘူး…မမ ကျောက်မဲကို ရောက်ပြီးတာနဲ့ အိမ်ကို ကျွန်တော် ပြန်မောင်းလာမယ်… ကျွန်တော် မောင်းရင် နေမဝင်ခင် ဒီကို ပြန်ရောက်မှာပါ ကိုကြီး"

ကျော်ဇေယျ သဘောတူ ခွင့်ပြုသဖြင့် ညနေ (၄)နာရီတွင် ဒေါက်တာခင်မျိုးအောင် ကျောက်မဲသို့ ပြန်သွားပေတော့သည်။

ဒေါ်ခင်မျိုးအောင်တို့ ထွက်သွားပြီးမှ ကျော်ဇေယျက ကူးကူး ကို မေးပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…မိကူး…နှင့် မမနွေးဟာ ဘယ်မှ ထွက်ပြေးမသွားဘူး…မနက်အစောကြီး အိမ်က ထွက်ပြေးမယ်အလုပ် ဦးဖွားနဲ့တွေ့ပြီး ဦးဖွားက ညီသည်ကို ရှောင်ဖို့ဆိုရင် ဘယ်မှ သွားစရာ မလိုဘူး… သူ့ကားဂိုဒေါင်အပေါ်မှာပဲ နေလို့ ပြောပြီး ခေါ်ထားလိုက်တာပဲ… ကဲ…ကူးကူးရဲ့ မမနွေးကို သွားခေါ်ပေတော့…"

"တကယ်…အဟုတ်…"

ဟု ကူးကူးက ဝမ်းသာအားရပြောပြီး ကားဂိုဒေါင်ဆီသို့ ခုန်ပေါက်ပြေးသွားပေတော့သည်။

တစ်ခဏအတွင်းမှာပင် ကူးကူးနှင့်အတူ နွေးနွေး ပြန်လိုက်ပါလာသည်။

အိမ်ကြီးတွင် အားလုံး တပျော်တပါးကြီး ပြန်ဖြစ်သွားပေတော့သည်။

ညနေ (၆)နာရီထိုးပြီးစမှာပင် ညီညီ ပြန်ရောက်လာသည်။ ကျောက်မဲတွင် မော်တော်ကားစက်ကိုပင် မရပ်ဘဲ ဒေါ်ခင်မျိုးအောင် အိမ်ရှေ့ရောက်သည်နှင့် ချက်ချင်း ပြန်ကွေ့မောင်းလာသည်ဟု ပြောသည်။

ဒေါက်တာခင်မျိုးအောင်က ကျောက်မဲမှာပင် တစ်ညအိပ်ရန် နှင့် အပြန်ကို ညီညီတစ်ယောက်တည်း စိတ်မချကြောင်း ပြောသေးသည်။ ညီညီက ဇွတ်ပြန်လာခြင်းဖြစ်ပါ၏။





မော်ဇေယျ အိမ်ရောက်သည်နှင့် နွေးနွေး ရောက်နေသည်ကို တွေ့ပြီး အံ့သြဝမ်းသာပေသည်။ ကူးကူးကပင် မမနွေး ဝရမ်းပြေးကာ အိမ်ထဲက ကားဂိုဒေါင်အပေါ်ထပ်မှာပင်ပါ သူမ၏ ကိုယ်အား အားရပါးရ ပြန်ပြောပါ၏။

ည (၈) နာရီလောက် ညစာအားလုံးစားသောက်ပြီး ဧည့်ခန်းမှာ ဝိုင်းထိုင်နေစဉ်မှာပင် တယ်လီဖုန်း မြည်သည်။

မော်ဇေယျ တယ်လီဖုန်း သွားကိုင် နားထောင်ပါ၏။

တစ်ခဏပြောပြီး ကျော်ဇေယျ ပြန်လာထိုင်သည်။

"ကျောက်မဲ အဝေယျာဆေးတိုက်က ကိုကြီးမှာထားတဲ့ ဆေးတွေရပြီတဲ့…အဲဒါ မနက်ဖြန် မနက် (၈) နာရီ မန္တလေးကို မိသားစု သွားမှာမို့ ဆေးခန်းပိတ်ထားခဲ့မှာမို့ပါတဲ့"

ည (၉) နာရီထိုးပြီးနောက် အားလုံး အသီးသီး အိမ်ရာဝင်ကြလေတော့သည်။

မော်ဇေယျ အိပ်ရာမှ ထသောအချိန်တွင် တစ်အိမ်လုံးတွင် မိမိတစ်ယောက်တည်းရှိနေသလားဟု မှတ်ထင်ရသည်။

ကိုကြီးနှင့် ဦးလေးဖွား ကျောက်မဲသို့ ဆေးတွေ ယူရန်သွားကြပြီ။

ကူးကူး စာကျက်သံတော့ ကြားနေရသည်။ သူမ၏အိပ်ခန်း စားပွဲတွင် ကျက်နေခြင်းဖြစ်မည်။ ကူးကူး စာမေးပွဲကြီးနီးလာပြီမို့ ကျောင်းစာဘက်တွင် ဖိအားပေးလာသည်ပဲ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"အနံ့တီစမ်းနှင့် နွေးနွေးတို့ မီးဖိုကဲ့သွင် ရှိသည့် ထင်သ
မီးဖိုထဲမှ အသံတစ်ချို့ကြားနေရသည်။

မော်ဓေယျ ကိုယ်လက်သန့်စင်ပြီး ထွက်လာကာ ထမင်း
ပွဲပေါ်တွင် အသင့်ပြင်ထားသော ကော်ဖီ၊ မုန့် စသည်တို့ကို
သောက်သည်။

စားသောက်ပြီး ညှိခန်းဘက်သို့ ထွက်လာခဲ့သည်။ ညှိ
ထဲတွင် ဟိုလိုလို ဒီလိုလို လျှောက်နေရင်း မော်မော်၏ မျက်
ကိုကြီးကျော်ဓေယျ၏ တုတ်ကောက်စင်ဆီသို့ ရောက်သွားသ

ကိုကြီးသည် လမ်းလျှောက်ဝါသနာပါသူပီပီ ပြည်တွ
တုတ်ကောက်အမျိုးမျိုးကို တွေ့သည့်နေရာတွင် ဝယ်ယူခဲ့ပြီး
ညှိခန်းထောင့် တုတ်ကောက်စင်တွင် တရီတသေစီ ကန့်ထား

သို့ပေမယ့်...ယခု ဒီဇင်ဘာကျောင်းပိတ်၍ မိမိ အိမ်
သည့်နေ့မှစ၍ ကိုကြီး တုတ်ကောက်ကိုင် နံနက်စောစော လမ်း
သည်ကို မတွေ့ရ။ အိမ်ခြံထဲမှာပင် နေ့စဉ် လှေ့ကျင့်ခန်း ယူ
ကို တွေ့ရသည်။

မော်မော်က တုတ်ကောက်တွေ တစ်ချောင်းပြီးတစ်ချောင်း
ကြည့်ကာ လမ်းလျှောက်ရလျှင် ကောင်းမည်လားဟု စဉ်းစားနေ

"အဲ...ဒီ တုတ်ကောက်မှာ အနီတွေ ပေနေပါလား...
ပေနေပြီး ခြောက်သွားသလား မသိဘူး...ကိုကြီးလာမှ မေး





ယ်...ကိုကြီးက သူ့တုတ်ကောက်တွေဆို ဒီလို ပေပေကျံကျံရှိတာ
ကြိုက်တာ မဟုတ်ဘူး"

"ပေး...ကိုမော်မော်...အဲဒီ တုတ်ကောက် နွေးနွေးကို ပေး"

နွေးနွေးသည် မီးဖို ထမင်းစားခန်းမှာ ဘယ်အချိန်က ထွက်လာ
သည်မသိ။ မော်ဓေယျရှိရာ တုတ်ကောက်စင်သို့ ရောက်လာပြီး သွေး
ခြောက်တွေ ပေကျံနေသော ပိတောက်သား တုတ်ကောက်ကိုင်ကြည့်
နေသည်ကို မော်ဓေယျလက်မှ တုတ်ကောက်ကို ဆတ်ကနဲ ဆွဲယူလိုက်
သည်။

မော်ဓေယျကလည်း အရေးကြီးသော ကိစ္စ မဟုတ်သဖြင့်
ပိတောက်သားတုတ်ကောက်ကို နွေးနွေးလက်သို့ အလွယ်တကူပင်
ထွတ်ပေးလိုက်သည်။

"နွေးနွေးက ဒီတုတ်ကောက်ကို ဘာလုပ်မလို့လဲ"

"ပေကျံနေတာတွေ ရေဆေး ပေးမလို့ပါ...ကိုကြီးက သူ့တုတ်
ကောက်တွေဆိုရင် အမြဲတမ်း သိပ်ရှိနေတာ မဟုတ်လား"

ပြောပြောဆိုဆို နွေးနွေးသည် ပိတောက်သားတုတ်ကောက်ကို
ယူကာ ပြန်လှည့်ထွက်သွားသည်။

မော်ဓေယျသည် နွေးနွေး၏ နောက်ပိုင်းအလှကို ငေးကြည့်နေ
မိသည်။

ခုနက တုတ်ကောက် မိမိလက်မှ နွေးနွေး လုယူလိုက်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



နွေးနွေး မျက်နှာနှင့် နီးကပ်စွာရှိသွားပြီး နွေးနွေး၏ မျက်နှာအ

အနီးကပ်မြင်ရရုံမက နွေးနွေး၏ အငွေ့အသက်တို့ပင် သူ့မျက်

ရိုက်ခတ်သွားသည်။

ပြီး…နွေးနွေးက သူ့အား ဘယ်ပုံစံနှင့်မှ တုံ့ပြန်မှု မ

ကိုလည်း မော်မော့်ရင်ထဲတွင် မချင့်မရဲဖြစ်ရလွန်းသည်။

မော်ဇေယျ သူ့စိတ်ကို မထိန်းနိုင်တော့ဘဲ လွှတ်ပေးလိုက်

စိတ်ရိုင်းတွေ တစ်မုဟုတ်ချင်း ဝင်လာသည်။

ဘာကိုမှ မဆင်ခြင်တော့ဘဲ နွေးနွေးနောက်သို့ပြေးလို

ကာ နောက်မှ နေပြီး နွေးနွေး၏ ကိုယ်လုံးလေးကို သိမ်းကျုံး

လိုက်သည်။

"ဟင်…ကြည့်စမ်း…လွှတ်…လွှတ်…"

"မလွှတ်ဘူး နွေးနွေး…တို့ နွေးနွေးကို သိပ်ချစ်သွ

"အို…မရဘူး…မရဘူး…ဒီလိုလုပ်တာ နွေး လုံးဝ

ဘူး…လွှတ်နော်…လွှတ်…"

"မလွှတ်ဘူး…"

မလွှတ်ရုံမက မော်ဇေယျသည် နွေးနွေး၏ မျက်နှာကို

ရှုတ်ကြိုးစားတော့သည်။

"ဒါ…ဘာလုပ်တာလဲ မော်မော်…မင်း အပြုအမူ

မိုက်ရိုင်းနေပြီ"





အန်တီစမ်း၏ အနီးကပ်ပြောလိုက်သည့် အသံထွက်လာသည်။

အန်တီစမ်း၏ အနီးကပ်ပြောလိုက်သံကြားမှ မော်ဇေယျသည်

င်တိယောင်ကန်းဖြင့် နွေးနွေးကို လွှတ်ပေးလိုက်သည်။

နွေးနွေးသည် အန်တီစမ်းရင်ခွင်ထဲသို့ ပြေးဝင်ခေါင်းတိုးကာ

ိုက်တော့သည်။

အန်တီစမ်းသည် အတည်အကြည် မျက်နှာနှင့်ပင် မော်ဇေယျကို

ပြောသည်။

"မင်းအနေနဲ့ ပထမဆုံး…မင်းအစ်ကိုကြီး ကျော်ကျော်နဲ့

နွေးရဲ့ အခြေအနေမှန်ကို လေ့လာအကဲခတ်ဖို့ကောင်းတယ် မော်

…မင်းရင်ထဲမှာ နွေးနွေးကို တကယ်မေတ္တာရှိရိုးမှန်ရင် ပထမဦး

န်တီစမ်းနဲ့ မင်းအစ်ကိုကြီး ကျော်ကျော်ကို ဖွင့်ပြောရမယ်…အဲဒီ

ာစ်ဆင့် နွေးနွေးရဲ့ သဘောထားကို မေးမြန်းပြီး သင့်သလို

စီစဉ်ပေးနိုင်တယ်…အခုတော့…"

"ဟာဗျာ"

မော်ဇေယျ အရမ်းရှက်သွားသည်။

အန်တီစမ်း၏စကားကိုပင် ဆုံးအောင် နားမထောင်တော့ဘဲ

ကောက်စင်မှ လက်လှမ်းမီရာ တုတ်ကောက်တစ်ချောင်းကို ဆွဲ

မ်တံခါးမှ ခြံထဲပြေးဆင်းသွားပြီး ခြံတံခါးကို ဖွင့်ကာ အပြင်

ခုန်ရှုးထိုး ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံတံခါးကိုပင် ပြန်မပိတ်။

သူခွဲမိခွဲရာ ခွဲသွားသော တုတ်ကောက်မှာ သူကိုယ်တိုင် သူ့ကိုကြီးအား ပေးထားသော တုတ်ကောက်ဖြစ်နေပါ၏။

နွေးနွေးအား အန်တီစမ်းက ပြန်ဖက်ပြီး ချော့မော့နှစ်သိမ့် စဉ်မှာပင် မော်မော်သည် အိမ်အပြင်ဘက် ခြေဦးတည့်ရာသို့ လျှော ခဲ့တော့သည်။

ထိုအချိန်မှာပင်…

မော်ဇေယျ အိမ်အပြင်သို့ ထွက်သွားသည်ကို အိမ်နှင့်မလှမ်း မကမ်းနေရာ သစ်ပင်အုပ်ထဲအောက်တွင် ရပ်ထားသည့် ဂျစ်ကားပေါ် လူသုံးယောက်က လှမ်းကြည့်နေပါ၏။

ဂျစ်ကားရှေ့ခန်းတွင် သုံးယောက်စလုံး ထိုင်ကြည့်နေကြခြ ဖြစ်သည်။ ဂျာကင်ကိုယ်စီ ဘောင်းဘီကိုယ်စီ ဝတ်ထားသည်။

မော်ဇေယျ အလှမ်းဝေးသွားသည်နှင့် ဂျစ်ကားကို မော်ဇေယျ အိမ်ခြံဝန်းထဲသို့ မောင်းဝင်သွားသည်။

မောင်းသူတစ်ယောက် ကားပေါ်နေခဲ့ပြီး ကျန်နှစ်ယောက်က အိမ်ကြီးဆီသို့ ဝင်သွားသည်။ မော်ဇေယျအိမ်မှ ထွက်သွားစဉ် အိ တံခါးရော ခြံတံခါးရော ဖွင့်ထားသောကြောင့် ဂျစ်ကားနှင့်လူတွေ အလွယ်တကူ ဝင်သွားနိုင်ခြင်းဖြစ်ပေသည်။

မော်ဇေယျသည် ခြေဦးတည့်ရာ လျှောက်ရင် လမ်းလျှောက်





သက်ကိုင်ပေါ်ရှိ ခလုပ်တစ်ခုကို နှိပ်လိုက်သည်။ တုတ်ကောက် ရှည်ထွက်လာပါ၏။

တုတ်ကောက်ကို ထောက်ပြီး တစ်လှမ်းချင်းလျှောက်ရင်း မော် စဉ်းစားသည်။

“ငါ…မှားသွားပြီ…အန်တီစမ်း ပြောတာတွေ ငါ အများ စဉ်းစားသင့်တယ်…ငါက အခုမှ ကျောင်းပိတ်လို့ အိမ်ပြန်လာ …နွေးနွေးက ငါ့ယက်စောပြီး အဲဒီအိမ်ကို ရောက်နေတာ…ပြီးတော့ နွေးဟာ ကိုကြီးကိုယ်တိုင် အသက်ကယ်ထားတဲ့ မိန်းကလေး… ကယ်ဆို ကိုကြီးနဲ့ နွေးနွေးဟာ ဘယ်လောက် အတိုင်းအတာအထိ ခင်နေကြပြီလဲဆိုတာ ငါ ပထမ လေ့လာသင့်တယ်…ငါ ထင်မိ တာ ကိုကြီးဟာ မိန်းမချော မိန်းမလှတွေကို မုန်းတယ်…နာကြည်း ယ်…ဒါကြောင့် နွေးနွေးနဲ့လည်း ပတ်သက်စရာ ရှိမယ် မဟုတ်ဘူး ငါ့ဟာငါ အထင်နဲ့ ဆုံးဖြတ်မိတာ…အခု အန်တီစမ်း ပြောပုံ ရင် ကိုကြီးနဲ့ နွေးနွေးဟာ ဘာလိုလို သဘောတောင် ရှိနေတယ်…”

“နောက်တစ်ချက် ငါထပ်မှားတာက နွေးနွေးကို တစ်ခြား းကလေးတွေလိုပဲ လျှော့တွက်မိတယ်…နွေးနွေးက တစ်ခြားမိန်းက လေးတွေနဲ့မှ မတူတာ…ငါက သူ့အပေါ် မေတ္တာမိုး မေတ္တာရိပ်ပြဲပေ ယ်…သူ့ဆီက ကိုယ်အမူအရာ မျက်နှာအမူအရာ နှုတ်အမူအရာတွေ က ငါ့ကို တုံ့ပြန်မှုတစ်ခုမှ မပေးခဲ့တာပဲ…ငါ နွေးနွေးကို ပေါ့ပေါ့ တွက်မိတယ်…”



www.burmeseclassic.com

www.burmeseclassic.com



"နွေးနွေး သဘောမတူရင် မင်း အနိုင်ကျင့်ရာရောက်နေပြီ လို့ အန်တီစမ်းက ပြောတယ်…ဟုတ်တယ်…နွေးနွေးကို ငါ အနိုင် ကျင့်ရာရောက်သွားတယ်…သူ့ခမြာ ဒုက္ခတစ်ခုနဲ့ရင်ဆိုင်ရလို့ ငါ့အိမ် မှာ အားကိုးအားထားလာနေတာ…ရေနစ်သူကို ငါ ဝါးကူနစ်သလို ဖြစ်နေပြီ…"

"ငါ…ပြန်ပြီး တောင်းပန်ရမယ်…နွေးနွေးကို ငါတောင်းပန် ရင် ငါလည်း မန္တလေးကျောင်းကို ပြန်တော့မယ်…ဒေါ်ခင်မျိုးအောင် တ်သက်ပြီး 'စိမ်း'ကို ငါပြောစရာတွေလည်း ရှိနေတယ်…ပြန်မှ မယ်…"

မော်ဒေယျ ဒီအတွေးတွေ ဝင်လာသည်နဲ့ လမ်းဆက်မလျှောက် တော့ဘဲ နွေးနွေးကို တောင်းပန်ရန် အိမ်ဆီသို့ ပြန်လာခဲ့သည်။

အိမ်အဝင်တွင် မော်ဒေယျ အမြင်ထူးခြားနေသည်။ အိမ်ရှေ့ တွင် ဂျစ်ကားတစ်စီး ရပ်ထားသည်။ ဂျစ်ကားပေါ်တွင် မောင်းသူ တစ်ယောက်တည်း ထိုင်နေသည်။ ဂျစ်ကားကိုလည်း စက်နှိုးထားသည်။

ခြံထဲသို့ မော်ဒေယျဝင်လိုက်သည်နှင့် ဂျစ်ကားပေါ်ထိုင်နေသူ က ပွမ်…ပွမ်…ပွမ်…နှင့် ဂျစ်ကားကို ဟွန်းသုံးချက်တီးသံ ကြားရ သည်။

အခြေအနေမှာ ထူးခြားနေသည်တော့ အမှန်။ ဘာထူးခြားမှန်း သာ မော်ဒေယျ မသိသေးသည်။





မော်ဒေယျသည် ပွင့်နေသော အိမ်တံခါးမှ အိမ်ထဲသို့ ဝင် ာက်လိုက်သည်။

"ဟော့ကောင်…ရပ်လိုက်စမ်း"

ခြောက်လုံးပြူးကိုယ်စီ ကိုင်ထားသော ဂျာကင်အင်္ကျီ ဘောင်း ည်နှင့် လူနှစ်ယောက်ထဲမှ တစ်ယောက်က မော်ဒေယျအား ရပ် က်စမ်းဆိုပြီး အမိန့်ပေးသံ ထွက်လာသည်။

အန်တီစမ်းနှင့်နွေးနွေးသည် တစ်ဦးကိုတစ်ဦး ဖက်ထားကာ တ်လန့်စွာ ကြည့်နေကြသည်။

ကူးကူးသည် သူမ၏ အိပ်ခန်းတံခါးဝတွင် ကြောက်နေသော ာ်နှာလေးနှင့် ရပ်နေသည်။

သေနတ်သမားတစ်ဦးက မော်ဒေယျကို ချိန်ထားစဉ် ကျန်တစ် ာက်က အန်တီစမ်းနှင့်နွေးနွေးသို့ တစ်လှည့် ကူးကူးထံသို့ တစ် ည့် သေနတ်ပြောင်းကို ဟိုရွှေ့ ဒီရွှေ့ ချိန်နေသည်။

မော်ဒေယျကို ရပ်လိုက်စမ်းဟု ပြောသော သေနတ်သမားက နွေးကို လှမ်းပြောပါလေ၏။ သေနတ်ပြောင်းကတော့ မော်ဒေယျ င် ချိန်ထားသည်။

မော်ဒေယျအဖို့ သေနတ်သမားတွေနှင့် ဖွတ်မိုက်ရူးရဲ မပြိုင် ၏ အမိန့်ပေးသော နေရာမှာပင် ရပ်ခြံရပ်နေသည်။

"ကဲ…နွေးနွေး…သွားမယ်…ငါတို့နဲ့လိုက်ခဲ့တော့…အချိန်



www.burmeseclassic.com

www.burmeseclassic.com



သိမ်ကြဘဲလို့ မဖြစ်ဘူး…ဟိုဆရာဝန်ကောင် ပြန်လာရင် ပြဿနာတွေ ကြီးကုန်မယ်"

"အို…မလိုက်ဘူး"

"မလိုက်လို့ မရဘူး နွေးနွေး…နင့်ကို ဆရာက မပါ ပါအောင် ခေါ်ခဲ့ရမယ်တဲ့"

"အို…လိုက်ကို မလိုက်ဘူး…ဟိုပြန်ရောက်လည်း ကျွန်မကို နှုတ်ပိတ်ပစ်မှာပဲဟာ"

"အဲဒါက ဟိုပြန်ရောက်မှ ဆရာနဲ့ နင်နဲ့ ရှင်းရမယ့်ကိစ္စ… အခု ငါတို့တာဝန်က နင့်ကို ပါအောင်ခေါ်သွားဖို့ပဲ"

"မလိုက်ဘူး"

"မလိုက်ရင် ပစ်သတ်မယ်…ဘာမှတ်လဲ"

"ပစ်သတ်လိုက်လေ…ဘာထူးမှာလဲ…ဟိုရောက်လည်း ကျွန်မကို တစ်နည်းနည်းနဲ့ သေစေမှာပဲ မဟုတ်လား"

"ဟာ…ရှုပ်တယ်ဟာ…နင့်ခေါင်းကို သတိမေ့အောင် ရိုက်ပြီးမှ ခေါ်ရမယ်"

သေနတ်သမား၏ အာရုံသည် နွေးနွေးအပေါ်သို့ ပိုမို အာရုံမှု သွားသည်။ နွေးနွေးဘက်သို့ ကိုယ်တစ်ခြမ်း လှည့်လိုက်သည်။

ဤမှာပင် မော်ဇေယျ၏အကွက်။

ရှိကနဲ သံမဏိတုတ်ကောက်ထိပ်ပိုင်းရှိ ဓားချွန်ကို ခလုတ်နှိ





င့်လိုက်သည်နှင့် တစ်ချိန်တည်းမှာပင် တုတ်ကောက်ကို ခါးလယ်သို့ ရွှကိုင်လိုက်ကာ လှံနှင့်လှမ်းပစ်လိုက်သလို သေနတ်သမားအား ပစ် လိုက်ရာ တုတ်ကောက်သည် လှံတစ်စင်းဝင်စိုက်လိုက်သလို ကိုယ်တစ် ခြမ်းစောင်း သေနတ်သမား၏ ကြားထဲသို့ စိုက်ဝင်သွားသည်။

"အား…"

သေနတ်သမား နာကျင်စွာ အော်ချိန်မှာပင် မော်ဇေယျသည် သေနတ်သမားကို လွှားကနဲ ခုန်အုပ်လိုက်သည်။

ဒိုင်း…

မော်ဇေယျ၏ လက်ယာလက်မောင်းတွင် မီးစနှင့်ထိုးလိုက်သလို လောင်နာကျင်မှု ဝေဒနာကို မော်ဇေယျ ခံစားလိုက်ရသော်လည်း…

သေနတ်သမားပြန်ပစ်သော ကျည်ဆန် သူ၏ညာလက်မောင်း ထိသွားသော်လည်း မော်ဇေယျသည် လွှားကနဲ သေနတ်သမား အုပ်နိုင်လိုက်သည်။

သေနတ်သမားကို ဝင်စိုက်သော တုတ်ကောက်လှံတံမှာလည်း တ်ကောက်နောက်ပိုင်းအလေးချိန်ကြောင့်ရော သေနတ်သမား လူပ်ရှား ကြောင့်ရော ကြမ်းပြင်သို့ ပြုတ်ကျသွားပေသည်။

မော်ဇေယျသည် အုပ်မိထားသော သေနတ်သမားကို မိမိရရ အောင် အားမာန်စိုက်နေရသည်။ သွေးယိုနေသောကြောင့်လား တ်မောင်းကို ကျည်ဆန်ထိထားသော်လည်း မော်ဇေယျ သူ့ညာလက် ချိန်လျော့ မသွားပါလေ။



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်တွင် ဒဏ်ရာကိုယ်စီနှစ်ယောက် လူးလိမ့်လိုက် ဖြစ်နေသည်။

ကျန်သော သေနတ်သမားသည် နွေးနွေးတို့အား ချိန်ထားလျက်ကပင် လုံးထွေးနေသော သူ့လူကို လှမ်းကြည့်ပြီး မော်ဇေယျကို ပစ်နိုင်ရန် ဟိုကြည့်ဒီကြည့် ကြည့်သည်။

မော်ဇေယျကို ပစ်ရန် အခွင့်အရေးမရပေ။ မော်ဇေယျကို ပစ်လိုက်လျှင် သူ့လူကိုပါထိမည်။ လုံးထွေးနေသော အခြေအနေရှိသဖြင့် ပစ်ကွက်ကို ရှာနေရသည်။

"လာ…လာ…အန်တီစမ်း…မမနွေး"

သူတို့ကို ချိန်ထားသော သေနတ်သမား ယောင်တိယောင်ချာ ဖြစ်နေစဉ် ကူးကူးသည် နွေးနွေးနှင့် အန်တီစမ်းကို အတင်းဆွဲကာ သူမ၏အိပ်ခန်းသို့ ဆွဲယူလိုက်သည်။

အခန်းထဲရောက်သည်နှင့် ကူးကူးသည် စားပွဲပေါ်တွင် အလှတင်ထားသည့် ပန်းအိုးကို ကောက်ယူကာ ယောင်ချာချာ သေနတ်သမားအား သူ့၏ အင်အားလေးနှင့် လှမ်းပေါက်လိုက်သည်။

လူမစွမ်း…နတ်မ ဖြစ်သွားသလားမသိ။

ကူးကူးပစ်ပေါက်လိုက်သော ပန်းအိုးသည် မတ်တတ် သေနတ်သမား၏ ဦးခေါင်းနားထင်အားတည့်တည့်ကြီး ဒုတ်ကနဲ ဝင်မှန်ပေသည်။





သေနတ်သမား ဒယီးဒယိုင် ဖြစ်သွားသည်။

မော်ဇေယျနှင့် လုံးထွေးနေသော သေနတ်သမားမှာ တကယ်တမ်းကျတော့ မော်ဇေယျနှင့် ဗလခြင်းကွာသည်။ နံကြားတွင်လည်း တုတ်လုံ့စူးထားချက် ရှိနေသည်။ ရေရှည်သတ်ပုတ်မှုကျတော့လည်း အားအင်တွေ ယုတ်လျော့လာသည်။

ဒီတော့လည်း နောက်ဆုံးမတတ်နိုင်တော့သည့် အဆုံးတွင် ကိုင်ထားသော သေနတ်ဖွတ်အလုခံရသည်ကို ဆုပ်ကိုင်မထားတော့ဘဲ လွှတ်ပေးလိုက်ရသည်။

မော်ဇေယျလက်ထဲသို့ သေနတ်ရသွားလေပြီ။

မော်ဇေယျလက်ထဲသို့ သေနတ်ရသွားသည်ကို မြင်သည်နှင့် မတ်တတ်ပန်းအိုးခေါင်းထိ သေနတ်သမားသည် တံခါးပေါက်ဆီသို့ စွတ်ပြေးတော့သည်။

နံကြားဒဏ်ရာရ လူဆိုးသည်လည်း အတင်းလူးလဲထကာ သူ့လူပြေးသွားရာနောက်သို့ အတင်းပြေးလိုက်လေတော့သည်။

ဒိုင်း…ဒိုင်း

လူဆိုးနှစ်ယောက်လုံးကို မော်ဇေယျလက်ထဲမှ သေနတ်ဖြင့် လှမ်းပစ်သည်။

သို့သော် မော်ဇေယျ၏ ပစ်ချက်တွေ လူဆိုးနှစ်ယောက်ကို ထိမှန်ပုံမရပေ။



www.burmeseclassic.com

www.burmeseclassic.com



မိမိထမရပ်မီ ထွက်ပြေးကြသောကြောင့် တုံးလုံးအနေအထား… လှမ်းပစ်ရခြင်း။

ညာသန်မို့ ဒဏ်ရာရထားသော လက်မောင်းဒဏ်ရာနှင့်… သေနတ်ကို ကိုင်၍ပစ်ရခြင်း၊ နဂိုကပင် သေနတ်ပစ်အလေ့အကျ… မရှိခြင်း၊ ထိုအကြောင်းတွေကြောင့် မော်ဓေယျ၏ပစ်ချက်တွေ မထိ… ခြင်းဖြစ်ပေမည်။

မော်ဓေယျ လူးလဲထပြီး တံခါးပေါက်သို့ ပြေးလိုက်သွားသည်…

သို့သော် နောက်ကျသွားပါ၏။ မိမိတံခါးပေါက်အထွက်မှာ… လူဆိုးနှစ်ယောက် ဂျစ်ကားပေါ်တက်ရောက်ပြီး အသင့်စက်နှိုး… သည့် ဂျစ်ကားမောင်းထွက်သွားပေတော့သည်။

မော်ဓေယျသည် အထဲပြန်ဝင်လာပြီး တံခါးပေါက်မှာပင် တံ… ဘောင်ကို မှီလျှောထိုင်ချလိုက်ပြီး မှိန်းနေမိတော့သည်။

လက်မောင်းဒဏ်ရာမှ သွေးထွက်များသည်ရော သတ်… ပင်ပန်းသည်ရောကြောင့် မှိန်းရခြင်းပင်။

"ဟင်…ကိုယ်…ကိုယ်မှာသွေးတွေနဲ့ မမနွေးရေ… ပါဦး…အန်တီစမ်းရေလုပ်ပါဦး"

ကူးကူးစိုးရိမ်စွာဖြင့် အော်ပေတော့သည်။

နွေးနွေးနှင့် အန်တီစမ်း ချက်ချင်း မော်ဓေယျဆီသို့ ရောက်… သည်။





နွေးနွေးက မော်ဓေယျ၏ ဒဏ်ရာရ လက်မောင်းဘက်တွင် ကပ်ထိုင်ပြီး ဒဏ်ရာကို ကြည့်ရှုသည်။

"ရတယ်…နွေးနွေး၊ ဒဏ်ရာဟာ ဒီလောက်ပြင်းလှတယ် မဟုတ်ပါဘူး၊ စိတ်မောလူမော ပင်ပန်းပြီး နွမ်းသွားတာပါ"

ကြမ်းပြင်တွင် သွေးတွေပေကျံနေပါ၏။

မော်ဓေယျရရှိထားသော ဒဏ်ရာမှာလည်း သွေးများထွက်နေဆဲဖြစ်ပါ၏။

"အယ်…ငါမကြည့်ရဲဘူး"

အန်တီစမ်းက ကြည့်ပြီးမှ မျက်နှာကို လက်ဝါးအုပ်ထားလိုက်သည်။

"ကဲ…ထ ကိုမော်မော် နွေးနွေးဂုပ်ပေးမယ်၊ ကျည်ဆန်ဖူး လက်မောင်းထဲ ဝင်နေမယ်ထင်တယ်၊ ကိုမော်မော် လက်မောင်းမာဆယ်သားတွေ တင်းနေတာမို့ ကျည်ဆန်ဟာ အရိုးထိပုံမရပါဘူး"

ကူးကူးက ငိုသံလေးနှင့် ဝင်မေးသည်။

"မမနွေး လုပ်တတ်လားဟင်၊ ကိုကြီးကလည်း ပြန်မရောက်သေးဘူး…ကိုယ်ခမျာ သိပ်နာနေမှာပဲ"

"ရပါတယ် ကူးကူးရဲ့၊ မမနွေး အစ်ကိုနဲ့ နေ့တိုင်း ဆေးခန်းမှာ ကူညီလုပ်ကိုင်ပေးထားတော့ လုပ်တတ်ကိုင်တတ်ဖြစ်နေပါပြီ"

"မမနွေး…ကိုကြီးကို ကူညီတာတော့ ဟုတ်ပါပြီ ဒါပေမယ့် သေနတ်ကျည်ဆန်မှန်ထားတဲ့ လူကိုမှ မလုပ်ဖူးတော့"

www.burmeseclassic.com



"ဖြစ်ပါတယ်…ကူးကူးရဲ့…ကဲ…ကူးကူးက ကိုယ် ပ်ိဳဘက်ကတွဲ…မမနွေး ဒီဘက်ကတွဲမယ်၊ ကိုကြီးရဲ့ ဆေးခန်းထဲ သွားကြစို့"

တစ်ဖက်တစ်ချက်တွဲပြီး ကျော်ဒေယျ၏ ဆေးခန်းသို့ေ သွားသည်။

"ကူးကူး…မကြည့်ရဲဘူး မမနွေး၊ ကိုယ်က အစ်ကိုဖြ တော့ သာပြီးမကြည့်ရဲဘူး"

"ဒါဆိုလည်း အိမ်ကြီးထဲပြန်သွား ကူးကူး၊ စိတ်လျှော့ပြီး ထားလိုက်၊ ကူးကူးရဲ့ကိုယ် ဘာမှမဖြစ်စေရဘူး၊ မမနွေးလုပ် မယ်"

ကူးကူးအိမ်ကြီးဆီသို့ ပြန်သွားသည်။

နွေးနွေးသည် ဒဏ်ရာကို အရက်ပျံဖွမ်းဆွတ်ပြီး အားလုံးသ လိုက်သည်။ တုံဆေးတိုးပေးသည်။ တုံဆေးပြန့်အောင် စောင့် ဆရာဝန်သုံး ဇာဂနာ၊ ကတ်ကြေး၊ ရေနွေးပတ်တီး၊ ချုပ်အပ် စသ တို့ကို အဆင်သင့်ပြင်ထားသည်။

မိနစ်လေးဆယ်အတွင်း ကျည်ဖူးထုတ်ပြီးသား၊ ပြန်ချုပ်ပြီးသ ပတ်တီးစည်းပြီးသား ဖြစ်သွားပါ၏။

"နွေးနွေးတကယ်တော်တယ်…ဆရာဝန်ကြီး လုပ်တဲ့အ ထပ်တူထပ်မျှ လုပ်ပေးနိုင်တယ်"





"ဆရာကောင်းတပည့်ပဲ…ကိုမော်မော်ရယ်၊ ဒီလောက်တော့ ဖြစ်တာပေါ့၊ အစ်ကိုက နွေးနွေးရဲ့ သင်ဆရာ မြင်ဆရာ ကြားဆရာ ရင်းကြီးပဲဟာ"

"အင်း…နွေးနွေးက ကိုကြီးကိုတော့ တကယ်ကြည်ညိုလေး အ ချစ်ခင်တယ်နော်"

"နွေးနွေးက ဗုဒ္ဓဘာသာစစ်စစ်ပဲကိုမော်မော်၊ ပူဇာစပူဇနေ နှံတဲ့…ပူဇော်တိုက်သူကို ပူဇော်ကြည်ညိုလေးစားတာဟာ မင်္ဂလာ ရားတစ်ပါးပဲဟာ"

မော်ဒေယျ ပြုံးပါ၏။

"ကျွန်တော် နွေးနွေးကို အနူးအညွတ် တောင်းပန်ပါတယ်၊ အစောက အရိုင်းစိတ်တွေဝင်သွားပြီး ရိုင်းရိုင်းပျပျ ပြုမူမိတာကို ခွင့်လွှတ်ပါ၊ နောက်တစ်ခါ…ဒါမျိုးထပ်ပြီး လုံးဝမဖြစ်စေရပါဘူးလို့ ကျွန်တော် ကတိပေးပါတယ်၊ ပေါ့ပေါ့တန်တန် ကတိမဟုတ်ပါဘူး၊ တကယ့် လေးလေးနက်နက် ကတိပေးတာပါ၊ ကျွန်တော် မိုက်ရိုင်း သွားမိတာကို နွေးနွေးခွင့်လွှတ်ပါ"

"ခွင့်လွှတ်ရုံ ဘယ်ကမလဲ၊ နွေးနွေးကတောင် ကိုမော်မော် ကို သိပ်ကျေးဇူးတင်သွားရပြီလေ၊ ကိုမော်မော်သာ ဝင်မကယ်ရင် တို့ အတင်းဖွတ်ဆွဲခေါ်တဲ့နောက်ကို နွေးနွေးပါသွားမှာ၊ ပါသွားရင် ပြန်လမ်း မရှိတော့ဘူး၊ ဒါကြောင့်…ကိုမော်မော် ဝင်ကယ်ပေးတာကို



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကျေးဇူးတင်တယ်၊ နွေးနွေးရဲ့ဘဝနဲ့အသက်ကို ပထမကယ်တင်သူဟာ ကိုကြီး၊ ဒုတိယထပ်ပြီး ကယ်တင်သူဟာ ကိုမော်မော်ပါပဲ"

"အဲဒီလူတွေက ဘယ်သူတွေလဲ နွေးနွေး၊ သူတို့က နွေးနွေး ကောင်းကောင်းသိနေကြတာပဲ၊ နောက်ပြီး နွေးနွေးကို ဆရာနဲ့ ရှင်းလို့ ပြောသေးတယ်၊ 'အဲဒီ ဆရာဆိုတာ ဘယ်သူလဲ နွေးနွေး"

နွေးနွေး သက်ပြင်းချရပြန်ပါ၏။

"အဲဒါတွေ နွေးနွေးမပြောပါရစေနဲ့လား ကိုမော်မော်၊ ကဲ... အိမ်ကြီးဆီပြန်ကြစို့၊ အန်တီစမ်းရော...ကူးကူးရော...ကိုမော်မော် အတွက် စိတ်ပူလှရော့မယ်"

နှစ်ယောက်စလုံး အိမ်ကြီးဆီသို့ ပြန်လာခဲ့ကြသည်။

ထင်သည့်အတိုင်းပင် အန်တီစမ်းနှင့် ကူးကူးသည် စိုးရိမ်စိတ် ကိုယ်စီဖြင့် မျှော်နေကြသည်ကို တွေ့ရပါ၏။

ကိုယ်တစ်ယောက် ပြုံးပြုံးရွှင်ရွှင် ဝင်လာသည်ကိုတွေ့မှ စိတ် အေးရပေတော့သည်။





## အခန်း (၁၆)

နံနက် ရှစ်နာရီမထိုးမီ ကျောက်မဲမှ အဝေယျာဆေးတိုက်သို့ ...ပွားနှင့် ကျော်ဇေယျ ရောက်ပါ၏။

သို့သော်...အဝေယျာ ဆေးခန်းတံခါးတွေပိတ် သော့ခတ်ထား...သည်ကို တွေ့ရသည်။

အနီးပတ်ဝန်းကျင်ကို စုံစမ်းကြည့်ရာ အဝေယျာဆေးတိုက် ...တ်ထားသည်မှာ (၃)ရက်ပင်ရှိပြီ။ သူတို့ မိသားစုအားလုံး မန္တလေး ...သို့ သွားကြသည်ဟု သိရသည်။

ဒါဖြင့်-

မနေ့က ဆေးတွေလာယူပါတဲ့ အဘယ်ကြောင့် ...မိထံသို့ ...န်းဆက်ရပေသနည်း။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ခေါ်ကတည်းက ကျော်ဇေယျ စိတ်စနောင့်စနင်းဖြစ်ရသည် အခြားဆေးတိုက်မှ လိုအပ်သော ဆေးများဝယ်ယူပြီး မြို့ မြို့သစ်သို့ ပြန်လာခဲ့သည်။

အိမ်ပြန်ရောက်သည်နှင့် ဖြစ်ပျက်သမျှတွေ အားလုံးကြ သည်။

လူဆိုးသုံးဦး ဂျစ်ကားနှင့် ရောက်လာသည်။ ညီညီက အ တွင် ပြန်တိုက်ခိုက်သည်။

ညီညီလက်မောင်းတွင် သေနတ်ထိမှန်သွားသည်။

လူဆိုးသုံးဦး လက်လွှတ်ထွက်ပြေးသည်။

နွေးနွေးကို ခွတ်ခေါ်သော လူဆိုးသုံးဦးဖြစ်သည်။ သူ ဆရာက နွေးနွေးကို ခေါ်ခိုင်းသောကြောင့် လာခေါ်ခြင်းဖြစ်သည်

ကျော်ဇေယျ သူတို့ဆင်သော အကွက်ကို သိရပြီ။

မြိုင်သာမြို့သစ်တွင် သူတို့စိုးရွံ့သူမှာ ဒေါက်တာ ကျော်ဇေ ကိုသာဖြစ်သည်။ ထို့ကြောင့် ဒေါက်တာကျော်ဇေယျ ကျောက်မဲ သွားစေရန် အဝေယျာဆေးတိုက်မှ ဖုန်းဆက်ခေါ်သလို သူတို့ ကြ တင်လုပ်လိုက်သည်။

ဒေါက်တာကျော်ဇေယျနှင့် ဦးပွား အိမ်မှာမရှိလျှင် မိန်းမသား အန်တီစမ်း၊ ကူးကူးနှင့် နွေးနွေးသာရှိမည်ဟု တွက်သည်။

မော်မော်ကို သူတို့ သိပ်ထည့်တွက်ဟန် မတူ..။ မော်မော် ဒီနှစ်သာ ကျောင်းပိတ်၍ အိမ်ပြန်လာသူမို့ သိပ်ဂရုထားဟန်မရှိ





ဤသို့သာ သူတို့ ယင်းတို့အကွက်ချ စီစဉ်သည်ဆိုပါက မနေ့ ဒီအိမ်လာသွားသော ဒေါက်တာ ဒေါ်ခင်မျိုးအောင်အား ထည့် းစားရပေမည်။

မနေ့က ဒေါ်ခင်မျိုးအောင်သည် ကျော်ဇေယျအိမ်သို့ လာရောက် း အိမ်၏ အခြေအနေကို အတွင်းကျကျ လေ့လာသွားခွင့် ရသွား သည်။

မော်မော်က ပေါ့ပေါ့နေ ပေါ့ပေါ့စား အပေါ်ယံကြောလူစားဟု ါခင်မျိုးအောင်တွက်ကာ မော်မော်ကို အရေးအတွက်ထဲ ထည့်စဉ်းစား လိုဟု ဒေါ်ခင်မျိုးအောင်ကတစ်ဆင့် သူတို့ သိရှိကြဟန် တူသည်။

ဒါတောင် ဒေါ်ခင်မျိုးအောင်က မော်မော်အား ကျောက်မဲတွင် အိပ်ပြီး ဤအိမ်နှင့် ကင်းကွာနေရန် ကြိုးစားသေးသည်။

**အကယ်၍သာ-**

ကျောက်မဲတွင် ဒေါ်ခင်မျိုးအောင်ခေါ်သည့်အတိုင်း မော်မော် အိပ်မည်ဆိုပါက သူတို့ ယခုကြံစည်သော အကြံအစည်အောင်မြင် ည်မှာ မုချ။

သူတို့ကလည်း မော်မော့်ကို လျော့တွက် မော်မော်ကလည်း ကျောက်မဲမှာ ညမအိပ်သည်က တော်သွားပါသေး၏။

နောက်ပြီး ဒေါ်ခင်မျိုးအောင်သည် ကူးကူးအိပ်ခန်းတွင်ရှိ သော နွေးနွေးအိပ်ရာကိုလည်း သက်သေမကောင်းဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေးနွေး ဒီအိမ်မှာ ရှိပါလျှက် သူမ လာသည့်အတွက် ပု
အောင်နေပြီး အတွေ့မခံဟု သူယူဆသွားနိုင်သည်။

ကျော်ဇေယျသည် ညီညီရရှိသော လက်မောင်းဒဏ်ရာကို
ဆေးကြည့်ရှုသည်။

ကျည်ဖူးကို ခွဲစိတ်ထုတ်ယူထားသည်ကအစ ဒဏ်ရာကို
ချုပ်ပေးထားခြင်း၊ ပတ်တီးစည်းပေးထားခြင်း၊ စားဆေး၊ သောက်ဆေး
ပေးထားခြင်း၊ ထိုးဆေးထိုးပေးထားခြင်းတို့ကို မေးမြန်းသဖြင့် နွေးနွေး
က သူမ ဆောင်ရွက်လုပ်ကိုင်ပေးသမျှကို ပြောပြသည်။

နွေးနွေး၏ ပြောပြချက်များကို နားထောင်ပြီး နွေးနွေးကို
ဇေယျ စူးစူးစိုက်စိုက်လေး ကြည့်မိလိုက်ပါ၏။

အကယ်၍ မိမိကိုယ်တိုင် အိမ်မှာရှိနေ၍ ဒီဒဏ်ရာကို ကုရ
ဆိုလျှင် ယခု နွေးနွေး လုပ်ဆောင်သည့်အတိုင်းသာလျှင် လုပ်ဆော
မည်မို့ နွေးနွေး ဤမျှအထိ လုပ်ဆောင်နိုင်ခြင်းကို စူးစမ်းသောအကြ
မျိုးဖြင့် ကြည့်ခြင်းဖြစ်သည်။

သို့သော်...

အန်တီစမ်း ညီညီနှင့် ကူးကူးတို့ အနီးတွင်ရှိနေသောကြော
နွေးနွေးအား ဘာမှ မမေးတော့ပေ။

ထို့နောက် လူဆိုးလက်မှ ညီညီ လုယူရရှိထားသော ခြော
လုံးပြူးသေနတ်ကို ကျော်ဇေယျ ကိုင်တွယ်ကြည့်ပြန်သည်။





လက်ဗွေပုံစံကိုရှာပြီး ကိုင်ဆောင်ခဲ့သော လူဆိုးကို ရှာဖွေစုံ
စမ်းရန် မလွယ်ကူပါလေ။ မြို့သာမြို့သစ်လို မြို့လေးဝယ် လက်ဗွေ
ပုံစံရှာဖွေ စစ်ဆေးနိုင်ခြင်းမရှိသည်က တစ်ကြောင်း၊ ဤသေနတ်ကို
လူဆိုးရော ညီညီရော ယခု မိမိအပါအဝင်ရော ကိုင်တွယ်ထားသဖြင့်
သေနတ်ပေါ်တွင် လက်ဗွေပုံစံတွေ အများကြီး ရောထွေးနေမည်မှာ
တစ်ကြောင်း စသည့် အကြောင်းများကြောင့် လက်ဗွေပုံစံ သဲလွန်စ
ဖြင့် လူဆိုး မည်သူမည်ဝါဆိုသည်ကို ရှာဖွေမတွေ့နိုင်ပေ။

နောက်တစ်ချက်ရှိသေးသည်။

လူဆိုးက နွေးနွေးအား သူတို့ဆရာက ခေါ်ခိုင်း၍ လာခေါ်
ကြောင်းပြောသွားသည်။

ဒါဆို နွေးနွေးအနေနှင့် သူတို့ဆရာဆိုသူကိုရော လာခေါ်သော
တပည့်တွေကိုရော သိပြီးသားဖြစ်ရမည်။

ဘာမှ အထူးအထွေ လိုက်ရှာနေစရာမလို။

နွေးနွေး ဖွင့်ပြောသည်နှင့် သူတို့ဆိုသူတွေကို သိနိုင်မည်သာ
အဓိကမှာ နွေးနွေးက ဖွင့်ပြောဖို့ပင်။

နံနက်(၁၁)နာရီသာသာတွင် နံနက်စာ ထမင်းစားကြသည်။

မည်သူမျှ ဟက်ဟက်ပက်ပက် မစားနိုင်။ ထမင်းဝိုင်းမှာလည်း
ခြောက်သွေ့နေသည်။

ကျော်ဇေယျက ထမင်းစားပြီးအထတွင် နွေးနွေးကို ပြောလိုက်
သည်။



www.burmeseclassic.com

www.burmeseclassic.com



"နွေး…စားပြီးရင် ခြံထဲကို ဆင်းခဲ့ပါလား၊ ပြောစရာတွေ ရှိနေလို့"

"ဟုတ်ကဲ့ပါ…အစ်ကို"

ကျော်ဇေယျ ခြံထဲသို့ ဆင်းသွားသည်။

ခြံထဲရှိ ခုံတန်းလျားရှည်တွင် ထိုင်ပြီး နွေးနွေးကို စောင့်နေ သည်။

သိပ်မကြာလိုက် နွေးနွေး ဆင်းလိုက်လာသည်။

"ထိုင်ပါ နွေးနွေး…တန်းလျားက အကျယ်ကြီးပါ"

နွေး တန်းလျားစွန်းတွင် ထိုင်လိုက်ပါ၏။

"တို့…နွေး စိတ်ဆင်းရဲမှာစိုးလို့ နွေးဟာ ဘယ်သူလဲ၊ မိဘ တွေ ဘယ်သူလဲ၊ ဘယ်ကလာသလဲ…နွေး ဘာတွေဖြစ်ခဲ့သလဲဆိုတာ မမေးခဲ့ပါဘူးနော်"

"ဟုတ်ပါတယ် အစ်ကို"

"တို့မိသားစုအားလုံးက နွေးကို တကယ်ပဲ နှစ်နှစ်ကာကာ ချစ်ခင်နေကြတယ်ဆိုတာကော နွေးယုံရဲ့လား"

"နွေး…သိပ်ကို ယုံပါတယ် အစ်ကို"

"ကဲ…ဒါဆို…ဒီနေ့ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စနဲ့ပတ်သက်ပြီး တို့ ဆက်ပြောမယ်၊ ဒီနေ့ သေနတ်ကိုင် လူဆိုးသုံးယောက် အခွေ ဒီအိမ် ထဲကို ဝင်ရောက်လာပြီး နွေးကို ခေါ်သွားဖို့ ကြိုးစားတယ်ဆိုတာ





သက်ဆိုင်ရာရဲကို နွေးက မပြောစေချင်ရင် မပြောဘဲနေလိုက်လို့ရ တယ်၊ ပြီးတော့ လူဆိုးတစ်ယောက်ရဲ့ လက်ချက်နဲ့ ညီညီလက်မောင်း ဒဏ်ရာရတာကိုလည်း ရဲကို မပြောဘဲ နေလိုက်လို့ရတယ်၊ ဒါပေမယ့် နွေး…"

ကျော်ဇေယျစကားကို ဆက်မပြောသေးဘဲ…နွေးနွေးကို စိုက် ကြည့်နေသေးသည်။

အစ်ကိုကျော်ဇေယျ၏ အကြည့်မှာ မိမိအပေါ် စေတနာ မေတ္တာ တွေ အပြည့်ဖြင့် ကြည့်သော အကြည့်မှန်း နွေးသိပါ၏။

"ဒါပေမယ့်…ဘာဖြစ်လဲ ဆက်ပြောပါအစ်ကို"

"ခြောက်လုံးပြူးသေနတ်တစ်လက်က လူဆိုးလက်က အထင် ကရ ကျန်ခဲ့တယ် နွေး"

"သေနတ်ကိစ္စကိုတော့ သက်ဆိုင်ရာရဲကို မအပ်ဘဲ၊ မပြောဘဲ၊ ပြောဘဲနေလို့ မရတော့ဘူး၊ လက်နက်ကိစ္စဖြစ်နေတယ်၊ ထိန်ချန်ထား သင့်တဲ့ ကိစ္စမဟုတ်တော့ဘူး…ဒီသေနတ်ဟာ လိုင်စင်မဲ့ လက်နက် …န်းသေနတ်ဆိုလည်း အမှုကြီးတာပဲ၊ တကယ်လို့ လိုင်စင်ဆောင် တရားဝင် သေနတ်ဆိုလည်း ဘယ်သူ့ရဲ့သေနတ်ဆိုတာ ရဲက စစ်ဆေး …မ်းမှ ပေါ်လာမယ်၊ ဒီတော့ လူဆိုးကျန်ခဲ့တဲ့ သေနတ်…ရဲကို …ပ်သင့်တယ် နွေး…ခက်တာက…"

"ဆက်ပြောပါ အစ်ကို"

www.burmeseclassic.com



"ညောင်မြစ်တူးတာ ပုတ်သင်ဥ ပေါ်ဆိုတာလို သေနတ်ကို အပ်တဲ့ ဒီသေနတ်ဘယ်လိုရတာပါဆိုတာ ပြောရတော့မယ်၊ ဒါ ကြောင့် …အခု နွေးကို ခေါ်တိုင်ပင်တာ"

နွေးနွေးသည် ခေါက်တာကျော်ဇေယျအား…ရဲရဲတင်းတင်း မျက်နှာချင်းဆိုင်လိုက်သည်။

"ကောင်းပါပြီ…အစ်ကို၊ နွေးရဲ့ဘဝမှန်နဲ့ နွေးဖြစ်ခဲ့ရတဲ့ အဖြ ဆိုးတွေအားလုံး အစ်ကို့ကို နွေး ဖွင့်ပြောပါတော့မယ်"

"နွေးဟာ သီပေါမြို့၊ ဈေးလမ်း၊ အိမ်အမှတ်(---)က ဒေါ် နီလာရဲ့ သမီး နွေးနွေးပါပဲ"

"ဟင်…ဒါဆို…နေဦး…ကြားဖြတ်ဝင်ပြောချင်တယ်… နွေ ဒီအိမ်ရောက်ပြီး သုံးရက်လောက်အကြာ စခန်းက ကိုနေအောင် ဒီ လာရင်း ယူလာတဲ့သတင်းစာတစ်စောင် ပါလာတယ်၊ အဲဒီသတင်း စာမှာပဲ သီပေါမြို့ ဈေးလမ်းက ဒေါ်နီလာ ကွယ်လွန်တဲ့ နာရေး ကြော်ငြာတစ်ခုပါတယ်၊ တို့ ကောင်းကောင်းမှတ်မိတယ်…နာရေး ကြော်ငြာထည့်သူက စိုင်းမောင်လို့ အောက်မှာ နာမည်ထည့်ထား တယ်"

"အဲဒါ…ဟုတ်ပါတယ် အစ်ကို၊ အဲဒီ နာရေးကြော်ငြာ ဦးစိုင်းမောင်ဆိုတဲ့လူ နာရေးထည့်လိုက်တဲ့သူဟာ နွေးရဲ့ မိခင် ဒေါ်နီ ပါပဲ၊ အဲဒီသတင်းစာနာရေးကြော်ငြာကို နွေးတွေ့ပြီး မိခင်ဆုံးသွား တဲ့အတွက် ငိုခဲ့ပါသေးတယ်"





"နွေး…အဲဒီ သတင်းစာဖတ်ပြီး ငိုတာကိုလည်း တို့မှတ်မိ တာပဲ၊ ဒါပေမယ်…သတင်းစာထဲ ကြော်ငြာထည့်ပုံက နွေး ဒီအိမ် ရောက်ပြီးမှ ဒေါ်နီလာ အနိစ္စရောက်သွားသလိုကြီးပဲ၊ နောက်ပြီး နာရေး ကြော်ငြာထဲမှာပါတဲ့ ထုံးစံအတိုင်း ကြော်ငြာပုံမျိုးလည်း မဟုတ်ဘူး၊ ကွယ်လွန်သူ ဒေါ်နီလာဟာ ဘယ်သူ့ရဲ့သမီး…ဘယ်သူ့ရဲ့ အမေ၊ ခင်ပွန်းက ဘယ်သူ…စတဲ့ဟာတွေ မပါဘူး၊ အဲဒီနာရေး ကြော်ငြာ ဟာ ဆန်းနေတယ်လို့တောင် စခန်းမှူး ကိုနေအောင်က တို့ကိုပြော သေးတယ်၊ အဲဒီကြော်ငြာမှာ အောက်က 'စိုင်းမောင်'လို့ ထည့်မြဲတဲ့ သူက ဘယ်သူလဲ နွေး"

"စိုင်းမောင်ဆိုတာ 'ဦးစိုင်းမောင်ဆိုတဲ့လူပဲ အစ်ကို' အဲဒီ ဦးစိုင်းမောင်ဟာ မေမေ့ ဒေါ်နီလာရဲ့ နောက်အိမ်ထောင် ခင်ပွန်းပဲ"

"ဒါဆို…နွေးရဲ့ ဖေဖေအရင်းက…"

"ဦးကောင်းမြတ်တဲ့၊ နွေးရဲ့ ဖေဖေအရင်းက ဦးကောင်းမြတ်ပါ အစ်ကို၊ ဖေဖေ ဦးကောင်းမြတ်နဲ့ ဇနီးဒေါ်နီလာ…မေမေမှာ နွေးနွေး ဆိုတဲ့ သမီးတစ်ယောက်ပဲ ထွန်းကားခဲ့ပါတယ်၊ ဖေဖေနဲ့ မေမေဟာ လက်ထပ်ကတည်းက အသက်ခြင်းကွာခြားတယ်၊ ဖေဖေက မေမေ့ ထက် အသက် တစ်ဆယ့်ငါးနှစ် ပိုကြီးပါတယ်၊ ဖေဖေ အသက် ငါးဆယ့်ငါးနှစ်မှာ ကွယ်လွန်တော့ မေမေက အသက်လေးဆယ်တောင် ပြည့်တတ်သေးပါဘူး၊ နွေးနွေးက မန္တလေး ဆေးတက္ကသိုလ်မှာ တက်နေတုန်းပါ"

www.burmeseclassic.com



"ဒါဆို…နွေး မန္တလေးဆေးတက္ကသိုလ်က အမ်ဘီဘီအက်စ်ရခဲ့တာ ဆရာဝန်ဖြစ်ခဲ့တာပေါ့"

"ဟုတ်ပါတယ် အစ်ကို၊ အလုပ်သင်ဆရာဝန် နှစ်နှစ်တောင်ပြီးသွားပါပြီ၊ အဲဒီနှစ်နှစ်ပြီးမှ နွေးနွေး…သီပေါအိမ်ကို ပြန်ခဲ့တာပါ၊ အိမ်ပြန်ရောက်ပြီး မကြာခင် ပြဿနာဆိုးတွေကို ရင်ဆိုင်ရတာပါ အစ်ကို"

"ဘယ်လို ပြဿနာဆိုးတွေလဲ နွေး"

"နွေး အားလုံးပဲ ဖွင့်ပြောပါတော့မယ် အစ်ကို၊ ဖေဖေနဲ့မေမေ လက်ထပ်ကတည်းကစပြီးတော့ကို ပြောပါ့မယ်၊ ဒါမှလည်း အစ်ကိုနားရှင်းမှာ သဘောပေါက်မှာ"

နွေးက ပြန်ပြောပါ၏။

* * *





သီပေါမှ ဦးကောင်းမြတ်သည် စီးပွားရေးလုပ်ငန်းတွင် အားသွန်ခွန်စိုက် တအားကြိုးစားသည်။

သနပ်ဖက်ခြံ၊ လိမ္မော်ခြံ၊ လက်ဖက်ခြောက်စက်ရုံ၊ လက်ဖက်ခြင်းကြီးတွေ ပိုင်ဆိုင်သည်။ ကိုယ်ပိုင်လော်ရီကားကြီး သုံးစီးဖြင့် ကုန်ပစ္စည်းတွေတင်ကာ မန္တလေး-ရန်ကုန်များနှင့် ရောင်းဝယ်ဖောက်ကားသည်။

ထိုအတောအတွင်းမှာပင် ဦးကောင်းမြတ်သည် ကားမောင်းနှစ်ကိုစိုင်းမောင်ကို တပည့်အဖြစ် မွေးလိုက်သည်။

ကိုစိုင်းမောင်သည် ဦးကောင်းမြတ်ထက် အသက်နှစ်ဆယ်ပိုငယ်သော လူရွယ်ဖြစ်သည်။

ဦးကောင်းမြတ်၏ ကိုယ်ပိုင်လော်ရီကားကြီးတွေကို အိမ်မှာပင် မောင်းနှစ် ကိုစိုင်းမောင် ခေါ်ပြင်ရာမှ ကိုစိုင်းမောင်၏ အရည်အသွေး



www.burmeseclassic.com

www.burmeseclassic.com



ကို သဘောကျနှစ်ခြိုက်သဖြင့် ကားပြင်လုပ်ငန်းမှာသာမက မိမိ
ခြံလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်းတွေမှာပါ အသုံးချပြီး ဦးကောင်
မြတ်၏ ညာလက်ရုံးအဖြစ် ထားရှိခြင်းကို ခံယူလာသည်။ ဦးကောင်
မြတ်က ကိုစိုင်းမောင်ကို အိမ်မှာပင် အတူနေစေသည်။

ကိုစိုင်းမောင်က လူပျိုလူလွတ်ဖြစ်သဖြင့် အတူလာနေနိုင်
ဖြစ်ပါ၏။

ကိုစိုင်းမောင်သည် ရုပ်ချောပြီး နှုတ်ချိုသူလည်း ဖြစ်ပါ၏

ကိုစိုင်းမောင် သီပေါအိမ်သို့ ရောက်နေချိန်မှာ နွေးနွေး
မန္တလေး ဆေးတက္ကသိုလ်တွင် အဆောင်နေ ဆေးကျောင်းသူဖြစ်ပါ၏

ကျောင်းပိတ်ရက်မှ နွေးနွေးသည် သီပေါအိမ်သို့ ပြန်သည်
ကျောင်းစာတွေက ကျက်ရ မှတ်ရများလွန်းသဖြင့် ရက်တို ကျော
ပိတ်လျှင်ပင် မပြန်၊ ရက်ရှည်ကျောင်းပိတ်မှသာ နွေးနွေး ပြန်သည်
ကျောင်းပိတ်၍ အိမ်ပြန်လာနေစဉ်အတွင်း မေမေ ဒေါ်နီလာနှင့် ဦးစိုင်
မောင်တို့ ဆက်ဆံရေးကို နွေးနွေး သိပ်ဘဝင်မကျခဲ့။

"ပြောရရင်တော့…ကိုယ့်ပေါင် ကိုယ်လှန်ထောင်းသလို
အစ်ကို…ကိုယ့် အမေအရင်းခေါက်ခေါက်အကြောင်း နွေးမှင့်ပြော
မှာ သိပ်ဝန်လေးတယ်၊ အဲဒီအကြောင်းတစ်ခုထဲကြောင့်ပဲ အစ်ကို
ကို နွေးမပြောဘဲ မြုံနေခဲ့တာပါ၊ သမီးမိန်းကလေးရဲ့ဘဝဟာ မိဘ
လောင်းရိပ်ထဲမှာ အမြဲမိတတ်ပါတယ် အစ်ကို၊ ဖအေက အရက်သ





စားသမား၊ လူဆိုး၊ အကျင့်ပျက်ဆိုလည်း ဒီမိန်းကလေးဟာ အဲဒီ
ဆိုးရဲ့သမီးပဲဆိုပြီး ပတ်ဝန်းကျင်က ဝိုင်းပယ်တာတို့ ကဲ့ရဲ့တာတို့
က်ညှိုးထိုးတာတို့ ခံရတတ်ပါတယ်။ အဲ…မအေက အကျင့်ပျက်
ခင်ဆိုရင် သမီးမိန်းကလေးမှာ ပိုတောင်ဆိုးဆိုးဝါးဝါးတွေ ခံရတတ်
ါတယ်၊ ဒါကြောင့် မေမေ့အကြောင်း နွေးပြောရမှာ သိပ်ရှက်တယ်၊
သိပ်ဝန်လေးတယ်၊ အစ်ကိုတို့အနေနဲ့ နွေးကို အထင်သေးမှာ အရမ်း
းရိမ်တယ်"

"ဘယ်တော့မှ နွေးကို တို့ အထင်မသေးဘူးနွေး…ပဒုမ္မာ
ကြာပန်းဟာ ပဒုမ္မာကြာအတိုင်း တန်ဖိုးကြီးမားလှျက်ပါ၊ နွံထဲမှာ
မြစ်တွယ်ပေါက်ရပေမယ့် နွံဟာ နွံသက်သက်ပါ၊ နွံထဲမှာ ပဒုမ္မာ
ကြာပေါက်တဲ့အတွက် ပဒုမ္မာကြာပန်းမှာ ဂုဏ်ငယ်စရာ မရှိပါဘူး
နွေး"

"နွေးကို အစ်ကို အထင်မသေးတဲ့အတွက် ကျေးဇူးတင်ပါ
တယ်…နွေးအကြောင်းဆက်ပြောပါမယ်"

နွေး၏ဖခင် ဦးကောင်းမြတ်သည် အလွန်ကြိုးစားသဖြင့် အလုပ်
ထိပ်ကာ အရွယ်အကျမြန်သည်။ အသက်ငါးဆယ်ကျော်မှာပင် လူအို
တစ်ဦးအသွင်ရှိလာသည်။

ဖနီးမကျေနပ်စေနိုင်လောက်သော ကျန်းမာရေးမျိုးလည်း ချို့တဲ့
လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းအချိန်ဝယ် နွေး၏မိခင် ဒေါ်နီလာက လှဆဲ၊ ချော
စိုပြည်ဆဲ၊ ကျန်းမာရေးကောင်းဆဲ အရွယ်ဖြစ်နေသည်။

ပြီး…ဖေဖေ ရှာဖွေနိုင်သလောက် ချမ်းသာကြွယ်ဝမှုကြော
မေမေသည် ပင်ပင်ပန်းပန်း ဘာမှ မလုပ်ရဘဲ ခြေရုံသင်းပင်းနှ
စိတ်ပျိုကိုယ်နုလေမျိုး ရှိနေသည်။

ကိုစိုင်းမောင်ကလည်း လူပျိုကိုယ်အရွယ်ကောင်း…သန်
ကျစ်လစ်ကျန်းမာပြီး နုပျိုနေချိန်ဖြစ်ပါ၏။

"နွေး…ဒါကို အသေးစိတ်ပြောနေရတာ အကြောင်းရှိ
တယ် အစ်ကို၊ လူသတ်မှုတစ်ခုမှာ မိုးတစ်(ဗ်)ဆိုတာ ရှိစမြဲပါ။
လူက ဒီလူကို သတ်ပစ်စရာ အကြောင်းအချက်တွေ ရှိနေတယ်၊
အချိန်မှာပဲ ဒီလူဟာ ဒဏ်ရာဒဏ်ချက်တွေရပြီး သေဆုံးသွားတယ
ဆိုရင် ဒီလူသေရတာ ဟိုလူက ဖန်ဆင်းသတ်ပစ်လိုက်တာလား
တဲ့ သံသယရှိလာမှာပဲ"

ကျော်ဇေယျ ခေါင်းညိတ်ထောက်ခံလိုက်သည်။ နွေးနွေး
ဆက်ပြီး ကြားဖြတ် မေးခွန်းတစ်ခု မေးလိုက်သည်။

"နွေးရဲ့ဖေဖေ ဦးကောင်းမြတ်ဟာ ဒဏ်ရာဒဏ်ချက်တွေရ
သေဆုံးတာလား နွေး"

"ဟုတ်ပါတယ် အစ်ကို၊ ဖေဖေဟာ ဒဏ်ရာဒဏ်ချက်တွေ
သေဆုံးသွားတာပါ၊ ဒါပေမယ့်…သက်ဆိုင်ရာတွေက ဖေဖေဟာ
မတော်တဆဖြစ်တဲ့ ကိစ္စကြောင့် သေသွားတာလို့ အတည်ပြုပါတယ်"





"ပြောပြပါနွေး…ဘယ်လို မတော်တဆလဲ"

"နောင်ချိုကအထွက် ဂုတ်ထိပ်အဆင်းမှာ ဖေဖေစီးလာတဲ့
လော်ရီကား မှောက်တယ်၊ ဖေဖေက ကားကြီးနဲ့အတူပါသွားပြီး ကား
အောက်က မနည်းဆွဲထုတ်ရတယ်လို့ပြောတယ် ဆွဲထုတ်လို့ရတဲ့အခါ
အဖေ့မှာ အသက်ပါမလာတော့ဘူး"

"နွေးဖေဖေနဲ့ ဘယ်သူတွေပါလဲ"

"ကားရှေ့ခန်းမှာ ဦးစိုင်းမောင်က မောင်းတယ်၊ ဖေဖေက
ကားမှာထိုင်တယ်၊ လော်ရီကားနောက်ပိုင်း ကုန်တွေတင်ထားတဲ့အပေါ်
မှာ အဖော်အဖြစ်ခေါ်ထားတဲ့ ကိုအေးကိုနဲ့ ကိုလှမောင်ဆိုတဲ့ လူပါ
တယ်"

"အဲဒီကားနောက်မှာ လိုက်လာတဲ့ လူနှစ်ယောက်ကော ကား
မှောက်တော့ ဘာမှမဖြစ်ဘူးလား"

"ဘာမှမဖြစ်ဘူး…သူတို့အပြောကတော့ ကားကြီးဘရိတ်
ပေါက်တာနဲ့ ဦးစိုင်းမောင်က ကားမောင်းသူမို့ ကားကြီး ဘရိတ်ပေါက်
ပြီး ထိန်းမရတော့မှန်းသိတာနဲ့ ကားတံခါးဖွင့်ပြီး ခုန်ဆင်းလိုက်တယ်
တဲ့ နောက်ကလိုက်လာတဲ့ ကိုအေးကိုနဲ့ ကိုလှမောင်ကလည်း ကားကြီး
ထိန်းမရမှန်းသိတာနဲ့ ကားနောက်ပေါက်က အောက်ကို ခုန်ဆင်းနိုင်
တယ်တဲ့ ဖေဖေသာ ကားကြီးတံခါးပိတ်လျက်သားနဲ့ ကားမှောက်ရာ
ပါသွားတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သက်ဆိုင်ရာတွေက ကားမှောက်တာကို စစ်ဆေးတယ် မဟုတ်လား နွေး"

"နောင်ချိုရဲက စစ်ဆေးပါတယ်…ကားဘရိတ်ပေါက်ပြီး မထော်တာဆမှောက်တာလို့ပဲ ဆုံးဖြတ်တယ်"

"အင်းပေါ့…ရဲကတော့ တကယ်တွေ့ရှိချက်အတိုင်း ကော် ချက်ချမှာပဲ၊ နွေးအနေနဲ့…ရှိနေတဲ့ မိုတစ်(ဗ်)ကို…ရမှ တင်ပြီး နွေးနွေးဖေဖေ သေဆုံးတာဟာ သွေးရိုးသားရိုး မဖြစ်နိုင်ဘူးဆိုပြီး အမှုမဖွင့်ဘူးလား"

နွေး ဦးခေါင်းရမ်းပြသည်။

"ဘယ်လိုလုပ်ပြီး အမှုဖွင့်မလဲ အစ်ကို၊ မိုးတစ်(ဗ်)အနေနဲ့ ဦးစိုင်းမောင်နဲ့ မေမေဟာ ဆက်ဆံရေးမရှိသားပါဘူး၊ ဦးစိုင်းမောင်က မေမေ့ကို အပိုင်ရလိုမှုကြောင့် ဖေဖေ့ကို လုပ်ကြံလိုက်တယ်ဆိုတဲ့ မိုးတစ်(ဗ်)နဲ့ နွေး အမှုဖွင့်ရဲမလား၊ ဖေဖေကလည်း ဆုံးသွားတယ် ဖေဖေဆုံးတဲ့နောက် နွေးက ဆက်ပြီး အရှက်ခွဲသလို ဖြစ်သွားမှာပေါ့"

ကျော်ဇေယျ ခေါင်းညိတ်ပြ၏။

"နောက်တစ်ချက်က ကားကြီးနောက်ပိုင်းမှာ ပါလာတဲ့ ကို အေးကိုနဲ့ ကိုလှမောင်ကို သက်သေထူပြီး နွေးနွေးအမှုဖွင့်လို့လည်း မရနိုင်ဘူး၊ နှစ်ယောက်စလုံးဟာ ဦးစိုင်းမောင်ရဲ့ တပည့်အရင်းတွေ နွေးသက်သေထူရင် ရုံးမှာ သူတို့နှစ်ယောက် သက်သေထွက်ဆိုမှာ မို့ ပိုတောင်ဆိုးဦးမယ်"





ဒါလည်း နွေးပြောသည်မှာ မှန်သည်ပင်။

"နောက်တစ်ချက်ရှိသေးတာက ဖေဖေကားမှောက် သေဆုံး အချိန်မှာ နွေးဟာ ဗိုင်နယ်ပတ်တူးနှစ်ကို ရောက်နေပြီ၊ နောက်ဆုံး ပဲလေ၊ အမှုဖွင့်လိုက်ရင် အမှုရက်ချိန်း နေ့တိုင်းတရားရုံးကိုသွားရလို ဖြစ် သွားနေရမှာဆိုတော့ နွေးရဲ့နောက်ဆုံးနှစ် စာမေးပွဲမှာ ထိခိုက် တယ် မဟုတ်လား၊ အမှုမှာ နွေးဘက်က နိုင်ခြေရှိလို့ ကျောင်း တ်ခံသွားရတာ အကြောင်းမဟုတ်ဘူး၊ အမှုက ကိုယ်ကရှုံးရမယ့် မှုဖြစ်နေတော့ စာမေးပွဲလည်းရှုံး၊ အမှုလည်း ရှုံးဖြစ်မှာ…ဒါကြောင့် မှုမဖွင့်တာပဲ အစ်ကို"

"ဒါလည်း နွေးတွက်တာ မှန်တာပဲ"

"နောက်ထပ် သိပ်နာကြည်းစရာကောင်းတာ တစ်ခုရှိသေး ယ် အစ်ကို…မေမေဟာ…ဖေဖေဆုံးသွားလို့ ရှစ်လအကြာမှာပဲ စိုင်းမောင်ကို တရားဝင် လက်ထပ်ယူလိုက်တယ်၊ နွေးအိမ်ကို လုံးဝ ပြန်တော့ဘူး၊ အခေါ်အပြော မလုပ်တော့ဘူး၊ မေမေကတော့ သိပေါ် နေပြီး တစ်ပတ်တစ်ခါ နွေးရှိတဲ့ မန္တလေးကို လာပါတယ်၊ နွေးကို ချော့တယ်၊ သူ့ကို ခွင့်လွှတ်ဖို့ နွေးကိုတောင်းပန်တယ်၊ နွေးကိုချော့လို့ ယ်ရမလဲ အစ်ကို…ချော့တယ်ဆိုတာက စိတ်ကောက်တဲ့လူကိုသာ ချော့လို့ရတာ၊ အခုဟာက နွေး မေမေ့ကို စိတ်ကောက်တာ မဟုတ်ဘူး၊ တ်နာတာ…စိတ်နာပြီဆိုရင် ပြန်ချော့လို့ ရတာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



မှန်၏။

ဗေဒ္ဓာတရားတွင် မှန်းခြင်းကို ပြန်လည်ဖြေဖျောက်နိုင် ကောင်…ဖြေဖျောက်နိုင်မည်။ နာကြည်းခြင်းကား ဖြေဖျောက်မရ စကောင်းသေ…နာကြည်းခြင်းသည် မုန်းခြင်းထက် အဆပေါင်းရာထောင် ပိုမိုပြင်းထ…ပါ၏။

အမုန်းတွင် ခွင့်လွှတ်နိုင်ခြင်း ရှိသေးသည်။

နာကြည်းခြင်းတွင် ခွင့်လွှတ်နိုင်ခြင်းမရှိ။

ကျော်ဇေယျကိုယ်တိုင် နာကြည်းခြင်းကို ခံစားလာရသဖြ…နွေး၏ နာကျည်းခြင်းကို သဘောပေါက်သည်။

မည်သို့ဖြစ်စေ သတင်းစာတွင် မိခင်ကွယ်လွန်ကြောင်း သိ…စဉ်က နွေးသည် သည်းထန်စွာ ငိုလိုက်မိသေးသည်။

သို့တစေ မိခင်ဆုံး၍ ဝမ်းနည်းခြင်းကို တဖြည်းဖြည်း နာကြည်းခြင်းက ပြန်လည်ဖုံးအုပ်လိုက်ဟန်တို့သည် ရက်ပိုင်းအတွင်းမှာပ…နွေးသည် နဂိုအတိုင်း ပြန်လည်တည်ရှိသွားသည်။

နွေး ဆက်ပြောသည်။

"တကယ်တော့ မေမေလည်း မသက်သာပါဘူး၊ လုပ်ငန်း…ကတော့ ဆန္ဒတွေ၊ ရမ္မက်တွေကြောင့် ကျူးလွန်လိုက်ပေမယ့် သမီး…ကိုလည်း ဘယ်လိုမှ ပြန်ချော့မရ၊ ဖေဖေကွယ်လွန်သွားတာကိုလည်း…နောင်တတွေရ၊ နောက်ယောက်ျား ဦးစိုင်းမောင်နဲ့လည်း အဆင်မပြေ…





…ဖြစ်ရာက မေမေ့မှာ နှလုံးရောဂါဝင်လာတာပဲ အစ်ကို"

"နေဦး…ကြားဖြတ်ပြီး ကိုယ်မေးဦးမယ်…

နွေး မန္တလေးမှာပဲနေတော့…နွေးရဲ့ နေထိုင်စရိတ်ကို ဘယ်သူ…က တာဝန်ယူလဲ"

"အဲဒါကျတော့ ဖေဖေမသေခင် နဂိုကတည်းက ဖေဖေ…ပြီးသွား…စီအစဉ် လုပ်ပေးထားတယ်လေ၊ နွေး မန္တလေးဆေးတက္ကသို…တက်တဲ့အချိန်ကစပြီး မန္တလေးဘဏ်မှာ နွေးနာမည်နဲ့ ဖေဖေက…ငွေငါးသိန်းထည့်ပေးထားတယ်၊ နွေးလိုအပ်သမျှ ဘဏ်က ငွေထုတ်…သုံးတယ်၊ နွေး ထုတ်လို့လျော့သွားသမျှငွေကို ဖေဖေက မန္တလေး…လာတိုင်း ပြန်ပြီး ငါးသိန်းပြည့်အောင် ဖြည့်ပေးသွားတယ်၊ ဖေဖေဆုံး…သွားတော့လည်း မေမေကပဲ အဲဒီပုံစံအတိုင်း အမြဲတမ်း ငါးသိန်းပြည့်…အောင် ဖြည့်ခဲ့ပြန်တာပဲ၊ နွေးအတွက် ငွေရေးကြေးရေး မပူရပါဘူး…အစ်ကို"

"နွေးဖေဖေ လုပ်ဆောင်ခဲ့တဲ့ ခြံလုပ်ငန်းတွေ စက်ရုံလုပ်ငန်း…တွေ၊ အရောင်းအဝယ် လုပ်ငန်းတွေကျတော့ကော"

"ကိုစိုင်းမောင်က ဆက်လုပ်တာပေါ့…အစ်ကို၊ ကိုစိုင်းမောင်…က ဖေဖေရဲ့ ညာလက်ရုံးဘဝနဲ့ ဖေဖေ့လုပ်ငန်းတွေ အားလုံးကိုကျွမ်း…ကျင်ပြီးသားပဲ၊ ဒီအရင်းအနှီးတွေ လုပ်ငန်းတွေကိုမက်လို့ မေမေ့ကို…သစေပြီး မေမေ့ကို အရယူခဲ့တာပဲ၊ သူပဲဆက်လုပ်နေတော့တာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကိစ္စနဲ့ပတ်သက်ပြီး နွေးစိတ်ထဲ မခံချင်တာနဲ့ အကျိုးတော်ဆော
ကြီးတစ်ယောက်ကို ငှားပြီး နွေးဟာ တစ်ဦးတည်းသော သမီးအ
ရပိုင်ခွင့်တွေကို ရအောင် စီစဉ်ပေးပါလို့ ဆောင်ရွက်ခိုင်းတယ်၊ အ
အကျိုးတော်ဆောင်ကြီးက သီပေါကို နှစ်ခေါက်သုံးခေါက် ဆင်း
းတယ်၊ နောက်ကျတော့ အီးရောအီးရောဖြစ်သွားတယ်၊ ဒီကိစ္စ
မှုက်ဘူး…အချိန်ယူလုပ်ရမယ်ဆိုတဲ့ စကားတွေ ထွက်လာတ
နွေးစိတ်အထင်တော့…အဲဒီ အကျိုးတော်ဆောင်ကြီး သီပေါအဆောင်
ဦးစိုင်းမောင်က ငွေနဲ့ပေါက်ပြီး 'သူ့ဘက်တော်သားဖြစ်သွားအော
စည်းရုံးလိုက်တာလို့ ထင်တာပဲ အစ်ကို"

"အဲဒီနောက်တော့ကော ဘာတွေ ဆက်ဖြစ်တာလဲ နွေး"

"အဲဒီနောက် နွေးရဲ့ အလုပ်သင်ဆရာဝန် နှစ်နှစ်ပြီးသွားတ
အစ်ကို့၊ ဒီတော့ နွေးတစ်ယောက်တည်း မန္တလေးမှာ ယောင်လ
လည်ပေါ့…နွေးကို ဆရာဝန်အလုပ်နဲ့ ဘယ်ဒေသကို ပို့ပို့ဆိုပြီး လျှော
ထားတာကလည်း အတော်ကြီးကြာတဲ့အထိ ပြန်မကျလာဘူး"

"အပွိုင့်မင့်ကတော့ ဒီလိုပဲ ကြာတတ်တာပဲ နွေး၊ ဒီလို
စောင့်ရတာပဲ"

"ဟုတ်ပါတယ်အစ်ကို၊ အဲဒီလိုစောင့်နေတုန်းမှာပဲ မမေ
ဦးစိုင်းမောင်ဟာ မန္တလေးကို သုံးခေါက်လောက် နွေးဆီကို လာ
တယ်၊ နွေးကို သီပေါကအိမ်မှာပဲ ပြန်နေပြီး အပွိုင့်မင့်ကို ဆက်စော





ပြောတယ်၊ နွေးရဲ့ ရပိုင်ခွင့်အားလုံးကိုလည်း ရှေ့နေတွေဘာတွေ
ဆောင်မလိုဘဲ အားလုံးစီစဉ်ပေးပါ့မယ်လို့ ဦးစိုင်းမောင်က ကတိပေးခဲ့
တယ်၊ နွေးလည်းကိုယ်ဟာကိုယ်စဉ်းစားတယ် အစ်ကို၊ မန္တလေးမှာပြင်း
ကျောင်းလည်းမနေ၊ အလုပ်လည်းမရှိ၊ မိန်းကလေးတစ်ယောက်တည်း
ယောင်လည်လည်နဲ့ နေတာဟာ ကြာရင်မကောင်းဘူး၊ နောက်ပြီး
သီပေါက ကိုယ့်အိမ်ကို ကင်းကင်းကွာကွာကြီးနေတာ ကြာလွန်းသွား
ရင် မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ ပုံစံနဲ့ အားလုံး တစ်စထက်
တစ်စ ဦးစိုင်းမောင် ခြယ်လှယ်သမျှတွေ ဖြစ်သွားတော့မယ်၊ အခု
ဦးစိုင်းမောင်က နွေးကို ပြန်ခေါ်တာဟာ ဘေးအမြင်ကောင်းအောင်
မမေ့ ကျေနပ်အောင် မမေ့ကို နှစ်သိမ့်ပြီး ဟန်ရေးပြကာခေါ်တာ၊
အဲဒီတော့ နွေးနောက်ဆုံး သီပေါအိမ်မှာပဲ ပြန်နေဖို့ဆုံးဖြတ်ခဲ့တယ်၊
နွေး သီပေါအိမ်ကို ပြန်သွားနေခဲ့ပါတယ် အစ်ကို"

"နို့…သီပေါအိမ်က နွေးထွက်ပြေးခဲ့ရတာကကော"

"ပြောမယ် အစ်ကို…သီပေါအိမ်မှာနေရင်း ညတစ်ညမှာ
နွေးအိပ်မပျော်ဘဲ ဖြစ်နေတုန်း…မမေ့အခန်းထဲက လှုပ်ရှားသံတွေ
နဲ့…အိုးအိုး အစ်အစ် အသံတွေ ကြားတယ်၊ ဒါနဲ့…နွေး အိပ်ရာက
ထပြီး…မမေတို့ အိပ်ခန်းဘက်သွားတယ်၊ တံခါးကို တွန်းဖွင့်ကြည့်
တော့ တံခါးပွင့်သွားတာနဲ့ အထဲကို လှမ်းကြည့်လိုက်တယ်၊ နွေး
ဘာတွေ့တယ်မှတ်သလဲ…ဦးစိုင်းမောင်က မမေ့မျက်နှာကို ခေါင်း
အုံးနဲ့ဖိသတ်နေတာ တွေ့တယ်အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"အာ...ယား...ယား...ရက်စက်လိုက်တာ"

"နွေး တံခါးဖွင့်ဝင်လိုက်တာနဲ့ ဦးစိုင်းမောင်က နွေးဆီကို
ဘာတယ် အစ်ကို၊ အဲဒီတော့ မေမေက နွေးကို လှမ်းပြောတ
ပြေး...ပြေး...ပြေး...သမီး...လွတ်အောင်ပြေး...ဒီ အယုတ်တ
ကောင် မေမေတို့အားလုံးကို သတ်ပြီး ပစ္စည်းတွေအားလုံး အပိုင်
ဖို့ကြံတာ...ပြေး...ပြေးလို့ပြောတယ်၊ မေမေ့ခြေလက်တွေကို
တုတ်နှောင်ထားသလား မသိဘူး၊ မေမေ့တစ်ကိုယ်လုံး ရင်ဘတ်
အထိ စောင်အုပ်ထားတယ်၊ နွေး အော်ဟစ်ပြီး အကူအညီတောင်
သေးတယ်၊ ဘယ်သူတစ်ယောက်မှ ပေါ်မလာဘူး၊ သီပေါအိမ်
ဦးစိုင်းမောင်ရဲ့ လူတွေချည်းပဲရှိတာကိုး၊ ဒီတော့ နွေး ဖွတ်ကြီးထ
ပြေးရတာပေါ့...အိမ်ပေါ်က အောက်ဆင်းတော့...လှေကားရင်
ဂျစ်ကား ရပ်ထားတာတွေ့တယ်...အဲဒီဂျစ်ကားပေါ်တက်ပြီး
ကားမောင်းထွက်ပြေးခဲ့တာပဲ အစ်ကို၊ ကားဦးတည့်ရာ ဖွတ်မော
တာ...သီပေါက ကျောက်မဲကို သွားတဲ့လမ်းအတိုင်း ဖွတ်မော
တယ်"

"သူတို့ နောက်က ကားနဲ့ မလိုက်ဘူးလား...နွေး"

"လိုက်တယ်အစ်ကို...ဒါပေမယ့်...သီပေါအိမ်မှာက
တင်ကားတွေပဲရှိတယ်၊ ကားကြီးတွေထဲမှာ ကုန်တွေလည်း အ
ထည့်ပြီးသားတွေ၊ လူစီးဖို့က အိမ်မှာ ဂျစ်ကားတစ်စီးပဲရှိတာ၊ ဒီ





နွေးနောက်ကို သူတို့ ကုန်တင်ကားကြီးတစ်စီးနဲ့ လိုက်တာပေါ့၊ မိုးတွေကလည်း ရွာနေတယ်၊ နွေးကလည်း ကြောက်ကြောက်နဲ့ ဖွတ်မောင်းနေတာဆိုတော့...သူတို့ ကုန်တင်ကားကြီးကို သိပ်အရှိန်ပြင်းပြင်း မောင်းရဲပုံမပေါ်ဘူး၊ ကုန်အလေးတွေနဲ့ဆိုတော့ မှောက်သွားနိုင်တာမို့ ထင်တာပဲ၊ သူတို့ နွေးကို မမီဘူး"

"နွေး...ကားကောင်းကောင်း မောင်းတတ်တာပဲ၊ ညကြီးမင်းကြီး မိုးထဲလေထဲမှာ စပိန့် မောင်းတာဆိုတော့ တော်တော်ကျွမ်းလို့ပဲ"

"နွေးရှစ်တန်းကျောင်းသူဘဝထဲက ဖေဖေကိုယ်တိုင် နွေးကို ကားမောင်းသင်ပေးထားတာပဲ အစ်ကို၊ လမ်းထွက်ပြီဆိုရင် ဖေဖေက နွေးကို မောင်းစေပြီး အားကထိုင်သင်ပြပေးတယ်၊ တောင်ဆင်းတောင်တက် မောင်းနည်းတွေကစပြီး သင်ပေးထားတာ၊ နွေးဖွတ်မောင်းလာရင်း ကျောက်မဲဘက်ကို ဆက်မမောင်းဘဲ၊ မြို့သာမြို့သစ်လမ်းခွဲကို ကွေ့ချိုးမောင်းခဲ့တယ်၊ ကျောက်မဲအထိ မောင်းရင်း ကျောက်မဲမှာလည်း ဦးစိုင်းမောင်လူတွေ အများကြီးရှိနေတယ်၊ ဒါကြောင့် မြို့သာမြို့သစ်ဘက်ကို ကွေ့ပြီး တမင်မောင်းလာခဲ့တာပဲ အစ်ကို"

"သူတို့လည်း နွေးနောက်ကို လိုက်လာတာပဲ မဟုတ်လား မြို့သာမြို့သစ်ကို လိုက်လာတယ် မဟုတ်လား"

"လိုက်ကြပုံပဲ၊ ဒါပေမယ့်...နွေးရဲ့ဂျစ်ကားကို မမီမရဘူး"

"နွေးကို နောက်ဆုံး သူတို့မိသွားလို့ ရိုက်နှက်ပြီး နွေးကို



www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးမှာ ပစ်ထားခဲ့တာ မဟုတ်လား၊ ပြီးတော့ ဂျစ်ကားကို ပြန်ယူသွားတာ မဟုတ်လား နွေး…နွေးခေါင်းကွဲ သတိမေ့ပြီး လမ်းဘေး မိုးထဲလေထဲမှာ ကျန်နေခဲ့တာပဲဟာ”

“ဟင်…ဒါဖြင့်…နွေးကို ခေါင်းရိုက်ခွဲပြီး လမ်းဘေးမှာ ပစ်ထားတာ ဘယ်သူလဲ”

နွေး မဖြေသေးပေ။

အစ်ကို ဒေါက်တာကျော်ဇေယျကို အကြာကြီးပင် ငေးကြည့်နေပေတော့သည်။ ပြီးမှ…

“နွေးကို သတိမေ့အောင် ခေါင်းရိုက်ခွဲတဲ့သူဟာ အစ်ကို… အစ်ကို”

“ဘာရယ်…ဘာ…ဘာ…နွေးကို ခေါင်းရိုက်ခွဲတာ ကိုယ် ဟုတ်လား…ဘာဆိုင်လဲနွေး”

“ဟုတ်ပါတယ်အစ်ကို…နွေး ဒီမြို့သာ့ထဲဝင်လာတော့ အိမ်တိုင်းလိုလို တံခါးတွေပိတ်ထားပါတယ်…အစ်ကို့အိမ်တစ်အိမ်ပဲ မီး ရောင်လင်းပြီး တံခါးပွင့်နေတာတွေ့တယ်၊ နွေးဘယ်ကို ဆက်သွား ရမယ်မှန်း မသိတော့တာနဲ့ ဂျစ်ကားကို လမ်းပေါ်မှာပဲ ထားခဲ့ပြီး အစ်ကို့အိမ်ထဲ နွေးရှုတ်ဝင်လာခဲ့တယ်၊ အဲဒီတုန်းက အစ်ကိုအရက်သေ သောက်နေတယ်၊ မျက်လုံးတွေနီရဲပြီး မျက်လုံးကြည့်ပုံကလည်း မျက် ထောင့်နီကြီးနဲ့ မူမမှန်ဘူး၊ နွေးဝင်လာတာကို မြင်တာနဲ့ အစ်ကိုက နွေးကို မောင်းထုတ်တယ်”



“သွား…သွား…မယ်ကုဝဏ်…ဘီလူးမ…လို့ပြောပြီး အတင်းမောင်းထုတ်တယ်၊ နွေးက နွေးဒုက္ခရောက်လာလို့ ကယ်ပါလို့ တောင်းပန်တယ်၊ အစ်ကိုက ထပြီး နွေးကို အပြင်ဖက် တံခါးပေါက် ကနေ အတင်းတွန်းထုတ်တယ်၊ နွေးအပြင်ဖက် ဘယ်ပြန်ထွက်ရမလဲ၊ သူတို့လော်ရီကားကြီးရဲ့ စက်သံ အင်ဂျင်သံကို ကြားနေတာ၊ ဒီတော့ နွေးအတင်းပေကပ်ပြီး အိမ်ထဲက မထွက်ဘဲ၊ ဟိုဆွဲထား ဒီဆွဲထားနဲ့ ကပ်ကပ် နေတယ်၊ အဲဒီတော့…အစ်ကိုက တုတ်ကောက်စင်က ပိတောက်သားတုတ်ကောက်ကို ဆွဲယူပြီး နွေး ခေါင်းကို ရိုက်လိုက် တယ်၊ နွေး သတိမေ့လဲကျသွားတယ်၊ အဲဒီနောက်တော့ နွေး ဘာမှ မသိတော့ဘူး၊ နွေး ပြန်သတိရတဲ့အချိန်မှာ နွေးကို အစ်ကိုက ကောင်း ကောင်းမွန်မွန်ထားပြီး ကုသပေးနေတာကို တွေ့ရတာပဲ အစ်ကို”

“တကယ်…အခု နွေး ပြောနေတာတွေဟာ တကယ်ပဲလား ဟင်”

“နွေးက ဘာလို့ မဟုတ်တာ ပြောမှာလဲ အစ်ကို၊ အစ်ကို ရိုက်ခဲ့တဲ့ ပိတောက်သား တုတ်ကောက်ကို ကြည့်ပါလား သွေးတွေ စွန်းပြီးခြောက်နေပြီ၊ ဒါကို ကိုမော်မော် ယူကိုင်ကြည့်လိုက်တော့ နွေး သူ့လက်ထဲက အတင်းယူပြီး သွားဝှက်ထားရတယ်”

ပြောပြောဆိုဆို နွေးသည် အိမ်ပေါ်တက်၍ ပိတောက်သား တုတ်ကောက်ကို ယူလာပြီး ကျော်ဇေယျအား ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇေယျသည် နွေး၏ ပုခုံးနှစ်ဖက်ကို ဆင်ခြင်မှုထား သတိမေ့ကာ ဆုပ်ကိုင်လိုက်သည်။

"ဖြစ်မှဖြစ်ရလေ နွေးရယ်...ကိုယ်တကယ် စိတ်မကောင်း ဖြစ်ရတယ်၊ ဒါတောင်မှ နွေးက ကိုယ့်ကို စိတ်မဆိုးဘူးလားဟင် စိတ်မနာဘူးလားဟင်"

"အစ်ကို့ကို မသိစိတ်က လွှမ်းမိုးနေတဲ့ အချိန်အတွင်းမှာဖြ တာပဲအစ်ကို၊ ဘာလို့ နွေးက အစ်ကို့ကို စိတ်ဆိုးရမှာလဲ၊ စိတ်နာ မှာလဲ"

ကျော်ဇေယျ ပြန်စဉ်းစားမိပါ၏။

ငှင်းညက မိမိသည် ရောဂါထခဲ့သည်ကို ပြန်လည်ပြီး သတိ မိပါ၏။

ထိုအချိန်က ထိုစိတ်ဖြင့် ကျူးလွန်ခဲ့သော ကျူးလွန်မှုဖြစ်ပါ၏ နွေးကိုရိုက်ပြီး သတိမေ့လဲကျနေသည်ကို ပွေ့ချီကာ လင့်ရိုဗာကားပေါ် တင်ပြီး မေတ္တာပေါင်းကူးလမ်းဘေးတွင် သွားပစ်ချထားခြင်း ဖြစ်နိုင် ပေသည်။

ထို့ကြောင့် နွေး လဲကျကျန်ခဲ့သည့် နေရာတွင် မိမိလင့်ရိုဗာ ကားဘီးရာ ကျန်နေခဲ့ခြင်းဖြစ်နိုင်သည်။ စခန်းမှူး ကိုနေအောင်ကသင် ကားဘီးရာနှင့် ပတ်သက်ပြီး မိမိကို ရှတ်နောက်နောက် စကားပြော သွားသည်ပင် ပြန်အမှတ်ရမိသည်။





"နွေး တို့ကို စိတ်မဆိုး စိတ်မနာဘဲ၊ နားလည် ခွင့်လွှတ်တဲ့ အတွက် တို့ဝမ်းသာရပါတယ်၊ ဒါပေမယ့်...အဲဒီညက နွေး...တို့အိမ် ထဲ ဝင်ပြေးလာတော့ နောက်က လော်ရီကားနဲ့ လိုက်လာတဲ့ ဦးစိုင်း မောင်တို့က တို့အိမ်ထဲအထိ လိုက်မလာကြဘူးလား နွေး"

"အဲဒါကတော့ နွေး ဆက်စပ်ပြီး ထင်ကြေးပဲ ပြောနိုင်မယ် အစ်ကို၊ သီပေါအိမ်က နွေး ဆင်းပြေးလာတော့ အောက်မှာ ကိုအေး ကိုနဲ့ ကိုလူမောင် နှစ်ယောက်ပဲ ရှိတယ်၊ ဦးစိုင်းမောင်က အိမ်မှာ အိပ်ညနေ အဲဒီနှစ်ယောက်ကိုပဲ ထားတယ်၊ ကျန်တဲ့ တပည့်တွေ တော့ လိုအပ်မှ ခေါ်ပြီးခိုင်းတယ်၊ နွေး...ဂျစ်ကားမောင်းပြီး ထွက် က်ပြေးတော့ ဦးစိုင်းမောင်က ကိုအေးကိုနဲ့ ကိုလူမောင်ကိုပဲ နွေး နောက်ကို လိုက်ခိုင်းတယ် ထင်တယ်၊ ဦးစိုင်းမောင်ကိုယ်တိုင်က မေ့ကို ကိစ္စတုံးလုပ်ဖို့ တန်းလန်းကြီး မဟုတ်လား၊ နွေး အစ်ကို့ အိမ်ထဲဝင်ပြေးလာတော့ သူတို့နှစ်ယောက် ဒီအိမ်ထဲအထိ မဝင်ရဲကြ ဘူးထင်တယ်၊ မြို့သာမြို့သစ်မှာ သူတို့ မကျွမ်းတဲ့အပြင် သူတို့ ဆက်အသွယ်တွေလည်း ရှိပုံမရဘူး၊ နောက်ပြီး အစ်ကို့အိမ်လို ည်ထည်ဝါဝါ အိမ်ထဲဝင်မိလို့ သူတို့ကို ရဲအချုပ်ထဲ ပို့လိုက်ရင် သနာ တစ်သီကြီး အရှင်းရခက်သွားမှာကို ကိုအေးကိုနဲ့ ကိုလူမောင် က်မိမှာပဲ၊ သူတို့နယ်မြေမဟုတ်လို့ သူတို့ ခံရမှာကို တွေးပြီး နေ ောင်းလာတဲ့ ဂျစ်ကားကိုသာ တစ်ယောက်က မောင်းပြီး သီပေါကို သွားကြတာ ဖြစ်မယ်ထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆက်စပ်တွေးတောလျှင် နွေးပြောသည့်အတိုင်း ဖြစ်နိုင်ပေသည်။ အကြောင်းမူ နွေး ဒီအိမ်ရောက်ပြီး သုံးရက်မြောက်သတင်းစာတွင် သီပေါမှ ဒေါ်နီလာကွယ်လွန်ကြောင်း ပါရှိလာသည်နှင့် ဆက်စပ်ကြည့်နိုင်ပေသည်။

ပြီး…နွေး ဒီအိမ်ရောက်ပြီးမှ သူ့ကိုယ်သူ ဒေါက်တာခင်မျိုးအောင်ဆိုသည့် ဂျစ်ကားနှင့် အမျိုးသမီးတစ်ဦး ရောက်လာသည်မှာလည်း နွေးကို စုံစမ်းရန်ဖြစ်မည်။

ပါပလစ်ကာကားနှင့် တမင် ရမယ်ရှာကာ ဒေါက်တာဒေါ်ခင်မျိုးအောင် အစစ်လာသည်မှာလည်း နွေး သတင်း စုံစမ်းချင်သောကြောင့်ပင် ဖြစ်ပေသည်။

၎င်း ဒေါက်တာ ဒေါ်ခင်မျိုးအောင် နှစ်ယောက်အကြောင်းကို ယခု နွေးကို မေးလို့ရပြီ ထင်ပါ၏။

"နွေးဟာ…ဒေါက်တာဒေါ်ခင်မျိုးအောင်ကို မျက်နှာချင်းမဆိုင်ချင်လို့ ရှောင်ပြေးတယ်နော်…အဲဒါ ဘာလို့ ရင်မဆိုင်ချင်တာလဲ **ဒေါက်တာ**ဒေါ်ခင်မျိုးအောင်နဲ့ ဦးစိုင်းမောင်ဟာ ပတ်သက်နေလို့လား"

"**ကျောက်မဲက** ဒေါက်တာဒေါ်ခင်မျိုးအောင်နဲ့ သီပေါက ဦးစိုင်းမောင်ဟာ ပတ်သက်မှုတော့ မရှိဘူး ထင်တာပဲ၊ ဒါပေမယ့်… ဒေါက်တာဒေါ်ခင်မျိုးအောင်ရဲ့ ညီမအရင်း သီပေါမှာနေတဲ့ ဒေါ်တင်စိုးအောင်ကတော့ ဦးစိုင်းမောင်နဲ့ ပတ်သက်နေတယ်၊ သူတို့ အရောင်းအဝယ်အတူတူ လုပ်ကြတာကို နွေး သိထားတယ်၊ အဲဒီ သီပေါက ဒေါ်တင်စိုးအောင်ဆီကို သူ့အစ်မ ဒေါ်ခင်မျိုးအောင် ခဏခဏ လာတာကိုလည်း နွေး သိထားတယ်၊ သူတို့က အထက်အောက် ညီအစ်မအရင်းလေ၊ ဒေါက်တာဒေါ်ခင်မျိုးအောင်က အကြီး၊ ဒေါ်တင်စိုးအောင်က ညီမအငယ်၊ သူတို့ညီအစ်မက အထက်အောက်မို့ ရုပ်ချင်းတူတဲ့နေရာတွေမှာ တူတယ်၊ သူတို့နှစ်ယောက်ကို အတူတွေ့မြင်ရရင် ညီအစ်မဆိုတာ သိလောက်အောင် ရုပ်ချင်းဆင်သလိုရှိတယ်၊ ဒါကြောင့် ဒေါက်တာ ဒေါ်ခင်မျိုးအောင် ဒီလာမယ်**ဆိုတာနဲ့ ရင်မဆိုင်ချင်လို့** နွေး ရှောင်ထွက်ပြေးတာပဲ အစ်ကို"

"ဘာထူးတော့မှာလဲ နွေး၊ နွေး **ဒီအိမ်မှာရောက်မနေမှန်း ဦး**စိုင်းမောင်က သိလို့၊ တို့ဆီကို ပစ်စာ၊ ခြိမ်းခြောက်စာတောင် ပို့နေပြီပဲဟာ၊ နွေး သီပေါက ထွက်ပြေးလာတဲ့ ညကပဲ နွေး တို့အိမ်ကို ရောက်သွားတာ၊ ဟိုကားသမားနှစ်ယောက်ဆိုတဲ့ ကိုလှမောင်နဲ့ ကိုအေးကိုကလည်း သိသွားတာပဲမဟုတ်လား နွေး"

"ဟုတ်ပါတယ် အစ်ကို…အခု သေနတ်နှစ်လက်ကိုင်ပြီး နွေးကို မရမက ပြန်လိုက်ဖို့ခေါ်တဲ့ လူနှစ်ယောက်ဟာလည်း ကိုလှမောင်နဲ့ ကိုအေးကိုပါပဲ အစ်ကို"

နွေး၏ ဇာတ်လမ်းမှာ အားလုံးအဆက်အစပ်တွေ ရှိပြီး သို့သော်…






www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လမ်းအတိုင်း ဦးစိုင်းမောင်ကို တိုင်ချက်ဖွင့်ပြီး အရေးယူနိုင်မတဲ့လား။

မရနိုင်။

နွေး၏ဖေဖေ ဦးကောင်းမြတ် သေဆုံးရပုံမှာ ဦးစိုင်းမောင်၏ မော်တော်ကား မကျွမ်းနှစ်အတတ်ပညာ ကျွမ်းကျင်မှုအရဘရိတ်ပေါက်ကားမှောက်၊ မတော်တဆ သေတဲ့ပုံစံဖြစ်နေသည်။

သက်သေလုံးဝ မရှိ။

ဦးစိုင်းမောင်ကို အဘယ်သို့ အရေးယူနိုင်မည်နည်း။

မိခင် ဒေါ်နီလာအား ဦးစိုင်းမောင်က ခေါင်းအုံးနှင့် ဖိသတ်သည်ပဲထား။

အဘယ်သို့ သက်သေထူမည်နည်း။

နွေးက သူကိုယ်တိုင် မြင်တွေ့ပါသည်ဟု ရုံးတော်တွင် ထွက်ဆိုပါကလည်း ဖထွေးအပေါ် မလိုလားသောကြောင့် လီဆယ်ထွက်ဆိုသည် ဖြစ်သွားနိုင်သည်။

ဒေါ်နီလာတွင် နှလုံးရောဂါရှိနေသည်က အထင်အရှားဖြစ်နေသည်။

ဦးစိုင်းမောင်အဖို့ တစ်ခုသာ ကျန်တော့သည်။

ဦးကောင်းမြတ်သေပြီ။ ဒေါ်နီလာသေပြီ။ ပစ္စည်းဥစ္စာအားလုံးကို အပိုင်စီးနိုင်ရန် နွေးတစ်ယောက်ကိုသာ ကြံစည်ဖို့ ဦးစိုင်းမောင်တွင် လိုလေပြီ။





"နွေးကို ဦးစိုင်းမောင်က ပြန်မိသွားရင် ဘာလုပ်မယ်လို့ နွေး ထင်သလဲ"

"နွေးကို သတ်ပစ်မှာပေါ့အစ်ကို၊ ဖေဖေနဲ့မေမေ သေရသလို နွေးဟာ မတော်တဆ တစ်ခုခုနဲ့ဖြစ်ဖြစ်၊ ရောဂါဆိုးတစ်ခုခုနဲ့ဖြစ်ဖြစ် သေသွားရတာမျိုး ဦးစိုင်းမောင်က ဖန်တီးမှာပေါ့"

"ဦးစိုင်းမောင်မှာ တကယ့် လူဆိုးလူမိုက် တပည့်တွေရှိတယ်နော်"

"ရှိတယ် အစ်ကို ... ဦးစိုင်းမောင်က သေဆိုသေ၊ ရှင်ဆိုရှင်မယ့် တပည့်တွေရှိတယ်"

"နောက်ပြီး ဦးစိုင်းမောင်ဟာ ပြင်ပ အပေါင်းအသင်းဆန့်တယ်၊ ကောင်းတယ်နော်"

"ငွေကြေးအကုန်အကျခံပြီး ပေါင်းထားတာတွေရော၊ ရက်ရက်ရောရောပေးကမ်းပြီး ပေါင်းတာတွေရော၊ လုပ်ငန်းအဆက်အသွယ်ရ ပေါင်းသင်းထားတဲ့ အပေါင်းအသင်းတွေရော သိပ်ကို အပေါင်းအသင်းကောင်းပါတယ်"

"ဟုတ်ပြီ ... ဒီနွေးအိမ်ကိုဝင်စီးတဲ့ ဦးစိုင်းမောင်ရဲ့ သေနတ်သမား တပည့်နှစ်ယောက်ဟာ သူတို့နှစ်ယောက်ကို နွေးကလွဲပြီး ဘယ်သူကမှ သိလည်းမသိဘူး၊ မြင်လည်းမမြင်ဘူးကြဘူး၊ သူတို့ ဘယ်သူဘယ်ဝါဆိုတာ အန်တီစမ်း၊ ကူးကူး၊ ညီညီတို့ လုံးဝမသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို နွေးကို သူတို့အသေသတ်ထားခဲ့လည်း ဘယ်သူတွေက သတ် သွားမှန်း ဖော်ထုတ်မပြနိုင်ဘူး၊ ဒါဟာ…သူတို့ဆရာ ဦးစိုင်းမောင်က နွေးကို အသေမသတ်ရဘူး…အရှင်ရအောင် ဖမ်းခဲ့လို့ မှာလိုက်လို့ ဖြစ်ရမယ်"

"ဦးစိုင်းမောင်က ညဏ်နီညဏ်နက် သိပ်များတယ်၊ အဲဒီ ဘက်မှာလည်း သိပ်တော်တယ်၊ ဖေဖေနဲ့ မေမေကို သူသတ်ပေမယ့် တရားဥပဒေနဲ့ အရေးဘယ်လိုမှ ယူမရစေတဲ့နည်းတွေ သုံးသွားတယ် နွေးနွေးကို လူဆိုးတွေက သတ်လို့သေတယ်ဆိုရင် သက်ဆိုင်ရာက ဒီလူဆိုးတွေကို ဘယ်သူတွေလဲဆိုတာ ဆက်လိုက်မယ်၊ နွေးသေရင် ရှိသမျှ ဆက်ခံရမယ့် ဦးစိုင်းမောင်အပေါ် သင်္ကာမကင်းဖြစ်နိုင်တယ် ဒါကြောင့်…နွေးကို ဒီလိုအကြမ်းနည်းနဲ့ ရဲနဲ့မကင်းတဲ့နည်းနဲ့ သေသွား တာမျိုး အဖြစ်မခံဘူး၊ သူ့လက်ထဲရောက်ပြီးမှ တဖြည်းဖြည်း အချိန် ယူပြီး နွေးသေတာဟာ ဥပဒေနဲ့ မငြိစွန်းဘဲ သေတဲ့နည်းကို သူသုံး ချင်လို့ နွေးကို အရပြန်လိုချင်တာ ဖြစ်မှာပေါ့ အစ်ကို"

"အင်း…ဒါလည်း ဟုတ်တာပဲ၊ နွေး ဒီအိမ်မှာ ရှိနေမှန်းလည်း သူသိထားပြီ၊ နွေး သတိဝီရိယနဲ့ နေပါ၊ တို့ကတော့ နွေးအတွက် အစွမ်းကုန် ကာကွယ်ပေးမှာပဲ၊ ဘာပဲဖြစ်ဖြစ် ဒီကိစ္စတွေအားလုံးကို စခန်းမှူး ကိုနေအောင်ကို အမှုတိုင် အမှုဖွင့်တဲ့ သဘောမဟုတ်ဘဲ ပါဆင်နယ် ပရိုက်ဗိုက် ပြောတဲ့နည်းနဲ့ ပြောပြီး အသိပေးထားမယ်





ရောက်ပြီး ဘယ်လိုဆက်လုပ်မယ်ဆိုတာ တိုင်ပင်မယ်…နွေး ဘာမှ ကြောက်နဲ့။ လောလောဆယ် ညီညီကိုလည်း ကျောင်းမပြန်ခိုင်းသေး ဘူး"

"ဘယ်ကောင်းမလဲ အစ်ကို၊ ကိုမော်မော် ဒီနှစ်စာမေးပွဲ မဖြေ ခဲ့ရင် နွေး ပယောဂကြောင်း ဖြစ်နေမှာပေါ့"

"ရတယ် နွေး၊ ညီညီက စာမေးပွဲနဲ့ ပတ်သက်ပြီး ငယ်ငယ် ကတည်းက စိုးရိမ်စိတ်ထားတဲ့သူ မဟုတ်ဘူး၊ သူက ကျောင်းပြီးသွား ပြီ ဒီအိမ်ပြန်နေရမှာတောင် ဝန်လေးနေတဲ့ကောင်"

သူညီကိုသဘောနှင့်ပင် အစ်ကိုက ပြောလိုက်ပါသေး၏။

ယနေ့ ကူးကူးတို့ ကျောင်းပြန်ဖွင့်ပြီ။

ကျောင်းပြန်တက်ရမည်ကို ကူးကူးဝမ်းသာနေသည်။ ကျောင်း ဆက်တိုက်တက်ရစဉ်က ကျောင်းတက်ပျင်းသွားသည်။

ကျောင်းပိတ်ရက်တွေများပြီး အိမ်မှာချည်း နေရတာကြာတော့ သည်း ငြီးငွေ့သွားကာ ကျောင်းတွင် သူငယ်ချင်းတွေနှင့် နေရသည်ကို မြန်လည်း တောင့်တလာမိသည်။

မော်မော်၏ လက်မောင်းဒဏ်ရာကလည်း တော်တော်သက် သာသွားပြီ၊ ပျောက်လုနီးပါး ရှိနေပါ၏။

ကူးကူး ကျောင်းစပြီး ပြန်တက်မည့်နေ့မို့ ကျောင်းဝိုင်းမြည့် သင့်ရှိဗာကားဘေးတွင် မိသားစုတွေ ဝိုင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ပါးစပ်အငြိမ်မနေတတ်သော မော်မော်က ညီ
ငယ် ကူးကူးကို စ,ပေသည်။

"အန်တီစမ်း…မိကူးကိုကြည့်စမ်း၊ ကျောင်းမှာ ရည်းစား
ပြန်တွေ့ရမှာမို့ မျက်နှာကို ရွှင်ပြီး ပြုံးနေတာပဲ၊ ကျောင်းပိတ်ထား
မတွေ့ရတာ ရက်တော်တော်ကြာသွားပြီ မဟုတ်လား"

ကူးကူးက ကက်ကက်လန် ပြန်ပြောသည်။

"ဘယ်တော့မှ မဟုတ်ဘူးမှတ်ထား၊ ကျောင်းမှာ မိန်းကလေး
သူငယ်ချင်းတွေနဲ့ ပြန်တွေ့ရမှာမို့ ပျော်နေတာ…သိလား"

"တော်စမ်းပါ မိကူးရာ၊ အိမ်မှာတော့ အငယ်ဆုံးမလေးဆို
ကလေးလိုနေတာ၊ ကျောင်းမှာ ရည်းစားနဲ့ တွဲခုတ်နေတာ ငါမသိ
ခက်မယ်"

"တော်နော် ကိုယ်…ကူးကူးကို သူလိုမှတ်လား၊ ကိုယ်
သာ ရွက်ကျပင်ပေါက် ရောက်ရာမှာ မိန်းကလေးတွေနဲ့ ရှုပ်တာ
ကိုယ် ကိုကြီးရှေ့မှာ တောင်ပြောမြောက်ပြောတွေ လျှောက်ပြော
မနေနဲ့…တော်ကြာ ကိုကြီးက တကယ်ထင်သွားလိမ့်မယ်"

"အိုကွာ…ဟုတ်ရင်ဟုတ်တယ်ပေါ့၊ ကိုကြီးရှေ့မှာ မိကူး
သံကောင်းဟစ်မနေနဲ့ ဒါမျိုးဆို တို့က သိပ်သိတာ"

"ဟုတ်မယ် အားကြီးကြီး၊ ကူးကူးက ဒါမျိုးတွေ စိတ်ကူး
တောင် မထည့်ဘူးသိလား၊ ကိုယ်သာ…ဟွန်း…မမနွေးတော်





လွှတ်မပေးချင်တာ…မမနွေးက လက်မခံတော့ လင်းတကြီးမှိုင်
လိုမှိုင်နေတာ…ခုတစ်လော လက်ကဒဏ်ရာကို မမနွေးက ဆေး
မှန်ထည့်ပေးတာမို့ ကိုယ့်မျက်နှာကြီး…မှို့ရတဲ့ မျက်နှာဖြစ်နေ
ဘ"

မော်မော် အလန့်တကြား လက်ဝါးကာပြလိုက်သည်။

"ဟဲ့…ဟဲ့…မိကူး နင်ဘာတွေ လျှောက်ပြောနေတာလဲ…
ကို ကိုကြီးက တကယ်ထင်သွားတော့မယ်"

မော်မော် ပျာကနဲ မျက်လုံးပြူးမျက်ဆံပြူး လက်ဝါးကာနှင့်
ရှုပ်ပျက်ရှုပ်ပျက် ဖြစ်သွားသည်ကို ကူးကူးက ရယ်မောနေစဉ်မှာ
င် ဦးလေးပွားက ကားကို ဂိယာထိုးကာ ခြံထဲမှ မောင်းထွက်ခဲ့
သည်။

နွေးလည်း ကူးကူး ပေါက်ကရစကားကြောင့် မျက်နှာမထား
တတ်ဘဲ၊ အန်တီစမ်းကို နှုတ်ဆွဲခေါ်ကာ အိမ်ဘက်သို့ ပြန်သွားသည်။

ကျော်ဇေယျတစ်ယောက်တည်း နေရာမှာပင် ရပ်ပြီး ကျန်ခဲ့
တော့သည်။

ကူးကူးပြောသွားသော စကားကို ကျော်ဇေယျ အလေးအနက်
တွေးစားပေပြီ။

* နွေးနှင့်ညီညီတို့ အခြေအနေ အဘယ်သို့ ရောက်ရှိနေပြီလဲ။
ညီညီစိတ်ခေါက်ကို ကျော်ဇေယျသိသည်။



www.burmeseclassic.com

www.burmeseclassic.com



ညီညီသည် မိန်းမချော၊ မိန်းမလှလေးတွေကို ချစ်တတ်သည် ချောမောလှပသော နွေးကို ညီညီ ချစ်သွားလေပြီလား။ မိ ကလေးတွေအမြင်တွင် ချစ်စရာကောင်းသော ညီညီကိုရော နွေး ပြန်ချစ်သွားလေပြီလား။

စဉ်းစားရင်းပင် ကျော်ဇေယျသည် အိမ်ကြီးပေါ်သို့ ပြန်မတ သေးဘဲ၊ အိမ်ကြီးပတ်လည်ကို ဖြည်းဖြည်းချင်း လျှောက်လာခဲ့သည်

နွေးအား မိမိဖွင့်ဟစဉ်က နွေးသည် မိမိကို လက်ခံသေးသည် မဟုတ်။ သူမ၏ ပြဿနာကိစ္စများကြားဝယ်၊ အချစ်ရေး၊ လက်ထ ရေးကို မစဉ်းစားပါရစေနဲ့ဦးဟု ဆိုထားသည်။

သူမ၏စကားကြောင့် မိမိအနေနှင့် ကမ္ဘာမီးလောင်ရာတွင် ဆီ ခွက်ဝင်တောက်သလို ဖြစ်မည်စိုး၍ ထပ်မံမပြောပါလေတော့။

သေချာစဉ်းစားလျှင် မိမိက နာမည်ပျက်အရှက်ရခဲ့ပြီး အမည် အားဖြင့် တစ်ခုလပ်ဖြစ်နေသည်။ အသက်ကလည်း နွေးထက်ငါးနှ ပိုကြီးသည်။

ညီညီက လူပျို၊ နွေးနှင့် ရွယ်တူဖြစ်သည်။ အမြဲရွှင်ရွှင်မြူးမြူး နေတတ်သူမို့ နုပျိုသည်။ သွက်လက်သည်။

တစ်လှမ်းချင်းလျှောက်လာရင်းပင် ညီညီ့အခန်းပြတင်းပေါက် အောက်တည့်တည့်တွင် ညီညီပစ်ချထားသော အမှိုက်များနှင့်အတူ လုံးခြေထား လွှင့်ပစ်ထားသော စက္ကူလုံးလေးတစ်ခုကို ကျော်ဇေယ တွေ့ရသည်။





ဘာရယ်မဟုတ်၊ စက္ကူလုံးလေးက ဖြူဖြူဖွေးဖွေး လတ်လတ် ဆတ်ဆတ်နဲ့ ကျော်ဇေယျ ကောက်ယူပြီး စာရွက်လုံးလေးကို ဖြည် ကြည့်သည်။

အထဲတွင် ညီညီစပ်ထားသော ကဗျာတစ်ပုဒ်ကို ညီညီ့လက် ရေးနှင့် တွေ့မြင်ဖတ်ရှုလိုက်ရသည်။

ကိုကြီးကို မေးပါရစေ
ဟော…ကြည့် ပန်းကလေးလှနေ
ကိုကြီးရေ…ချူမလို့လား
ကိုကြီးရေ…ယူမလို့လား
ကိုကြီး…မချူလျှင်တော့
ကိုကြီး…မယူလျှင်တော့
နွေးနွေးလှာ…အလှပန်းကို
လှမ်းလင့်လို့…ညီညီချူမယ်
ဆန်းတင့်လို့…ညီညီယူမယ်
ကိုကြီးရေ…ကြည်ဖြူမှာလား

ညီညီ

ကျော်ဇေယျသည် ညီညီ့လက်ရေးဖြင့် ညီညီကိုယ်တိုင် စပ် ထားသော ကဗျာလေးကို အကြိမ်ကြိမ် ဖတ်ရှုကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ရင်း နေရာမှာပင် တွေငေးငေးကြီး အကြာကြီး ရပ်နေသည်။

ညီညီရေးစပ်ထားသော ကဗျာမှာ ခက်ဆစ်မပါ။ ရိုးရိုးရှင်းရှင်းလေးဖြင့် သဘောပေါက် နားလည်ရပါ၏။

နွေးနွေးကို ညီညီယူချင်သည်။ ချူချင်သည် ကိုကြီးမယူ မချူလျှင် ညီညီ ချူယူမည်ကို ခွင့်ပေးရန် တောင်းခံသော ကဗျာလေးဖြစ်နေပါ၏။

အားလုံးခြုံပြီး ကျော်ဖေယျ စဉ်းစားသည်။

နွေးနွေးနှင့် ထိုက်တန်သူမှာ မိမိထက်စာလျှင် ညီညီက ပို၍ထိုက်တန်နေသည်။

ညီညီနှင့် နွေးနွေး သက်တူရွယ်တူ။

ရုပ်ဆင်းအင်္ဂါချင်း နေနှင့်လ ရွှေနှင့်မြ ဖြစ်သည်။

ညီညီ၏ ဟေးလားဝါးလား အမူအကျင့်ကို နွေးနွေးလို အမျိုးသမီးလေးက သိမ်းသွင်းနိုင်သည်။

သူတို့နှစ်ဦးစလုံး လူပျိုနှင့် အပျိုတွေဖြစ်ကြသည်။

ကျော်ဖေယျသည် ညီညီ၏ ကဗျာစာရွက်လေးကို အတွန့်တွေ လက်ဝါးဖြင့်သပ်ဖြေလိုက်ပြီး အနားညီခေါက်ခါ အိတ်ထဲသို့ ထည့်လိုက်သည်။

အိမ်ကြီးပေါ်သို့ ကျော်ဖေယျ တိတ်တဆိတ်ပင် ပြန်တက်ခဲ့ကာ သူ၏ အိပ်ခန်းထဲသို့ဝင်ပြီး တံခါးပိတ်လိုက်သည်။





စာရေးစားပွဲတွင် ထိုင်လိုက်ပါ၏။

ဘာမှမလုပ်သေးဘဲ ငေးငေးငိုင်ငိုင် တွေတွေဝေဝေကြီး ကျောက်ရုပ်ဖြစ်နေသည်။

သက်ပြင်းရှည်ကြီး တစ်လုံး လေးတွဲ့ရှည်လျားစွာ ချလိုက်သည်။

အိတ်ထဲမှ ညီညီ၏ ကဗျာစာရွက်ကို ထုတ်ယူကာ စားပွဲပေါ်တွင် ဖြန့်လိုက်သည်။

အပြန်အလှန် ပြန်ဖတ်ကြည့်ပြန်သည်။

ပြီးနောက် စာရေးစက္ကူထပ်ယူကာ ဘောလ်ပင်ဖြင့် ညီညီကဗျာကို ကြည့်ရင်း ရေးချလိုက်သည်။

**ညီညီသို့အဖြေ**

ဟော...ကြည့်စမ်း...ပန်းကလေးလှနေ
ညီညီရေ...ချူချင်လို့လား
ညီညီရေ...ယူချင်လို့လား
ညီညီ...ချူမယ်ဆိုရင်တော့
ညီညီ...ယူမယ်ဆိုရင်တော့
နွေးနွေးလှာ...အဲဒီပန်းကို
မလှမ်းပါ...ကိုကြီးရှောင်မယ်
ညီညီရေ...အောင်ပွဲဆင်တော့

ကိုကြီး

www.burmeseclassic.com



ပြန်လည်အဖြေကဗျာမှာ ကျော်ဇေယျ သိပ်ခက်ခက်ခဲခဲ ရေးစ နေစရာမလို။ ညီညီရေးထားပြီးသော ကဗျာကို မှီငြမ်းပြီး တစ်ခဏ အတွင်း ရေးစပ်ပြီးဆုံးသွားသည်။ အဖြေထွက်သွားလေပြီ။

ညီညီ၏ ကဗျာစာရွက်ကို မိမိ၏ ကဗျာပေါ်မှာပင် အုပ်ပြီး စာရေးစက္ကူကပ်တွင် ညှပ်ထားလိုက်သည်။

ဪ . . အချစ်ဆိုသည် ရှေးရေစက် ပါရမီဖူးစာ ဆက်ပါ လေမှပါတကား။ ဘဝရေစက် မပါလျှင် ချစ်လှပါသည်ဆိုဦးတော့ မပေါင်းရတတ်ပါတကား။





## အခန်း (၁၈)

တစ်အိမ်လုံး ပျာယာခတ်သွားသည်။

ကူးကူး ပျောက်သွားသောကြောင့်ဖြစ်သည်။

ကူးကူးကို ကျောင်းသွားကြိုသော လင့်ရှိဗာကား ပြန်အလာ တွင် ကူးကူး ပြန်ပါမလာ။

"ကူးကူးကို ကျောင်းမှာလည်း မတွေ့ဘူး၊ တစ်ကျောင်းလုံး နှံ့နေအောင် ရှာတယ်၊ မတွေ့ဘူး . . ဘယ်သူနဲ့ ဘယ်လိုက်သွားတယ် ဆိုတာလည်း ဘယ်သူမှ မပြောနိုင်ဘူး"

အန်တီစမ်း၊ နွေး၊ ညီညီ၊ ကျော်ဇေယျ အားလုံးတို့သည် ကူးကူး အတွက် စိုးရိမ်မှုသည် အထွတ်အထိပ် တက်ရပြီ။

"ကျောင်းရဲ့ သီးသန့်ခန်းတစ်ခုခုမှာ အပိုချိန်တို့ အပိုကျောင်း တို့များ တက်နေသလား၊ အဲဒါ ဦးမွှား သေချာကြည့်ခဲ့ရဲ့လား"

"ကြည့်ပါသကော ကျော်ကျော်၊ နှစ်ထပ်ကျောင်းရဲ့ အပေါ်



www.burmeseclassic.com

www.burmeseclassic.com



အခန်းတိုင်းရော၊ အောက်အခန်းတိုင်းရော လိုက်ကြည့်တာ မတွေ့ဘူး အိမ်သာတွေ ဘာတွေထဲလည်း နှံ့နေအောင် လိုက်ရှာတာပဲ…တွေ့မှ မတွေ့တာ…နောက်ဆုံး ကျောင်းမှာ ကျောင်းဆင်းပြီးလို့ ကျောင်းစောင့်တဲ့ ဒရဝမ်နဲ့ ငါနဲ့ နှစ်ယောက်တည်း ကျန်တဲ့အထိ ရှာတာပဲ ဒါကြောင့် အပြန် နောက်ကျတာပေါ့”

“ဒုက္ခပါပဲ…ငါ့တူမလေးတော့ ဒုက္ခရောက်ပြီထင်ပါရဲ့… ကျော်ကျော်ရယ်”

အန်တီစမ်း ပြောပြီး ငိုချလိုက်တော့သည်။

အန်တီစမ်းငိုတော့ နွေးလည်း ငိုတော့သည်။

“သြော်…နွေး”ဟု ကျော်ဇေယျက နွေးအား တည်ငြိမ်သော အသံဖြင့် ခေါ်လိုက်သည်။

“ကူးကူးဟာ နွေးကိုတော့ သိပ်ခင်တယ်၊ ယုံလည်းသိပ်ယုံ ကြည်ပုံပဲ၊ ကူးကူးမှာ ချစ်သူတွေဘာတွေရှိနေပြီလို့များ နွေးကိုတိုင်ပင် ဖူးသလား…ပြောဖူးလား…အခု ကူးကူးပျောက်နေတာ ချစ်သူနောက် များ လိုက်သွားသလားလို့ မေးကြည့်တာပါ”

“ဟာ…မဖြစ်နိုင်ဘူး အစ်ကို၊ ကူးကူးမှာ အဲဒီစိတ်မျိုး လုံးဝ မရှိဘူး၊ ဘာချစ်သူမှလည်း ရှိတယ်မပြောဖူးဘူး၊ အစ်ကိုတွေ သံယော ဇဉ်နဲ့ အဒေါ်သံယောဇဉ်သိပ်ကြီးတဲ့ ကူးကူးပဲ၊ အဲဒါမျိုးတွေ လုံးဝ မရှိမှန်း နွေး ယုံတယ် အစ်ကို”





အန်တီစမ်း ငိုပြီး အော်ပြောသည်။

“ကွယ်…မင်းတို့ဟာကလည်း ဒီအတိုင်း ငုတ်တုတ်ကြီးတွေ ပါလား၊ ငါ့တူမလေးကို လိုက်မရှာကြတော့ဘူးလား၊ ထိုင်နေမယ့် အစား လိုက်ရှာတာက တွေ့ချင်တွေ့နိုင်တာပေါ့”

“ရှာမှာပါ အန်တီစမ်း…ကျွန်တော်တို့လည်း ကူးကူးအတွက် ခေါင်းမီးတောက်ဖြစ်နေတာပဲ၊ ဒါပေမယ့် လူပျောက်ရှာတယ်ဆိုတာ ခွတ်ရှာလို့ မရဘူး…အခြေအမြစ်ကို ဆန်းစစ်ရသေးတယ်…အန်တီ စမ်း”

“နေဦး…နွေးကို ကိုယ်မေးမယ်၊ အခု ကူးကူးပျောက်သွား တာဟာ ဦးစိုင်းမောင်ရဲ့ လက်ချက်မဖြစ်နိုင်ဘူးလား နွေး”

“သိပ်ကို ဖြစ်နိုင်တယ်အစ်ကို…အဲဒါပဲ နွေး ပြောမလို့၊ ဟို တစ်လောက အိမ်ဝင်စီးတဲ့ ကိုအေးကိုနဲ့ ကိုလှမောင်က ကူးကူးကို မြင်ဖူးသွားတာပဲ”

“ဟုတ်တယ်…အဲဒါဖြစ်နိုင်တယ်၊ ဒီအိမ်ဝင်စီးတဲ့နှုန်းက ညီညီ လက်ချက်နဲ့ သူတို့ခံသွားရတာကို မကျေနပ်လို့ အခု…ပြန်ပြီး တုံ့ ပြန်တဲ့သဘောဖြစ်နိုင်တယ်…ကဲ…ညီညီ မင်းနဲ့ ကိုကြီး ဒီပေါ်ကို လိုက်သွားမယ်”

“သွားလေ ကိုကြီး…ညီညီ အဆင်သင့်ပဲ”

“နေဦးကွ…မင်းလက်မောင်းဒဏ်ရာက လုံးဝအကောင်းမသေ



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး၊ အိမ်မှာလည်း ငါရော မင်းရောသွားရင် အန်တီစန်းနဲ့ နွေးကို စိတ်မချဘူး၊ ဒီတော့ မင်းနေခဲ့…ငါနဲ့ ဦးပွားနဲ့ပဲ သွားမယ်"

"အစ်ကို"

နွေးက ခေါ်လိုက်သည်။ နွေးအသံလေး တုန်နေရှာပါ၏။

"သီပေါကို အစ်ကို ဒီအတိုင်း အရမ်းသွားလို့ ဖြစ်ပါ့မလား ဦးစိုင်းမောင်ရဲ့ အသိုင်းအဝိုင်းက သီပေါမှာ တော်တော်ကြီးကြီးမားမား ရှိနေတယ် အစ်ကို"

"အို…မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးတွေရှိနေတာပဲ…ကဲ…လာ…ဦးပွားသွားကြမယ်"

"နေပါဦး…အစ်ကို…နွေး တစ်ခုထပ်ပြောပါရစေ၊ တကယ်လို့သာ ကူးကူးပျောက်သွားတာ ဦးစိုင်းမောင်ရဲ့ လက်ချက်ဆိုရင်တော့ သူဟာ အစ်ကို့ကို တစ်နည်းနည်းနဲ့ ဆက်သွယ်မယ်ထင်တယ် အစ်ကို ကူးကူးဟာ ကျောင်းဆင်းချိန်မှာ ပျောက်သွားမယ်ဆိုရင် အခုကျောင်းဆင်းပြီးတာ တစ်နာရီလောက်ပဲ ရှိသေးတယ်၊ ခဏလေးထပ်စောင့်ကြည့်ပါလားအစ်ကို၊ ဦးစိုင်းမောင်ဆီက တစ်နည်းနည်းနဲ့ အဆက်အသွယ်မလုပ်ရင်…အစ်ကို သီပေါသွားရင် နွေးလိုက်ခဲ့မယ်၊ သီပေါမှာ နွေး အထိုက်အလျောက် ကျွမ်းကျင်တယ်၊ ဦးစိုင်းမောင်ရဲ့အထာတွေကိုလည်း နွေး သိသင့်သလောက်သိပါတယ် အစ်ကို"

နွေး၏ အကြံပြုချက်သည် လိုက်နာသင့်ပါ၏။ စေတနာပြည့်နှင့် အကြံပေးခြင်းမှန်းလည်း ထင်ရှားလှပါ၏။





ကျော်ဇေယျသည် ခဏစောင့်ရင်း ကုလားထိုင်တွင် ခြေဖစ်သက်ပစ်ထိုင်ချပြီး မျက်နှာအပေါ်ခေါင်မိုးကို မျက်နှာကျက်ကိုသာ ငေးကြည့်နေမိသည်မှာ အတန်ကြာသွားပါ၏။ အားလုံးသည် ငြိမ်သက်စွာဖြင့် အခြေအနေကို စောင့်နေကြသည်။

ကလင်…ကလင်…ကလင်…ဖုန်းမြည်သံ ပေါ်ထွက်လာသည်။

ကျော်ဇေယျ ထိုင်ရာမှ လွှားကနဲ တယ်လီဖုန်းဆီ ရောက်သွားပြီး၊ ကောက်ကိုင်နားထောင်ရင်း အသံပြန်ပြုလိုက်သည်။

"ပြောပါ…ဒီက ကျော်ဇေယျပါ"

"သြော်…သြော်…ဒေါက်တာကိုယ်တိုင်ကြီးပါလား…သိပ်ကို စိတ်ပူနေလား ဒေါက်တာ"

"ပြောစရာရှိတာကို တည့်တည့်သာပြောပါ၊ တိုတိုနဲ့ လိုရင်းပေါ့…ယောက်ျားချင်းတွေပဲ ရိုတာတွေ…ထွေတာတွေ အချိန်ကုန်တယ်"

"ကောင်းပြီလေ…ကျုပ်ကလည်း ဒါမျိုးကြိုက်တဲ့လူပါ၊ ကိစ္စကတော့ ခင်ဗျားညီမလေး ကူးကူးကိစ္စပဲ"

ကျော်ဇေယျသည် ဖုန်း၏စကားပြောခွက်ကို လက်ဝါးနှင့်ပိတ်ပြီး ညီညီအား တိုတိုနဲ့ လိုရင်း လှမ်းပြောလိုက်သည်။

"ညီညီ ရဲစခန်းကိုချက်ချင်းသွား၊ ကိုနေအောင်ကို အခုဖြစ်နေ

www.burmeseclassic.com



တဲ့အထိ အတိုချုပ်ပြောပြ၊ အခုဆက်နေတာ ဦးစိုင်းမောင်ပဲ"

"ဘယ်လိုလဲ ဒေါက်တာ စကားမတဲ့ပြန်ဘဲ ငြိမ်လှချည်လား"

"ကျုပ်က ဘာပြောရမှာလဲ…ခင်ဗျားပြောတာကိုသာ နား ထောင်ပြီး လုပ်သင့်တာကို လုပ်ရမယ့် အခြေအနေရောက်ပြီပဲဟာ"

"မဆိုးဘူး…ဒေါက်တာ အသိဉာဏ်ရှိတယ်၊ ကဲ…တိုတို လိုရင်းပြောမယ်၊ ခင်ဗျားညီမလေး ကူးကူး ကျုပ်တို့လက်ထဲရောက် နေပြီ"

"ဒါဖြင့်ပြော…ငွေဘယ်လောက်လိုသလဲ ဘယ်လောက် ပြန်ရွေးရမလဲ"

"ငွေစကားတော့ချိတ်ထားပါ၊ ကျုပ်ကပြန်ပေးဆွဲတာမှ မဟုတ် တာ၊ ပြန်ပေးဆွဲတယ်ဆိုတာက ဘိုင်ကောင်လူဆိုးတွေ လုပ်တဲ့ အလု ပဲ၊ ကျုပ်က လူကြီးလူကောင်းပါ…ဒီအခြေအနေမှာ ဒီလိုလုပ်မှ ဖြစ် မယ်လို့ သေချာတွက်ပြီးမှ ဒီလိုလုပ်လိုက်တာ၊ အခု ခင်ဗျားညီမကို ပြန်လိုချင်ရင် အလဲအထပ် ဖလှယ်တာ တစ်ခုတော့ ဒေါက်တာက လုပ်ပေးရမယ်"

"ဘယ်လို အလဲအထပ်လဲ"

"ကျုပ်…မိနွေးကို ပြန်လိုချင်တယ်၊ ကူးကူးနဲ့ မိနွေးနဲ့ ဖြ လဲယူပါ ဒေါက်တာ"

"ဘာဗျ…နွေးကို ပြန်လိုချင်တယ်ဟုတ်လား"





ကျော်ဇေယျာဘေးနားတွင် ကပ်နားထောင်နေသော နွေးနွေးက ဇေယျာကို မေးလိုက်သည်။

"ဘာလဲအစ်ကို…ကူးကူးကိုလိုချင်ရင် နွေးနွေးကို ပြန်ပေးလို့ င်းနေပြီ မဟုတ်လား…ဒါဆို ဦးစိုင်းမောင်ပဲပေါ့၊ သူကလွဲပြီး ယ်သူရှိဦးမှာလဲ"

နွေး မျက်ရည်တွေကို လက်ဖမိုးနှစ်ဖက်ဖြင့် သုတ်ပစ်လိုက် ည်။

"ပေး…နွေးကို အဲဒီဖုန်းပေးအစ်ကို ဒီလူကြီးကို နွေးကိုယ် င် ပြောပါစေ"

ကျော်ဇေယျာသည် နွေးအား ဖုန်းမပေးပေ။ ပေးလိုက်သည်နှင့် းကူးနှင့် အလဲအထပ်လုပ်ရန် နွေးက သဘောတူလိုက်မှာ သေချာ ည်။ ဦးစိုင်းမောင်လက်ထဲသို့ နွေးရောက်သွားလျှင် နွေးဘဝတွေး ရာပင်မရှိ။

ဒီထက်ကောင်းသော နည်းလမ်းကို ကျော်ဇေယျာ စဉ်းစားကြည့် နေသည်။

တစ်ဖက်မှ ဦးစိုင်းမောင်အသံ ထွက်ပေါ်လာပြန်သည်။

"ဘယ်လိုလဲ ဒေါက်တာ၊ စကားတစ်ခွန်းပြောလိုက် အကြာ ကြီးနေလိုက်နဲ့ ကျုပ်ခြေထောက်တွေ သွေးကျအောင် ဆရာဝန်အဘိတ် လာစွမ်းပြနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



''ပြဿနာက လွယ်လွယ်လေးမှ မဟုတ်တာ၊ အပေးအယူ ဖလှယ်တဲ့နေရာမှာ စဉ်းစားစရာတွေ အများကြီးရှိတယ်''

နွေးသည် ဓွတ်ပင် အစ်ကိုကျော်ဓေယျလက်မှ ဖုန်းကို လှမ်း တော့သည်။

''ဖုန်းပေးပါ အစ်ကို…အခုဖြစ်လာတဲ့ ပြဿနာဟာ နွေး ကြောင့်ဖြစ်လာတဲ့ ပြဿနာချည်းပါ၊ နွေးပြဿနာကို နွေးကိုယ်တိုင် ရှင်းပါရစေ''

''ကူးကူးဟာ ဘုရင်အတွက် ဝေက်ကျွန်ခံဆိုတာမျိုး ခံနေပြီ ကူးကူးအတွက် နွေးကိုယ်တိုင် ရှင်းပါရစေ''

လတ်တလော အခြေအနေတွင် နွေးကိုယ်တိုင် ရှင်းခြင်းသာ လျှင် အကောင်းဆုံးဟုတွက်ပြီး ကျော်ဓေယျ ဖုန်းကို နွေးလက်သို့ ထည့်လိုက်သည်။

''ကဲ…ပြော…ဦးစိုင်းမောင်၊ အခု မိနွေးကိုယ်တိုင်ပြောနေ ပြီလေ''

''သြော်…သြော်…သြော်…မိနွေးကိုယ်တိုင် ပြောနေပြီကိုး အခုမှပဲ မိနွေးအသံ ပထမဆုံးကြားရတော့တယ်၊ နားထဲကို ချမ်းသာ သွားတာပဲ၊ မိနွေးအိမ်က ထွက်သွားတာ တစ်လတောင် ကျော်သွားပြီ နော်''





ပြောစကားအရရော ပြောပုံဆိုပုံအရရော ဟိုဘက်မှ ပြောနေ သူသည် ဦးစိုင်းမောင်မှန်း နွေးသေချာသိသွားသည်။

''အပိုတွေ ဘားချိတ်၊ ကူးကူးအကြောင်းပြောပါ ဦးစိုင်းမောင်''

''ဟ…အသံမာလှချည်လား မိနွေး၊ အပြောလည်း ကြမ်းသွား ပါလား၊ အရင်က ဦးလေးလို့ခေါ်နေရာက အခု ဦးစိုင်းမောင်တွေ ဘာတွေ ခေါ်နေပါလား''

''ဦးလေးလို့ ခေါ်သင့်သေးလို့လား ဦးစိုင်းမောင်၊ မိနွေးဘဝကို တစ်လုံးတစ်ကောင်ကြွက်ဖြစ်အောင် အားလုံး ဦးစိုင်းမောင် ဖန်တီး တာမဟုတ်လား၊ ဖေဖေ့ကိစ္စ ပြီးတော့ မေမေ့ကို အရှင်လတ်လတ် ခေါင်းအုံးနဲ့ ဖိသတ်တဲ့ ဦးစိုင်းမောင်ပဲ မဟုတ်လား''

''အား…အား…မဟုတ်လိုက်တာ မိနွေးရယ်၊ မိနွေး ဦးလေး ကို ရေရေလည်လည်ကြီးကို အထင်မှား အမြင်မှားဖြစ်နေပါလား၊ အဲဒီ သက မနီလာဟာ နှလုံးရောဂါအမောဖောက်တယ်ကွယ့် ဦးလေးက သက်သာအောင် သူ့ရင်ဘတ်ကို လက်ဝါးနဲ့ဖိပေးတယ်၊ အဲဒါ ဦးလေးလက်ဖဝါးတွေက ကြမ်းတယ်၊ သူအဖိမခံနိုင်ဘူးဆိုလို့ ခေါင်း အုံးယူပြီး ခေါင်းအုံးနဲ့ ညင်ညင်သာသာ ဦးလေးဖိပေးတာပါ၊ အဲဒါကို မိနွေးမြင်ပြီး ဦးလေးကို အမြင်မှားအထင်မှားဖြစ်မှာပေါ့''

''ထားပါတော့လေ…သေသွားတဲ့လူက ထပြီးရှင်းပြ ပြောနိုင် နိုင်တော့တာမဟုတ်တော့၊ ဦးစိုင်းမောင်ပြောတိုင်း ကြားနေတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကဲပါလေ…မေမေ့ကိစ္စပြီးသွားပြီပဲ၊ အခု ကူးကူးကိစ္စကိုပဲပြော ဦးစိုင်းမောင်”

“မိန္မေး အပြောရော အသံရော သိပ်မာနေတယ်၊ ဘာလဲ… အဲဒီက ဒေါက်တာကျော်ဇေယျ အားကိုးနဲ့ ဦးလေးကို မာပြနေတာလား၊ အေး…မိန္မေးမသိရင် အဲဒီဒေါက်တာရဲ့အကြောင်း ဦးလေး ပြောပြမယ်၊ ဦးလေးက သူ့အကြောင်း အားလုံးစုံစမ်းထားပြီးသား အဲဒီဒေါက်တာကျော်ဇေယျဟာ ပြင်ဦးလွင်မှာ သူ့လူနာအမျိုးသမီး ချိုမီဆိုတာကို ဘလက်မေးလ်ရလုပ်လို့ အလုပ်ထုတ်ခံရတယ်၊ ချိုမီကို ငွေငါးသိန်းလျော်ပေးပြီး မြို့သစ်ကို ထွက်ပြေးသွားတဲ့လူ သိလား”

“အို…အဲဒါတွေ ဘာမှ အရေးမကြီးဘူး၊ အခုအရေးကြီးတာက ကူးကူးပဲ၊ ကူးကူးကို မှဲ့တစ်ပေါက်မစွန်းစေဘဲ သူ့အစ်ကိုတွေ လက်ထဲပြန်ပေးဖို့ ဦးစိုင်းမောင်ရဲ့ ဆန္ဒကိုပြော…ဒါပဲ”

“အေး…ဒါဆိုပြီးရော…ကိစ္စကရှင်းရှင်းလေးပဲ၊ မိန္မေး ဦးလေးဆီပြန်လာခဲ့…ကူးကူးကို ပြန်လွှတ်ပေးလိုက်မယ်”

“ကောင်းပြီ၊ ဒါဆို ကျွန်မ သီပေါကိုပြန်လာမယ်…ကူးကူးကို အခုချက်ချင်း မှည့်တစ်ပေါက်မစွန်းစေပဲ ပြန်လွှတ်”

ဦးစိုင်းမောင်နှင့် ကျော်ဇေယျတို့ ဖုန်းဖြင့်ပြောနေစဉ်အတွင်းမှာပင် မော်ဇေယျသည် ရဲစခန်းသို့အမြန်ဆုံးရောက်အောင်လာပြီး စခန်းမှူးကိုနေအောင်အား အကျိုးအကြောင်း အတိုချုံးပြောပြသည်။





ချက်ချင်းပင် ကိုနေအောင်သည် တယ်လီဖုန်းရုံးသို့ မော်ဇေယျနှင့်အတူ သွားရောက်ကာ ဦးစိုင်းမောင်နှင့် ကျော်ဇေယျအိမ်မှ ပြောသမျှကို ကြားဖြတ်နားထောင်သည်။

“ဟဲ…ဟဲ…ဒီလိုတော့ ဘယ်ရမလဲမိန္မေး၊ အခုချက်ချင်း ကူးကူးကို ဦးလေး ဘယ်လွှတ်ပေးလို့ဖြစ်မလဲ၊ မိန္မေးကို လက်ထဲ သေချာရပြီးမှ ကူးကူးကို ပြန်လွှတ်ပေးနိုင်မှာပေါ့”

နွေးနွေး တွေဝေစဉ်းစားရပါ၏။

မိမိသူတို့ဆီရောက်မှ ကူးကူးကို ပြန်လွှတ်မည်ဆိုသဖြင့် မိမိက အရင် သူတို့ဆီသွားရကောင်းမလား စဉ်းစားခြင်းဖြစ်ပါ၏။

“ဘာတဲ့လဲ နွေး”

“နွေးကို သူ့တို့ဆီ အရင်လာခဲ့တဲ့၊ နွေး သူတို့ဆီရောက်တာနဲ့ ကူးကူးကို ပြန်လွှတ်ပေးမယ်တဲ့”

ကျော်ဇေယျသည် နွေးနွေးလက်မှ တယ်လီဖုန်းကို ဆွဲယူလိုက်သည်။

“ဒီမယ်…ဦးစိုင်းမောင်”

“အော်…ဒေါက်တာ ဖုန်းပြန်ကိုင်တာပါလား၊ ကျုပ်ဘယ်သူဘယ်ဝါဆိုတာတောင် ဒေါက်တာက သိသွားပြီကိုး၊ ခုန မိန္မေးပြောနေတုန်း ဒေါက်တာ…မိန္မေးနားမှာရပ်ပြီး မိန္မေးပြောတာတွေ နားထောင်လို့ ကျုပ် ဦးစိုင်းမောင်မှန်း ဒေါက်တာ သိသွားပုံရတယ် ရတယ်လေ

www.burmeseclassic.com



ကျုပ်ကို ဘယ်သူတွေ နာမည်သိသိ အရေးမဟုတ်ပါဘူး၊ မိန္နေပြ... ရောက်လာရင်ပြီးတာပဲ၊ ကဲ…ဒေါက်တာဘာပြောချင်လဲ…ပြော

“ကျုပ် ညီမလေးကူးကူးနဲ့ စကားပြောချင်တယ်”

“ဒီလိုဘယ်ရမလဲ…ဒေါက်တာ”

“ရရမယ် ဦးစိုင်းမောင်…ခင်ဗျားလက်ထဲရောက်နေတဲ့ ကျု... ညီမဟာ အသက်ရှင်လျက်ရှိသေးလား…ကောင်းကောင်းမွန်မွန်... လားဆိုတာ ကူးကူးနဲ့ ကျုပ်ကိုယ်တိုင်ပြောရမှ ယုံကြည်နိုင်မ... ခင်ဗျားအနေနဲ့ ခင်ဗျားလိုချင်တဲ့ ငွေနဲ့ ကိုယ်တိုင်စကားပြောပြီးပြ... အခု…ကျုပ်ညီမနဲ့ ကျုပ်ကို ပြောခွင့်ပေးရမယ်”

“ကောင်းပြီလေ…ဒါလိုက်လျောသင့်တာပဲ၊ ကျုပ်တို့ကလည်... ဒေါက်တာ့ညီမကို ကောင်းကောင်းမွန်မွန်ထားကြောင်း သိစေချင်... ဘယ်”

ချက်ချင်းဆိုသလိုပင် တစ်ဖက်တယ်လီဖုန်းမှ ကူကူးအသံကြ... ရသည်။

“ကိုကြီး…ကိုကြီးလားဟင်”

“အေး…ကိုကြီးပြောနေတာပါ”

“သူတို့ ကူးကူးကို ဖမ်းထားတယ်၊ ကူးကူးသိပ်ကြောက်တာ... ကိုကြီး…ကူးကူးကို မြန်မြန်လာခေါ်ပါ”





“စိတ်ချ…ကိုကြီးကိုယ်တိုင် ကူးကူးကိုလာခေါ်မယ်၊ သူတို့ ...ကူးကူးကို နှိပ်စက်ကြသေးလားဟင်”

“မနှိပ်စက်ဘူး ကိုကြီး…ကူးကူးကို လက်ဖျားနဲ့တောင် မတို့ ...ဘူး၊ စားစရာ သောက်စရာတွေလည်း ကျွေးပါတယ်၊ ကူးကူးမစား ...နိုင်ဘူး၊ ရင်ထဲမှာ ဆို့နေတယ်၊ ရေပဲသောက်တယ်၊ ကူးကူးကို အခန်း ...တစ်ခုထဲမှာ သော့ပိတ်ထားတယ်၊ ကူးကူး သိပ်ကြောက်တယ်ကိုကြီး”

“မကြောက်နဲ့တော့…ကိုကြီး လာခေါ်မှာ၊ အခု ကူးကူးဘယ် ...ရောက်နေလဲ”

“ဘယ်သိမလဲ…ခေါ်လာကတည်းက…ကူးကူးမျက်စိကို ...အဝတ်စည်းပြီး ခေါ်လာတာ၊ ဘယ်ရောက်လို့ရောက်မှန်း ကူးကူးမသိ ...ဘူး”

“ကူးကူးကလည်း ညံ့တာကိုး၊ မြိုင်သာမြို့သစ်မှာ မမနွေးနဲ့ ...ဝတ်သက်ပြီး ရန်သူတွေရှိမှန်းသိလျက်နဲ့ လူစိမ်းခေါ်တဲ့နောက်ကို ဘာ ...လို့ လိုက်သွားတာလဲ…တကယ်ဆို အော်ပြီး အေးလူတွေကို အကူ ...အညီတောင်းပါလား…မြိုင်သာမြို့သစ်မှာ ကိုကြီးကို ခင်မင်သူတွေ ...အများကြီးရှိတာ ကူညီကြမှာပေါ့”

“ဘယ်က လူစိမ်းလာခေါ်ရမှာလဲ ကိုကြီး…လူစိမ်းဆိုကူးကူး ...ဘယ်တော့မှ မလိုက်ဘူး၊ ဦးလေးမွှား ကိုယ်တိုင်လာခေါ်တာပဲဟာ၊



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတောင်မဆင်းသေးဘူး…အိမ်ကအရေးကြီးလို့ ခေါ်ခိုင်းလို့တာဆိုလို့ ဦးလေးပွားနဲ့…"

"ဘာ…ဦးပွား…ဟုတ်လား"

ကူးကူးဘက်မှ အသံတိတ်သွားသည်။ ဦးစိုင်းမောင်က ဦးပွားအကြောင်း ကူးကူးပြောသဖြင့် ဆက်ပြောခွင့်မပြုတော့ဘဲ ဖုန်းကိုပြန်ချလိုက်ခြင်းဖြစ်ပေမည်။

ကျော်ဇေယျသည် တယ်လီဖုန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ မေးရိုးကြီးများထောင်ထလာသည်။ မျက်နှာကြီးနီလာပြီး အံကြိတ်ရင်း ဦးပွားထိုင်နေရာကို လှမ်းကြည့်သည်။

ဦးပွားသည် မျက်နှာကို လက်ဝါးနှစ်ဖက်အုပ်ပြီး ခေါင်းငိုက်စိုက်ချထားပါ၏။

"ကဲ…ဒေါက်တာ…ကူးကူး ကျုပ်တို့လက်ထဲမှာ ကောင်းကောင်းမွန်မွန် ရှိနေတာ သိပြီမဟုတ်လား"

"အင်း"

"ဒီတော့ ဒီကိစ္စ ဒီညပဲရှင်းကြစို့၊ ရှေ့ပတ္တမြား ရှော့နဂါးပေါ့ ကျုပ်ကူးကူးကိုပေးမယ်…ဒေါက်တာက မိန္နေးကို ကျုပ်လက်အပ်ပေ မိန္နေးကို ကျုပ်လက်အပ်ပါ၊ မိန္နေးကို ဒရိုင်ဘာနဲ့ကားနဲ့ ကျုပ်ဆီလွှတ်ပေးလိုက်၊ ကျုပ်က အပြန်မှာ ကူးကူးကို ပြန်ထည့်ပေးလိုက်မယ်"

"အဲဒီလို ဘယ်ဖြစ်မလဲ၊ ကျုပ်ညီမကို ကျုပ်ကိုယ်တိုင်လာ





ခေါ်မှာပေါ့၊ အဲဒီလို ကျုပ်ကိုယ်တိုင်လာခေါ်ရမှ ကျုပ်စိတ်ချမယ်"

ဦးစိုင်းမောင် တစ်ခဏ စဉ်းစားပုံရသည်။

"ကောင်းပြီလေ…ဒေါက်တာတစ်ယောက်ပဲ လူပိုခေါ်မလာပါနဲ့၊ ဟိုဒေါက်တာညီဆိုတဲ့ မိုက်ရူးရဲကောင်ကို ခေါ်မလာနဲ့၊ နောက်ပြီး ရဲနဲ့ပေါင်းပြီး ကလိကမာတော့ ဉာဏ်မများနဲ့ ဒေါက်တာ့ညီမကောင်မလေး ခေါင်းနဲ့ကိုယ် အိုးစားကွဲသွားမယ်"

"ဘယ်အချိန် ဘယ်နေရာကို လာခဲ့ရမယ်ဆိုတာ ပြောဦးလေ"

"ညဆယ့်တစ်နာရီမှာ တွေ့ကြမယ်၊ နေရာကိုတော့ ကျုပ်မပြောဘူး…နေရာသိသွားရင် ဒေါက်တာ ရဲအဖွဲ့နဲ့ပူးပေါင်းပြီး ဉာဏ်များလာမှာစိုးလို့"

"နေရာမသိဘဲ ကျုပ်က ဘယ်လိုလာတတ်မှာလဲ"

"နေရာကို ဦးပွားသိတယ်လေ၊ စောစောက ဒေါက်တာ့ညီမဖုန်းပြောတဲ့အထဲမှာ ဦးပွားဟာ ဘာလဲဆိုတာ ဒေါက်တာ သိလောက်ပြီပဲ…ကဲ…ညဆယ့်တစ်နာရီ ဒါပဲ"

ကျော်ဇေယျသည် ဖုန်းကို ပြန်ချပြီး ထိုင်နေသော ဦးပွားအား ဒေါသမျက်လုံးများဖြင့် စိမ်းစိမ်းကြည့်လိုက်သည်။

ပြီး…ရှေ့သို့ တစ်လှမ်းချင်းတိုးလာသည်။

"ဟင်း…အကြံပက်စက် စကောလောက်မှ စောက်မနက်တဲ့လူကြီး၊ သေသွားတဲ့ ဖေဖေနဲ့ မေမေ့မျက်နှာကိုမှ မထောက်တဲ့လူကြီး၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လက်ပေါ်မှာ ကြီးလာတဲ့ ညီမလေးအပေါ် ခင်ဗျားမို့ လုပ်ရက်တယ်''

''ပြောတော့…ကျော်ကျော်၊ ကြိုက်သလိုပြော၊ ငါ့ကိုကြိုက်သလိုသာ အပြစ်ပေး၊ ငါမှားသွားပြီ''

''ဘာဗျ…ငါမှားသွားပြီ…ဟုတ်လား၊ ခင်ဗျားကို ဦးစိုင်းမောင်က ငွေတွေ ဘယ်လောက်ပုံပေးလို့ ခင်ဗျားဒီလိုလုပ်ရတာလဲ ဟင်…တကယ်ဆို ကူးကူးဟာ မိဘနဲ့တောင် ကြာကြာမနေရဘဲ ခင်ဗျားလက်ပေါ်မှာ ကြီးလာရတဲ့ကလေးပါ၊ ခင်ဗျားရင်ထဲမှာ အကြင်နာတရားဆိုတာ လုံးဝမရှိတော့ဘူးလား''

''ငါမှားသွားပြီ ကျော်ကျော်၊ မင်းကြိုက်သလို ငါ့ကိုလုပ်''

''လုပ်တယ်ဗျာ''

ဘယ်သူမှမတားနိုင်မီ ဦးပွားဆီသို့ လှမ်းကာနဲ့ရောက်သွားပြီး ဦးပွား၏မျက်နှာကို သူ့လက်သီးဖြင့် ထိုးချလိုက်ပြီး ဦးပွားရော ဆက်တီကုလားထိုင်ရော နောက်သို့ ပွမ်းပြန်ကျသွားသည်။

''ဟဲ့…ကျော်ကျော်…လွန်ကုန်မယ်…လွန်ကုန်မယ်''

''အစ်ကို…အစ်ကို့အပေါ်မှာ ပြဿနာတွေ ထပ်တက်မယ် အစ်ကို''

''အိုး…ဖြစ်ချင်တာ ဖြစ်သွားစမ်းပါစေ…ဒီလူကြီး သစ္စာဖောက်ရက်တာ ခံပြင်းလွန်းလို့၊ တစ်သက်လုံး ကိုယ့်ဦးလေး တူအရင်း





လို နေခဲ့တာတွေကိုမှ မထောက်မညှာဘဲ…သတ်မယ် ဒီလူကြီးကို အသေသတ်မယ်''

''ငါမှားသွားပြီ ကျော်ကျော်၊ ငါ့ရဲ့အမှားကို ငါနောင်တရလို့ ဘယ်ကိုမှ ထွက်ပြေးမသွားတာဘဲ၊ မင်းကြိုက်သလိုလုပ်၊ ငါ့ကိုသတ်ချင်သတ် တကယ်တော့ ငါဟာ 'မ'ဖက်လိုက်မိလို့ 'မိုက်'ဖက်ပါသွားတာ သူတို့ဆီက ပိုက်ဆံတစ်ပြားမှ မယူဘူး''

''ဘာဗျ…ခင်ဗျားက ဦးစိုင်းမောင်ဆီက ပိုက်ဆံတစ်ပြားမှ မယူဘဲနဲ့ ဘာလို့ ဦးစိုင်းမောင်ရဲ့လူ ဖြစ်သွားတာလဲ၊ ခင်ဗျားပြောတာ ယုံစရာလား''

''ငါရှင်းပြမယ်…ကျော်ကျော်၊ မြိုင်သာမြို့သစ်ဈေးထဲက မအေးသွယ်ကို ငါလက်ထပ်ချင်နေတာ မင်းလည်းရိပ်မိပါတယ်''

မြိုင်သာမြို့သစ်ဈေးထဲတွင် အသက်(၃၅)နှစ်ခန့် ဒေါ်အေးသွယ်ဆိုသည့် အမျိုးသမီးကြီးကို ကျော်ဇေယျ သိပေသည်။ ဒေါ်အေးသွယ်နေထိုင်မကောင်းဖြစ်လျှင် ကမကထခေါ်လာပြီး ကျော်ဇေယျကို ကုပေးစေသည်။ ဦးပွားမျက်နှာကြောင့် အခမဲ့ အထူးကုသပေးခြင်းမျိုးတွေဖြစ်ပါ၏။

ဒေါ်အေးသွယ်က ဈေးထဲတွင် ကုန်စုံရောင်းသည်။ ဖြူဖြူတုတ်တုတ်နှင့် လုံးကြီးပေါက်လှဖြစ်ပါ၏။

သားသမီးမကျန်ခဲ့သော လင်သေမုဆိုးမတစ်ဦးဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြိုင်သာမြို့သစ်သို့ ကျော်ဇေယျတို့ ပြောင်းရွှေ့လာပြီးနောက် လေးငါးခြောက်လ အကြာမှာပင် ဒေါ်အေးသွယ်နှင့် ဆက်သွယ်မိခြင်း ဖြစ်ပေသည်။

ဒေါ်အေးသွယ်ကို ဦးပွားက လူပျိုလှည့်နေသည်မှာ ကြာပြီ။ ဦးပွားက ဆက်ပြောသည်။

"ငါက ကျော်ကျော်တို့အိမ်မှာနေတာ လခစားသဘောပဲကွ"

"ခင်ဗျား ဒီလို လုံးဝမပြောနဲ့၊ ကျုပ်တို့က ခင်ဗျားကို သူစိမ်းဆန့်ဆန့် လခစားသဘောမထားဘူး၊ တစ်အိမ်တည်းအတူနေ မိသားစုသားအရင်းလိုပဲ နေလာခဲ့တာ၊ ခင်ဗျားငွေလိုချင်ရင် ကျုပ်ကို ပြောပါလား...လိုသလောက်ထုတ်ပေးဖို့ အဆင်သင့်ပဲ"

ကျော်ဇေယျ ဒေါသထွက်လွန်းသဖြင့် ဦးလေးလိုနေခဲ့သော ဦးပွားကိုပင် ခင်ဗျားတွေ ကျုပ်တွေဖြင့် ပြောလာပေတော့သည်။

"အေး...ငါ့အနေနဲ့ကလည်း ငါမိန်းမလိုချင့်လို့ ငွေထုတ်ပေးပါလို့ ဘယ်ပြောချင်မလဲဆိုတာလည်း ထည့်တွက်ပေါ့ကွာ၊ ဒီအိမ်မှာ ငါက မိသားစုတစ်ယောက်အနေနဲ့ စားချင်သလိုစား ဝတ်ချင်သလို ဝတ်၊ နေချင်သလိုနေနေရတာပဲ၊ မင်းဆီက ငွေရေးကြေးရေးကိစ္စ ငါ ပါးစပ်ကပြောမထွက်ဘူး၊ မအေးသွယ်က သူ့ကုန်စုံဆိုင်ကို ချဲ့ထွင်ချင်လို့ ငွေတစ်သိန်းခွဲလောက် လိုချင်နေတယ်၊ လွန်ခဲ့တဲ့ သုံးရက် ကူးကူးတို့ ကျောင်းမဖွင့်ခင်ကလေးမှာ ငါ့ကိုပြောတယ်၊ ကူးကူးကို





အဲဒီလိုလုပ်ပေးဖို့ပဲ မအေးသွယ်မှာ နဂိုကတည်းက သီပေါက ဒေါ်တင်စိုးအောင်ဆိုတဲ့ မိန်းမနဲ့ အရောင်းအဝယ် ကိစ္စ အဆက်အသွယ်ပြီး ခင်မင်နေကြတယ်"

တင်စိုးအောင်ဆိုသည့် သီပေါမှ အမျိုးသမီးသည် ကျောက်မဲဆေးရုံမှ ဒေါက်တာဒေါ်ခင်မျိုးအောင်၏ ညီမဟူ၍ ကျော်ဇေယျသိထားပါ၏။ ဦးစိုင်းမောင်နှင့် ဒေါ်တင်စိုးအောင်တို့ အဆက်အသွယ်ထားကြပေသည်။

"ကူးကူးကို ဒီလိုလုပ်ပေးဖို့ မအေးသွယ်ကို ငါအတန်တန်ခြင်းပါတယ် ကျော်ကျော်၊ ဒါပေမယ့်...မအေးသွယ်က နားပူနားဆာနဲ့ ဝန်ကတိတွေပေးပြီးပြောတယ်၊ ကူးကူးကို မှဲ့တစ်ပေါက် မစွန်းစေ မအေးသွယ်က တာဝန်ယူတယ်၊ ကတိပေးတယ်၊ အေး...နောက်ဆုံးတော့ လူချင်းဖလှယ်ရုံကိစ္စလေးပဲ ကူးကူးလည်း ဘာမှမဖြစ်စေဘူးဆိုတဲ့ မအေးသွယ်ရဲ့ကတိကြောင့် ငါနားယောင်ပြီး အဲဒီလိုလုပ်မိလိုက်တာပဲ၊ အခုတော့ ငါသိပ်မှားသွားပြီမှန်း ငါ့ဟာငါ သိတယ်၊ ခင်တာ အကြီးအကျယ်ရတယ်၊ လူဆိုတာ တစ်ခါတလေမှာတော့ မှားတတ်ကြတာပဲ မဟုတ်လား၊ မင်းလည်း မြင့်ဦးလွင်မှာတုန်းက လိုပဲ ချိုမီကို ယုံကြည်မိလို့..."

"ဘာ...ဘာ...ဘာပြောတယ် ခင်ဗျား...ခင်ဗျားပြီး"

ကျော်ဇေယျသည် ဒေါ်အေးသွယ်နှင့် ငိုင်းသည်ပြီး ချိုမီကို

www.burmeseclassic.com



ထည့်ပြောမိသည်နှင့် ကျော်ဇေယျ ဒေါသအထွက်အထိပ်ရောက်သွားပြီး ဝုန်းကနဲရောဂါထပြီး ဝုန်းကနဲဒေါသတွေ ပေါက်ကွဲသွားပေသည်။

တုတ်ကောက်စင်သို့ပြေးသွားပြီး တုတ်ကောက်တစ်ချောင်းဆွဲထုတ်ယူလိုက်သည်။ သွေးစွန်းပိတောက်သား တုတ်ကောက်ပင်ဖြစ်ပါ၏။

လက်ထဲသို့ တုတ်ကောက်ရောက်သည်နှင့် ကြမ်းပြင်တွင် ထိုင်လျက်သားရှိနေသေးသော ဦးပွားအား ရိုက်ချလိုက်တော့သည်။

"ဟဲ့...ဟဲ့...ကျော်ကျော်"

"အစ်ကို...အစ်ကို"

ကျော်ဇေယျ၏ ရိုက်ချက်ကို ဦးပွားက သူ၏လက်မောင်းကွေးပြီး လက်ဖျံဖြင့် စည်းခံထားလိုက်သောကြောင့် ဦးခေါင်းကိုမထိဘဲ လက်မောင်းလက်ဖျံကိုသာ ရိုက်မိပေသည်။

"ပြေး...ပြေး...ဦးလေးပွား"

"မပြေးဘူး...နွေးနွေး...ကျုပ်အပြစ် ကျုပ်ခံမယ်"

တစ်ချိန်လုံး အစ်ကိုကဲ့သို့ပင် ဦးပွားအား ဒေါပွနေသော ညီညီသည် ဦးပွားအား ကိုကြီးက ထိုးကြိတ်သည်အထိ ထိုင်ကြည့်နေသည်။

သို့သော် ကိုကြီးသည် ဒေါသသာမက ရောဂါပါစွဲကပ်လာပြီမို့ လက်လွန်သွားမည်စိုးသည်။ လက်လွန်သွားလျှင် ကိုကြီးပဲ အပြစ်ဒဏ်





ခံရမည်မို့ ဝုန်းကနဲထကာ အစ်ကိုကျော်ဇေယျကို နောက်မှနေပြီး ချုပ်ကိုင်လိုက်တော့သည်။

အန်တီစမ်းနှင့် နွေးနွေးကလည်း အတင်းဝင်၍ ကျော်ဇေယျကို ဖက်ကာချုပ်ကိုင်သည်။

"ဖယ်စမ်း...ဖယ်ကြစမ်း...ဒီလူကြီးကို ငါသတ်ရမှ ကျေနပ်မယ်"

မော်ဇေယျပါ ဝင်ရောက်ချုပ်ကိုင်သည့်ပင် ကျော်ဇေယျအား မနိုင်မနင်းဖြစ်နေသည်။ ဦးပွားကလည်း သူ့အပြစ်နှင့်သူ ပေပြီးခံနေသည်။

"ကိုမော်မော်...ခဏလေး အစ်ကို့ကို နိုင်အောင်ထိန်းထားနော်"

"ဟာ...ကိုကြီးက အားသိပ်ကောင်းတာ...စိတ်ဓါတ်တွေလည်း သိပ်ပြင်းပြနေတယ်၊ ကျွန်တော် မနိုင်ဘူး နွေးနွေး"

နွေးနွေးက ဦးပွားအား လှမ်းပြောသည်။

"ဦးလေးပွား...အစ်ကို့ကို ဝင်ကိုင်ချုပ်ထားပေးပါ၊ နွေးနွေး ကိုကြီးကို စိတ်ငြိမ်ဆေးထိုးမှ ဖြစ်တော့မယ်၊ ကိုကြီးရောဂါတက်နေပြီ"

"အေး...အေး"



www.burmeseclassic.com

www.burmeseclassic.com



ဦးပွားထိုင်ရာမှာထကာ မော်မော်နှင့်အတူ ကျော်ဇေယျအား ချုပ်ကိုင်ထားသည်။

"ခင်ဗျားကြီး ကျုပ်ကိုမကိုင်နဲ့၊ ကျုပ်အသားကိုမထိနဲ့ ခင်ဗျား သန္တာမရှိတဲ့ လူယုတ်မာကြီး"

သို့သော် ညီညီရော အန်တီစမ်းရော ဦးပွားရော ချုပ်ကိုင်သည်မို့ နိုင်နင်းပေသည်။

နွေးနွေးသည် တစ်ခဏအတွင်းမှာ ဆေးခန်းထဲမှ အသင့်အဖြေပြုတ်ထားသော အပ်နှင့် စိတ်ငြိမ်ဆေးထည့်ယူလာပြီး ကျော်ဇေယျကို ထိုးပေးလိုက်သည်။

ခဏအတွင်းမှာပင် ဒေါက်တာကျော်ဇေယျ ငြိမ်ကျသွားသည်။

နှစ်ယောက်ထိုင်ဆိုဖါကွင် မော်ဇေယျက သူ့အစ်ကိုအား တွဲကာထိုင်စေပြီး ဖေးမထားသည်။

ဦးပွားမှာ ဦးခေါင်းငိုက်စိုက်ကြီးပင် ထိုင်နေပါ၏။ မိမိကျူးလွန်လိုက်သော အပြစ်သည် တကယ်ဆို အန်တီစမ်း မော်မော်တို့ပင်လျှင် လုံးဝခွင့်မလွှတ်သင့်သော ကိစ္စဖြစ်ပါ၏။

သို့တစေ…

အန်တီစမ်းနှင့် မော်မော်သည် ကျော်ကျော်က တအားကြီးစိတ်ကြီးနေသည်မို့ သူ့အားဖွေမယူဘဲ လွှတ်ထားသည့် သဘောပြနေသည်။





နွေးနွေးကလည်း သူ့အင်မတန် ပြန်မသွားချင်သောနေရာသို့ မိမိကြောင့် ပြန်သွားရတော့မည်ဖြစ်ပါလျှက် မိမိကို ဘာမှ အပြစ်မတင်ဘဲ ရှိနေလေသည်။

"ကဲ…လာ…ဦးလေးပွား…လက်မောင်းနဲ့ လက်ဖျံမှာလည်း အစ်ကို့ရိုက်ချက် ထိထားတယ်၊ နွေးနွေး ကုပေးမယ် ဦးလေးပွား"

"နေပါစေ"

သို့သော် နွေးနွေးသည် ဖွတ်ပင် လက်မှဒဏ်ရာကို ဆေးလိမ်းပေးသည်။ ကုသပေးသည်။

ဦးလေးပွားမှာ နွေးနွေး ကုသပေးသည်ကို ငြိမ်ခံရင်း ယောကျ်ားကြီးတန်မဲ့ မျက်ရည်ပေါက်ပေါက်ကျရပါ၏။

"ကဲ…ညီညီ…ငါ့ကိုခေါင်ခန်းမှာ ငါပြန်နေမယ်၊ ကျော်ကျော်ပြန်သတိရလာရင် ငါ့ကိုခေါ်လိုက်ပေါ့"

မော်ဇေယျက ဦးလေးပွားနောက်မှလိုက်သွားပြီး ယနေ့ည ဆယ့်တစ်နာရီ ဦးစိုင်းမောင်ချိန်းသောနေရာ မည်သည့်နေရာလဲဟု မေးမြန်းသည်။

တကယ်မူ ဦးပွားက ဘယ်နေရာပါဟူ၍ ပြောရန်မလိုပေ။ ဦးပွားကိုယ်တိုင် လင့်ရိုဗာကားမောင်းပြီး ဦးစိုင်းမောင် ချိန်းသောနေရာသို့ လိုက်ပို့ရမည်ဖြစ်သည်။

သို့သော် ဦးပွားသည် မော်ဇေယျမေးသည့်နေရာကို ပြောကြားလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မော်ဓေယျသည် အိမ်ပေါ်ပြန်တက်ပြီး တယ်လီဖုန်းဖြင့် ...
မှူး ကိုနေအောင်ထံသို့ ဆက်တော့သည်။

"ကျွန်တော်ပါ…မော်ဓေယျပါ ဦးနေအောင်"

"အေး…ပြော…သူတို့ ဘယ်နေရာကို ချိန်းတယ်ဆို…
သိပြီလား"

စောစောက ဦးစိုင်းမောင်နှင့် ကျော်ဓေယျတို့ဖုန်းပြောသည်…
ဘယ်လီဖုန်းရုံမှ ကြားဖြတ်နားထောင်ထားသောကြောင့် စခန်း…
ကိုနေအောင်က အားလုံးကြားပြီးသားဖြစ်သည်။ ဦးစိုင်းမောင်က …
သည့်အချိန်ကိုသာပြောပြီး ချိန်းသည့်နေရာကို မပြောသောကြော…
ယခုမော်ဓေယျဖုန်းဆက်သည်နှင့် ချိန်းသည့်နေရာကို ချက်ချင်း ကော…
မေးခြင်းဖြစ်သည်။

"သီပေါကနေ ကျောက်မဲဘက်ကို လာတဲ့လမ်းကြီးအတ…
ငါးမိုင်အကွာမှာ ချစ်တီးယားတိုက်ပျက်ကြီးတစ်ခုရှိတယ်တဲ့"

"ဟုတ်တယ်…ရှိတယ်၊ အဲဒါကို ကိုယ်သိတယ်၊ လွန်ခဲ့…
လေးငါးနှစ်ကတော့ အဲဒီနားမှာ လူနေအိမ်ခြေတစ်ချို့ရှိတယ်၊ အ…
နောက်မြို့သစ်တွေ တည်တော့ အဲဒီကလူတွေဟာ မြို့သစ်တွေ…
ပြောင်းသွားကြလို့ ချစ်တီးယားတိုက်ပျက်ကြီး ထီးထီးကျန်ခဲ့တာ…

"အဲဒီကို ချိန်းတာပဲ ဦးနေအောင်"

"ဟုတ်မှ ဟုတ်ရဲ့လားတော့ မသိဘူးနော်၊ မောင်ရင်တို့…





…ဦးလေးပွားကြီးက လမ်းကြောင်းလွဲအောင်ပြောတာ ဖြစ်ချင်ဖြစ်နိုင်…
…တယ်"

"အဲဒါကတော့ ဘုရားမှ သိမှာပဲ ဦးနေအောင်၊ ဘာပဲဖြစ်ဖြစ်…
…သုံးဝမသိတာနဲ့စာရင် အခုဦးလေးပွားပြောတာဟာ နေရာတစ်ခုအနေနဲ့…
…တော့ ပေါ်ထွက်လာသေးတာပဲလို့ အောက်မေ့ရမှာပဲ၊ နောက်ပြီး ကျွန်…
…တော် ဦးလေးပွားကို သေသေချာချာ အကဲခတ်တယ်၊ သူလုပ်တဲ့ကိစ္စက…
…တော့ သူ့တွက်ကိန်းနဲ့ သူ့အမြော်အမြင်နဲ့ လုပ်တာပဲ၊ ဒီကိစ္စမှာ ကို…
…ကြီးအရှမ်း အရမ်းဒေါပွပြီး အရမ်းစိတ်ထိခိုက်သွားမှန်းတွေ့ရတော့…
…ဦးလေးပွား သူလုပ်မိတာကို နောင်တရတဲ့ပုံသဏ္ဍာန်ရယ် ကျွန်တော်…
…တို့မိသားစုအပေါ်မှာ သူထားရှိတဲ့ မိသားစု သဘောထားရယ်တော့…
…ပေါ်လွင်လာတယ်လို့ ကျွန်တော် အကဲခတ်မိတာပဲ"

"အေးပေါ့လေ…အခြေအနေအရပေါ့…တို့လည်း အဲဒီချိန်း…
…တဲ့နေရာကို အပူတပြင်းစုံစမ်းနေတယ်၊ တစ်နည်းနည်းတော့ စုံစမ်း…
…သတင်း အချိန်မီ ဝင်လာကောင်းပါရဲ့ပေါ့ကွာ…အော်…ဒါထက်…
…မော်မော်…"

"ပြောပါ…ဦးနေအောင်"

"အခုချိန်ကစပြီး မော်မော်ပဲဖြစ်ဖြစ်၊ ဒေါက်တာပဲဖြစ်ဖြစ် တို့ကို…
…နုံးမဆက်နဲ့တော့၊ တို့နဲ့ဆက်သွယ်မှန်း သူတို့သိသွားရင် အခု လက်…
…လမ်းကြောင်းတွေ သူတို့ ပြောင်းပစ်နိုင်တယ်၊ ဒါဆိုပိုပြီး လိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



တာခက်ခဲသွားမယ်၊ ကူးကူးအတွက်လည်း အန္တရာယ်ရှိနိုင်တယ် ဦး
မွှားကို သူတို့ ဘက်တော်သားလို့ သတ်မှတ်ယုံကြည်ထားတာမို့ ဦး
လိုက်ပို့တဲ့နေရာကိုသာ လိုက်ပေတော့၊ အဲဒါကို အခြေခံပြီး
ဘယ်လိုလုပ်မယ်ဆိုတာ စီစဉ်သွားမယ်၊ တို့ကို လုံးဝ မဆက်သွ
နဲ့တော့"

* * *





## အခန်း (၁၉)

"မင်း...အိမ်မှာပဲ...အန်တီစမ်းနဲ့ နေခဲ့ရမယ် ညီညီ"

"ဟာ...ကိုကြီးကလည်း မဟုတ်တာ"

ဒေါက်တာကျော်ဇေယျ ပြန်လည်ပြီး ထူထူထောင်ထောင် ဖြစ်
လာပြီးသည်နှင့်...သူ အသုံးမပြုဘဲ အတန်ကြာအောင် သိမ်းထား
သော လိုင်စင်ကိုင် ခြောက်လုံးပြူးကို ထုတ်ယူပြီး...ဆေးကြောပွတ်
တိုက် ဆီထည့်လုပ်ရင်း ညီညီ့ကို ပြောလိုက်ခြင်းဖြစ်ပါ၏။

ဒါကို ညီညီက အဆုတ်အကန် ငြင်းဆန်ပေသည်။ ပြီး...
ကျော်ဇေယျ အိပ်ပျော်နေခိုက် ညီညီက ဦးလေးမွှားအား မေးမြန်းသဖြင့်
ဦးဆိုသောနေရာကို သိရသည့်အကြောင်းနှင့် ထိုအကြောင်းကို စခန်းမှူး
ကိုနေအောင်ထံ သတင်းပို့ပြောကြားထားကြောင်းကို ပြန်ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီစမ်းနှင့် နွေးနွေးက ညီအစ်ကိုနှစ်ယောက် ပြောဆိုတိုင်ပင်နေကြသည်ကို ဘေးမှ နားထောင် နေကြသည်။

ထိုစဉ်မှာပင် ဦးပွားလည်း အိမ်ထဲသို့ ရောက်ရှိလာပါ၏။ ကျော်ဇေယျ သေနတ်ဆေးကြောနေသည်ကို ဦးပွားတွေ့ပါ၏။

ကျော်ဇေယျက ဆက်ပြောသည်။

"ဦးစိုင်းမောင်ရဲ့အဖွဲ့နဲ့တွေ့တဲ့အခါမှာ ရတ်ရတ်သဲသဲတွေ ဖြစ်နိုင်စရာရှိတယ် ညီညီ၊ ငါ့အနေနဲ့…ရော…ဒီမှာနွေး၊ ပေး…ငါ့ညီမကူးကူးလို့ အလွယ်တကူလုပ်ရတာကို သိပ်ဘဝင်မကျဘူး၊ ဦးစိုင်းမောင်ကို ငါရင်ဆိုင်မယ်၊ ယှဉ်ပြိုင်မယ်၊ အရေးအကြီးဆုံးအချက်က နွေးရော…ကူးကူးရော ဦးစိုင်းမောင်လက်က လွတ်သွားဖို့ အရေးအကြီးဆုံးပဲ"

"အေး…လွတ်သွားအောင်လည်း ငါ အစွမ်းကုန် ကြိုးစားမယ်၊ ဟောဒီ သေနတ်ထဲက ကျည်ဆန်ခြောက်တောင့်ဟာ ဦးစိုင်းမောင်အပါအဝင် ခြောက်ယောက်အတွက်ပဲ"

"ဒီတော့ ငါတစ်ခုခုဖြစ်သွားနိုင်တယ်၊ ငါမရှိတော့ရင် ဒီအိမ်မှာ မင်းက အိမ်ထောင်ဦးစီးနေရာမှာ ယူရမယ်၊ မင်းရော…ငါရော တစ်ခုခုဖြစ်သွားရင် အန်တီစမ်းနဲ့ ကူးကူးဟာ ဘဝမှာ မျောက်သစ်ကိုင်းလွတ်…ယောင်ချာချာ ဖြစ်ကျန်ခဲ့ပြီး ဘဝပျက်ကုန်မယ်၊ ဒီတော့ ငါ မရှိရင် မင်း အန်တီစမ်းနဲ့ကူးကူးကို တာဝန်ယူရမယ်၊ နောက်ပြီး…"





ကျော်ဇေယျသည် နွေးနွေးရှိရာကို တစ်ချက်လှမ်းကြည့်လိုက်သေးသည်။

"မင်း…နွေးတာဝန်ကိုလည်း ယူရမယ် ညီညီ၊ ဒါကြောင့်င်း မလိုက်နဲ့…သူတို့ခေါ်တာလည်း ငါ့တစ်ယောက်တည်းကို ခေါ်တာ၊ မင်းကို မခေါ်လာနဲ့လို့ ပြောထားတယ်"

"ဟာ…ကိုကြီး ဘာတွေပြောနေတာလဲ၊ ကိုကြီးတစ်ယောက်တည်း ဒီလူတွေဆီ သွားလို့ ဖြစ်မလား…အို…ဘာပဲပြောပြော၊ ညီညီ လိုက်ကို လိုက်မှဖြစ်မယ် ကိုကြီး"

"မင်း လက်မောင်းမှာ ဒဏ်ရာရှိနေသေးတယ်၊ နောက်ပြီးင်းကို ငါခေါ်မလာပါဘူးလို့လည်း ဦးစိုင်းမောင်ကို ပြောထားပြီးပြီ"

"ဘာဖြစ်ဖြစ်ပေါ့ ကိုကြီး၊ ဦးစိုင်းမောင်လိုလူအပေါ်မှာ ကတိကားတည်နေစရာ မလိုပါဘူး၊ မြန်မာစကားအဆိုရှိတယ်၊ တစ်ယောက်တည်းသွားရင် သေလူတဲ့၊ နှစ်ယောက်သွားရင် ရှင်လူတဲ့၊ ကိုကြီးတစ်ယောက်တည်းသွားတာကို ကျွန်တော် ဘယ်လိုမှ စိတ်မချဘူး၊ ကျွန်တော် လိုက်ကိုလိုက်မယ်"

"ဟော့…ညီညီ"

ဦးပွားက ကြားဖြတ်ပြီး မော်ဇေယျကို လှမ်းပြောလိုက်ပါ၏။

"မင်းခုန ပြောလိုက်တာ မပြည့်စုံဘူးကွ၊ သုံးယောက်ပေါင်းရင် လောင်းကျော်တဲ့၊ ငါ့ကိုပါ မင်းတို့ ညီအစ်ကိုနဲ့ ထည့်ပေါင်းရင် သုံးယောက်ပေါင်းဖြစ်သွားမယ်လေကွာ"

www.burmeseclassic.com



"ခင်ဗျားကို ကျွန်မယုံဘူး ဦးမွား"

"မင်းကို ငါက ယုံပါလို့ မပြောဘူး ကျော်ကျော်…အေး လက်တွေ့ကျရင် မင်းကိုယ်တွေ့ဖြစ်မှာပေါ့ကွာ"

"အစ်ကို"

နွေးက ကျော်ဇေယျအား ခေါ်လိုက်သဖြင့် ကျော်ဇေယျက နွေးနွေးကို ပြန်ကြည့်သည်။

"ကိုမော်မော်ကို ခေါ်ခဲ့ပါလား၊ ဆယ်ရေးတစ်ရေးပေါ့… ဦးစိုင်းမောင်က ဉာဏ်နီဉာဏ်နက်သိပ်များတယ်၊ ပြည့်လည်းပေါ တယ်၊ ကိုမော်မော်ဟာ အစ်ကို့အတွက် အထောက်အကူဖြစ်မှာပါ။ နောက်တစ်ခုက အစ်ကို့စိတ်ထဲမှာ ကူးကူးကို ပြန်လိုချင်သလို နွေး ကိုလည်း သူတို့လက်ထဲမထည့်ဘဲ အကြမ်းနည်းနဲ့ ယှဉ်ပြိုင်ဖို့ စိတ်ကူး ထားတာ နွေး အကဲခတ်မိတယ်၊ အဲဒါ အစ်ကို့အတွက် အင်မတန် ကြီးမားတဲ့အန္တရာယ်ပါ၊ နွေး သူတို့လက်ထဲပြန်ရောက်သွားတော့ တစ်နည်းနည်းနဲ့ မရရအောင် အစ်ကို့ဆီ ပြန်လာမှာပါ…စိတ်ချပါ အစ်ကို"

မော်ဇေယျ ထပ်ပြောသည်။

"ကူးကူးဟာလည်း ကျွန်တော့်ညီမလေးပါ ကိုကြီး၊ ကူးကူး အတွက် ကိုကြီးခံစားရသလို ကျွန်တော်လည်း ခံစားနေရတာပါ၊ ကူးကူးကို ပြန်ခေါ်တဲ့နေရာကို ကိုကြီးနဲ့အတူတူ သေသေရှင်ရှင် ကျွန် တော်လိုက်မယ် ကိုကြီး"





ကျော်ဇေယျ ငြိမ်ပြီး စဉ်းစားသည်။

"မင်း လက်မောင်းမှာ ဒဏ်ရာက အကောင်းမသေသေးဘူး ညီညီ၊ နောက်ထပ် မင်းကို ငါ့ဘာမှ အန္တရာယ် မဖြစ်စေချင်ဘူး၊ ငါ မရှိရင် ဒီအိမ်မှာ မင်းဦးစီးရမှာ ညီညီ"

"အို…အစ်ကိုကလည်း ဒါပဲပြောနေတယ်၊ အစ်ကိုက ဘာလို့ ဒီအိမ်မှာ မရှိရမှာလဲ"

နွေးနွေးက ကောက်ခါငင်ကာ စိတ်မချမ်းသာသောအသွင် စိတ်မချမ်းသာသောအသံဖြင့် ပြောလိုက်သည်။

"နွေးအတွက်…အစ်ကို အဆုံးစွန် စွန့်စားဖို့ စိတ်မကူးပါနဲ့ အစ်ကို၊ ဦးစိုင်းမောင်လိုလူနဲ့ အစ်ကိုနဲ့ အသက်ချင်းမလဲသင့်ပါဘူး၊ ပုံနှိုင်းရရင် အစ်ကိုက ခြင်္သေ့လိုလူပါ၊ ဦးစိုင်းမောင်က မြွေခွေးလိုလူ ပါ အစ်ကို"

"ခြင်္သေ့မှာ လည်ဆံမွေးတွေ မရှိတော့ဘူးဆိုရင် ခြင်္သေ့လည်း မြွေခွေးပါပဲ နွေး၊ ကဲပါလေ…ညီညီ လိုက်ခဲ့လေ…အေး…မင်းလိုက် မှာဆိုရင် ငါသေချာမှာထားမယ်၊ ဟိုမှာ ရုတ်ရုတ်သဲသဲ ဖြစ်ပြီဆိုတာ နဲ့ နွေးနဲ့ကူးကူးကို တစ်ပါတည်းခေါ်ထုတ်သွားဖို့ အစွမ်းကုန်ကြိုးစား လွတ်အောင်ပြေး…ငါ့ကို ဘာမှ နောက်ဆံမတင်းနဲ့၊ မင်းတို့လည်း ထိခိုက်ဒဏ်ရာ လုံးဝမရစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဖေယျစိတ်ထဲတွင် ကိုကြီးကျော်ဖေယျ ပြောပုံကြီးမှာ တစ်မျိုးကြီးဟု စိတ်ထဲက အောက်မေ့မိသည်။

နွေးနွေးကလည်း အစ်ကိုပြောပုံကြီးကို စိတ်ထဲက မလိုမလားဖြစ်မိပြီး တစ်မျိုးကြီးပဲဟု ထင်မိသည်။ ထို့ကြောင့် အစ်ကို ကျော်ဖေယျကို ဘာသဘောနဲ့ ဒီသဘောမျိုးတွေ ပြောပါလိမ့်ဟု အစ်ကို့မျက်နှာကို ကြည့်ကာ အဖြေရှာမိသည်။

အစ်ကိုကမူ နွေးကို လုံးဝမကြည့်တော့ဘဲ တစ်ခြားသို့ မျက်လုံးလွှဲထားသည်ကို တွေ့ရပါ၏။

မိမိကို သိပ်ချစ်ပါသည်ဟု ဖွင့်ပြောပြီးကာမှ ယခုတော့ဘာလို့ အစ်ကိုသည် မိမိကို မျက်နှာလွှဲနေပေသနည်း။

ဦးစိုင်းမောင်ထံ မိမိသွားရတော့မည်မှာ ယခုထိက အစ်ကိုသည် မိမိကို သံယောဇဉ်ဖြတ်ရန် ကြိုးစားနေခြင်းပေပဲလား။ ပြီး အစ်ကိုပြောသော စကားတို့သည် သူမရှိတော့လျှင် ဆိုသည့်စကားကို အဓိကထားပြောနေသည်။ ထပ်ခါထပ်ခါပြောနေသည်...တစ်မျိုးကြီးပါပေ။

ယခုလည်း အစ်ကိုက လည်ဆံမွေးမရှိတော့ရင် ခြသေ့ဟာလည်း မြေခွေးပါပဲဟု ပြောနေသည်။

ဘာဘောနှင့် ဘာကိုရည်ရွယ်ပြောလေသနည်း။





ဒီလိုနှင့်ပင် ည (၁၀) နာရီထိုးသွားပြီး အစီအစဉ်တွေကို စတင် ပြုလုပ်ကြသည်။

"ငါနဲ့ ဦးပွားနဲ့ ရှေ့ကထိုင်မယ်၊ ညီညီနဲ့ နွေးနဲ့ နောက်ကထိုင်၊ ကဲ...မောင်းပေတော့ ဦးပွား၊ ဟိုကို ဆယ့်တစ်နာရီအရောက် အံကိုက်အောင်မောင်းပေါ့ဗျာ၊ နေရာကိုသိတာ ခင်ဗျားပဲရှိတာ"

ဦးပွားက ဘာမှ စောဒကမတက်ဘဲ မောင်းထွက်လာခဲ့သည်။ အမှန်ပင် ကျောက်မဲ သီပေါလမ်းရှိ ချစ်တီးယားတိုက်ဖျက်ကြီးသို့ မောင်းခဲ့ခြင်းပင်ဖြစ်ကြောင်း တွေ့ရသည်။

(၁၁)နာရီထိုးရန် (၅)မိနစ်အလိုမှာပင် ရောက်ရှိလာသည်။

ကားမီးပိတ်ပြီး ဒီအတိုင်း စောင့်နေကြပါ၏။ ကျော်ဖေယျသည် သူ့ခါးကြားတွင် ခြောက်လုံးပြူးတိုးထည့်ခဲ့ကာ အပေါ်မှ ဂျာကင်ဖုံးဝတ်ထားသည်။

ပတ်ဝန်းကျင်သည် ပကတိ မှောင်မဲပြီး တိတ်ဆိတ်နေသည်။

လူမနေတော့ဘဲ ပစ်စလက်ခတ်ထားသောနေရာမို့ ပတ်ဝန်းကျင်တွင် ချုံနွယ်ပိတ်ပေါင်းတွေ မျက်ရိုင်းရှည်ကြီးတွေ ပေါက်နေပေသည်။ ကြီးထွားမြင့်မားသော သစ်ပင်ကြီးတွေလည်း ပတ်ဝန်းကျင်တွင်ရှိနေပါသည်။

ဆယ်တစ်နာရီတိတိတွင် မှောင်ကြီးထဲကပင် အသံတစ်ခုထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



""သူတို့ကားထဲ လူစစ်ကြည့်စမ်း…ငြိမ်းမောင်""

""အဲဒီအသံဟာ ဦးစိုင်းမောင်ရဲ့အသံပဲ အစ်ကို""

နောက်မှ ထိုင်နေသော နွေးနွေးက ရှေ့မှထိုင်နေသော ကျော်ဖေယျ၏နားဝသို့ ကပ်ခါ တိုးတိုးလေး ပြောလိုက်သည်။

လူတစ်ယောက် ပုံရိပ်တစ်ခု ထွက်လာသည်ကို မြင်ရသည်။ သူ့လက်ထဲတွင် ဓါတ်ခဲအသေး နှစ်တောင့်ထိုး လက်နှိပ်ဓါတ်မီးလေးပါရှိကာ လင့်ရိဗာ ကားထဲမှ လူတွေကို ဓါတ်မီးလေးဖြင့် ထိုးကြည့်သည်။

တပည့်ငြိမ်းမောင်၏ သူ့ဆရာအား ပြန်ပြောသံ ထွက်လာသည်။

""ဆရာပြောထားတဲ့အတိုင်း ဦးပွား၊ ဒေါက်တာကျော်ဖေယျနဲ့ နွေး ပါလာပါတယ်ဆရာ၊ အဲ နောက်ထပ်အပို တစ်ယောက်လည်း ပါလာသေးတယ်၊ ဒေါက်တာကျော်ဖေယျရဲ့ညီ…မော်ဖေယျဆိုတဲ့ ကောင်ပဲဆရာ""

""လူမောင်ရဲ့ နံကြားကို လုံစိုက်လွှတ်ပြီး မင်းတို့ခွေးပြေးပြေးအောင် အစွမ်းပြလိုက်တဲ့ သူ့ညီမဟုတ်လား၊ ဒီကောင့်ကို ခေါ်မလာခဲ့နဲ့လို့ ငါ…ဒေါက်တာ့ကို ပြောထားသားနဲ့""

""ပါလာတော့ ပိုကောင်းတာပေါ့ ဆရာ၊ ရာဇဝင်ကြွေးပြန်ဆပ်ဖို့ အခွင့်အရေးရတာပေါ့၊ သူ့အိမ်ထဲမှာ ကျွန်တော်တို့ကို ဒီကောင်





အစွမ်းပြနိုင်ပေမယ့် အခု ကျွန်တော်တို့ရဲ့ သေနတ်ငါးလက်ကြားမှာ ဒီကောင် ဘာပြန်လုပ်နိုင်မှာလဲ""

""အေး…ဒါဆိုလည်း အဲဒီ ညီညီဆိုတဲ့ကောင်ကို မင်းတို့ပဲ ရာဇဝင်ကြွေးဆပ်လိုက်၊ ကဲ…သူတို့အားလုံး ကားပေါ်ကဆင်းခိုင်း""

အားလုံးကားပေါ်မှ ဆင်းကြသည်။

ဆင်းလာသူအားလုံးကိုလည်း မှောင်ထဲမှ ဦးစိုင်းမောင်၏ သေနတ်ကိုင်တပည့်တွေ အလုံးလုံးထွက်လာကာ ကျော်ဖေယျတို့အားလုံးကို သေနတ်ဖြင့် ချိန်ထားသည်။ ဝိုင်းထားသည်။

ဦးစိုင်းမောင်က သေနတ်ကိုင်ထားခြင်းမရှိပေ။ ကျော်ဖေယျတို့လောက်တော့ သူ့တပည့်တွေ ချိန်ထားသည့် သေနတ်တွေနှင့်ပင် လုံလောက်သည်ဟု ယူဆပြီး ဦးစိုင်းမောင် သေနတ်ထုတ်မကိုင်ခြင်းဖြစ်ကောင်းဖြစ်မည်။ သူဝတ်ထားသော လောင်းကုတ်အင်္ကျီအိတ်ထဲတွင် သေနတ်ရှိမည်ထင်ပါ၏။

""ကဲ…ဒေါက်တာတို့အားလုံး တိုက်ပျက်ကြီးဆီ လိုက်ခဲ့ကြပါ၊ ဦးပွားကတော့ လိုက်ချင်လိုက် မလိုက်ချင်နေပေါ့ဗျာ""

ဦးစိုင်းမောင် ရှေ့ဆုံးမှဝင်သွားသည်။ ကျော်ဖေယျနောက်လိုက်သွားသည်။ နွေးနှင့် မော့်မော်လည်း နောက်မှလိုက်သည်။

ဦးပွားသည်လည်း အပြင်မှာမနေခဲ့ပေ။ ကျော်ဖေယျသားမှတင်ကပ်ခါ ဦးပွားလိုက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပျက်ကြီးထဲသို့ ရောက်လာကြသည်။

"ကဲ…ဒီမှာတော့ ထိုင်စရာရယ်လို့ မယ်မယ်ရရမရှိဘူး ဒေါက်တာ၊ အားတော့နာစရာပဲ…ဒီကိစ္စတွေပြီးငြိမ်းပြီး အေးအေး ဆေးဆေးကျမှ သီပေါက ကျွန်ုပ်အိမ်မှာ မင်္ဂလာဆွမ်းကျွေးမှာပါ၊ အဲဒီတော့မှ ဒေါက်တာ့ကို ကျကျနနဖိတ်ပြီး ဧည့်ခံကျွေးမယ်ပေါ့လေ"

"ဘယ်လို ကျကျနနဖိတ်ပြီး ဧည့်ခံမှာလဲ ဦးစိုင်းမောင်၊ အခုလို တပည့်ရတွေ သေနတ်တွေ ဝိုင်းချိန်တဲ့ နည်းမျိုးနဲ့ပဲ ဧည့်ခံမှာလား"

"အခြေအနေအရ တပည့်တွေကို သေနတ်ကိုယ်စီနဲ့ ဝိုင်းထားခိုင်းတာပါ ဒေါက်တာ၊ မြို့သစ်က ဒေါက်တာ့အိမ်မှာ သေနတ်နဲ့ ကျွန်ုပ်တပည့်နှစ်ယောက်ကို ဒေါက်တာရဲ့ ညီတော်မောင်က လက်သံပြောင်လိုက်တာ ရေရေလည်လည်ခံခဲ့ရပြီလေ၊ ဒေါက်တာတို့ ညီအစ်ကိုနှစ်ယောက်လုံး ကိုယ်ခံကာယပညာမှာ တော်တော်ရင့်တယ်လို့ ကျွန်ုပ် ကြားတယ်၊ ဒါကြောင့် အခုလို သေနတ်တွေနဲ့ ချိန်ထားတာပါ၊ ဘယ်လိုကိုယ်ခံကာယပညာ ဘယ်လောက်ရင့်ရင့် သေနတ်ကျည်ဆန်ကိုတော့ လက်နဲ့ ဆီးဖမ်းလို့ ရတာမှ မဟုတ်တာ၊ ဒါကြောင့် စိတ်ချရအောင် တပည့်တွေ သေနတ်နဲ့ ဝိုင်းထားစေတာပါ"

"ကဲ…ဒါဆိုလည်း ဦးစိုင်းမောင် အာလာပ သလ္လာပ စကားတွေတော့၊ ခင်ဗျားနဲ့ ကျွန်ုပ် နောက်တစ်ခါ အလှူအိမ်မှာဖြစ်ဖြစ်၊





မသာအိမ်မှာဖြစ်ဖြစ် ဆုံကြမှ ဆက်ပြောကြတာပေါ့ဗျာ၊ ကဲ…အခု ကူးကူး ဘယ်မှာလဲ၊ ကူးကူးကို ကျွန်ုပ်လက်အပ်ပါ"

"ကူးကူးလား…ရှိပါတယ်၊ ရှိပါတယ်၊ ကျန်းမာပကတိ ချမ်းသာစွာရှိပါရဲ့ဗျာ၊ ဦးမွှား တောင်းဆိုထားတဲ့အတိုင်း ကူးကူးကို လက်ဖျားနဲ့တောင်မတို့ဘဲ၊ ကောင်းကောင်းထား ကောင်းကောင်းကျွေး ပါတယ်၊ မှဲ့တစ်ပေါက်မစွန်းဘူး၊ ကဲ…ငြိမ်းမောင်…ကူးကူးကို သွားခေါ်ခဲ့ပေတော့"

တိုက်ပျက်ကြီး၏ အတွင်းလှေကားကြီးပေါ်သို့ ငြိမ်းမောင် တက်သွားသည်။

မကြာမီပင် လှေကားကြီးပေါ်မှ (၃)ယောက် ဆင်းလာကြပေသည်။

ကူးကူးက အလယ်မှဖြစ်သည်။ ဘေးမှ အမျိုးသမီးကြီးတစ်ဦးက ကူးကူးကိုတွဲပြီး ချုပ်ကိုင်ပြီး ဆင်းလာခြင်းဖြစ်သည်။

ထိုအမျိုးသမီးကြီးအား မြင်ရုံနှင့်ပင် ကျောက်မဲဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါ်ခင်မျိုးအောင်၏ ညီမအရင်း ဒေါ်တင်မျိုးအောင် ဆိုသူ ဖြစ်မည်ဟု ခန့်မှန်းနိုင်လောက်ပေသည်။

ကူးကူးကို တွဲခေါ်လာသော ဒေါ်တင်စိုးအောင်၏ မျက်နှာမှာ ကြည်ကြည်သာသာမရှိပေ၊ တစ်ခုခုကို မကျေနပ် မရှုစိမ့်မလိုလား သော မျက်နှာအသွင် ရှိနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထူးကူး၏ အခြားတစ်ဖက်တွင် သေနတ်ကိုင် ငြိမ်းမောင် ပြန်
လာသည်။

လေယာဉ်ကားရင်းရောက်သည်နှင့် ဦးစိုင်းမောင်က ဒေါ်တင်စိုးအောင်
ကို လှမ်းပြောသည်။

"တင့်တင်ရေ…ကူးကူးကို လွှတ်ပေးလိုက်ပါတော့ကွယ်
ဒေါက်တာကလည်း မိန္ဓေးကို လာပို့နေပြီလေ"

"ဒါပေါ့…ဒါပေါ့…ကိုစိုင်း လောကကြီးမှာ ကိုစိုင်း အလိုချ
ဆုံးဟာ ဒီနွေးနွေးဆိုတဲ့ ကောင်မကိုပဲမဟုတ်လား…နွေးနွေးအိမ်က
ထွက်သွားကတည်းက ကိုစိုင်း အိမ်မြှောင်အမြီးပြတ် ငါးရံ့ပြာရူး
ဖြစ်နေတာလေ၊ ဒီက တင်တင်ကတော့ ပျော်တော်ဆက်မ၊ အဖြည့်ခံ
သက်သက်ဖြစ်နေတယ် မဟုတ်လား၊ သစ်မရှိတုန်း ဝါးပေါင်းဖွဲ့
ပေးရတဲ့ မိန်းမလေ"

"မင်း…ဘာတွေ ပြောနေတာလဲ…တင်တင်"

"တင်တင်ပြောနေတာ ကိုစိုင်းရဲ့ အကြောင်းပဲပေါ့၊ နွေးနွေး
ကောင်မ ပြန်ရောက်လာတာနဲ့ ကိုစိုင်းအတွက် သားရွှေအိုးထမ်းလာ
တာကို မြင်တဲ့ သုဝဏ္ဏသာမဖြစ်သွားပြီ မဟုတ်လား၊ နွေးနွေးဆိုတဲ့
ကောင်မက ရုပ်ချောတယ်၊ ရုပ်လှတယ်၊ ကိုယ်ခန္ဓာ သိပ်အချိုးကျ
တယ်၊ ဆရာဝန်မတစ်ယောက်ဖြစ်တယ်၊ အပျိုစစ်စစ်ဖြစ်တယ်၊ အရွယ်
ငယ်တယ်၊ ဦးကောင်းမြတ်နဲ့ ဒေါ်နီလာရဲ့ပစ္စည်းတွေ အမွေဆက်ခံရ





မယ့် တစ်ဦးတည်းသောသမီးချော…အဲဒီနွေးနွေးကို ကိုစိုင်းက တရား
ဝင် လက်ထပ်မယ်ပေါ့…ဒါဆို ကိုစိုင်းအတွက် အားလုံးပြီးပြီလေ၊
နွေးနွေးကိုလည်း အမွေထက်ဝက်ခွဲပေးစရာ မလိုဘဲ ကိုစိုင်းမှာ ဇနီး
ချော ဇနီးလှလည်းရသွားပြီ"

"ဟာ…ဒီမိန်းမ ပေါက်ကရတွေ လျှောက်ပြောနေတယ်၊
ဒီမယ် တင်စိုးအောင်…မင်းကို ငါအကျိုးအကြောင်းတွေအားလုံး မင်း
သဘောပေါက်အောင် ပြောထားပြီးသားမဟုတ်လား၊ ဒါတောင်…အခု
မင်းက စကားတွေရှုပ်နေတယ်"

ဦးစိုင်းမောင် မျက်နှာကြီးနီရဲလာသည်အထိ ဒေါသထွက်သွား
ပုံရသည်။

ဦးစိုင်းမောင်နှင့် ဒေါ်တင်စိုးအောင်တို့၏ အခြေအနေတင်းမာ
နေခိုက် ကျော်ဇေယျသည် ဂျာကင်ဖိုးကြားထဲမှ ခြောက်လုံးပြူးကို
လက်ဝါးအုပ်စမ်းကြည့်သည်။

သို့သော်…မလွယ်သေး။

ဦးစိုင်းမောင် ဘပည့်လေးယောက်၏ သေနတ်လေးလက်က
သူ့ကိုချိန်ထားလျက်သား ရှိနေသည်။ မိမိသေနတ်ထုတ်လိုက်သည်နှင့်
သူတို့ရာ မောင်တင်ထားပြီးသား ပစ္စတိုလေးလက်နှင့် လှမ်းပစ်နိုင်ခြင်းက
များနေသည်။

"ဟဲ…ဟဲ…ဗဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်နှင့် အခြေအနေမှာပင် ဦးပွားထံမှ အာခေါင်သံကြီးနှင့် တဟဲဟဲရယ်သံကြီးထွက်လာသဖြင့် ဦးစိုင်းမောင်ကိုယ်တိုင် ဦးပွားဘက်သို့ အာရုံပြန်ရောက်သွားပြီး ဦးပွားကိုလှမ်းကြည့်လိုက်သည်။

"ဒီမှာ…ကိုစိုင်းမောင်…အခုဒီနေရာနဲ့ ဒီအချိန်နဲ့…ဒီအခြေအနေမှာ ခင်ဗျားနဲ့ တင်စိုးအောင် အခြေအတင် ပြဿနာရှင်းနေဖို့ မဟုတ်ဘူး၊ အလကားအချိန်တွေ အကုန်ခံနေတယ်၊ အခု…ခင်ဗျား တင်စိုးအောင်နဲ့ ပြဿနာရှင်းနေတဲ့အချိန်မှာ ဟောဒီ…ဒေါက်တာ ကျော်ကျော်က သူ့ဂျာကင်အောက်က ခြောက်လုံးပြူးကို ဆွဲထုတ်ပြီး ပစ်ဖို့ကြံစည်နေတာကော ခင်ဗျားသိရဲ့လား ကိုစိုင်းမောင်"

ကျော်ဖေယျရော…မော်ဖေယျရော…နွေးနွေးရော… ဦးပွား၏ စကားကြောင့် ဟာကနဲဖြစ်သွားသည်။ အိမ်တွန်းကတော့ ငါနောင်တရပါပြီဆိုပြီ• တကယ်ယုံလောက်အောင် အယုံသွင်းခဲ့ပြီး…ဒီရောက်မှ ဦးစိုင်းမောင်ရဲ့ ဘက်တော်သားလုံးလုံးဖြစ်နေသည်ကို တွေ့ရသောကြောင့်ဖြစ်ပါ၏။ ကျော်ဖေယျ သေနတ်ယူလာသည်ကိုမင် ဖေါ်ကောင်လုပ်ပေပြီ။

"ဟုတ်လား…ဒေါက်တာက သေနတ်တွေဘာတွေ ယူလာသလား၊ ဒေါက်တာ ဓိဝိတဒါနသမား…လူတွေကိုတောင် အခမဲ့ သဘောကုနေတာမို့ သေနတ်ကိုင်မယ်လို့ ကျုပ်လုံးဝ ထည့်မတွက်မိဘူး ဦးပွား"





"တခြားအချိန်မှာတော့ လုံးဝမကိုင်ပါဘူး၊ ဒီသေနတ်တောင် ခံချေးတက်နေလို့ ဒီလာကာနီးမှ ဆေးကြောလာတာ၊ သူ့ကိုယ်သူ ည်း သေလူလို့ တွက်ထားပြီးသား၊ ဒီပွဲမှာ ပွဲကြမ်းမလို့ ရည်ရွယ် ားပြီးသား၊ အဲဒါ သူ့ပွဲမကြမ်းခင် ခင်ဗျား တင်ကြိုသိဖို့ ကျုပ် ပြာတာ…သူ့ခါးကြားထဲက သေနတ်ကို သိမ်းထားလိုက်ရင် ရှုတ်ရှုတ် တ်ရှုတ်မဖြစ်တော့ဘူးပေါ့၊ ကျုပ် သူ့ခါးကြားထဲက သေနတ်ကို သူသိမ်းထားလိုက်ရမလား ကိုစိုင်းမောင်"

"ဟာ…သိပ်ကောင်းတာပေါ့…သူ့ပွဲကြမ်းတာကို ကျုပ်အဖွဲ့ ာ ဂရုစိုက်စရာမရှိပေမယ့် သူ့ဆီမီးခွက်ထတောက်ရင် အလကား ဆူညံညံ သေနတ်သံတွေထွက်သွားရင် ဘေးပယောဂတွေ ဝင်လာ ယ်…သိမ်းလိုက် ဦးပွား၊ ဒီဒေါက်တာ့ခါးကြားက သေနတ်ကိုဦးပွား သိမ်းလိုက်ပါ"

ဦးပွားသည် အနီးကပ်နေသော ကျော်ဖေယျ၏ ဂျာကင်ကို ှန်ကာ ခါးထိုးထားသော ခြောက်လုံးပြူးကိုယူရင်း ကျော်ဖေယျအား ိုးတိုးလေး နားနားကပ်ပြီး လေသံဖြင့်ပြောလိုက်သည်။

"ဒီနည်းပဲရှိတယ် ကျော်ကျော်…မင်းဘယ်လိုမှ သေနတ်ထုတ် ခွင့်မရနိုင်ဘူး၊ အခု ငါပစ်နိုင်သလောက် ဒီကောင်တွေကို ငါပစ်မယ် ိုင်းမောင်လက်ထဲမှာ သေနတ်အဆင်သင့်မရှိဘူး၊ မင်း…သူ့ကို ခုန် ုပ်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ခါးကြားထဲမှ သေနတ်ကို ဦးပွားက ဆွဲထုတ်ယူပြီး ဦးစိုင်းမောင်ကို ပြလိုက်သည်။

"ဒီမှာတွေ့လား ကိုစိုင်းမောင်"

"ကျေးဇူးပါပဲကွာ…ဦးပွား"

"ဒိုင်း…ဒိုင်း…ဒိုင်း"

ဦးပွားသည် သူ၏အပြုအမူကို ဦးစိုင်းမောင်အား အယုံသွင်းလိုက်သည်။ ကျန်တဲ့တပည့်တွေလည်း ဦးပွားအား ယုံကြည်နေစဉ်မှာဝင် ဦးပွားသည် သေနတ်ကိုင် ဦးစိုင်းမောင်၏ တပည့်တွေအား တစ်ယောက်ချင်းဆီသို့ သေနတ်ဖြင့် ထိုးပစ်တော့သည်။

အားကန်…အားကန် အော်သံတွေ ထွက်လာသောကြောင့် ဦးပွား၏ပစ်ချက် ထိသည်ဟု ယူဆရပေမည်။

ဘယ်လိုမှ မမျှော်မှန်းမထင်မှတ်သော ဦးပွား၏ အပြုအမူကြောင့် ဦးစိုင်းမောင်တို့ အငိုက်မိသွားသည်။

သို့သော်…

ဦးပွားအနေနှင့် တပည့်သုံးယောက်ဆီသို့ သေနတ်သုံးချက်သာ ထိုးပစ်နိုင်သည်။

ဦးစိုင်းမောင် လောင်းကုတ်အင်္ကျီအိတ်ကြီးထဲသို့ လက်နှိုက်သေနတ်ယူစဉ်မှာပင် ကျော်ဇေယျသည် လွှားကနဲ ဦးစိုင်းမောင်ကို ခုန်အုပ်တော့သည်။





မော်ဇေယျကလည်း လွတ်နေသေးသော တပည့်ငြိမ်းမောင်ကို ငြိမ်းမောင်၏ အာရုံ ဦးပွားဆီရောက်နေသည်မို့ ခုန်အုပ်လိုက်တော့သည်။ ငြိမ်းမောင်လက်မှ သေနတ်ကို အရလုယူနေသည်။

"ဒိုင်း…"

ဦးပွားပစ်လိုက်သော သုံးယောက်အနက်မှ တစ်ယောက်သည် သူ့အား သေနတ်ထိမှန်လိုက်စေကာမူ သူက ဦးပွားကို ပြန်၍ပစ်နိုင်သေးသည်မို့ ဦးပွားအား ပစ်ချလိုက်သည်။

ဦးပွား ခွေကနဲ ကျသွားတော့သည်။

ဦးစိုင်းမောင်နှင့် ကျော်ဇေယျ။

ငြိမ်းမောင်နှင့် မော်ဇေယျ။

နှစ်တွဲသည် လုံးထွေးနေကြတော့သည်။ ဦးပွား ပစ်ထားသဖြင့် ထိထားသော်လည်း ချက်ကောင်းမထိ၍ ပြန်ပစ်နိုင်သော သေနတ်သမားသည်…သူ့ဆရာ စိုင်းမောင်နှင့် လုံးထွေးနေသော ကျော်ဇေယျကို ပစ်ရန် တစ်ချိန်ချိန်နှင့် သေနတ်ချိန်စေကာမူ လုံးထွေးနေသည့် သူ့ဆရာ ကိုစိုင်းမောင်အား ထိသွားမည်စိုးသဖြင့် မပစ်သာပေ။

ထိုအချိန်မှာပင်…

"ဟေ့…အားလုံးလက်နက်ချ၊ ရဲအဖွဲ့က ဝိုင်းထားပြီ" ဆိုသည့် ကိုနေအောင်၏ အသံကို ကြားလိုက်ရတော့သည်။

တိုက်ပျက်ကြီးထဲသို့ ကိုနေအောင် ခေါင်းဆောင်သော ရဲအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



သည် သေနတ်တွေကိုချိန်ထားရင်း ဝင်ရောက်လာပေတော့သည်။ ဘပည့်တွေအားလုံး လက်နက်ချပါ၏။

ကိုနေအောင်၏ ရဲအဖွဲ့ရောက်လာပြီမို့ ကျော်ဇေယျက ဦးစိုင်းမောင်အား လုံးထွေးမိထားရာမှ လွှတ်လိုက်သည်နှင့် ဦးစိုင်းမောင်သည် ချက်ချင်းလူးလဲထကာ အလွန်မိုက်မဲသော အပြုအမူတစ်ခု ပြုလိုက်သည်။

သူ့လောင်းကုတ်အိတ်ထဲမှ သေနတ်ကို ဆွဲထုတ်ကာ ကိုနေအောင်အား ခုခံရန် ထိုးချိန်လိုက်သည်။

"ဒိုင်း"

မညှာနိုင်တော့ပြီ...ကိုနေအောင်က ဦးစွာပြန်၍ ထိုးပစ်လိုက်သ... ဦးစိုင်းမောင် ခွေကနဲ ပက်လက်ကြီး ကြမ်းပြင်တွင်လဲကျပြီး မလှုပ်မယှက်ဘဲ ဖြစ်သွားသည်။

အဘယ်မှလျှင် အံတု၍ ရနိုင်အံ့နည်း။

ရဲစခန်းမှူးကိုနေအောင်တို့အဖွဲ့ အလေ့အကျင့် ရပြီးသား၊ သေနတ်ပစ်ကျွမ်းပြီးသားတွေ ဖြစ်သည်။ ယင်းသို့ ကျွမ်းကျင်အောင်လည်း အမြဲလေ့ကျင့်ထားသူတွေ ဖြစ်ပါ၏။

ဦးစိုင်းမောင်၏ တပည့်လေးယောက်စလုံး၏ သေနတ်တွေကို ရဲကြပ်နှင့် ရဲသားများက သိမ်းပြီး အားလုံးကို လက်ထိတ်ခတ်လိုက်သည်။





ကျော်ဇေယျသည် ပက်လက်ကြီးလဲနေသော ဦးစိုင်းမောင်၏ ဘေးတွင် ဒူးထောက်ထိုင်ချပြီး ထိမှန်ချက်ကို စစ်ဆေးသည်။ သွေးကြောနှင့် နှလုံးခုန်နှုန်းကို စမ်းသပ်သည်။

"ဘယ့်နှယ့်လဲ...ဒေါက်တာ ဦးစိုင်းမောင်ကို ဆေးရုံပို့ဖို့ လိုမလား"

ဒေါက်တာကျော်ဇေယျ ဦးခေါင်းခါပြသည်။

"သွားပြီ...ကိုနေအောင်၊ ကျည်ဆန်က လက်ဝဲရင်အုံဖောက်ပြီး နှလုံးသားကို တိုက်ရိုက်မှန်သွားပုံပဲ...လုံးဝအသက်မရှိတော့ဘူး"

"အေးဗျာ...ချိန်ချိန်ဆဆပစ်ရရင်တော့ လက်တို့ ပေါင်တို့ကို ရွေးပြီးပစ်လို့ရမယ်၊ အခုတော့ သူမပစ်ခင် ကိုယ်က ကာကွယ်ရင်း ပစ်ချလိုက်ရတော့ လေ့ကျင့်ထားတဲ့ လက်အတိုင်း လက်ဝဲရင်အုံကို ပစ်လိုက်မိတာပဲ၊ သူ့ကံပေါ့လေ"

ကူးကူး၊ မော်မော်နှင့် နွေးနွေးတို့သည် လဲကျနေသော ဦးလေးပွား၏ဘေးတွင် စိုးရိမ်စွာဖြင့် ပြေးထိုင်ကြည့်ကြသည်။

ကျော်ဇေယျလည်း ဦးပွားထံသို့သွားပြီး ထိုင်ချလိုက်သည်။

"ဦးပွား...ဘယ်ထိသွားလဲဟင်"

"ထိတော့ထိတာပဲကွာ...တစ်ကိုယ်လုံးနာနေတော့ ဘယ်နေရာ ထိမှန်းတောင် မသိတော့ဘူး၊ မင်း...ငါ့ကိုကျေနပ်ရဲ့လား...ကျော်ကျော်...မင်းကျေနပ်ရင် ငါသေရမှာလည်း မကြောက်ပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေနပ်တယ်…ဦးပွား…သိပ်ကိုကျေနပ်တယ်၊ ဦးပွားမသေစေရဘူး၊ သေလောက်တဲ့နေရာကိုလည်း မထိဘူး၊ ကျွန်တော်စစ်ဆေးပြီးပြီ"

သို့သော်…

ဦးပွားအား ကိုနေအောင်ကပင် ဦးစိုင်းမောင်၏ ဘက်တော်သားဖြစ်ခဲ့သဖြင့် ဥပဒေကြောင်းငြိပြီး…ရဲအနေနှင့်ပင် ဆေးရုံတင်ပေးသည်။

ဦးစိုင်းမောင်၏ ဒဏ်ရာရ တပည့်တွေကိုလည်း ရဲအချုပ်ဖြင့်ပင် ဆေးရုံသို့ပို့ပေးရန် ရဲကြပ်ကြီးအား ဆောင်ရွက်စေသည်။

ဒဏ်ရာမရသော ငြိမ်းမောင်နှင့် ဒေါ်တင်စိုးအောင်ကိုမူ ရဲစခန်းသို့ အချုပ်ဖြင့် ခေါ်ဆောင်သွားပေတော့သည်။

ဤအမှုကို စခန်းမှူးကိုယ်တိုင် ကိုင်တွယ်စစ်ဆေးပေမည်။

* * *





## အခန်း (၂၀)

ဒေါ်တင်စိုးအောင်က အစိုးရသက်သေအဖြစ် အားလုံး ဖေါ်ကောင်လုပ်ပေသည်။ သေသွားသူ ဦးစိုင်းမောင်အား ထပ်မံအပြစ်ပေး၍ မရတော့သည်ကြောင့်လည်းကောင်း…

ဦးစိုင်းမောင်အနေနှင့် သူမအပေါ် ပြုမူသွားချက်များကို ခံပြင်းနာကြည်းလှ၍လည်းကောင်း…

အားလုံး ဦးစိုင်းမောင် ကျူးလွန်ကြံစည်ခဲ့သမျှကို ဒေါ်တင်စိုးအောင်က ဖေါ်ကောင်လုပ်ခြင်းဖြစ်တော့သည်။

ဦးကောင်းမြတ်ကို သေအောင် ဖန်တီးလုပ်ကြံသူမှာ ဦးစိုင်းမောင်ပင်ဖြစ်ပါ၏။

မှောက်သွားသော* ကုန်တင်ကားကြီး၏ ဘရိတ်ကို လိုအင်သည့် အတိုင်းအဆအထိသာ ဘရိတ်ဖမ်းလို့ရစေပြီး…အတန်ငယ်ခရီး



www.burmeseclassic.com

www.burmeseclassic.com



ဘောလမ်းတောင်လမ်းအရောက် တောင်ကုန်းအဆင်း၌ ဘရိတ်မမိဘော့အောင် သူ၏မကျွမ်းနစ်အတတ်ပညာဖြင့် ဖန်တီးထားခဲ့သည်။ ဦးကောင်းမြတ်ထိုင်သည့် ရှေ့ခန်းကူရှင်မှ တံခါးပေါက်ကိုလည်း ဖွင့်မရအောင် တွဲပြီးဖန်တီးထားခဲ့သည်။

ယင်းသို့ကြံစည်မှုဖြင့် ဦးကောင်းမြတ်သည် ကားမှောက်ရာတွင် သေဆုံးခဲ့ပါလေ၏။

ဦးစိုင်းမောင်နှင့် ဒေါ်တင်စိုးအောင်သည် တစ်ဦးနှင့်တစ်ဦး ငယ်စဉ်ကတည်းက ငယ်ချစ် ချစ်သူတွေဖြစ်ခဲ့သည်။

တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဦးစိုင်းမောင်က သူမအား လက်ထပ်ယူမည်ဟု မျှော်လင့်ကြီးစွာ စောင့်စားခဲ့သူဖြစ်သည်။

ဦးကောင်းမြတ် သေဆုံးသွားသောအခါ ငွေကြေးဥစ္စာတွေ အပိုင်စီးရန် ဒေါ်နီလာကို ဦးစိုင်းမောင်က လက်ထပ်သင့်သည်ဟုဆိုကာ ဒေါ်နီလာ သေဆုံးသွားလျှင် ဒေါ်တင်စိုးအောင်အား သူ့တွင် ငွေကြေး အပြည့်အစုံဖြင့် လက်ထပ်ယူမည်ဆိုသဖြင့် ဒေါ်နီလာနှင့် လက်ထပ်ဖို့ ဒေါ်တင်စိုးအောင် သဘောတူခွင့်ပြုခဲ့သည်။

ဒေါ်နီလာ၏ တရားဝင်ခင်ပွန်းအဖြစ် ဦးစိုင်းမောင်သည် ဦးကောင်းမြတ်ကျန်ခဲ့သမျှ လုပ်ငန်းတွေကို ဦးစီးဆောင်ရွက်ခွင့်တွေ ရလာပါ၏။

ဒေါ်နီလာ သေဆုံးလျှင် သမီးနွေးနွေးအား အမွေထက်ဝက်ခွဲ





ပေးပြီး ဦးစိုင်းမောင်က ဒေါ်တင်မိုးအောင်အား လက်ထပ်ကာ ချမ်းသာစွာနေဖို့အတွက် ဒေါ်တင်စိုးအောင်သည် အချိန်ကိုစောင့်စားရင်း ဦးစိုင်းမောင်ခိုင်းသမျှ လုပ်ဆောင်ပေးခဲ့သည်။

ဦးစိုင်းမောင်သည် လောဘကြီးသည်နှင့်အမျှ အလိုဆန္ဒတွေ ပိုလာကာ အကြံကြီးသည်ထက် ပိုကြီးလာသည်။

ဒေါ်နီလာသေဆုံးလျှင် နွေးနွေးကို လက်ထပ်ချင်လာသည်၊ တစ်အချက်မှာ နွေးနွေးကို တရားဝင်လက်ထပ်လိုက်ပါက အမွေထက်ဝက်ခွဲပေးစရာမလိုဘဲ ရှိသမျှဥစ္စာပစ္စည်းအားလုံး သူ့လက်ဝယ်သို့ရောက်ရှိလာမည်။

နှစ်အချက်မှာ နွေးနွေး၏ အချောအလှနှင့် ငယ်ရွယ်ပြီး ဆရာဝန်မလေးတစ်ယောက် ဖြစ်နေသည်ကို ဦးစိုင်းမောင် လိုချင်မက်မောလာသည်။

ဤသို့ဖြင့် ဒေါ်နီလာကိုလည်း သေစေခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင် ဒေါ်နီလာမှ နှလုံးရောဂါရှိနေသဖြင့် နှလုံးရောဂါကြောင့် သေဆုံးသည်ဟု ကုသသောဆရာဝန်၏ ဆေးစာသတ်မှတ်ချက်အရ ဦးစိုင်းမောင် ဥပဒေဘောင်မှ လွတ်သွားပြန်သည်။

ဦးကောင်းမြတ်လည်း သေပြီ။

ဒေါ်နီလာလည်း သေပြီ။

နောက်ဆုံးအဆင့် နွေးနွေးကို အရထပ်ယူနိုင်ဖို့ အဆင့်သာကျန်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ညည်မျှအထိ ဦးစိုင်းမောင် ကြံစည် စိတ်ကူးထားသလဲဆိုရ နွေးနွေးကို သူ့အိမ်တွင် နံပါတ်ဖိုးစွဲသွားအောင် ဖွတ်ကြံစည်မည်။ နွေးနွေးနံပါတ်ဖိုးစွဲသွားလျှင် သူလိုချင်သော ပုံစံအားလုံးရရှိတော့မည် ဖြစ်ပါလေ၏။

ဇာတ်လမ်းအားလုံးပေါ်လာပြီ။

ဦးစိုင်းမောင်၏ တပည့်များဖြစ်သော လူမောင်၊ အေးကို၊ ငြိမ်းမောင် စသည်တို့အားလုံးမှာလည်း…လက်နက်ပုန်းကိုင်ဆောင်မှု…ဖြန့်ပေးမှုများအပြင် ဦးစိုင်းမောင်ကျူးလွန်ခဲ့သမျှ အမှုတိုင်းတွင် ပူးပေါင်းကြံစည်သူများအဖြစ် ရုံးတင်ပြီး ထောင်အသီးသီးအပြစ်ဒါဏ် အလိုက်ကျတော့မည်မှာ သေချာသွားသည်ဟု စခန်းမှူးကိုနေအောင်က ဒေါက်တာကျော်ဇေယျအား ပြောပြပေသည်။

ဦးစိုင်းမောင်၏ အသုဘကိစ္စ ရက်လည်ဆွမ်းကျွေးသည့်ကိစ္စများကို သူ၏အမှုနှင့် မပတ်သက်သော မိတ်ဆွေနှင့် တပည့်များက ဆောင်ရွက်ခွင့်တောင်းခံသဖြင့် စခန်းမှူးဦးနေအောင်က အထက်သို့တင်ပြရာ အထက်မှ ခွင့်ပြုချက်ရသဖြင့် စခန်းမှူးကိုနေအောင်က လိုက်လျောလိုက်ပေသည်။

ဦးစိုင်းမောင်ရက်လည်ပြီးနောက် နွေးနွေးက အကျိုးတော်ဆောင်ကြီးများနှင့် ညှိနှိုင်းပြီး မိမိ၏ ဦးကောင်းမြတ်နှင့် ဒေါ်နီလာ မိဘနှစ်ပါး၏ အမွေတွေကို အတိအကျ တရားဝင် လက်ခံရယူရေးကို ဆောင်ရွက်ထားပေသည်။





ငှင်းရက်အတွင်း နွေးနွေးသည် သီပေါအိမ်သို့ မပြန်ဘဲ၊ မြိုင်သာမြို့သစ်မှာပင် နေမြဲဆက်နေပေသည်။

ဦးပွားကိုလည်း နောက်ဆုံး လုပ်ဆောင်ချက်မှန်ကန်ရုံမက ကျော်ဇေယျကိုယ်တိုင်ကပင် ဦးပွားအား အမှုမှ ကင်းလွတ်ရေးအတွက် ကိုနေအောင်နှင့် တိုင်ပင်ဆောင်ရွက်သဖြင့် အမှုမပတ်တော့ဘဲ၊ ဆေးရုံတွင် ငါးရက်သာနေပြီး မြိုင်သာမြို့သစ်အိမ်သို့ ပြန်လည်ဆင်းခွင့်ရရှိပေသည်။

ဦးပွားအား ဒေါက်တာကျော်ဇေယျနှင့် ဒေါက်တာနွေးနွေးက ဆက်လက် ကုသပေးမည်ဖြစ်ပါ၏။

ဤနည်းဤပုံဖြင့်ပင် ဦးစိုင်းမောင်၏ အန္တရာယ်အဝဝမှ နွေးနွေး လွတ်ကင်းအောင်မြင်သွားပေပြီ။

မြိုင်သာမြို့သစ်အိမ်တွင် နဂိုအတိုင်း မိသားစုတွင်း ပုံမှန်ပျော်ရွှင်စွာ နေထိုင်ကြပေသည်။

တစ်ခုတည်းသော လုပ်ဆောင်ရန် ကျန်သေးသည်မှာ နွေးနွေး၏ ကိစ္စသာလျှင် ကျန်နေပါသေး၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



ယနေ့…။

"ကိုယ်ရေ…မမနွေးရေ…အန်တီစမ်းရေ… ဒီမှာကြည့်ပါဦး၊ ကိုကြီးမရှိတော့ဘူး၊ ကိုကြီးလေ…ကူးကူးတို့အားလုံးကို စွန့်သွားပြီ"

ကူးကူး၏ စီကနဲအော်ပြောသံနှင့်အတူ အော်ငိုသောအသံပါ ထွက်လာသဖြင့် မော်မော်၊ နွေးနွေး၊ အန်တီစမ်းတို့သည် အထိတ်တလန့် ငိုပြီးအော်ပြောနေခြင်းမှာ သူမ၏အစ်ကိုကြီး ဒေါက်တာကျော်ဇေယျ အခန်းမှ ဖြစ်ပေသည်။

ကူးကူး၏လက်ထဲတွင် စာရွက်များကိုင်ထားပေသည်။

"ရော့…ကိုယ်ဖတ်ကြည့်…မမနွေးလည်းဖတ်ကြည့်၊ ကိုကြီးလေ…ကိုကြီးခမျာ အချစ်ရေးမှာ ကံဆိုးလွန်းရှာတယ်၊ ကိုကြီးစာတွေဖတ်ပြီး ကူးကူးအရမ်းဝမ်းနည်းတာပဲ၊ ကိုကြီးကိုလည်း အရမ်းသနားတယ်၊ ပြင်ဦးလွင်မှာတုန်းကလည်း မချိုမိကြောင့် ကိုကြီး ဒုက္ခ





ရောက်ခဲ့ရတယ်၊ အခုလည်း မမနွေးကို ကိုကြီးက ချစ်ပါလျက်နဲ့ အဟင့်…အဟင့်"

ကူးကူးခမျာ စကားဆုံးအောင်ပင် မပြောနိုင်တော့ဘဲ ငိုချလိုက်တော့သည်။

မော်ဇေယျက ကူးကူးပေးသော စာရွက်များကို ယူကြည့်လိုက်သည်။

စာရွက်နှစ်ရွက်ထပ် တစ်စုံနှင့် အခြားသီးခြားစာတစ်စောင် ဖြစ်ပါ၏။

ပထမဆုံး တွန့်ကြေနေသော စာရွက်နှစ်ရွက်ထပ်မှ အပေါ်ရွက်ကို မော်ဇေယျဖတ်ကြည့်လိုက်သည်။

"ကိုကြီးကို မေးပါရစေ"

ဟု ခေါင်းစည်းတပ်ထားသော မော်ဇေယျ စပ်ဆိုထားသည့် ကဗျာစာရွက်ဖြစ်နေသည်ကို တွေ့ရသည်။

ထိုကဗျာလေးကို မော်ဇေယျသည် စပ်တုန်းကစပ်ခဲ့သော်လည်း နွေးနွေးက မိမိမေတ္တာကို လက်မခံဘဲ ခါးခါးသီးသီး ငြင်းသည်မို့ ၎င်းကဗျာစာရွက်လေးကို လုံးချေပြီး မိမိအခန်းပြတင်းပေါက်မှ ခစ်ပေါက်လွှင့်ပစ်ထားသည့်ကို ကိုကြီး ခြံထဲလမ်းလျှောက်ထွက်ရင်း တွေ့ရှိသွားခြင်းဖြစ်ပေမည်။

မော်ဇေယျသည် ပူးတွဲထားသည့်အောက်မှ [illegible]



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ထို ဖတ်ကြည့်ပြန်သည်။ ကိုကြီးကိုယ်တိုင်ရေးထားသော ကိုကြီး၏ သက်ရေးဖြစ်မှန်းတွေ့ရသည်။

"ညီညီသို့ အဖြေ"

ဟု ကိုကြီးက သူ၏ကဗျာကို ခေါင်းစည်းတပ်ထားသည်။ ကိုကြီးပြန်လည်ရေးစပ်ထားသော ကဗျာဖြစ်နေပါ၏။

နွေးနွေးလွှာ....အဲဒီပန်းကို

မလှမ်းပေါင်....ကိုကြီးရှောင်မယ်

ညီလေးရေ...အောင်ပွဲဆင်တော့

ဟု အဆုံးပိုဒ်တွင် အဖြေပေးသဘော ရေးထားခြင်းဖြစ်နေပါ၏။

ကိုကြီး၏ အဖြေကဗျာကို ကြည့်ရင်း မော်ဖေယျ ယောကျ်ားကြီးတန်မဲ့ မျက်ရည်တွေကျလာသည်။

မော်ဖေယျသည် ကိုကြီး၏အဖြေကဗျာနှင့် ဆက်စပ်ပြီး မိမိတို့ညီအစ်ကို ငယ်စဉ်က အဖြစ်တွေကိုပါ တွေးမိပြီး မျက်ရည်ကျရခြင်း ပါပေ။

ငယ်စဉ်ကလေးဘ၀ကတည်းက ဖေဖေနှင့်မေမေက ညီအစ်ကိုနှစ်ယောက်အတွက် အစ်ကိုကြီးအတွက်တစ်စုံ၊ မိမိအတွက် တစ်စုံ ၀ယ်လာပေးလျှင် မိမိသည် ကိုကြီးလက်မှ ၀တ်စုံကိုတောင် လိုချင်သည်။





လိုချင်၍ ဆန္ဒပြငိုတောင်းသည်ဆိုလျှင် ကိုကြီးက ချက်ချင်းပင်...

"ရော့...ရော့...ညီညီယူ...ငိုတော့မငိုနဲ့"

ဟု ပြောပြီး၊ သူ့၀တ်စုံကို မိမိရင်ခွင် မိမိလက်ထဲသို့ အတင်းထိုးထည့်ပေးသည်။

ဖေဖေနှင့် မေမေက ပန်းသီးတစ်လုံးကို ထက်ခြမ်းခွဲပြီး ညီအစ်ကိုနှစ်ယောက်ကို တစ်ခြမ်းစီခွဲပေးလျှင် မိမိကအော်ငိုပြီး ကိုကြီးဆီက ပန်းသီးတစ်ခြမ်းကိုလည်း လိုချင်သည်ဆိုပါက...

"ရော့...ရော့...ညီညီစား၊ ကိုကြီးမစားတော့ဘူး...ငိုတော့မငိုနဲ့ကွာ"

ဟု ဆိုကာ ပန်းသီးတစ်ခြမ်းကို ညီညီ့လက်ထဲသို့ အတင်းပေးခဲ့သည်။

ကစားစရာဆိုလည်း ထိုနည်းအတိုင်းပင်...ကိုကြီးအတွက်ပေးသော ကစားစရာမှ မိမိကလိုချင်သည်။ ကိုကြီးကလည်း ထုံးစံအတိုင်း ...ရော့...ရော့ ငိုတော့မငိုနဲ့ကွာဆိုပြီး ပေးခဲ့သည်ချည်းပင်။

ယခုလည်း ဘာထူးသေးသနည်း။

ကိုကြီး၏ ကဗျာမှာ ... ရော့...ရော့ ညီလေးယူ ငိုတော့မငိုနဲ့ကွာ ဆိုသည့်သဘောပင် သက်ရောက်နေပါလေ၏။

ကူးကူးအား ပြန်ပေးမခွဲမိကာပင် ကိုကြီးသည် မိမိရေးစပ်ထားသော ကဗျာကို တွေ့ရှိထားပြီးဖြစ်မည်။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ကဗျာကို တွေ့ပြီးနောက် ကိုကြီးသည် 'ညီညီသို့ အဖြေ' ကဗျာလေးကို ရေးစပ်ပြီး ကဗျာစာရွက်နှစ်ရွက် ပူးတွဲထားဟန်တူပါ၏။

"မလှမ်းပေါင်...ကိုကြီးရှောင်မယ်"

ဟု ရေးစပ်လိုက်သော ကိုကြီး၏ ကဗျာတွင် နွေးနွေးကို ကိုကြီးချစ်နေပါလျက် ညီညီ့အတွက် ပေးအပ်မည်ဆိုသည့် အဓိပ္ပါယ် သက်ရောက်ပါ၏။

ရှောင်ရှားသည်ဆိုခြင်း...မိမိဆန္ဒရှိနေပါလျက်...ယင်း ဆန္ဒကို ချိုးနှိမ်ပြီး တမင်ထိန်းချုပ်လိုက်ရသည်ဆိုသည့် အဓိပ္ပါယ်ထင်းထင်းကြီး သက်ရောက်နေသည်မဟုတ်ပါလား။

"အို...ကိုကြီးရယ်"

မော်ဖေယျသည် ကျလာသော မျက်ရည်များကို လက်ဝါးဖြင့် သုတ်ရင်း ကိုကြီးအား တမ်းတမ်းတတလေး ရေရွတ်လိုက်မိပါ၏။

ယင်းသို့သော အကြောင်းကြောင့်ပင် ဦးစိုင်းမောင်ချိန်းဆိုရာသို့ သွားမည့်ကိစ္စတွင် သူ့ကိုယ်သူ အသေခံစွန့်စားမည်၊ ညီမလေးနှင့် နွေးနွေးကို မင်းဆက်ပြီး စောင့်ရှောက်ဦးစီးရမည်မို့ ချိန်းဆိုရာကိုမလိုက်နဲ့ဟု ထပ်တလဲလဲပြောခြင်းကိုလည်း ယခုမှ မော်ဖေယျ သဘောပေါက်ရတော့သည်။

သဘောပေါက်လေ...ဝမ်းနည်းယူကျုံးမရလေ ဖြစ်ရပါ၏။





"နွေးနွေးကို ဖတ်ခွင့်ပြုမလား ကိုမော်မော်၊ ကိုကြီးရဲ့စာမို့ နွေးနွေးသိပ်ဖတ်ချင်လို့"

နွေးနွေး၏လက်သို့ မော်ဖေယျက လွယ်လွယ်ကူကူပင်ပေးကာ ဖတ်စေလိုက်ပါ၏။

နွေးနွေးသည် စာရွက်နှစ်ရွက်လုံးမှ ကဗျာနှစ်ပုဒ်စလုံးကို ဖတ်ပေတော့သည်။

မော်ဖေယျသည် သူ့အစ်ကိုကြီး ရေးထားခဲ့သော စာရွက်ကို ယခုမှ ယူ၍ ဖတ်လိုက်သည်။

ညီညီ

*ကိုကြီးအနားယူချင်ပြီ၊*

*ရန်ကုန်ကတစ်ဆင့် စင်ကာပူ၊ ဟောင်ကောင်၊ ဂျပန်၊ ကနေဒါ၊ အမေရိကား စတဲ့နိုင်ငံတွေကို အဆင်ပြေသလို သွားလည်ဖို့ ထွက်သွားပြီ၊ အဲဒီတိုင်းပြည်တွေမှာ ကိုကြီး ပျော်စရာရွှင်စရာတွေ ရှာကြည့်ချင်လို့ပဲ။*

*နွေးနွေးကို ညီညီလက်ထပ်ပြီးရင် ကြင်ကြင်နာနာပေါင်းပါ။ ခင်းငယ်ကျင့်တွေကို နွေးနွေးကို ငဲ့ညှာပြီး အားလုံးဖျောက်ပါ။ နွေးနွေးက အင်မတန် အဖိုးတန်တဲ့မိန်းကလေးပါ။ ရုပ်ရော၊ စိတ်နေသဘောထားရော ရှာမှရှားတဲ့ မိန်းကလေးပါ။ တန်ဖိုးရှိတဲ့ ပစ္စည်းကိုတန်ဖိုးထားပြီး တန်ဖိုးနှင့်ညီမျှအောင် ညီညီကရှုစိုက်ပါ။*



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးရဲ့ မြို့သစ်က ဆေးခန်းကို နွေးနွေးပဲ ဆက်ထိုင်ပါစေ။ ကိုကြီးရဲ့လူနာတွေနဲ့ နွေးနွေးရင်းနှီးနေပါပြီ။ ကိုကြီးရဲ့ ဆင်းရဲတဲ့ လူနာတွေ…ကစဉ့်ကလျား မဖြစ်ပါစေနဲ့…။

မီးခံသေတ္တာသော့ ထားခဲ့တယ်။ စာချုပ်စာတမ်းတွေကအစ တန်ဖိုးရှိပစ္စည်းအားလုံးထားခဲ့တယ်။

ဘဏ်ကိစ္စ၊ အခြားပိုင်ဆိုင်မှု ကိစ္စအားလုံး ညီညီ့မှာမည်နဲ့ ချင်နရယ်ပါဝါထားခဲ့တယ်…။

မိသားစု စိတ်ချမ်းသာဖို့ ညီညီဆက်ထိန်းထားပါ။ အန်တီစမ်းနဲ့ ညီမလေး ကူးကူးကို ဂရုစိုက်ပါ။ နွေးနွေးကို အလေးအနက် မြတ်နိုးပါ။ ဦးပွားကို လိုအပ်တာတွေ ကူညီလိုက်ပါ…။

ဒါလောက်ပါပဲ…ညီညီ……

ကိုကြီး

ယောလားဝါးလား အမြဲနေတတ်သော မော်ဖေယျသည် ကိုကြီး စာကိုဖတ်ပြီး မျက်ရည်ဖြိုင်ဖြိုင်ကျရပြန်ပေသည်။

နွေးနွေးကိုလည်း ကိုကြီးရေးခဲ့သော စာကိုပေးဖတ်သည်။

နွေးနွေးဖတ်သည်။ ဖတ်ပြီးသည်နှင့် နွေးနွေး မာန်လေးအား လေးနှင့် ပြောလိုက်သည်။

"အစ်ကို…ဘယ်ကိုမှ မသွားစေရဘူး…အစ်ကို့နောက်ကို





နွေးနွေးလိုက်မယ်၊ မီအောင်ကိုလိုက်မယ်…နွေးနွေးရဲ့တစ်သက်နဲ့တစ်ကိုယ်မှာ အစ်ကို့တစ်ယောက်ကိုပဲ ချစ်တယ်၊ အစ်ကိုက နွေးနွေးကို ခေါက်တာခေါခင်မျိုးအောင် ဒီအိမ်လာတဲ့နေ့က ဖွင့်ပြောပြီးသား၊ နွေးနွေးကိစ္စတွေက ဘာတွေဆက်ဖြစ်ဦးမယ်မှန်းမသိလို့ ဒီကိစ္စအရှုပ်ထဲ အစ်ကိုမပါစေချင်လို့ ဒီကိစ္စတွေပြီးမှ အစ်ကို့ကို နွေးနွေးအဖြေပေးမယ်လို့ ပြောထားပြီးသားပါ။ အခုတော့ အစ်ကို့ကို နွေးနွေးရင်ထဲ နှလုံးသားထဲက အဖြေပေးလို့ရပြီ။ အစ်ကို့နောက်မီအောင် နွေးနွေးလိုက်သွားမယ်"

"ဝမ်းသာလိုက်တာ…မမနွေးရယ်"

ကူးကူးက မျက်ရည်တွေကြားမှပင် နွေးနွေးကို အတင်းဖက်ကာ ပြုံးရိပ်လေးသမ်းလာပါ၏။

မော်ဖေယျလည်း မျက်ရည်တွေကြားကပင် ပြုံးလာနိုင်ပေသည်။

အန်တီစမ်းလည်း ယခုမှ ဟီးချကာ မျက်နှာပြန်၍ ကြည်ကြည်လင်လင်ဖြစ်လာလေတော့သည်။

နွေးနွေး အားရပါးရဆက်ပြောသည်။

"နောက်ပြီး…ချိုမီနဲ့ပတ်သက်လို့ အစ်ကို့မှာ ဖြစ်နေတဲ့ ရောဂါဟာ နွေးနွေးနဲ့အစ်ကို လက်ထပ်ပြီးတာနဲ့ အလိုလိုပျောက်သွားနိုင်စရာရှိပါတယ်…အခုအစ်ကိုဖြစ်နေတာက မိန်းမချောတွေကို နာကြည်းစိတ်



www.burmeseclassic.com

www.burmeseclassic.com



အရှင်းခံဖြစ်နေတာကိုး…နွေးနွေးကို အစ်ကို ချစ်လာလေ၊ အစ်ကို့ နာကြည်းစိတ်ရောဂါဟာ လျော့သွားလေနဲ့ တဖြည်းဖြည်း လုံးလုံး ပျောက်သွားစရာရှိပါတယ်…ဒါမှ အလိုလိုမပျောက်လည်း နွေးနွေး ကိုယ်တိုင် စိတ်ပိုင်းဆိုင်ရာ သမားတော်ကြီးတွေနဲ့ တိုင်ပင်ပြီး အစ်ကို့ ကိုကုမယ်"

"အန်တီစမ်းအထင်တော့ နွေးနွေးသာ ကျော်ကျော့်ကို လက်ထပ်လိုက်ရင် သူ့အလိုလို ရောဂါပျောက်သွားလိမ့်မယ် ထင်တာပဲ"

"နွေးနွေး ဒီမြို့သစ်အိမ်မှာပဲ အစ်ကိုနဲ့အတူ အစ်ကို့စေတနာ ဆန္ဒအတိုင်းလူနာတွေကို ကုသမယ်…နွေးနွေးမှာ မိဘထားခဲ့တာ တွေနဲ့ ပြည့်စုံပြီးသားပဲဟာ…သီပေါက လုပ်ငန်းတွေကို စိတ်ချယုံကြည်ရတဲ့ မန်နေဂျာကောင်းကောင်းနဲ့ ဆက်လုပ်စေမယ်"

ဦးလေးပွားကြီး အိမ်ထဲသို့ရောက်လာသည်။ အပြင်ဘက်မှာကတည်းက မိသားစုပြောနေသံကို အားလုံး ဦးလေးပွားကြားပြီးသား ဖြစ်ပုံရသည်။

"ကဲ…ဒါဆိုရင်တော့ ကျော်ကျော်ရှိတဲ့နေရာကို ဦးလေးပွား ပြောတော့မယ်တော့…နွေးနွေး မြန်မြန်သာ လိုက်သွားပေတော့"

"ပြော…ပြောပါ ဦးလေး…အစ်ကိုအခုဘယ်မှာလဲဟင်"

"ကျော်ကျော်ကို ဦးလေးပွား ကျောက်မဲကိုလိုက်ပို့တယ်၊ ဒါ ပေမယ့် မန္တလေးရထားမမီလိုက်ဘူး၊ ဒီနေ့နဲ့ဒီည ကျောက်မဲတည်း





ခန်းမှာ ကျော်ကျော်တည်းနေတယ်၊ မနက်ဖြန်စောစောရထားနဲ့ မန္တလေး ဆင်းဖို့လေ"

ဦးလေးပွား ကျောက်မဲတွင် ကျော်ဇေယျတည်းခိုနေသော တည်းခိုခန်းအမည်နှင့် လိပ်စာကိုပြောပြလိုက်ပါ၏။

"ဒါဆို အခုပဲသွားစို့…ဦးလေးပွား…နွေးနွေးမောင်းပါ့မယ်၊ ဦးလေးပွား ဒဏ်ရာနဲ့ ဘေးကပဲ ထိုင်လိုက်ပါ၊ အပြန်ကျမှ အစ်ကို့ကို မောင်းခိုင်းမယ်လေ"

"ဒါဆို ကူးကူးလည်း လိုက်မယ်"

"ဟဲ့…ငါလည်း လိုက်မှာပေါ့၊ ကိုပွားကို အိမ်စောင့်ထားခဲ့တော့…ကျော်ကျော်တည်းတဲ့လိပ်စာ သိပြီပဲဟာ"

ဟု အန်တီစမ်းကပါ ဝင်ပြောသည်။

မော်ဇေယျကလည်း ပြောသည်။

"တို့လည်းလိုက်မယ်…နွေးနွေး…တို့ကတော့ ဒီမြို့သစ်ကို ပြန်မလိုက်တော့ဘူး၊ မန္တလေးပြန်ပြီး ကျောင်းတက်မယ်၊ ကျောင်းလည်းပြန်ဖွင့်နေပြီ…နွေးနွေးကိစ္စတွေလည်း အားလုံးပြီးသွားပြီ၊ အဝတ်အစားတွေပါ တစ်ခါတည်း ထည့်ယူသွားတော့မယ်"

ဒီနောက်တော့ ဦးလေးပွားကြီးလည်း အိမ်စောင့်ကျန်ရစ်ရတော့သည်။

မော်မော်က မောင်းပြီး ရှေ့ခန်းမော်မော်ဘေးတွင် အန်တီစမ်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်။ နွေးနွေးနှင့်ကူးကူးက နောက်မှထိုင်၍ လိုက်ခဲ့ကြသည်။

ကားမောင်းထွက်ခဲ့လေပြီ။

"ကူးကူး...မမနွေးဟာ အစ်ကို့အတွက် ဘယ်လို မိန်းမစား လဲဆိုတာ ကူးကူးသိသလားဟင်"

"သိတာပေါ့...မမနွေးဟာ အစ်ကိုအတွက် အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္ဘူလ မိန်းမစားပေါ့"

"မဟုတ်ဘူး ကူးကူး...မမနွေးဟာ ပူလောင်စေခဲ့တဲ့ မိန်းမ တစ်ယောက်ပါ၊ ဒါပေမယ့် အခုတော့ မမနွေးကပဲ အစ်ကို့ကို အေးမြ ချမ်းသာစေရတော့မယ်ပေါ့...မမနွေးဟာ အစ်ကိုအတွက် ပူစေအေးစေ မိန်းကလေးပါ...ကူးကူး"

BURMESE CLASSIC

နားကြပါဦးစို့...

တက္ကသိုလ်တင်မြင့်



www.burmeseclassic.com